

ဆေးတက္ကသိုလ်

ချစ်ခြင်းစုရုံးသက်ထက်ဆုံးသည်

ပန်းချီမောင်ကျော်ညွှန့်●အဖွဲ့

ခင် (ဆေးတက္ကသိုလ်)

ချစ်ခြင်းစုရုံးသက်ထက်ဆုံးသည်

စာမူခွင့်ပြုအမှတ် - ၅၄၇/၉၈(၁၀)
မျက်နှာဖုံးခွင့်ပြုအမှတ် - ၄၉၃/၉၈ (၁၂)
၁၉၉၉ ခု၊ ဖေဖော်ဝါရီလ၊ ၅၀၀ အုပ်၊ ၃၀၀/-၊ ပထမအကြိမ်



ထုတ်ဝေသူ . . . ဦးမောင်ဟန် (၀၈၇၆) ကမ္ဘာလုံးစာပေ
အမှတ်(၂၅၉)၊ နဝဒေးလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့
ပုံနှိပ်သူ . . . ဦးကျော်လှိုင် (၀၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။



# ခင်ဦးခင်ခင်
(ဆေးတက္ကသိုလ်)

## ချစ်ခြင်းစုရုံး သက်ထက်ဆုံးသည်......



စီစဉ်သူ
မောင် ကျော် လှိုင် ၊ စေ တ နာ စာ ပေ မှ ထုတ် ဝေ သည် ။

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး။

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ**
**ပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော**
**တာဝန်ဖြစ်သည်။**

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား
ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား
ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်
နှောင့်ယှက်သော ပြည်ပနိုင်ငံများအား
ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်
ချေမှုန်းကြ။

ဦးကျော်လှိုင်
အမှတ်(၅၉

အခန်းက လူသားနှစ်ယောက်ကိုသယ်ဆောင်ထားပါလားလို့တောင်မထင်ရက်စရာကောင်းလောက်အောင်တရားလွန်တိတ်ဆိတ်ခြောက်သွေ့လွန်းနေသည်။

အရင်ကဆိုရင်တော့ဒီနှစ်ယောက်သာရှိနေကြည့်အခန်း တစ်ခုလုံး ဟာတသိမ့်သိမ့်လှုပ်ခါ ယိမ်းထိုးနေသလားထင်ရလောက်အောင်ကိုသက်ဝင်လှုပ်ရှားနေတတ်တာ။သီချင်းသံ၊စကားပြောသံ၊ရယ်မောသံ၊ရန်ဖြစ်သံ၊ ပစ္စည်းတွေပြုတ်ကျကွဲရှသံတွေဟာတစ်မျိုးတည်းတင်မက တစ်ခါတစ်ရံသုံးလေး

မျိုး ပေါင်းစပ်ပြီးတော့ နှစ်ယောက်တည်းနဲ့တင်ဇြည့်ခံပွဲကြီး တစ်ခုကျင်းပနေသလားထင်ရလောက်အောင် စည်ကား လှုပ်ရှားနေတတ်မြဲ။

တစ်အိမ်လုံး၊တစ်ကျောင်းလုံး၊တစ်ဆွေမျိုးလုံး၊ တစ်ရပ်ကွက်လုံးရဲ့ အော့ကြောလန်၊တာတေလန်အောင်ဆိုးဝါးသောင်းကျန်းသည့် ညီအစ်မနှစ်ယောက် ဒီတစ်ခါထူးထူးခြားခြား ငြိမ်သက်နေကြရခြင်းမှာအလွန်ဝမ်းနည်းဖွယ်ကောင်းသည့်နောက်ခံသမိုင်း ကြောင်းတစ်ခုရှိပါသည်။

"ငါတို့တွေအဲဒီလောက်အစသန်ခဲ့ကြဖို့မကောင်းဘူးနော်"

"အေးဟယ်...ကိုကိုကြီးကိုသနားလိုက်တာ"

နှစ်ယောက်စလုံးရဲ့အသံတွေကတကယ့်ကို လှိုက်လှိုက် လှဲလှဲငိုသံပေါက်နေသည်။အရှေ့ခုနှစ်အိမ်၊အနောက်ခုနှစ်အိမ် ကြားလောက်အောင်စွာကျယ်စီလောင်သည့် အသံမျိုးတွေ မဟုတ်တော့ဘဲ တိုးညင်းဖွလျှကာလေသံလောက်ကလေးရှိကြတော့သည်။ဒီနှစ်ယောက် စကားတိုးတိုးပြောတာမမြင်ဖူးပါဘူး ဆိုသူတွေအတွက်တော့တကူးတကရှုံသွင်းပြလောက်ဖွယ်ပင်။

ခုတင်ပေါ်မှာဒူးနှစ်ချောင်းစုထောင်ကာပါးနဲ့အပ်လျက် ကုပ်ကုပ်ကလေးငြိမ်သက်နေသည့် သုန် ကအခန်း





ထောင့်နံရံကို မီလျက်ကြမ်းပြင်ပေါ်မှာခြေဆန့်ကာခွေခွေခေါက်ခေါက်ဖြစ်နေသော မှုန်ကို ဘာရယ်မဟုတ်ဘဲ ငေးကြည့်နေဖြစ်သည်။တကောက် ကွေးရောက်အောင်ရှည်လျားထူထဲသောဆံနွယ်ပိုင်ရှင်မို့ မှုန် ထိုင် နေလျှင်ကြမ်းပြင်ပေါ်မှာဆံပင်တွေကပဝါစနက်နက်တစ်ခု ဖြန့်ခင်း ထားသလို ဝဲဖြာကျနေသည်။

"ငါတို့ပျော်ဖို့လေးတစ်ခုအတွက်နဲ့လူတစ်ယောက် ဒီလောက် ထိခိုက်နစ်နာသွားရတယ်ဆိုတာ ငါတို့ လူမဆန်တာပဲ၊ဒီလောက် အထိ ဆင်ခြင်ဉာဏ် နည်းဖို့ မသင့် ဘူးဟာ"

"အဲဒီလောက် ဖြစ်သွားလိမ့်မယ်လို့မှ မထင်မိတာ၊ငါတို့တွေက ကျီစားရုံသက်သက်လောက်ပဲလုပ်ခဲ့တာ"

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာအချိန်အတော်ကြာအောင်ငြိမ်သက်သွားကြသည်။

"ကိုကိုကြီးတစ်ယောက်တော့ဘယ်လိုနေမလဲမသိ ဘူးနော်"

"တွေးတောင်မကြည့်ရဲတော့ဘူး"

ဒီနေ့ တစ်နေ့လုံးသူတို့နှစ်ယောက်အခန်းထဲမှာ ငြိမ်ငြိမ် လေးထိုင်ပြီးကိုကိုကြီးအတွက်ပဲစိတ်မကောင်းဖြစ်ပေးနေခဲ့ကြတာ။ကိုကိုကြီးအတွက်ဘာများလုပ်ပေးနိုင်မလဲလို့

နည်းလမ်း ရှာဖွေခဲ့ကြပေမယ့်ဘယ်လိုမှမဖြစ်နိုင်သည့်နောက်မှာအခြေအနေကအဆိုးဆုံးအထိရောက်ရှိခဲ့ပြီ။ဒီအချိန်ရောက်မှတော့ ဘာမှလည်းမပြုပြင်နိုင်တော့သလို ကိုကိုကြီးအတွက်ဝမ်းနည်းကြေကွဲပေးရရုံကလွဲပြီး ဘာမှလည်း မတတ်နိုင်ကြတော့ပါ။

သူတို့ ဝမ်းနည်းနေလို့သာကိုကိုကြီးရဲ့ဆုံးရှုံးမှုကြီးကလျော့ပါးသက်သာသွားမည်ဆိုလျှင်နှစ်ယောက်စလုံးရာဝင်စဥ်အိုး တစ်လုံးစီပိုက်ကာပြည့်အောင်ထိုင်ငိုပေးဆိုလည်း ငိုပေးဖို့ဝန် မလေးကြပါ။ဒါပေမယ့် ရက်စက်တတ်သည့်ကံကြမ္မာဆိုတာ တစ်ခါသုံးဆေးထိုးအပ်လိုပဲ တစ်ကြိမ်ဖြစ်ပျက်ပြီးရင်အသစ်ပြန်လည်ပြင်ဆင်လို့မရတော့၊ အပြီးအပိုင်စွန့်လွှတ်ဆုံးရှုံး လိုက်ဖို့သာရှိတော့တာမျိုး။

နောက်ဆို ဒီလိုအမှားတွေ မကျူးလွန်တော့ပါဘူးလို့ဘယ်လိုပဲနောင်တတရားရရ ဒီတစ်ခါအတွက်ကတော့ ဘယ်လိုမှ မပြုပြင်နိုင်တော့ပြီ။တစ်သက်လုံးစာအတွက် စွဲမြဲကျန်ရစ်တော့ မည်ဖြစ်သောအမှားအယွင်း၊ဒဏ်ရာအနာတရတွေကိုပိုင်ဆိုင်လိုက်ရပြီးမှတော့ စိတ်သက်သာရာဆိုတာကိုလည်း ရှာဖွေတွေ့ ဖွယ် မရှိ တော့ပြီ။

ဒီနေ့မနက်တင် ဆီဒိုးနားဟိုတယ်မှာ မင်္ဂလာဧည့်ခံပွဲကျင်းပလျက်သူစိမ်းတစ်ယောက်ရဲ့ဇနီးအဖြစ်ခံယူသွားပြီ ဖြစ်





သော ချစ်သူကို,ကိုကိုကြီးဟာ ဘယ်သောအခါမှ ပြန်လည်ပိုင်ဆိုင်ခွင့်ရတော့မှာ မဟုတ်ပေ။ ထိုဆုံးရှုံးမှုဟာ ကိုကိုကြီး အတွက် အစား ထိုး မရနိုင်သောဆုံးရှုံးမှု တစ်ခုပဲ မဟုတ်လား။

ကိုယ့်အစ်ကိုရဲ့ချစ်သူ လက်ထပ်သွားတာကို ပုံမှန်အရဆိုလျှင်တော့ညီအစ်မတွေအနေနဲ့ ဒီလောက်ကြီးလိုက်ပြီး ဝမ်းနည်း ကြေကွဲ ပေးနေဖို့ မရှိပါ။ အခုဖြစ်ရသည့်ကိစ္စမှာကျတော့ သိပ် ကိုအဆင်ပြေချစ်ခင်ကြသည့် ကိုကိုကြီးတို့ ချစ်သူ နှစ်ယောက် စေ့စပ်မရတော့အောင်ကွဲကွာသွားရခြင်းမှာ အဓိကတရားခံဟာ သုန်နဲ့မှုန်တို့နှစ်ယောက်သာလျှင်ဖြစ်တာကြောင့် ကိုယ့် ပဒယာဂ ကြီးပါလားလို့ စိတ်မကောင်း ဖြစ်ကြရတာ။

အခုနေများ သိကြားမင်းကြီး ဆင်းလာပြီး လိုရာဆုတစ်ခုကိုတောင်းစေလို့သာခွင့်ပေးလိုက်လျှင်နှစ်ယောက်စလုံးက ဒီနေ့ ကျင်းပသော မင်္ဂလာပွဲမှာသတို့သားဟာ ကိုကိုကြီးဖြစ်ရပါစေဆိုသည့် ဆုကိုတက်ညီလက်ညီတောင်းမိကြမှာ သေချာလေသည်။

* * *

## (၂)

ငိုရင်း ရှိုက်ရင်းနှင့်သတိလစ်ကာပျော့ခွေကျသွားသော မမကိုတစ်ဘက်တစ်ချက်စီက ဖေးထိန်းရင်းယောကျာ်းလေးတန်မဲ့ဥသဘာနဲ့ဟံသာ့မှာ မျက်ရည်တွေဝဲလာရလေသည်။

ဖြူလွသောဖဲသားအခင်းထက်မှာ လှပလျက်အရောင် အသွေး စုံသော ပန်းပွင့်အမျိုးစုံတို့ ဝန်းရံထားသော လူသား တစ်ယောက်ဟာငြိမ်းချမ်းစွာ အိပ်မောကျနေသည့် ပုံစံမျိုး ဖြင့် လဲလျောင်းလျက်ရှိလေသည်။

မျက်နှာတစ်ခြမ်းလုံးကို ပန်းနုရောင်နှင်းဆီပွင့်တွေ





နှင့် ဖုံး အုပ်ထားသောအစ်ကိုကျော့်ရဲ့လစ်လပ်နေသော မျက်နှာတစ်ခြမ်းဟာ သနံ့ရှင်းချောမွေ့ နေသော်ငြား ပန်းပွင့်တွေအောက် က မျက်နှာပြင်တစ်ခြမ်းကတော့ပွန်းရှ စုတ်ပြတ်ကာ အရေခွံလန်လျက်အသားနီရဲရဲတွေပေါ်လွင်ပြီးကြောက်မက်ဖွယ် ဖြစ်နေ မှာကို သူတို့ မှန်းဆ တွေးမိနေကြသည်။

"သားတို့သွားကြတော့၊မမကို ကားပေါ် ခေါ်သွား..."

အန်တီခင်က သတိပေးလိုက်လျှင်နှစ်ယောက်သားမမကို တွဲခေါ်ကာမီးသဂြိုဟ်စက် အဆောက်အအုံထဲကနေ ထွက်လာခဲ့ကြ ရပါသည်။

သူတို့လက်ထဲမှာ ပျော့ဖတ်ဖတ်ကလေးပါလာသော မမဟာ ခြေလှမ်းတွေဖြည်းလေးစွာလှုပ်ရှားနေသော်လည်း သတိနဲ့ကိုယ် ပူးကပ်နေသလား၊မနေဘူးလား ဆိုတာကိုဖြင့်မသိနိုင်ပါ။ မမရဲ့မျက်ဝန်းတွေဟာစင်းစင်းကျလျက်အသက်ရှူနှုန်းကလည်း ဖြည်း နှေးလေးလံလွန်းလှသည်။

ငိုထားရလွန်းအားကြီးတာကြောင့်မမခမျာမှာမျက်လုံး တွေပေါက်ထွက် မတတ်ဖူးအစ်ကာအသံပင်မထွက်နိုင်တော့ရှာပါ။တစ်ချက် တစ်ချက်ဆောင့်ဆောင့်ထွက်လာသော ရှိုက်သံနှင့်ခန္ဓာကိုယ်လေး သိမ့်ခနဲ သိမ့်ခနဲ လှုပ်ရှားသွားတာကလွဲလျှင် မမဟာ သက်ရှိလူသားတစ်ယောက်နဲ့တောင်မတူဘဲ ကြိုးပြတ်နေသောအဝတ်ရုပ်သေးပျော့ဖတ်ဖတ် တစ်ခုနဲ့သာ

တူလေသည်။

"မမ…သတိထားနော်"

ဟံသာက မမကိုကားထဲသွင်းထိုင်စေလိုက်ပြီးလျှင် ပခုံး နှစ်ဘက်ကို ခပ်ဆောင့်ဆောင့် ဆွဲလှုပ်ကာခေါ်နေသည်။ မမ မျက်လုံးတွေ အနည်းငယ် ပွင့်ဟသွားတော့မှပင် စိတ်ချလက်ချ ရှိ သွား ကာ …

"မမဘာမှ မဖြစ်ဘူးနော် …"

အားအင်ဖျော့တော့စွာ ခေါင်းပဲ ရမ်းပြနိုင်ရှာသော မမကိုသူတို့နှစ်ယောက်စလုံး စိတ်မကောင်းခြင်းအပြည့်ဖြင့်သာ ကြည့်နေနိုင်ကြပါသည်။ဒီထက်တော့ဘာတွေကို ပိုလုပ်ပေးနိုင် တော့ မှာလဲ။

အစ်ကိုကျော် မမျှော်လင့်ဘဲ ဆုံးပါးသွားရသည့်အတွက် သနားမိ၊နှမြောတ,သမီးတာမှန်ပေမယ့် ကျန်ရစ်ခဲ့သော မမက ပိုပြီး သနားစရာကောင်းနေသည်။အစ်ကိုကျော်ကဘဝဟောင်း၊ခန္ဓာဟောင်းကိုစွန့်ပြီး လွတ်ရာကျွတ်ရာကို ရောက်သွားခဲ့ပြီမို့ သူ့ မှာ ဝေဒနာခံစားရခြင်းလည်းမရှိ၊အတိတ်ကိုသတိရတမ်းတခြင်းလည်း မရှိနိုင်တော့ပြီ။ အားလုံးကိုလွှန်မြောက်လျက်ငြိမ်းအေးချမ်းသာခြင်းကိုခံစားသွားရပြီ။

မမကျတော့ဒီလိုမဟုတ်။ပူဆွေးသောကရောက်ခြင်း၊လွမ်းဆွတ်ကြေကွဲခြင်း၊သတိရတမ်းတခြင်းတွေကို တစ်မွေ





တစ်ပိုက်လက်ခံယူဆောင်လျက် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရတာ။နှစ်ယောက်အတူ ရှိခဲ့ဖူးသောပတ်ဝန်းကျင်ကနေ ထွက်ခွာသွားသူထက် ကျန်နေရစ်ခဲ့ရသူရဲ့ ဝေဒနာကပိုဆိုးပါသည်။

လွန်ခဲ့သောသုံးလေးရက်ကဆိုလျှင် သူတို့ရဲ့ မမဟာ ဒီလိုအရုပ်ကြိုးပြတ်နွမ်းခွေဖျော့တော့လို့ ဘယ်နေလိမ့်မလဲ။ မျှော်လင့်ချက်အပြည့်နဲ့ သွက်လက်ဖျတ်လတ်လို့၊ယုံကြည်ချက်အပြည့် နဲ့အားအင်ပြည့်ဝလို့ပျော်မြူးရွှင်ပျနေခဲ့တာ။ မမရဲ့လှုပ်ရှားမှုတွေဟာလိပ်ပြာငယ်လေးတစ်ကောင်လိုပဲ တက်ကြွခြင်းအပြည့်နဲ့ပေါ့ပါးလန်းဆန်းလို့နေခဲ့တာ။

မမရဲ့မျက်ဝန်းတွေကို ကြည့်ဦးမလား၊ ကြည်လင်တောက်ပနေသောမျက်ဝန်းနက်နက်တွေဟာကောင်းကင်ယံက ကြယ်ပွင့်လေးတွေအတိုင်းတဖိတ်ဖိတ်လက်လို့နေကြတာ။ ချိုသာ ကြည်အေးသော မမရဲ့စကားသံလေးတွေဟာလည်း တစ်အိမ်လုံးမှာ ပျံ့လွင့်ချိုလွင်လို့နေခဲ့တာ။

ဒါတွေအားလုံးကို ရုတ်တရက်ကြီး ပျောက်ဆုံးသွားအောင်ဖန်တီးပစ်လိုက်သည့်အဓိကတရားခံ ဟာဥသာနဲ့ ဟံသာ တို့ နှစ်ယောက်ပါပဲ။

အစ်ကိုကျော်ဟာဒီလောက်အသက်ကလေး ငယ်ငယ်ရွယ်ရွယ်မှာမသေသင့်ဘဲ သေခဲ့ရတာ သူတို့ နှစ်ယောက်ရဲ့ပ

ယောဂ ပါပဲ။သူတို့သာပျော်စေပြက်စေနောက်ပြောင်မှု တစ်ခုကိုမပြုလုပ်ခဲ့ဘူးဆိုလျှင်အစ်ကိုကျော်လည်းမိုးရေထဲမှာ ဆိုင်ကယ်ကို မစီးတတ်စီးတတ်နဲ့အမြန်စီးပြီးထွက်သွားရစရာအကြောင်းမရှိ။ မိုးရေကြောင့်ချော်နေသော လမ်းပေါ်မှာ အရှိန်နှုန်းမြင့်မားစွာ မောင်းလာသည့်ဆိုင်ကယ်ကိုမထိန်းသိမ်းနိုင်တော့ဘဲအခုလို အဖြစ်ဆိုးမျိုးနဲ့ကြုံရစရာအကြောင်းလည်း မရှိ။

မမကို သနားသည့် စိတ်သည် နောင်တ တရားနှင့်ရောကာရင်ကိုထိုးဖောက်မွှေနှောက်လျှက်ရှိသည်။

အခုနေများ သိကြားမင်းဆင်းလာပြီးလိုရာဆုတစ်ခုကိုတောင်းစေလို့သာခွင့်ပေးလိုက်လျှင်နှစ်ယောက်စလုံးက ပဲ အစ်ကိုကျော်တစ်ယောက်အိပ်ရာကနိုးလာသလို သေခြင်းတရားကနေ ရှင်ပြန်ထမြောက်လာပါစေလို့တက်ညီလက်ညီ ဆုတောင်းမိကြမှာ သေချာလေသည်။

*　*　*





(၃)

"ကိုကိုကြီးလဲပြန်မလာသေးဘူးနော်"

ညည့်ခန်းထောင့်မှာကုပ်ကုပ်လေးထိုင်နေကြရင်းသုန်က မှုန့်ဘက် လှည့်ကာလေသံလေးနဲ့ပြောသည်။တကယ်တော့ ဒီစကားကို တီးတိုးပြောစရာအကြောင်းဘာမှမရှိပါ။ စကားကျယ် ကျယ်ပြောနိုင်လောက်အောင်ခွန်အားမရှိတော့တာကြောင့်သာ နှစ်ယောက်စလုံးရဲ့စကားသံတွေကတိုးလျှတိမ်ဝင်နေကြတာ။

ခါတိုင်းဆိုအိမ်ပေါ်နဲ့အိမ်အောက် တဝုန်းဝုန်း ပြေးဆင်း ပြေးတက်လိုက်၊အိမ်ရှေ့နဲ့ အိမ်နောက်အသံကျယ်ကျယ်နဲ့

အော်ဟစ်စကားပြောလိုက်၊ကက်ဆက် အကျယ်ကြီးဖွင့်ကာ ကက်ဆက်နဲ့ အပြိုင် လိုက်အော်လိုက်၊နှစ်ယောက်တည်း အနီးကပ် ရှိရက်နဲ့ စကားတွေ အော်ကျယ်ဟစ်ကျယ်ဖောင်ဖောင်ကြဲ အောင်ပြော လိုက်နဲ့ တစ်အိမ်လုံးပြည့်လျှံအောင်ဆူညံနေနိုင်ကြတဲ့ ပေါက်ကျော်မ နှစ်ယောက်ပါ။ဒီနှစ်ယောက်ရဲ့ ရုတ်တရက်ပြောင်းလဲငြိမ်သက်သွားသည့်အခြေအနေကိုတစ်အိမ်လုံးက စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။

အရင်တုန်းကများအိမ်ရှေ့မှာလှစ်ခနဲမြင်လိုက်ပြီးတာနဲ့ချက်ချင်းအိမ်နောက်ရောက်လာတတ်သော၊အိမ်ပေါ်က အသံကြားလိုက်ရပြီးတာနဲ့အိမ်အောက်မှာလူရောက်နေတတ်သော၊ တစ် အိမ်လုံးအနှံ့သွက်သွက်ခါအောင် ပြေးလွှား သောင်းကျန်းနေတတ်မြဲ ညီအစ်မနှစ်ယောက်၊အခုတော့အခန်းထောင့် တစ်ခုခု မှာ ခပ်ကုပ်ကုပ် ထိုင်ကာခေါင်းချင်းဆိုင်လျက် တွတ်ထိုးနေကြသည့်ပုံစံဟာ အထူးအဆန်းလိုဖြစ်နေတာတော့ အမှန်ပါပဲ။

ကြီးသိန်းကဘုရားမီးပူဇော်ပြီးဧည့်ခန်းကအဖြတ်မှာ သူတို့ နှစ်ယောက်ရှိရာသို့လှမ်းကြည့်သွားသည်။ကြီးစောကလည်း အဲဒီလိုပဲ ..၊သိုးမွေးခြုံစောင်တစ်ခုထိုးနေရင်းက သူတို့ဘက်ကို လှည့်တကြည့်ကြည့်။

တကယ်တော့ ကို ကို ကြီးပြန် မရောက် သေးလို့





ကြီးတော်နှစ်ယောက်လည်း စိတ်ပူနေကြတာပါပဲ။ကိုကိုကြီးဟာဘယ်တော့မှဒီလောက်ကြီး ညဥ့်နက်သန်းခေါင်မနေတတ်။ အကြောင်းတစ်ခုခုကြောင့် အိမ်ပြန်နောက်ကျမည်ဆိုလည်း အိမ်ကို ဖုန်း ဆက်ပြီး အသိ ပေး တတ်မြဲပင်။

ကြီးသိန်းနဲ့ကြီးစောတို့ကကိုကိုကြီးရဲ့ ဖြစ်ကြောင်းကုန်စင်တွေကိုသိထားကြတာမဟုတ်တော့ ကိုကိုကြီးဘာဖြစ်လို့ အိမ်ပြန်နောက်ကျနေရသလဲဆိုတာကို တွေးမရနိုင်ဖြစ်နေကြ လိမ့်မည်။

အကြောင်းသိဖြစ်သောသုန်နဲ့မှုန်တို့နှစ်ယောက် မှာတော့ကိုကိုကြီးအတွက်စိတ်မကောင်းခြင်းတို့ကတစ်ဝက်၊စိတ်ပူပင်သောကရောက်ရတာကတစ်ဝက်ဖြင့် ကိုကိုကြီးပြန်မရောက် မချင်းဘယ်လိုမှစိတ်မအေးနိုင်ကြတော့ပေ။

ခေါင်းပေါ်တည့်တည့်က နာရီကြီးက ဆယ့်တစ်ချက်တိတိ သံစုံတီးခတ် မြည်လိုက်လျှင် နှစ်ယောက်စလုံး ခေါင်းလေးတွေပုဝင် သွားကာတဆတ်ဆတ်နေအောင်တုန်သွားကြရပါသည်။

"ဆယ့်တစ်နာရီတောင်ထိုးနေပြီ၊ကိုကိုကြီးတော့ ဘာများဖြစ်နေပြီလဲမသိဘူး"

"အရက်တွေ ဘာတွေများသွား သောက်နေပြီလား မသိဘူး၊ ဒုက္ခပါပဲ"

မှုန့် မျက်နှာလေးက ငိုမဲ့မဲ့လေးဖြစ်နေသည်။သုန်ကိုယ်တိုင်လည်း မှုန် တွေးသလိုမျိုးပဲတွေးမိပြီးသားပါ။ ကိုကိုကြီးလို အရက်၊ဆေးလိပ်မပြောနဲ့ကွမ်းတောင်မစား တတ်သည့်သူမျိုးက အရက်ဆိုင်သွားပြီးအရက်သောက် လိမ့် မည်ဆိုတာကိုမပြောရက် လို့သာမပြောဘဲနေရတာ။

"ငါလဲအဲဒါပဲစိတ်ပူနေတာ၊ကိုကိုကြီးအဲလောက်မိုက်မဲ လိမ့်မယ်လို့တော့မထင်ပါဘူး"

"မပြောတတ်ဘူးလေ.. ၊ယောကျ်ားတွေဟာတစ်ခါတလေ ကျရင် ဆင်ခြင်တုံတရား မရှိတတ်ကြဘူးဟ"

"အောင်မယ်.....သူကများ.....ကြီးကြီး ကျယ်ကျယ်ယောကျ်ားတွေလေး ဘာလေးနဲ့ မျိုးရိုးနဲ့ချီပြီး အတင်းပြောလို့....၊နင်က ယောကျ်ားတွေ အကြောင်း ဘယ်လောက် များသိလို့လဲ"

"အိုး...ကိုယ်တိုင် ကြုံဖူးစရာ မလိုပါဘူး၊မျက်စိတွေ၊နား တွေရှိရင်ဗဟုသုတဆိုတာအလွယ်လေးရနိုင်တာပဲ"

"ဘိန်းစားချင်းအတူတူ တစ်မူး ပိုမရှုချင်စမ်းပါနဲ့၊နှင်က ဘယ်လောက်များ ဗဟုသုတ ရှာမှီးဖို့ဝါသနာပါလို့လဲ"

အရေးထဲမှာနှစ်ယောက်သား တစ်ယောက်တစ်ခွန်း





ငြင်းခုန်စကားနိုင်လုကာရန်ဖြစ်ဖို့ဆဲဆဲဖြစ်လာသည်။အရင်လိုအချိန် မျိုးဆိုလျှင်တော့စကားသံတွေ တဖြည်းဖြည်းကျယ်လာကာခွန်း ကြီး ခွန်းငယ် အပြိုင်အဆိုင်အော်ဟစ်ရန်ဖြစ်ကြတော့မည်။ဒီထက် ပို ဆိုးလာလျှင် အပျိုလေးအရွယ်လေးတွေတန်မဲ့ နပန်း ထ,လုံးချင် လုံးကြတော့မည်။

ဒီတစ်ခါမှာတော့ နှစ်ယောက်စလုံးစိတ်ထိခိုက်ကာ ခွန်အားပြတ်လပ်နေကြချိန်မို့ နပန်းလုံးသည့်အဆင့်အထိတော့ ရောက်မသွားပါ။တစ်ယောက်ကိုတစ်ယောက်မျက် စောင်း တခဲခဲနဲ့ကြည့်ရုံလောက်နဲ့သာပြီးသွားပါသည်။

"ကိုကိုကြီးပြန်လာရင် တိုင်ပြောမယ်၊ယောကျ်ား တွေဟာ ဆင်ခြင်တုံတရားမရှိဘူးလို့အမှုန်က ပြောတယ်လို့၊ အဲဒီ ထဲမှာကိုကိုကြီးလဲ ပါသွားပြီလို့"

"မိသုန်၊ပေါက်ကရတွေလျှောက်ပြောမနေနဲ့နော်၊ ကိုကိုကြီးကအရမ်းစိတ်ညစ်နေတဲ့အချိန် နင့်စကားကြားသွားရင်သူ ကွယ်ရာမှာငါတို့က သူ့အကြောင်းဝေဖန်စပ်စုနေကြပါလားလို့ တွေးမိပြီးပိုစိတ်ဆင်းရဲစရာဖြစ်သွားမယ်"

"အေး ...၊ဒါလဲဟုတ်တာပဲ၊ကောင်းပြီလေ ကိုကိုကြီး မျက်နှာ ထောက်ပြီး နင့်ကို တစ်ကြိမ် တစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊နင့်စကားနားထောင်တာမဟုတ် ဘူး

နော်၊ကိုကိုကြီးစိတ် ဆင်းရဲမှာစိုးလို့ ...”

သုန်နဲ့မှုန်တို့ညီအစ်မနှစ်ယောက်ဟာ မတည့်အတူနေဆိုသလိုစိတ်ချင်းညီညွတ်သည်လည်း ရှိ၊ဆန့်ကျင်ကွဲပြားသည်လည်းရှိပေမယ့် အမြဲတမ်းထပ်တူညီသည့်နေရာကတော့ တစ်ဦးတည်းသော အစ်ကိုကြီးအပေါ်မှာသိပ်ကိုချစ်ခင်အလေးထားကြခြင်းပါပဲ။

ငယ်ငယ်လေးကတည်းက မိဘတွေဆုံးသွားပြီးသည့်နောက်ပိုင်းဒီအစ်ကိုကြီး တစ်ယောက်တည်းကိုပဲအားကိုး အားထားပြုလာကြရတာမို့သူတို့မောင်နှမတွေကြားမှာရှိသည့် သံယောဇဉ်ကတခြားမောင်နှမတွေထက် ပိုမိုခိုင်မြဲလွန်းလှသည်။

ကြီးသိန်းနဲ့ကြီးစောဆိုသည့်ကြီးတော်နှစ်ယောက်ကလူကြီးအဖော်ရရုံ၊ စောင့်ရှောက်အုပ်ထိန်းရုံလောက်သာဖြစ်လျက် ကိုကိုကြီးလိုတော့ အားကိုးရတာမဟုတ်ပေ။ပြီးတော့လူကြီး တွေ ပီပီစည်းကမ်းကလည်းကြီး၊ပစိပစပ်ကလည်းများ၊အနေအထိုင်ကလည်းတည်ကြလေတော့သူတို့နဲ့ ဘယ်လိုမှပေါင်းလို့ သင်းလို့ မတည့်နိုင်။

မိန်းမချင်းဆိုပေမယ့် ကြီးတော်တွေကို ဘာမှပြောရဲဆိုရဲ မရှိသည့်အခါကိုကိုကြီးတစ်ယောက်ကိုသာအရာရာဖွင့်တိုင်ပင် ဖြစ်၊ပူဆာဖြစ်ကြသည်။မောင်နှမသုံးယောက်ရဲ့ဆက်ဆံရေးက စည်းစည်းလုံးလုံးရှိသလိုပွင့်ပွင့်လင်းလင်းလည်း ရှိကြ





လေသည်။

ကိုကိုကြီး ချစ်သူရတော့လည်း ညီအစ်မ နှစ်ယောက်ကို ချက်ချင်းဖွင့်ပြောကာသူ့ချစ်သူနဲ့ မိတ်ဆက်ပေးခဲ့တာ၊ သုန်နဲ့မှုန် တို့နှစ်ယောက်ကလည်း ကိုကိုကြီးရဲ့ချစ်သူ မမဆုကို အစ်မတစ်ယောက်လိုပဲ ချက်ချင်း ခင်မင်တွယ်တာသွားခဲ့ကြတာ၊ဘယ်လောက်ထိများလည်းဆိုရင် အိမ်ကို မမဆုလာလည်သည့်အခါတွေ မှာကိုကိုကြီးနဲ့တောင်စကားသိပ်မပြောဖြစ်ဘဲ သုန်တို့မှုန်တို့တစ်တွေနဲ့သာ တစ်လုံးတစ်ထွေးဖြစ်နေတတ်တာကြောင့် ကိုကိုကြီးကတောင် သိပ်မကြည်လင်ချင်တော့။ဘေးလူဖြစ်သည့်ကြီးသိန်း တို့ ကြီးစောတို့ကဆိုလျှင်မမဆုကို ကိုကိုကြီးရဲ့ ဧည့်သည်လို့ တောင်မထင်ဘဲ သုန်တို့မှုန်တို့ရဲ့ဧည့်သည်လို့တောင်ထင်တော့ တာ။လူငယ်သုံးယောက်ကလည်းလူကြီးတွေကိုအမှန်အတိုင်း ဖွင့်ပြောရမှာမျက်နှာပူတာနဲ့ပဲထင်ချင်သလိုသာထင်ပါစေတော့ဆိုပြီးရောချထားလိုက်တာ။

တကယ်တော့ မမဆုနဲ့သုန်တို့မှုန်တို့တွေအရင်းနှီးလွန်ကာအနောက်ပြောင်အကျီစယ်သန်လွန်းသွားရတာကအခုလိုဆိုးရွားသည့်ပြဿနာတွေ စတင်ခဲ့ရတာပင်ဖြစ်ပါသည်။

*   *   *

## (၄)

နစ်ယောက်တည်းသာရှိသောထမင်းဝိုင်းက တိတ်ဆိတ် ခြောက်ကပ်လှသည်။

ဖေဖေ ကတော့အလုပ်သွားနေတာမို့ဘယ်တော့မှ မိသားစု ထမင်းဝိုင်းမှာ မပါဝင်တတ်တာကြောင့်ထားပါတော့။ ဟိုအရင်က ဆိုလျှင်မောင်နှမသုံးယောက်ထမင်းလက်ဆုံ စားရတာ ပျော်စရာ ကောင်းလှသည်။

ဥသဘာနဲ့ဟံသာတို့နှစ်ယောက်ကဟင်းလုစားကြ၊ တစ်ယောက် ကိုတစ်ယောက်နောက်ပြောင်လိုက်ကြ၊ကြား





ထဲကမမက သူတို့နှစ်ယောက်ကိုတစ်ဟဲ့ဟဲ့အော်ဟစ်ထိန်းသိမ်းကာထမင်း ကောင်းကောင်းစားဖို့ပြော၊သူတို့နှစ်ယောက်က မနာခံဘဲ ဆက် နောက်မြဲနောက်နေလျှင် နောက်ဆုံး မမ စိတ်ဆိုးကာ ထမင်းဝိုင်းကထွက်သွားဖို့ပြင်တော့မှ ဝိုင်းချော့ကြနှင့် စည်ကား သက်ဝင်နေ လိုက်တာများ။

ရွှေရောင် လွှမ်းသော ထိုနေ့ရက်တွေဟာ အခုအချိန်မှာ တော့အိပ်မက်တစ်ခုလိုဖြစ်ခဲ့ပြီ။အိပ်ခန်းထဲမှာအမြဲလိုလို အား ဖျော့ ခွေနှုန်းစွာ ငြိမ်သက်နေတတ်သော မမဟာ ထမင်းဝိုင်း ကိုဆင်းဖို့ဝေးစွအခန်းထဲစားစရာတွေယူသွားပြီးသေလောက်အောင်ချော့မော့ကျွေးလျှင်တောင်မှ မုန့်ကလေးတစ်ခုလောက်၊ကော်ဖီလေး ပန်းကန်ဝက်လောက်ကို ဖျစ်ဖျစ်ညှစ်ညှစ် သောက် တတ်တော့တာ။

မမ ဒီလောက်ဖြစ်နေပြီဆိုမှတော့ဥသဘာနဲ့ဟံသာတို့နှစ်ယောက်လည်းဘယ်မှာလာပြီးစားသောက်ကောင်းတော့မှာလဲ။ထမင်း ဟင်းချက်တာဝန်ခံဖြစ်သော မမကမှ လှုပ်နိုင် ရှားနိုင် မရှိတော့သောအခါ ညီအစ်ကိုနှစ်ယောက် ထမင်းတစ်ဝိုင်းကို ဖြစ် သလို စီမံရတော့သည်။

ဘဲဥကြော်၊ဝက်အူချောင်းကြော် အစရှိသည့် ဟင်းတစ်မျိုးနှစ်မျိုးလောက်ဖြင့် ခြောက်သွေ့ကာ စားချင်စဖွယ်မရှိလှသောထမင်းဝိုင်းမှာ မမလည်း မပါဝင်လေသောအခါ ပိုမို

တိတ်ဆိတ်လျက်စိတ်ပျက်ငြီးငွေ့ဖွယ်ပင်ကောင်းနေပါတော့သည်။

လူတစ်ယောက်အတွက် တစ်နေ့ ထမင်းနှစ်နပ် မစားမဖြစ် စားရမည်ဆိုသည့် သတ်မှတ်ချက်သာ မရှိခဲ့ဘူး ဆိုလျှင် ဒီထမင်းဝိုင်းမှာအားတင်း ကြိုးစားပြီးတော့တောင်လာထိုင်စရာ အကြောင်း မရှိတော့ချေ။

"ဟော့ကောင် …၊စားလေကွာ"

"စားမှာပေါ့ ..မင်းလဲ စားလေ"

တစ်ယောက်ကိုတစ်ယောက်သာစားဖို့ တိုက်တွန်းနေကြသော်လည်းဘယ်သူကမှထမင်းပန်းကန်၊ဟင်းပန်းကန်တွေကို့စ , မနှိုက်ကြသေး။

ရေအထည့်လွန်ကာပျော့ပြဲပြဲဖြစ်သွားသည့်ထမင်းတွေရယ်၊ဆီများကာ အတူးလွန်လျက် မည်းခြောက်ခြောက်ဖြစ်နေသော ဝက်အူချောင်းပန်းကန်ငေါင်စင်စင်းရယ်ကလည်း နဂိုကတည်းကမှ ထမင်းစားချင်စိတ် ကုန်ခန်းနေသူတွေကို စိတ်မျက်သည်ထက်ပျက်အောင် တိုက်တွန်းအားပေးနေသလိုရှိလေသည်။

"မမ သနားပါတယ်ကွာ နော် …"

"အေးကွာ"

ဒီစကားကို သူတို့ပြောဖြစ်ကြတာဘယ်နှစ်ကြိမ်





မြောက်ပြီလည်းတောင်မသိနိုင်တော့ချေ။ဒီစကားထက်လည်း ဘာမှပို မပြောနိုင်သလို၊ဘာမှလည်းမလုပ်နိုင်ကြတာတော့ အမှန်ပင်။

"အစ်ကိုကျော်ကလဲကွာ.. အသက် မပြင်း လိုက်တာ၊ ဆိုင်ကယ်လေး တစ်ခါ မှောက်တာနဲ့ တစ်ခါတည်း ပွဲချင်း ပြီးသေ ရတယ်လို့"

"ဆိုင်ကယ်ကသုံးလေးပတ်ကျွမ်းထိုးပြီးမှလမ်းဘေး က အုတ် နံရံကိုဝင်တိုက်တာ၊ မင်း မြင်တဲ့အတိုင်းပဲ ခေါင်း တစ် ခြမ်း လုံး.."

"ဟာ …ထမင်းမစားနိုင်ရတဲ့ကြားထဲကွာ …"

ဥသာစကားမဆုံးခင် ဟံသာကပျာပျာဘဲလဲဝင်ရောက်တားဆီးလိုက်သည်။မျက်လုံးထဲမှာအစ်ကိုကျော့် အလောင်းကိုသွားကြည့်စဉ်ကမြင်ကွင်းကြီး ထင်းခနဲ ပေါ်လာတာကြောင့်ပျို့ တက်ချင်လာသောစိတ်ကိုမနည်းကြီးထိန်းသိမ်းလိုက်ရသည်။

အစ်ကိုကျော်ဟာသက်သောင့်သက်သာသေသွားတာမျိုးမဟုတ်ဘဲရုပ်ပျက်ဆင်းပျက်သေဆုံးရတာ။ခေါင်းတစ်ခြမ်းလုံးကြေမွစုတ်ပြတ်ကာကြည့်လို့ ပင်မသင့်တော်နတော့တာကြောင့် အလောင်းပြင်သည့်အခါနှင်းဆီပန်းတွေ မျက်နှာတစ်ခြမ်းလုံး အပြည့်ဖုံးအောင်ကွယ်လျက်ပြင်ဆင်ခဲ့ရတာ။

ပြင်ဆင်ပြီးသည့်အချိန်မှာ ကြည့်ရတာမဆိုးတော့သော်လည်း စဖြစ်ဖြစ်ချင်းမှာဒီအတိုင်းမြင်ထားရသည့်သူတွေအတွက်တော့ အစ်ကိုကျော်ရဲ့သွေးသံရဲရဲ စုတ်ပြတ်ပျက်စီးနေသည့်မျက်နှာကြီးဟာအတော့်ကိုပဲ ခြောက်လှန့်နှိပ်စက်နိုင်လေသည်။

"မင်းကထမင်းစားတင်ပျက်တာ၊ငါ့မှာက ညအိပ်တိုင်း အစ်ကိုကျော့် မျက်နှာကြီး မြင်မြင်ပြီး တော် တော်နဲ့ အိပ်မပျော်ဘူး၊အိပ်ပျော်ရင်လဲ အိပ်မက်ဆိုးတွေမက်ပြီးလန့်နိုးတာခဏ ခဏပဲကွ"

ဥသာက မမ အခန်းဘက်လှမ်းကြည့်ရင်း အသံတိုးတိုးနဲ့ပြောလိုက်သည်။အစ်ကိုကျော့်ကို အစ်ကိုရင်း တစ်ယောက်လိုချစ် ခင်တာမှန်သော်လည်း ဒီနေရာမှာတော့ ခင်တာခင်တာသပ်သပ်၊ကြောက်လန့်ရွံရှာတာက သပ်သပ်ပင်။

"ငါလဲ မင်းလိုပဲပေါ့ကွ...၊ဒီလောက်အနီးကပ်ကြီး မြင်ထား ရတဲ့ဥစ္စာ မျက်စိထဲ မစွဲဘဲ နေမလား"

"မမရော မကြောက်ဘူးလား မသိဘူးနော်"

"အရေးထဲကွာ ...၊သူ့မှာ ဒီလောက် သောက ရောက်နေတာကြောက်နိုင်ပါ့မလား၊မင်းဟာလေ တွေးလိုက်ရင် အရေး မပါတာတွေချည်းပဲ"

"မင်း ဘာသိလဲကွ...၊ချစ်တာက ချစ်တာ တစ်ခြားပဲ၊





ကြောက်တာကလဲ တစ်ခြားပဲ၊မင်း ရည်းစား ရုပ်ပျက်ဆင်းပျက် ဖြစ်ပြီး သေသွားရင်.. နေ့ခင်းဘက် တွေမှာလွမ်းချင်လွမ်းမယ်၊ညဘက်ကျ ရင်တော့သရဲကြောက်မှာပဲ"

"ဟော့ကောင် နိမိတ်မရှိတာတွေ ပြောမနေနဲ့ကွ၊ မင်းရည်းစား သေပါလား၊ဘာလို့.. ငါ့ကို ဆွဲထည့်နေရတာလဲ"

"မင်းက..မကြောက်ဘူး ပြောလို့ ကိုယ်တိုင် ခံစားနိုင်အောင် ဥပမာ ပေးတာ"

"ပေးစရာရှားလို့ကွာ"

"မင်းကဘာကြောက်နေရတာလဲ..၊မင်းမှာသေစရာရည်းစားရောရှိလို့လား"

"မင်းမှာရော ... ရှိလို့လား"

စကားကောင်းပြောနေရင်းက နှစ်ယောက်သားအတိုက်အခံငြင်းခုန်ဖို့ဖြစ်လာရလေသည်။ ဒီညီအစ်ကို နှစ်ယောက်ဟာစကားကောင်းကြာကြာပြောလို့ရကြတာ မဟုတ်ချေ။

ပြောရင်းနဲ့ သဘောကွဲလွဲစရာပေါ်လာကာစကားဝိုင်းကနေ ရန်ပွဲဖြစ်ရပေါင်း လည်းများခဲ့ပြီ။

တစ်ခါတစ်ရံမှာငြင်းရင်းခုန်ရင်း နှစ်ယောက်သား

လက် သီး ထိုးပွဲဆင်နွှဲကြလျှင် ဘယ်သူမှ ဖြန်ဖြေ မရတတ်။

မမသာ အနားမှာရှိလျှင်တော့ သူမမောင် နှစ်ယောက်ကို အော်ဟစ်တားဆီးပြီး မရသည့်အဆုံးကျလျှင်ထိုင်ငိုပေလိမ့်မည်။

ထိုအခါကျမှ အစ်မကို ချစ်သည့် မောင် နှစ်ယောက်လည်း မမကို ပြန်ချော့ရင်းရန်ပွဲရပ်တော့တာ။

ဒီတစ်ခါတော့ ဖြန်ဖြေမည့် သူလည်း မရှိတာကြောင့် အခြေအနေကတဖြည်းဖြည်းတင်းမာလာသည်။တစ်ယောက်ကိုတစ်ယောက်သေသေချာချာစောင့်ကြည့်ကာတစ်ယောက်ကစတင် လှုပ်ရှားလိုက်တာနဲ့နောက်တစ်ယောက်ကချက်ချင်းခုန်အုပ်ကာတိုက်ပွဲစတင်ဖို့အသင့်ပြင်ဆင်ထားသည်။

"ဟော့ကောင် ဥသာ၊မင်း ဦးနှောက်မရှိ ရန်ဖြစ်ချင်မနေနဲ့...၊မမကိုလဲငဲ့ဦး၊မမအရမ်းစိတ်ညစ်နေတဲ့ အချိန် မှာငါတို့ ထ, သတ်နေလို့ဖြစ်မလား"

"အေး ဒါတော့ဟုတ်တယ်၊မင်း မှတ်ထားလိုက် ဟံသာ၊ နောက်ကျတော့မှ ဒီကိစ္စကိုထည့်ပြီး စာရင်းရှင်းကြတာပေါ့"

"ကောင်းတယ်၊အခုတော့ထမင်း ဝ,အောင်စားထားလိုက်ဦး"

တစ်ယောက်ကိုတစ်ယောက်မျက်စောင်းထိုးကာ





ထမင်းစားခြင်းအလုပ်ဘက်သို့အာရုံကိုပြောင်းရွှေ့လိုက်ကြသော်လည်းနဂိုကတည်းက ထမင်းစားချင်စိတ်မရှိတာကြောင့်ရော၊လတ်တလော ဒေါသထွက်နေတာကြောင့်ရော၊ထမင်း,ဟင်းကိုက စားချင်စဖွယ် မရှိတာကြောင့်ရောပေါင်းကာ နှစ်ယောက်စလုံးထမင်းစား လို့တော့မဝင်ခဲ့ကြချေ။

*　*　*

## (၅)

“ကိုကိုကြီး ဒီနေ့အလုပ်မသွားရဘူးမဟုတ်လား၊ သုန်တို့မုန့်ဟင်းခါးချက်စားကြမလို့၊ကြီးသိန်းနဲ့ ကြီးစောကို မီးဖိုချောင်ကနေ...အနား ပေးထားတယ်၊သုန်တို့ နှစ်ယောက်တည်းရဲ့လက်ရာ စစ်စစ် စားရမှာသိလား”

မနက်မိုးလင်းလို့အခန်းထဲကနေထွက်လာသည့် ကိုကိုကြီးကိုတွေ့တွေ့ချင်းသုန်က လောကွတ်ချော်လိုက်ပါသည်။ခါတိုင်းလည်းကျောင်းပိတ်ရက် အလုပ်ပိတ်ရက်တွေမှာညီအစ်မနှစ် ယောက်တိုင်ပင်ကာစားစရာတစ်မျိုးမျိုးကို





တံခါးပိတ်ချက်ပြုတ် လုပ်ကိုင်တတ်မြဲ။

တံခါးပိတ်ဆိုတာကခါတိုင်းနေ့တွေမှာမီးဖိုချောင်ထဲ အမြဲရှိတတ်သော အိုးသူကြီးတွေဖြစ်သည့်ကြီးသိန်းနဲ့ ကြီးစောကိုမီးဖို ချောင်ပတ်လည်ဆယ်ပေအတွင်းလုံးဝမလာရလို့တားမြစ်နယ်မြေ သတ်မှတ်ကာပိုပြီးလုံခြုံစိတ်ချရအောင်မီးဖိုချောင် အဝင်ဝတံခါး ကိုပါအလုံပိတ်လျက်နှစ်ယောက်တည်း ထင်တိုင်းကျဲတော့တာ။

ဒီလိုမှမလုပ်လျှင်လည်း မရဘူးလေ။ရှေးလူကြီးလည်း ဖြစ်၊အပျိုကြီးတွေလည်းဖြစ်ကြသောကြီးသိန်းနဲ့ကြီးစောတို့ဟာ နေရာတကာဝင်စွက် ဩဝါဒပေးဖို့၊ ပြစ်တင်မြည်တမ်းဖို့ တားဆီး ကန့်ကွက်ဖို့လောက်သာအသင့်ပြင်ထားကြတာ။

သုန်နဲ့မှုန်တို့တစ်တွေကလည်း စားစရာလုပ်လျှင် အရသာ ရှိအောင်လုပ်တတ်တာမှန်သော်လည်းချက်တုန်း ပြုတ်တုန်း လာကြည့်လျှင်တော့စားချင်စဖွယ်လုံးဝ မရှိတတ်။ အသုံးပြုသည့်ဇလုံ တွေ၊ပန်းကန်တွေ၊ဇွန်းတွေ၊အိုးခွက်တွေ ဟာအကုန်လုံးရှုပ်ယှက်ခတ် ပေပွလျက်။ညစ်ပတ်ပေရေသော လက်တွေနဲ့တစ်ခုကိုင်၊လက်ပြန်မဆေးဘဲထားလိုက်,နောက် တစ်ခုကောက်ကိုင်လိုက် ပေ ရေသွားလိုက်နှင့်သန့်ရှင်းမှုက တော့ လုံးဝ မရှိ။

သုန်တို့မှုန် တို့စားစရာတစ်ခုခုလုပ်တာကိုကြီးသိန်းနဲ့

ကြီးစောတို့ မြင်သွားလျှင်တော့ ဆူစရာ၊ အပြစ်တင်စရာတွေ တစ်သီတစ်တန်းတွေ့ရပါပြီ။ခေါက်ဆွဲသုပ် လုပ်စားသည့်တစ်ရက်က ဆိုလျှင်ဇလုံနဲ့ထည့်ထားသည့်ခေါက်ဆွဲတွေ သုန်နမော်နမဲ့နိုင်လို့ မှောက်ကျရော။ခေါက်ဆွဲဇလုံမှောက်ကျတာက အသီးအရွက် တွေလှီးချုတ်ဖို့လုပ်ထားသည့်စားပွဲဝိုင်းပေါ်မို့ညစ်ပတ်သည်ဟုဆို နိုင်သော်လည်းသိပ်ကြီးဆိုးဆိုးဝါးဝါးမညစ်ပတ်လောက်ပါဘူးဟု ညီအစ်မနှစ်ယောက်ခေါင်းချင်းဆိုင်တိုင်ပင်ကာစားပွဲပေါ်ကျနေ သည့်ခေါက်ဆွဲဖတ်တွေကိုပြန်ကျုံးလျက်သုတ်လိုက်သည်။အဲဒါကို ကြီးစောကမြင်သွားလျှင်သုန်နဲ့မှုန်တို့ နှစ်ယောက်ကိုဆူလိုက် မာန်လိုက်တာလည်းပြောစရာမရှိ။သုန်တို့သုပ်သည့် အသုပ်ကိုလည်း စားဖို့နေနေသာသာယောင်လို့တောင်လှည့်မကြည့် တော့ချေ။

နောက်ပိုင်းမှာလည်း ဒီနှစ်ယောက်အစားအသောက်တစ်ခုခုလုပ်နေပြီ ဆိုလျှင် လှည့်ပတ် ချောင်းမြောင်းကာ အပြစ်လာလာပြောတတ်တာကြောင့်သုန်နဲ့မှုန်တို့ မှာစားစရာများလုပ် စားမည်ဆို လို့ကတော့ကြီးသိန်းနဲ့ကြီးစောတို့နှစ်ယောက်ကို မီးဖိုချောင်က ဝေးရာကိုပို့ရတာကအဓိကလုပ်ငန်းတစ်ခုပင် ဖြစ်နေတော့သည်။

ကိုကိုကြီးကတော့ တစ်ခါတစ်ရံစိတ်ပါလျှင်ညီမတွေနဲ့အတူဝင်ပြီး ချက်ပြုတ်လေ့ရှိပါသည်။ကိုကိုကြီးကတော့သူတို့





ဘက်သားလုံးလုံးမို့ညီမတွေဘယ်လောက်ညစ်ပတ်ပေပွအောင်လုပ်လုပ် ရယ်ရုံပဲရယ်မောနေကာ ဘာမှမပြောတတ်ပေ။

အရင်တုန်းကများဆိုလျှင်တော့ မောင်နှမတစ်တွေ မီးဖိုချောင်ထဲမှာတစ်ရှန်းရှန်းချက်ပြုတ်ကြ၊ဝိုင်းဖွဲ့စားသောက်ကြနဲ့ စည်ကားသိုက်မြိုက်လှသည့်ဖြစ်ခြင်း။မမဆုအိမ်ကိုအလည်ရောက်သည့်အခါတွေဆိုလျှင်မမဆုပါ သူတို့ဝိုင်းထဲပါလာကာပို ပြီး ပျော်စရာကောင်းနေတတ်သည်။

ဒီနေ့ မုန့်ဟင်းခါးချက်စားဖို့ နှစ်ယောက်သားစီစဉ်ကြတာဟာစားချင်လွန်းလို့၊ပျော်လွန်းလို့ မဟုတ်ပါ။ကိုကိုကြီးရဲ့တစ်နေ့တခြားမှိုင်သည်ထက်ပိုမှိုင်လာသော အခြေအနေ ကြီးကို မကြည့် ရက်တာကြောင့်စိတ်အပြောင်းအလဲလေးများဖြစ်ပါစေတော့၊အရင်လိုပျော်ရွှင်တက်ကြွမှုလေးတွေပြန်လည်လို့မှ ရပါ စေတော့ဆိုသည့်အတွေးနဲ့ တမင်တကာစီစဉ်ကြတာ။

“ကိုကိုကြီးကို တာဝန် ပေးစရာရှိတယ်၊မုန့်ဟင်းခါးနဲ့စားဖို့ အကြော်ကို ဝယ်မလာဘူး။ပဲကပ်ကြော်ရယ်..၊ဘူးသီးကြော်ရယ်..၊ကြက်သွန်ကြော်ရယ..ကိုကိုကြီးလက်ထဲ အပ်မယ်”

“ညီမလေးရယ်...၊ကိုကိုကြီးအလုပ်တွေရှိသေးတယ်ကွာ၊ဖုန်းလဲပြောစရာရှိတယ်၊ဒီတစ်ခါတော့..ငါ့ညီမတွေ ကိုယ့်ဘာသာပဲ ချက်စားလိုက်ကြတော့နော်...၊

လိမ္မာ ပါတယ်”

သုန်က ကိုကိုကြီးကို ငေးကြည့်ရင်း မျက်ရည်လေးဝဲလာ ရပါသည်။ ကိုကိုကြီးဟာ ညီမတွေရဲ့ တောင်းဆိုမှုတွေကို ဘယ် တော့မှ ဥပေက္ခာပြုငြင်းဆန်လေ့ရှိသူမဟုတ်ပါ။ကိုကိုကြီးဆီက မဖြစ်နိုင်ဘူးဆိုတဲ့ငြင်းဆန်မှုကို ဒီတစ်ကြိမ်ပဲကြားဖူးသေးတာ ကြောင့်နူးညံ့ချိုသာသည့်ငြင်းပယ်မှုပင်ဖြစ်လင့်ကစား သုန့်ရဲ့ ရင်ဝကိုဆောင့်ကန်လိုက်သလိုအောင့်ခနဲဖြစ်သွားကာငိုချင်စိတ် ပေါက်သွားရတာဖြစ်သည်။

“ကိုကိုကြီးကလဲ အလုပ်အားရက်လေးကိုယ့်ညီမတွေကို ကူမယ် စိတ်မကူးဘူး၊ကိုယ်လွတ်ရုန်းချင်ရလား”

“ကိုယ်လွတ်ရုန်းတာမဟုတ်ပါဘူးသုန်လေးရယ်၊ ကိုကိုကြီးတကယ်မအားလို့ပါကွာ”

မီးဖိုချောင်ဝင်မိရင်မမဆုနဲ့အဆင်ပြေနေစဉ်က ပျော်ရွှင် ကြည်နူးခဲ့ရသည့်အရိပ်တွေကိုပြန်လည်မြင်ယောင်တမ်းတနေမိမှာစိုးလို့တမင်ရှောင်ရှားနေတာမှန်း သုန်ကသိပေမယ့်မသိဟန် ဆောင်ကာရယ်သလိုမောသလိုနဲ့စကားလွှဲပြောနေခြင်းပါ။

“ကိုကိုကြီးနော် ...ကူမလုပ်ရင်မစားရဘူး”

ကိုကိုကြီးမျက်နှာမှာစိတ်ညစ်ညူးရှုပ်ထွေးသွားခြင်းရဲ့အရိပ်အယောင်တွေသိသာစွာပေါ်လာသည်။





“မကျွေးချင်ဘူးဆိုလဲ မစားရုံပေါ့ကွာ

ပြောပြီး ချာခနဲ လှည့်ထွက်သွားလျှင် ကိုကိုကြီး တစ်ယောက်တည်းငေးနေငေးနေ စိတ်လေနေပါကအခြေအနေပိုဆိုးလာမှာစိုးလို့ စိတ်ပြေလက်ပျောက်ဖြစ်အောင်လူကြားထဲပြန်ဝင် နေဖြစ်အောင်စည်းရုံးဖို့ ကြံရွယ်ထားသည့် သုန့်မှာငေးငေး လေး ကြည့်ရင်းနဲ့သာကျန်ရစ်နိုင်ရှာပါသည်။

ကိုကိုကြီးဟာသိပ်သဘောကောင်းတာ။အထူး သဖြင့်ဒီ ညီမလေးနှစ်ယောက်အပေါ်မှာမိဘမဲ့လေးတွေ၊အစ်ကိုတစ်ယောက်ကိုပဲအားကိုးနေရှာရသူလေးတွေဆိုတဲ့အသိနဲ့စကားတောင်မာမာမပြောဘဲအမြဲအလိုလိုက်ထားခဲ့တာ။

အဲဒီလိုလူတစ်ယောက်ဆီကပြတ်တောက်သောအမူအရာတစ်ခုကိုလက်ခံရရှိလိုက်သည့်အတွက် သုန့်မှာအားလည်းငယ်၊ဝမ်းလည်းနည်း၊ကိုကိုကြီးအတွက် စိုးရိမ်သောကရောက်နှင့် ရင်ထဲ ပူလောင်ကျွမ်းမြိုက်နေရလေတော့သည်။

* * *



F - 3 (A)

(၆)

"ဟေ့ကောင် ဦးသာ၊မင်းတစ်နေ့လုံးဘယ်ပျောက်နေတာလဲ"

တစ်ယောက်နဲ့တစ်ယောက်မျက်နှာကြော တည့်လှတာ မဟုတ်သော်လည်း သိပ်လည်းဝေးဝေးခွာနေလို့မရသည်မှာ ဦးသာနဲ့ဟံသာ တို့ညီအစ်ကိုနှစ်ယောက်သာလျှင်ဖြစ်လေသည်။

မနက်ကတည်းက ဦးသာက ဆိုင်ကယ်ယူပြီးထွက်သွားတာမို့အပြင်ထွက်စရာရှိလျှင်နှစ်ယောက်တိုင်ပင်ညှိနှိုင်း





ပြီးမှ အတူထွက်ရမြဲဖြစ်သည့်အထဲမှာဟံသာတစ်ယောက် တည်းအိမ်မှာ ကျန်ခဲ့ရတာဖြစ်သည်။

တစ်နေ့လုံး ဦးသာမျှား ပြန်လာမလားစောင့်နေရင်း ပြန် မလာနိုင်သောအခါဟံသာ့မှာဒေါသလည်းထွက်၊ပျင်းလည်းပျင်း။ ဦးသာဘာလုပ်နေပါလိမ့်လို့တွေးလို့ကလည်းမရနှင့် ခေါင်းခြောက် နေရတာ။

"အရေးကြီးတဲ့အလုပ်တစ်ခုသွားလုပ်တာပေါ့ကွ"

ပြောစရာရှိတာကို အဖြောင့်အတိုင်းမပြောဘဲ ပဟေဠိ ဆန်ချင်နေသောဦးသာကို ဟံသာက အသည်း ယားလာပြီ။ဒီကောင်ဟာ အဲဒီလိုပဲ၊ စကားတစ်ခွန်းကိုပြောလိုက်လျှင်လည်း ပြီးသွားမှာမျှား ရစ်ကြောင်းရှည်ကာဆွဲဆန့်ချင်လိုက်တာအလွန်။ပြီးတော့လည်း ဟုတ်သလားဆိုတော့ ဘာမှ ဟုတ်ဟုတ်ညားညား ရှိတာလည်းမဟုတ်။

"ဟေ့ကောင် ...၊ပြောချင်ပြော,မပြောချင်လဲနေလို့ရတယ်နော်"

"ပြောစရာတောင် မလိုဘူး၊ပြလိုက်ရုံနဲ့ ပြီးတယ်.. ဒီမှာ ကြည့်စမ်း"

ဦးသာရဲ့ဗိုက်ဆံအိတ်ထဲကထွက်လာသည့်အရာတွေကိုကြည့်ပြီး ဟံသာ မျက်လုံးပြူးသွားရသည်။

"စတိတ်ရှီးလက်မှတ်တွေလား

"သိပ်ဟုတ်တာပေါ့...၊အင်ပါယာ ပွဲ၊တစ်စောင် တစ်ထောင် ပေးရတယ်၊ဒါတောင်..အသိဆီကတစ်ဆင့်မို့ ဈေး မှန်နဲ့ရတာ"

ဥဿာရဲ့အချိုးကို ဟံသာက အခုမှပဲ သဘောပေါက်တော့သည်။ဒီကောင်က မမ စိတ်အပြောင်းအလဲဖြစ်အောင် စတော့ချ် ရှိုး လိုက်ပြမလို့ကိုး။

အခုတလောသူတို့ညီအစ်ကိုနှစ်ယောက်မှာ မမ စိတ်အ ပြောင်းအလဲလေး ဖြစ်ပါစေတော့ဆိုသည့် ရည်ရွယ်ချက်နဲ့ စားစရာလေးဝယ်လာလိုက်၊အထည်စလေး ဝယ်လာလိုက်၊ ပစ္စည်းထူးထူး ဆန်းဆန်းလေးတွေဝယ်လာလိုက်၊အလှကုန်ပစ္စည်းလေးတွေဝယ် လာလိုက်နှင့်တစ်မျိုးပြီးတစ်မျိုးစိတ်ကူးတည့်ရာဝယ်ဝယ်လာနေရတာ။တစ်သက်လုံးက စုထားဆောင်းထားသည့်မုန့်ဖိုးတွေ လည်း သောက်သောက်လဲကုန်လိုက်တာ မပြောပါနှင့်တော့။

ဒီတစ်ခါတော့ဥဿာရဲ့ အကြံက ပိုကောင်းသွားပြီ။ မမ ဟာ စတော့ချ် ရှိုး သိပ်ကြိုက်တာ။ အစ်ကိုကျော်နဲ့စပြီးဆုံတွေ့ကြတာတောင် စတော့ချ်ရှိုးသွားကြည့်ရင်းနဲ့ ဆုံခဲ့ကြတာ။ စတော့ချ် ရှိုး ကြည့်ရမည်ဆိုလျှင်တော့ မမ စိတ်ပါလာမှာပဲ။

"မင်း အိုင်ဒီယာ ဒီတစ်ခါတော့ ကောင်းသွားပြီကွ၊စတော့ချ်ရှိုးကြည့်ဖို့ဆိုရင်တော့မမ စိတ်ဝင်စားမှာသေ





ချာတယ်"

"မင်း ဦးနှောက်က ဒါမျိုးဆို မီးမကူးဘူးမဟုတ်လား"

ပက်ခနဲ တုံ့ပြန်လိုက်သော နှိမ်ချ စကားကြောင့် ဟံသာ ရှုံ့ မဲ့သွားကာစောစောကချီးကျူးမိတာတွေကိုပင်ပြန်သိမ်းလို့ရလျှင် ပြန်သိမ်းဆည်းထားလိုက်ချင်စိတ် ပေါက်သွားလေသည်။

ဥဿာဟာ ဒီလိုပဲ စကားကောင်း နှစ်ခွန်းသုံးခွန်းလောက် ပြောပြီးပြီဆိုလျှင်အဖောက်ကလေးကပါလာပြီ။ဒါကြောင့် သူတို့နှစ်ယောက်ဟာဆယ်မိနစ်ထက် ပိုမတည့်ကြတာ။

သူတို့တွေတက်ညီလက်ညီ ရှိဖူးတာဆိုလို့ မမကိုအစ်ကို ကျော်နဲ့အောင်သွယ်ပေးစဉ်ကတစ်ခါပဲရှိဖူးသည်။ အဲဒီတုန်းက တောင်အစ်ကိုကျော်ပေးသည့်မုန့်ဖိုးတွေ၊လက်ဆောင်တွေကို မက်မောပြီး မနည်းကို ယာယီ စစ်ပြေငြိမ်းရေးရယူထားရတာ။

ပြန်စဉ်းစား ကြည့်လိုက်တော့လည်း သူတို့တွေ စိတ်သဘောညီညွတ်စွာနဲ့ မမကို အောင်သွယ်ပေးလိုက်တာဟာပဲ မမအတွက်ကံကြမ္မာဆိုးတစ်ခုကိုဖိတ်ခေါ် ပေးလိုက်သလိုဖြစ်သွားခဲ့တာ။တကယ်လို့ဒီကိစ္စမှာသူတို့ သာမပါဝင်ခဲ့လျှင် မမဟာ အစ်ကိုကျော့်ကိုလက်ခံချင်မှ ခံဖြစ်မှာ။အဲဒီလိုဆိုလျှင်အစ်ကို

ကျော် ဆုံးသွားသည့်အတွက်လည်း မမ ဘာမှခံစားနေစရာမလို တော့။

"ဟော့ကောင် လာလေ...၊မမကို လက်မှတ် သွားပြ ရ အောင်၊ ဒီညနေ ခြောက်နာရီကွ၊အခုပဲလေးနာရီထိုး နေပြီ၊ရေမိုးချိုး ပြင်ဆင်ထားမှ အနေတော်ရှိမှာ"

ဥသဘ္ဘက ဆွဲခေါ်တာမို့ ဟံသာ့မှာအတွေးလက်စကို ဖြတ်ကာ ကန့်လန့် ကန့်လန့်ပါသွားရပါသည်။

"မမရေ...ဒီမှာဘာလဲ၊ကြည့်စမ်း..."

ဥသဘာက လက်မှတ် သုံးစောင်ကို မမ မြင်သာအောင် မြှောက်ပြလျက် အော်ကျယ်ဟစ်ကျယ်နဲ့ အခန်းထဲဝင်သွားလျှင် အိပ်ရာထက်မှာခွေခွေလေး လဲလျောင်းနေသည့် မမကဘာများ ဒုက္ခပေးလာလိမ့်ဦးမလဲဟု စိတ်မျက်ညည်းညူသည့် မျက်လုံးများ ဖြင့်လှမ်းကြည့်လေသည်။

သူတို့ နှစ်ယောက် တစ်နေ့တစ်မျိုး မရိုးရအောင် ပစ္စည်း တစ်ခုခုယူပြီးသွားပြလေတိုင်း အနှောင့်အယှက်ခံရသူ တစ်ယောက်ရဲ့ ငြီးငွေ့ငြူငြင်သောအကြည့်မျိုးကိုသာ လက်ခံရ တတ်မြဲ။

မမခမျာလည်း စိတ်သောကဝေဒနာ ခံစားနေရချိန် မှာ တစ်ယောက်တည်း တွေးနေငေးနေချင်ရှာမှာပါပဲ။တစ် ယောက်တည်းလွတ်လွတ်လပ်လပ်နေခွင့်မရဘဲ ဟိုလူကလာ





ခေါ်လိုက်၊ဒီလူက အခန်းထဲဝင်လာလိုက်နှင့် သူမ စိတ်ဝင်စားမှု ကင်းမဲ့သောအရာတွေကိုပဲတစ်ခုပြီးတစ်ခု အထူးအဆန်းလုပ် ကာ လာပေးခြင်းခံနေရတာကိုကြာတော့စိတ်ကုန်ရှာမှာပါပဲ။

သူတို့အတွက်ကျတော့လည်း မမရဲ့ အေးစက် ထုံထိုင်း လျက် ဘာမှုများလာနှောင့်ယှက်ပြန်ပြီလဲဟု အဓိပ္ပာယ်ရှိသော အကြည့်ကြီးကိုပဲစိတ်မချမ်းသာနိုင်ဖြစ်ကြကာ မမရဲ့ မျက်လုံး တွေအရောင်ပြောင်း လာလေမလားဆိုတဲ့မျှော်လင့်ချက်နဲ့ စိတ် ကူးပေါက်ရာပစ္စည်းတွေ သယ်ဆောင်ယူလာတတ်ကြတာ။

"စတေးချိုးရှိုးလက်မှတ်လေ...အင်ပါယာဘင်၊အဆို တော် တွေလည်းအစုံပဲ"

ဥသဘာစကားအဆုံးမှာ မမရဲ့ အရောင်အဆင်းကင်းမဲ့ သော မျက်လုံးတွေ ပြောင်းတော့ပြောင်းလဲ သွားကြပါသည်။ သို့ သော်လည်းတောက်ပသက်ဝင်လာခြင်းမဟုတ်ဘဲ ပိုမိုအရောင် ဖျော့ဖြူလျော့သွားကြခြင်းဖြစ်နေသည်။

"မမကို လာနှိပ်စက်နေကြတာလားကွယ်

အားအင်ဖျော့တော့သောအသံလေးနှင့် တိုးတိုးလေး ရေရွတ် ညည်းတွားလိုက်သံကိုမနည်းပင်ကြားအောင်နား ထောင်ယူလိုက်ရပါသည်။

မမရဲ့ ချက်ချင်းငိုချလိုက်တော့မလို၊အသက် ဝိညာဉ် ကင်းမဲ့သွားတော့မလိုဖြစ်လာသည့်မျက်နှာကို ကြည့်ပြီး

တော့မှပဲ ကိုယ့်အမှားကိုယ် ဥသာကသဘောပေါက်တော့သည်။

မမဟာ စတော့ချ်ရှိုး တစ်ခုမှာ အစ်ကိုကျော်နဲ့ စတင်ဆုံ စည်း ခဲ့တာ၊အခုလိုအချိန်မျိုးမှာအရာရာတိုင်းဟာအစ်ကိုကျော့် ကိုသတိရစရာတွေချည်းဖြစ်နေရသည့်ကြားထဲမှာ ဒီစတေ့ချ်ရှိုး ကိစ္စဟာသတိရစရာအကောင်းဆုံးဖြစ်ရပ်ပဲမဟုတ်လား။

ကိုယ့်နဖူးကိုယ် ဖြန်းခနဲရိုက်ပစ်ချင်လောက်အောင် စိတ်ဆိုးသွားမိသော ဥသာသည် ဟံသာ့ဘက်သို့ လှည့်ကြည့်လိုက်လျှင် အစိမ်းလိုက်ဝါးစားချင်နေသော စူးရှတောက်ပြောင်သည့်မျက်လုံး အစုံကို ရင်ဆိုင်လိုက်ရသည်။

* * *





(၇)

"ကိုကိုကြီးကို ဒီအတိုင်း ထားလို့တော့ မဖြစ်ဘူး ထင်တယ်"

"ဒီအတိုင်းထားလို့ မဖြစ်တော့ နင်က အိမ်ရှေ့ ဓာတ်တိုင်မှာ ဇောက်ထိုးချိတ်ထားချင်လို့လား"

စကားမှမစရသေး ထော်လော်ကန့်လန့်တွေပါလာသော သုန့်ကြောင့် မှုန်ကမျက်နှာလေးရှုံ့မဲ့တွန့်လိမ်သွားရလေသည်။

သုန်နဲ့စကားပြောရတာဒီလိုပဲ။ဘယ်တော့မှ တစ်ခွန်းတည်းနဲ့လိုရင်းမရောက်။တစ်ခုခုတော့ဖောက်လိုက်ရမှ၊ကိုးလို့

ကန့်လန့်ပြောလိုက်ရမှကျေနပ်တတ်သည့်အမျိုး။မှုန်လည်းသုန့်လောက်နီးပါးပြောင်ချော်ချော်ရွှတ်နောက်နောက်ရှိတာမှန်ပေမယ့်သုန့်လောက်တော့နေရာတကာမှာကတ်ဖိုးကတ်ဖဲ့ပြောကျင့်မရှိတတ်ပါဘူး။

"စကားကောင်းပြောမယ် ကြံရင် နင် ဖောက်တာနဲ့ပဲ ဓာတ် ပျက်တယ်ဟာ၊အတည်ပြောမှာလား၊အပြောင်အပြက်ပြောမှာ လား ဆိုတာအရင်ဆုံးစဉ်းစားပြီးမှအရွှန်းဖောက်ရင်ကောင်း မယ်"

"အလိုလေးတော် ...၊သူကပဲဆုံးမနေရပြန်ပြီ၊အစ်မကြီး အမိရာတွေဘာတွေမရှိဘူးနော်၊ရှင်ကြီးကကျုပ်ထက် ဆယ့်တစ်လပဲပိုကြီးတာ၊ကျောင်းမှာဆိုအသက်တစ်နှစ်ကျော်လောက်ပိုကြီးတာကို အတန်းတူရင် သူငယ်ချင်းလိုပဲ ပေါင်းကြတာ"

ဒီလို စကားမျိုး အပြောခံရပြီ ဆိုလျှင်တော့ မှုန်ကသွားလေသူဖေဖေနဲ့မေမေ့ကိုသာ လှမ်းပြီး အပြစ်တင်လိုက်ချင်တော့ သည်။

ဖေဖေနဲ့မေမေဟာ မှုန်နဲ့သုန့်ညီအစ်မနှစ်ယောက်ကိုဘာကြောင့်များသုံးလေးနှစ် လောက်ခြားပြီး မမွေးခဲ့ရတာပါလိမ့်။မှုန်သာသုန့်ထက်သုံးလေးနှစ်ပိုကြီးခဲ့ရင် နင်က အငယ်၊ငါကအကြီးဆိုပြီးကောင်းကောင်းကြီး နေရာယူလို့ရမှာ။





အခု ကျတော့အထက်အောက်ညီအစ်မ နှစ်ယောက်ရဲ့ အသက်ချင်းကွာ ခြားချက်က ဆယ့်တစ်လတဲ့လေ။

မေမေက မှုန့်ကိုမွေးပြီး သိပ်မကြာခင်မှာပဲကိုယ်ဝန်ထပ်ရခဲ့ကာ သုန့်ကိုကျတော့ လမစေ့ဘဲ ခုနစ်လကျော်ကျော်နဲ့မွေးခဲ့သည်။သုန့်မွေးခါစတုန်းက လေးပေါင်ကျော်ပိစိကွေးကလေးမို့ ဆေးရုံမှာအတော်ကြာအောင်ထားကာမနည်းရှင်အောင် မွေးခဲ့ရ တာတဲ့။

သေမင်းလက်က မနည်းလုယူထားရတဲ့သမီးလေးဆိုပြီးဖေဖေနဲ့မေမေကသုန့်ကိုပိုဦးစားပေးပို အလိုလိုက်ခဲ့တာကြောင့် လည်းဒီကောင်မလေးဟာ အကြီးကိုအကြီးမှန်းမသိဘဲဂါရဝ တရား ကင်းမဲ့နေတာဖြစ်ရမည်။

မှုန်ကိုယ်တိုင်ကလည်း ငယ်ငယ်တုန်းကတော့ အကြီးဆိုသည့်ရာထူးကြီးကို လုံးဝအလိုရှိခဲ့တာမဟုတ်ပေ။နေရာတကာမှာ အငယ်တွေကသာပိုပြီး ဦးစားရတတ်တာကိုမြင်ထားတော့ ကိုယ်ကလည်းအတင်းလိုက်ပြီး အငယ် လုပ်ချင်သည်။ ဒါကြောင့် သုန့်က ကိုယ့်ကို အကြီးတစ်ယောက်အဖြစ်နဲ့ဆက်ဆံမှာတောင် စိုးရိမ်ကာ ရွယ်တူတန်းတူတွေလိုပဲပြောဆိုနေထိုင်ခဲ့တာ။အသက်လေး ဆယ့်တစ်လလောက်ကွာတာနဲ့ပဲကိုယ်ကလူကြီးကြီး ဖြစ်သွားရမှာကိုလည်း နှစ်နာသည်ထင်ခဲ့တာ။

အခုကျမှ အစ်မတစ်ယောက်လိုအရိုသေ အလေးစားခံချင်နေတော့လည်း အကျင့်က ဖြစ်တာဖြစ်ခဲ့ပြီ။မရွှေသုန်တို့ကတော့ မှုန့်ကိုဘယ်သောအခါမှ အစ်မကြီးတစ်ယောက် အနေနဲ့ ရိုသေလေးစားလာမှာ မဟုတ်တော့။

"ဘာတုံး...အမှုန်ရ၊နင်က ထစ်ခနဲရှိ စိတ်တိုဖို့ပဲလား၊ ငါ ပြောတဲ့စကားက ဘာများ လွန်တာပါသွားလို့လဲ"

"လွန်လို့တော့မဟုတ်ဘူး.. ၊အနှောင့်အယှက်ဖြစ်လို့၊ ငါက စကားကောင်းပြောမှာ"

"ကဲပါ...၊ဟုတ်ပါပြီ၊ပြောစေ ... ပြောစေ"

"ကိုကိုကြီးကိုစိတ်ပြေလက်ပျောက်ဖြစ်အောင်တစ်ခုခု လုပ်ပေးမှဖြစ်တော့မယ်"

"အဲဒါက..အခက်ဆုံးပဲ..၊အခုလဲ ငါတို့ သေလောက်အောင် ကြိုးစားနေကြတာပဲမဟုတ်ဘူးလား၊ဘာများ အကြောင်းထူးလို့လဲ

"ငါ ပြောတာ သေချာနားထောင်စမ်းပါဦး၊ဒီမှာ ဆက်နေရင်တော့ကိုကိုကြီးရဲ့အခြေအနေ ဘာမှထူးလာမှာ မဟုတ်ဘူး"

"ဒါဖြင့်နင်က အင်္ဂလန် ပြောင်းနေမလို့လား"

ဗီဇအတိုင်းလှစ်ခနဲပြောင်ချော်ချော် ပြောလိုက်ပြီးကာမှ မှုန်စိတ်ဆိုးသွားတော့မှာပဲဟုသတိရကာ သုန်က နှုတ်ခမ်း





ကို လက် ဝါး လေးနဲ့အုပ်ကာလျက် ဇက်ကလေးပုဝင်သွားသည်။

"ငါက ခရီးလေးဘာလေးထွက်ရင်ကောင်းမလားလို့"

"သိပ် ကောင်းတဲ့ အကြံ အစည်ပေါ့၊ငါတို့လဲ ကျောင်းပိတ်ရက်အတွင်းအိမ်ထဲပဲကုပ်နေရတာ၊ကြာတော့..စာအုပ်ပုံကြားထဲက ပိုးဟပ်ဖြူလို ဖြူဖျော့ဖျော့ ဖြစ်နေပြီ၊ခရီးထွက်ရရင် ကိုကိုကြီးလဲ စိတ် အပြောင်း အလဲ ဖြစ်မယ်၊ ငါတို့လဲ ပျော်ရမယ်၊နှစ်ဦးနှစ်ဘက် အကျိုး ရှိတယ်"

သဘောထားကွဲလွဲနေကျ ညီအစ်မ နှစ်ယောက် ဒီတစ်ခါတော့သဘောထားချင်းတိုက်ဆိုင် တူညီသွားသည်။သုန်များ ကဖျက်ယဖျက် လုပ်ဦးမလားလို့ စိတ်ပူနေရသော မှုန်လဲ အခုမှ ဟင်းခနဲသက်ပြင်းချနိုင်တော့သည်။

"ခရီးသွားတာကတော့ ဟုတ်ပါပြီ..၊ ဘယ်သွားမှာလဲ၊ မန္တလေးဘက် သွားမလား"

"မန္တလေးကို နှစ်ခေါက်ရှိပြီရောက်ဖူးတာ"

"ပုဂံညောင်ဦးဘက်ကော"

"နင်ကလဲဟယ်.....စိတ် အပြောင်းအလဲ ဖြစ်ချင်လို့၊ ပျော်ချင်လို့ခရီးထွက်တာ ပုဂံညောင်ဦးဆိုတာက ဗဟုသုတလိုချင်လို့ သွားကြတဲ့ ခရီးပဲ"

"အင်း... ဒါဖြင့် ငပလီကော..."

"မမဆုတို့က ငပလီဘက် ဟန်းနီးမွန်း ထွက် သွားတာ
ဆို၊မတော်..သွား ဆုံနေလို့ တစ်ခါတည်း ရေထဲ ခုန်
နေဦးမယ်"

"ဟုတ်တော့လဲဟုတ်တာပဲ၊ ငါလဲမစဉ်းစားတတ်တော
ဘူး၊နင်ပဲစဉ်းစားတော့"

"ချောင်းသာဆိုရင်ကော..."

"ချောင်းသာ ...၊ဟုတ်လား..."

"အေးလေ..၊ပင်လည်ကမ်းခြေ ဆိုတော့ ရှုခင်းလဲ
မယ်...၊အေးအေး ချမ်းချမ်းလဲ ရှိမယ်...၊ပျော်စရာ
ကောင်းမယ်၊ငါတို့တစ်ခါမှကမ်းခြေဘက် မရောက်
ဘူး မဟုတ်လား"

"နင့်အကြံ မဆိုးဘူး၊ငါလဲစိတ်ဝင်စားတယ်"

သုန်က လက်ဖျောက်တစ်ချက် တီးကာအားရ ပါး
ထောက်ခံလိုက်ပြီးမှတစ်စုံတစ်ခုကိုစဉ်းစားမိသွားပုံနှင့်...

"အမှန် ကြည့်စမ်း၊ဒါ ...နင် နဂိုကတည်းက ကြို
စဉ်း စားထားပြီးသား မဟုတ်လား"

ငြင်းဆန်လို့မရတော့ဘူးဆိုတာသဘောပေါက်လို
တာမို့ မှုန်ကသွားလေးအဖြဲသားနှင့်ငြိမ်သက် ဝန်ခံလိုက်
သည်။ ဒီညီအစ်မတွေကြားမှာတစ်ယောက်အယ်ခြေလှမ်း လှ
လျှင် ဘာအချိုးဆိုတာ ချက်ချင်းသိတတ်မြဲမို့ ဖုံးကွယ်ထား





လည်း လွယ်တာမှ မဟုတ်တာ။

"ဒါကြောင့် ငါ ဘာပြောပြော အကြောင်း တစ်မျိုးပြီး
တစ်မျိုးပြပြီးငြင်းနေတာကိုး၊အစောကတည်းကစဉ်း
စားထားပြီးသား ရှိလဲ ပြောတာ မဟုတ်ဘူး၊အခုတော့
ငါမှာ ဦးနှောက်ခြောက် ခံ လိုက်ရသေးတယ်"

"တော်စမ်းပါ၊အဲဒီ မရိုးသားတဲ့ အလုပ်တွေဆိုတာ လူ
ကြီးတွေရဲ့အလုပ်၊ငါတို့ ကလေးတွေဆိုတာ ရိုးသားရ
မှာ"

"ကြီးကြီးကျယ်ကျယ်တော်၊ကိုကိုကြီး အံဆွဲထဲက ပိုက်
ဆံ နှိုက်နှိုက် သုံးနေတဲ့ မိန်းမကများ ၊အကြောင်း မသိ
ရင်ခက်မယ်"

"လူကြီးဆီက ပိုက်ဆံ နှိုက်သုံးတဲ့ အကျင့်ကျတော့ လူ
ငယ် ပီသတာလို့ ခေါ်တယ်"

"သေလိုက် ...သေလိုက်တဲ့..."

မှုန် တကယ်ဆောင့်ဆောင့် အော်ထည့်လိုက်လျှင်
သုန်က အော်ကျယ်ဟစ်ကျယ်ရယ်မောပြီး ထွက်ပြေးလေသည်။

ဘာပဲဖြစ်ဖြစ် မှုန်ရဲ့ စိတ်ကူးဟာ ကန့်ကွက်မယ့်သူ
မရှိဘဲအောင်မြင် အထမြောက်သွား ခဲ့တော့ အမှန်ပဲ
ဖြစ်ရလေ သည်။

*      *      *

## (၈)

“မမကို ဒီအတိုင်းထားလို့တော့ မဖြစ်တော့ဘူးကွ”

“ဒီအတိုင်းမထားလို့ မင်းကစေ့ည့်ခန်းထဲက မီးဆိုင်းကြီးမှာတန်းလန်းချည်ထားချင်လို့လား၊မတော်ပါဘူး ကွာ”

“ဥသဘာ..စကားကောင်းပြောရင် ဝင်ဖောက်တတ်တဲ့အကျင့်ကို လျှော့စမ်းကွာ၊ငါ သည်းမခံ နိုင်တော့ဘူး”

“မင်းပဲ စကားစပြီး... မင်းပဲ အရင် စိတ်ဆိုးရလားကွ၊ ကိုယ့်စကားလဲ ကိုယ် ပြန်ကြည့်ဦး၊အဆုံးမရှိ အစမရှိနဲ့”





“ဆုံးအောင်နားထောင်မှပေါ့၊ဒါ... ခြေဆင်းပဲရှိသေးတာကို”

နှစ်ယောက်သား ပြောလက်စ စကားကိုမဆက်နိုင်သေးဘဲ အငြင်းအခုန်ကအရင်ဖြစ်နေရတော့သည်။တစ်ယောက်ကိုတစ်ယောက် မျက်လုံးပြူးကြီးတွေနှင့် ကြည့်ကာသတ်မလိုဖြတ်မလိုဖြစ်လာကြပြီးမှ သူ့စကား မဆုံးသေးတာကိုသတိရသွား သောဟံသာက စိတ်ကိုအရင်လျှော့ချကာ ...

“ကောင်းကောင်း ပြောနေရင်..ကောင်းကောင်း နားထောင် ကွာ”

ဟံသာ အလျှော့ပေးသွားရပြီဆိုတာ သိလိုက်တာမို့ ဥသဘာကရယ်ချင်သွားသော်လည်းမသိဟန်ဆောင်ကာ နေလိုက်ရပါသည်။ ဟံသာက သူ့ထက် အများကြီး ပိုပြီး ဒေါသကြီးတတ် သည် ဆိုတာဥသဘာက ကောင်းကောင်းသိသည်ပဲ။

“မင်း ပြောမှာ ငါ သဘောပေါက်သလိုတော့ ရှိသားပါကွာ၊မမကို စိတ်ပြေလက်ပျောက်ဖြစ်အောင်မင်းတစ်ခုခု လုပ်ပေးချင် နေတယ်မဟုတ်လား”

“ဟုတ်တယ်”

“မင်းက ဘာစီစဉ်ချင်လို့လဲ၊ဟိုတစ်ခါ စတော့ချ်ရှိုး အစီအစဉ်တော့ မမ ပြူးပြူး ပြဲပြဲ ဖြစ်တာနဲ့ ငါတို့တောင်မသွားရဲတော့လို့ ပိုက်ဆံ သုံးထောင် အလကား ဖြစ်ရ

ပြီးပြီ"

"ဒါက မင်းရဲ့ညံ့ဖျင်းမှုသက်သက်ပဲ၊မင်းသာ ဦးနှောက်ရှိရင် စတော့ချ်ရှိုးသွားရင်း အစ်ကိုကျော်နဲ့ ဇာတ် လမ်းစခဲ့လို့ အဲဒီနေရာကို မမ ဘယ်လိုမှ သွားရဲမှာ မဟုတ်ဘူးဆိုတာ တွေးမိမှာပေါ့"

"ဟုတ်ပြီလေ..၊ထားပါ၊ငါက ဦးနှောက်မရှိလွန်းလို့ မတွေး မိဘူးပဲထား၊ ငါ့အစီအစဉ်ကိုမင်းလဲ သိနေတာပဲ၊ မင်းရဲ့ မဟာဦးနှောက်ကြီးကရော ဘာလို့မတွေးမိတာလဲ"

"ဒါကတော့ မင်း စီစဉ်လာတဲ့ကိစ္စပဲကွ၊ငါက ဘာ ဝင်ပြီး ပြောခွင့် ရှိဦးမှာလဲ"

ဥသဘာက ဘာမှ ပြန်မပြောတော့ဘဲ ခေါင်းကိုသာ တဆတ်ဆတ်ညိတ်ကာ ဟံသာ့ကို ပေစောင်းစောင်း ကြည့်နေပေးလိုက် တော့သည်။

ဒီကိစ္စ မမကိုဘယ်လို ထိခိုက်သွားနိုင်သည်ဆိုတာနှစ်ယောက်စလုံးမတွေးမိတာ မတွေးမိတာပါပဲ။အခုမှ သူက လူတတ်ကြီးလုပ်ကာ ဥသဘာတစ်ယောက်တည်းကိုပဲ အပြစ်ဖို့နေလိုက်သေးသည်။ပြောပြန်ရင်လည်း ကိုရွှေဟံသာတို့ အနာပေါ် တုတ်ကျကာ ဆတ်ဆတ်ခါ ဒေါသ ထွက်လေဦးမည်။

"ငါ စကားပြောမယ်ဆိုရင်ဖျက်လိုဖျက်ဆီး သိပ်မလုပ်





နဲ့ဥသဘာရာ၊ငါ့စကားလေးဆုံးအောင်တော့ ပြောပါရစေ"

"ဟုတ်ပါပြီ၊ပြောပါ၊မမကို ဒီအတိုင်းထားလို့မဖြစ်ရင် ဘာလုပ်မှာလဲ၊ပြုတ်ကြော်လုပ်ထားမှာလား ..."

မနေနိုင်တာကြောင့် လွှတ်ခနဲ ပြောမိပြန်သည့် ဥသဘာကိုဟံသာက တုပငြင်းခုန် မနေတော့ချေ။အပြိုင်အဆိုင် ပြောနေရလျှင်လည်းဒီကောင်က တစ်နေကုန်အောင်ပင်ခုခံချေပနိုင်သည့် အစွမ်းနှင့် ပြည့်စုံသည်ဆိုတာ ဟံသာ ကောင်းကောင်းသိတာပေါ့။

"မမ စိတ် အပြောင်း အလဲ ဖြစ်အောင် ခရီးလေး ဘာလေး ထွက်ပေးရရင်ကောင်းမလားလို့"

"မဆိုးဘူးကွ..၊မင်း အကြံကောင်းသားပဲ၊ငါတို့လဲ ပျင်းနေ၊ခရီးထွက်ရရင်ဗဟုသုတလဲရ၊ပျော်လဲ ပျော်ရတာပေါ့"

"တော်စမ်းပါ..၊ဗဟုသုတဆိုတာကြီး ထည့်ပြောမနေစမ်းပါနဲ့၊မင်းလား..... ဗဟုသုတ ဆိုတာ စာလုံးပေါင်းတောင်မသိတဲ့ ကောင်"

"သူ ကျတော့ သိရှာတာကိုး..၊ပြောစမ်းပါဦးဗဟုသုတဆိုတာ ကြော်စားရတာလား...၊ဘာဘဲကျူး လုပ်စားရတာလား..."

"မဟုတ်ဘူးဟေ့..၊သကြားလုံးလို ငုံထားရတာ၊ဥသာမင်း ပါးစပ်ဝမှာ စကားပြောစနစ်ကို ထိန်းချုပ်တဲ့ ကွန်ထရိုး တစ်ခု တပ်ထားရင်ကောင်းမယ်"

"မင်းဒေါသတွေကိုလဲ အဲဒီ ကွန်ထရိုးက တစ်ခါတည်း ထိန်းချုပ်လို့ရရင် ကောင်းမှာပဲ"

"မဖြစ်သေးဘူးကွ၊မင်းလိုကောင်မျိုးတွေကို ဆုံးမဖို့ အတွက် ငါ့ဒေါသက ရှိထားမှကို ဖြစ်မှာ"

"မင်းလို ဒေါသကြီးတဲ့ သူတွေချည်းပဲ ဆိုရင် လောကကြီးဟာ....ဒေါသငွေ့တွေနဲ့ ပူလောင်ပြီး နေချင် စရာ ဘယ်ကောင်းတော့မှာလဲ...၊ငါ့လို ပျော်တတ် နောက်တတ်တဲ့သူတွေ ရှိနေဦးမှ ..လောကကြီးက သာယာစိုပြည် မှာပေါ့"

"လောကကြီးစိုပြည်လား မစိုပြည်လားတော့မသိဘူး၊ ငါ့ စကားတော့ ပျက်တာ အမှန်ပဲ"

"ဟုတ်သားပဲ၊ကဲ ပြောကွာ၊မင်းက ခရီးထွက်ချင်တယ် ဆိုတော့ ဘယ်သွားမှာလဲ စီစဉ်ပြီးပြီလား"

"ဘယ်စီစဉ်ရဦးမှာလဲ၊မင်းနဲ့ အခုမှ တိုင်ပင်မလို့ပေါ့"

"ကျိုက်ထီးရိုး သွားမလား"

"ကျိုက်ထီးရိုးက ရက်ရှည်မှ နေလို့မရတာ"

"ဒါဖြင့်..တောင်ကြီးသွားမလား၊ဟိုမှာ လေးလေးဖော်





တို့ မိသားစုရှိနေတာပဲ"

"လေးလေးဖော် တို့က မမကိုတွေ့ရင် စိတ် မကောင်း ဖြစ်နေကြမှာပေါ့ကွ၊ကိုယ့်အပူကို သူများတွေ မျှခံနေ ရမှာ မ ကောင်းပါဘူးကွာ"

"ဒါဆို ... ကျိုက္ခမိတို့ ,စက်စဲတို့ဘက်ရော..."

"ဝေးများ ဝေးမလားလို့..."

"မပြောတတ်တော့ဘူးကွာ၊ မင်းကလဲ ဘာပြောပြော ပယ်ချနေတာပဲ၊မင်းလဲတစ်လှည့်ပြောဦး"

"ချောင်းသာ သွားရင် မကောင်းဘူးလား"

"ကောင်းသားပဲ.....၊ချောင်းသာမှာ ငါ့ အသိ ရှိတယ်၊ ချောင်းသာကမ်းခြေဟိုတယ်က ကိုသူရလေ၊သူ့ ကိုအ စီအစဉ်အားလုံး လုပ် ခိုင်းလို့ ရတယ်"

ဥသာက တက်တက် ကြွကြွထောက်ခံ လိုက်တာမို့ ဟံသာ့ မှာတစ်ရန် အေးသွားကာ သက်ပြင်း ချနိုင်တော့သည်။

"နေစမ်းပါဦး...ဒီအစီအစဉ်က မင်းခေါင်းထဲမှာ ရှိပြီး သား မဟုတ်လား..၊ငါ့ကို သက်သက်ခေါ်ပြီး ဒုက္ခ ပေး တာ မဟုတ်လား"

"မဟုတ်ပါဘူးကွာ၊မင်းသဘောတူနိုင် မတူနိုင်သိချင် လို့ သွေးတိုးစမ်းတဲ့သဘောပါ"

"လုပ်မနေနဲ့ ဟံသာ.....၊မင်း အကြောင်း ငါ ကောင်း

ကောင်း သိတယ်၊မင်း စဉ်းစား ထားပြီးသားကြီးကို လူကြား ကောင်းအောင် ငါ့ကို တိုင်ပင်သလေး ဘာလေးနဲ့”

ဟံသာ့မှာသူခိုးလူမိခံလိုက်ရတာမို့ မအီမလည်ဖြစ်သွားရသော်လည်း မထူးတော့မည့်အတူတူ မျက်နှာပြောင်ပြောင်ပင် ထားလိုက်တော့သည်။

ဥဿာ ဆိုတဲ့ကောင်ဟာဝါစဉ်အရသာသူ့ ထက်တစ်နှစ်လေးပိုကြီးတာ၊အတွေးအခေါ်ကျတော့ သူ့ လောက် ရင့်ကျက်တာမှမဟုတ်ပါပဲလား။အမြဲတမ်းသူများကို နောက်ဖို့ပြောင်ဖို့၊ချောက်ချဖို့လောက်ကလွဲလျှင် တခြားဘာမှခေါင်းထဲမရှိတတ်သော အ တွေး အခေါ် ခပ်ပေါ့ပေါ့ တိမ်တိမ်ကောင်။

တကယ်ဆိုရင် အဖေအမေတို့ဟာ ဟံသာ့ကို ဥဿာထက် အရင်မွေးခဲ့ကြဖို့ကောင်းတာ။ဒီလိုဆိုလျှင် ဟံသာလည်း အစ်ကိုကြီးဆိုသည့်နေရာကိုယူပြီး ဥဿာကို ဆူပူဆုံးမလို့ မရပါလား။ အခုကျတော့ဘာပဲပြောချင်ချင် သူကအကြီး၊ကိုယ်က အငယ် ဆိုသည့် အသိတရားကြီး ခေါင်းထဲ ဝင်ဝင်လာတာမို့ နောက်တွန့် ဆင် ခြင် လိုက်ရတာတွေက မနည်းတော့။

အသက်ချင်းတစ်နှစ်လောက်ကွာပေမယ့် ဖေဖေနဲ့ မေမေရဲ့ အစီအစဉ်ကြောင့်တစ်နှစ်တည်း အတူကျောင်းနေကာ တစ်တန်းတည်းဖြစ်နေကြရတာမို့ တစ်ယောက်ကိုတစ်





ယောက် ရိုသေ လေး စားမှု ကတော့ မရှိပေ။ဥဿာကလည်း အကြီးတစ်ယောက်လို ဟိတ်နဲ့ဟန်နဲ့ မနေတတ်။တစ်ခါတစ်ရံမှာ သူ့ကိုယ်သူ ဟံသာ့ထက် အ ငယ် လို့တောင်ထင်ပြီး ကလေးလုပ်ချင်နေသေးတာကြောင့် လူကြီး တစ်ယောက်လိုတလေး တစားနေရာပေးမခံရတာလည်း မဆန်း တော့။

“ဘာပဲဖြစ်ဖြစ် ဒီတစ်ခါ မင်း အကြံအစည်ကိုတော့ငါ သဘောကျသားပဲ၊ချောင်းသာကိုတစ်နှစ်က သကြံန်တွန်းကပဲ ရောက်ဖူးတာ ၊ ရောက်တော့လဲ တည်းစရာနေရာကလဲ အဆင်မပြေ၊လူကလဲရှုပ်ဆိုတော့ စိတ်ပျက်လာတာ၊မကြေပွဲ နောက်တစ်ခေါက် ထပ်သွားဦးမယ်လို့ အစကတည်းက စဉ်းစားထားပြီးသား”

မောင်မင်းကြီးသားရယ်၊ကျေးဇူးကြီးပါပေ့။ဟံသာ့ မှာ ပြောသာပြောရသည် ဥဿာက ဝူးဝူးဝါးဝါး ထ လုပ်ပြီး ငြင်းပစ်လိုက်လို့ကတော့ ပွဲပျက်ပြီဆိုပြီး တထိတ်ထိတ်။

ဥဿာဆိုသည့်ကောင်က ပြောလို့ရတာမဟုတ်။သူ့စိတ်ထဲ ရှိနေလျှင်တောင်တခြားတစ်ယောက်ကပြောလာလျှင် ဖျက်လို ဖျက် ဆီး စိတ်ဓာတ်မျိုးနဲ့ ငြင်းချင်ငြင်းပစ်တတ်တာမျိုး။

ဟံသာကလဲ ဘယ်လို ဖြစ်မှန်းကို မသိ။အခုတလော ဗီဒီယိုကားတွေကြည့်ကြည့်ပြီး ချောင်းသာသွားချင်သည့်စိတ်က ထိန်းမနိုင်သိမ်းမရအောင် ဖြစ်နေခဲ့တာ။ဒီအစီအစဉ်ကို

ဆွဲဖြစ် ရာမှာ မမကို စိတ်ပြောင်းလဲ ပျော်ရွှင်လာစေဖို့ ရည်ရွယ်ချက်ကလေးဆယ်ရာခိုင်နှုန်းပါသည်ဆိုလျှင် သူကိုယ်တိုင်ရဲ့ သွားချင်စိတ် က ခြောက်ဆယ် ရာခိုင်နှုန်း ပါဝင်ပါသည်။

အခုတော့ ဦးသာဆိက သဘောတူညီချက်လည်းရပြီမို့ ချောင်းသာသွားဖို့ကိစ္စ အောင်မြင်သလောက်ရှိပြီဟု စိတ်ဒုံးဒုံးချ နိုင်တော့လေသည်။

*　　*　　*





(၉)

"ကိုကိုကြီးကိုမေးကြည့်လိုက်ဦး၊ဒီ ရှပ်အင်္ကျီထည့်သွားမှာလားလို့.. ၊ပုဆိုးဘယ်နှစ်ထည်၊ဘောင်းဘီဘယ်နှစ်ထည် ယူသွား မှာလဲဆိုတာပါ တစ်ခါတည်း မေးခဲ့ဦး"

"နင်သွားမေးပါလား၊ငါ့ကိုကျားဖင် နှိုက်ခိုင်းနေတယ်"

"ဟဲ့...၊ငါက မီးပူတိုက်လက်စမို့မေးတာ၊နင် မီးပူတိုက်နိုင်လို့လား"

ဒီလိုမေးလိုက်လျှင်ပင်သုန်ကရှုံ့ကာမဲ့ကာနှင့်ထွက်ပြေး တော့သည်။သုန်ကစ်ယောက်ဟာ ဒီလိုပဲ၊အိမ်တွင်းမှုကိစ္စ

တခြားဘာခိုင်းခိုင်းမညည်းညူတတ်ပေမယ့် မီးပူ တိုက်ဖို့ အတွက်ကျတော့သေလောက်အောင်ကို စိတ်ပျက်တတ်တာ။ မတတ်သာလို့ တိုက်ရပြီဆိုလျှင်လည်းဘယ်တော့မှ စန့်စန့်ရန့်ရန့် မရှိ။တွန့်လိပ် ကြေမွ ကာ ခေါက်ရိုးကလည်း မသေမသပ်နဲ့ ဘယ်လိုမှ သပ်သပ်ရပ်ရပ် မရှိ။

"ကိုကိုကြီးကဒီလောက်စိတ်ညစ်နေရတဲ့ဥစ္စာ၊ ချောင်းသာသွားဖို့တောင်မနည်း ပြောယူရတာ၊ဘာယူသွားမလဲမေး နေ လဲ စိတ်မဝင်စားတဲ့အပြင် ကံကောင်းရင် စိတ်အဆိုးတောင်ခံရ နိုင်သေးတယ်"

သုန်က မှုန်နဲ့ တာဝန်ချင်းလည်း လဲမယူနိုင်တာမို့ ကိုကိုကြီးကို သွားမေးဖို့သာစိတ်ဆုံးဖြတ်လျက် ထွက်လာရသော်လည်း ကျောပူခေါင်းကြိမ်းလှတာမို့ပါးစပ်က ဖျစ်တောက်ဖျစ်တောက် တစ်လမ်းလုံး ရေရွတ်လာလေသည်။

"ကိုကိုကြီး မှုန်က မေးလိုက်တယ်..၊ဒီ ရှပ်အင်္ကျီ ထည့်သွားမှာလားတဲ့၊ပြီးတော့ ပုဆိုးနဲ့ဘောင်းဘီရော ဘယ်နှစ်ထည်ယူမှာ လဲတဲ့"

"ဟာကွာ ... လန့်သွားတာပဲ၊ဘာတွေလာမေးနေတာလဲ..၊ဒီခရီး သုန်တို့စီစဉ်တာပဲ မဟုတ်လား၊ကိုယ့်ဘာသာ စီစဉ်ပြီး ထည့် ပေးကြပေါ့"

ကိုကိုကြီးရဲ့ လေသံမာမာကြီးက ချက်ချင်းဆိုသလို





တုန့် ပြန် ထွက်လာတာကြောင့် သုန့်မှာကိုယ်လေး ကျုံ့ခနဲပင်ဖြစ် သွားရကာ မျက်နှာလေးငယ်သွားရလေသည်။

ဒေါ်ရွှေမှုန်တို့က ဒီအရေတွေကိုကြိုမြင်လို့ မီးပူတိုက်ဖို့ တာဝန်ကြီးကို သူယူပြီးစကားလေး တစ်ခွန်းနှစ်ခွန်းလောက်သာ မေးရသည့်၊အမြင်အားဖြင့်ကြည့်လျှင်တော့ခပ်ပေါ့ပေါ့ဟုထင်ရ သောတာဝန်ကို သုန့်ထံ လွှဲအပ်လိုက်တာ ဖြစ်ရမည်။

ကိုကိုကြီးဟာ အခုတလော အလွယ်တကူနဲ့ စိတ်တိုတတ် လွန်းနေတာ၊သဘောကောင်းလွန်းသော၊ငြိမ်းချမ်းသိမ်မွေ့ လွန်းသော၊ညီမတွေအပေါ် အလိုလိုက်အလျှော့ပေးလွန်းသော ကိုကိုကြီးဟာအခုအချိန်မှာတော့အရင်ပုံစံနဲ့ဆန့်ကျင်ခြားနားစွာ ဆတ်ဆတ်ထိမခံနိုင်လောက်အောင်ဖြစ်နေတော့တာ။

သုန့်မှာကိုကိုကြီး ရဲ့အအော်အငေါက်ခံရတာအတွက် ဝမ်းနည်းအားငယ်မိသလို ကိုကိုကြီးတစ်ယောက်မူလအနေအထားကနေ လုံးဝပြောင်းလဲသွားရခြင်းအတွက်လည်း စိတ်မကောင်း ခြင်းကြီးစွာဖြစ်ရပါသည်။

ကိုကိုကြီးအတွက်ပြေရာပြေကြောင်းဖြစ်စိမ့်သောငှာ ခရီးထွက်ဖို့စီစဉ်ရတာ မှန်ပေမယ့်ကိုကိုကြီးက ညီမတွေ ပူဆာလွန်းလို့မတတ်သာစွာလိုက်ပို့ရသည့်ပုံသာပေါက်လျက် လုံးဝ စိတ်ပါဝင်စားခြင်း၊လိုက်လှဲတက်ကြွခြင်းကတော့မရှိချေ။

သုန်နဲ့ မှုန်တို့ နှစ်ယောက်သား ပျော်ပျော်ပါးပါးကြီး အဝတ်တွေ ထည့်ကြ၊ပစ္စည်းတွေစုဆောင်းကြ လုပ်နေသော်လည်း ကိုကိုကြီးကဖြင့်ဒီခရီးသွားဖို့ အစီအစဉ်မှာသူ လုံးဝ မပါဝင်သည့် ပုံစံမျိုးနဲ့ အေးခဲငြိမ်သက်လျက်သာရှိလေသည်။

"ကိုကိုကြီး ကားထဲခါတက်ဆီဖြည့်ဖို့ ကိစ္စလေးတော့ ကိုကို ကြီး လုပ်ဦးနော်"

မပြောသာ ပြောသာပြောလိုက်သေးသည့်သုန့်ကို ကိုကိုကြီးကမျက်မှောင်ကုပ်ကြည့်သော်လည်း ဘာအဖြေစကားမှတော့ ပြန်မပေးချေ။ကိုကိုကြီးရဲ့မျက်နှာတည်ကြီးကိုကြည့်ကာ သုန့်မှာဘာမှထပ်မပြောရဲတော့ဘဲကုပ်ကုပ်လေးသာလှည့်ထွက်လာခဲ့ရလေသည်။

*  *  *





## ( ၁၀ )

"မမရေ.... ကျွန်တော်တို့ ခရီးသွားရင် ယူသွားဖို့ နေကြာစေ့တွေရယ်၊အချဉ်ထုပ်တွေရယ်ဝယ်လာတယ်၊တံဆိပ်ကတော့အစုံပဲ၊မမ ကြိုက်မလား မကြိုက်ဘူးလား ကြည့်လိုက်ဦး

မမ ခုတင်ပေါ်မှာ မုန့်ထုပ်ထည့်ထားသည့် အိတ်ကို တင်ပေးလိုက်သော်လည်း မမက ဟံသာ့ကို မျက်နှာသေလေးနဲ့သာ လှမ်းကြည့်ပါသည်။

အရင်ကဆိုလျှင်တော့ မမတို့ဒီလို ဘယ်နေလိမ့်မလဲ။

ဥသာဖြစ်ဖြစ်၊ဟံသာဖြစ်ဖြစ် အချဉ်ထုပ်ဝယ်လာပြီဆိုလျှင် ရောက်ရာအရပ်ကနေအနားကိုဝုန်းခနဲရောက်အောင်လာကာ မုန့်ထုပ်ကို အပြေး လုယက်သွားတတ်စမြဲ။

မမက အချဉ်ထုပ်ဆို အသေအလဲကြိုက်တတ်တာ။ဟံသာနဲ့ ဥသာတို့မှာမမဆီက တစ်ခုခုတောင်းဆိုစရာရှိလျှင်ဖြစ်စေ မမ စိတ်ဆိုးနေလို့ ချော့ချင်သည့်အခါမှာဖြစ်စေအချဉ်ထုပ်တွေဝယ်လာတတ်ကြတာ။အချဉ်ထုပ်သာ မြင်လိုက်လို့ကတော့ မမထံက သူတို့လိုချင်တာမှန်သမျှအကုန်ရသည်။စိတ်ဆိုးနေလျှင်လည်း ချက်ချင်းပြေလည်မှုရသည်။မမတို့က အဲဒီလောက် အထိ အချဉ်ထုပ်ဆို မက်မောတာ။

ဒီတစ်ခါကျတော့ အချဉ်ထုပ်တွေ၊နေကြာစေ့တွေ၊ဖရုံစေ့ တွေ တစ်ထုပ် တစ်ပိုးကြီး ရှေ့ ရောက်လာတာတောင်မှ မစားကောင်း သည့်အရာတွေအလား မျက်နှာသေကြီးနဲ့ စိတ်မပါ လက် မပါ ဖြစ်နေလိုက်ပုံမှာ သူများ သဘောကျမလားလို့ မျှော်လင့်တကြီးဝယ်လာရသူအတွက် အားတက်ဖွယ်ပင် ကောင်းလှတော့ သည်။

"ချောကလက်တော့ဝယ်လာမလို့ပဲ၊ဒါပေမယ့်..လမ်းမှာနေပူရင်အရည်ပျော်သွားမှာ စိုးလို့ဝယ်မလာတော့ဘူး"

ဘယ်လိုလဲ။မမကို ဘာနဲ့မှဆွဲဆောင်စည်းရုံးလို့မရ





တော့ပါလား။အရင်က မမကြိုက်နှစ်သက်ခဲ့သည့် အစားအသောက်တွေ၊ အသုံးအဆောင်ပစ္စည်းတွေဟာ အခုအချိန်မှာတော့ မမရဲ့ စိတ်ကို ရွှင်လန်းတက်ကြွအောင်ဘယ်လိုမှ မကြိုးစားနိုင်တော့ဘဲရှိသည်။

ဟိုတုန်းကလည်း မောင်နှမတစ်တွေ ခရီးထွက်ကြတာ အကြိမ်ကြိမ်ပါပဲ။သူတို့မောင်နှမတစ်တွေကခရီးထွက်ဝါသနာပါရာမှာတူညီကြတာကြောင့် မြန်မာနိုင်ငံအတွင်း နေရာအတော်များများကို နှံ့စပ်အောင် ရောက်ဖူးကြတာ။တစ်နှစ်ကဆိုလျှင် ပါပါနဲ့မာမာရှိသည့် စင်ကာပူ ကိုတောင်အလည်လိုက်သွားကြသေးသည်။ထိုခရီးစဉ်တွေတိုင်းမှာ အတက်ကြွဆုံးလူက မမသာလျှင် ဖြစ်လေသည်။

ခရီးထွက်တော့မည်ဆိုကတည်းက မမမှာ တစ်ပတ်လောက်ကတည်းက စကာ အဝတ်အစားတွေစုလိုက်၊စိတ်တိုင်းမကျသေးလျှင် အသစ်ဝယ်လိုက်၊စားစရာတွေဝယ်လိုက်၊လုပ်လိုက်၊မျက်နှာသုပ်ပဝါ၊သွားတိုက်ဆေး၊ဆပ်ပြာ၊ပန်းကန်ခွက်ယောက်ကအစအသုံးအဆောင်ပစ္စည်းတွေ ရှာရှာဖွေဖွေ စုဆောင်းလို့ကို မပြီးနိုင်။ခရီးထွက်ခါနီးအထိ သူ့မှာ ဘာလေးယူသွားရရင်ကောင်းမှာလဲ ဆိုပြီး ပြေးပြေးယူနေတတ်တာ။ဥသာနဲ့ဟံသာတို့ နှစ်ယောက် သယ်မည့်ပစ္စည်းက ခရီးဆောင်အိတ် အလတ် စား တစ်အိတ်စီလောက်ဆိုလျှင် မမ သယ်သွားမည့်

ပစ္စည်းတွေက လပ်ဂေ့(ချ်)ကြီးတစ်လုံး၊ခြင်းတောင်းတွေ၊ အိတ်သေးတွေ၊ပလပ် စတစ်အိတ်တွေ စုံ ပလုံစိနေအောင် ပါဝင် တတ်တာ။

ဒီတစ်ခါခရီးထွက်ဖို့အတွက်ကျတော့ ဥဿာနဲ့ဟံသာတို့နှစ်ယောက်ကသာ ပြေးလွှားစီစဉ်လိုက်၊စိတ်ကူးတည့်ရာရာလေးတွေ့ထည့်ယူ သိမ်းဆည်းလိုက် လုပ်နေသော်လည်း မမရဲ့တက်ကြွသောပါဝင်မှုရယ်လို့တော့ ဘာတစ်ခုမှ မရှိချေ။အဝတ်အစားတွေတောင်မှ မထည့်ဘဲနေလွန်းလို့ အိမ်ဖော်ကောင်မလေး ချောချော ကို အထည့်ခိုင်းရတာ။

မမ ဖြစ်နေပုံကိုကြည့်ကာဥဿာနဲ့ဟံသာမှာအသည်းလည်း ယား၊စိတ်ဓာတ်လည်းကျလှလေသည်။မမ အတွက်နဲ့ သူတို့မှာ ဒီလောက်ဝိုင်းဝန်းတက်ကြွပြနေတာတောင်ကာယကံရှင်ဖြစ်သည့် မမက စက်ရုပ်တစ်ရုပ်လို မလှုပ်တခြောက် လှုပ်တခြောက် ဖြစ်နေသည့်အခါ ကျန်သည့် လူတွေမှာဘယ်လောက် အားတက်ဖွယ် ကောင်းတော့မလဲ။

"မမ မိတ်ကပ်လေး၊နှုတ်ခမ်းနီလေး၊ဘီးလေး၊ ကလစ်လေးတော့ ကိုယ့်ဘာသာ ထည့်ထားဦးနော်..၊တခြားကိစ္စ တွေအားလုံး တော့ကျွန်တော်တို့တာဝန်ယူပြီးပြီ"

မမကကျောက်ရုပ်ကလေးလိုပဲ မတုန်မလှုပ်ငြိမ်သက်မြဲ ငြိမ်သက်လျက်။ဟံသာ့မှာ မမကို ပခုံးနှစ်ဘက်က တင်း





တင်းဆုပ် ကိုင်ကာ ဆွဲလှုပ်ပစ်လိုက်ချင်စိတ်ကို မနည်းကြီးပဲ ထိန်းသိမ်း ထားလိုက်ရပါသည်။

"ကျွန်တော့် သူငယ်ချင်း နိုင်ငံခြားက ပါလာတဲ့ ကင်မရာ အသစ်ပုံဆန်းလေးတွေ့တာနဲ့ တောင်းလာခဲ့တယ်၊ ဖလင်ငါးလိပ်လဲဝယ်ထားပြီးပြီ၊လောက်ပါတယ်နော်"

"အင်း..."

ဘာပဲပြောပြော အင်း... ဆိုသည့်စကားတစ်ခွန်းကလွဲလျှင်ဘာမှပြောချင်စိတ်ရှိတော့မည်ပုံမပေါ်သော မမကိုဟံသာလည်း နောက်ဆုံးတော့ စိတ်ပျက်လက်လျှော့လိုက်ရပါသည်။ တကယ် ခရီးထွက်ဖြစ်သည့်အချိန်ကျတော့မှသာ မမတစ်ယောက် စိတ်အပြောင်းအလဲ ဖြစ်သွားပါစေလို့ ဆုတောင်းရတော့မှာပါပဲ။

* * *

## (၁၁)

ရန်ကုန်မြို့ပြင်က ထွက်လာကတည်းက မှုန်နဲ့သုန်တို့နှစ် ယောက်သားကက်ဆက်တွေဖွင့်၊သီချင်းတွေ လိုက်အော်ဆို၊ စကားတွေကျယ်လောင်ကျယ်လောင်ပြောလျက် ဆူညံပွက်လော ရိုက်လာသော်လည်း ကိုကိုကြီးကတော့ အရုပ်တစ်ရုပ်ချထားသလို ငြိမ် သက် တိတ်ဆိတ်စွာ ပါလာလေသည်။

ခါတိုင်း ခရီးထွက်ကြလျှင် မှုန်တို့သုန်တို့ ညီအစ်မနှစ်ယောက်နဲ့အတူ ကိုကိုကြီးအသံကလည်း သံပြိုင်ထွက်နေကျ။ ကိုကိုကြီးကလည်းဒီ ညီအစ်မနှစ်ယောက်နဲ့ပဲ ငယ်ငယ် က





တည်းကပေါင်းလာရတာမို့ သူတို့တစ်တွေမှာ မောင်နှမတွေနဲ့မတူဘဲ ညီအစ်ကိုတွေလို၊ညီအစ်မတွေလို တစ်ပြေးညီပေါင်းလာကြတာ။မှုန်နဲ့သုန်တို့ ပျော်တတ်သလောက်ကိုကိုကြီးကလည်းပျော်တတ်တာပဲမို့ ခရီးတစ်ခါထွက်လျှင် မောင်နှမတွေတက်ညီလက်ညီဆူညံ သောင်း ကျန်း နေကျ။

ဒီတစ်ခေါက်ခရီးထွက်ရာမှာတော့ မှုန်နဲ့သုန်ကရှေ့ကဆူညံပြနေသလောက်ကိုကိုကြီးက တကယ့်ကိုကျောက်ရုပ်။ ကားပေါ်မှာကိုကိုကြီးကို ခေါ်တင်မလာဘဲ ကစားစရာ မွေးပွဝက်ဝံ ရုပ်ကြီး ခေါ်တင်လာတာကမှနည်းနည်းပါးပါး လှုပ်ဖော်ရှားဖော်ရ လေ လိမ့်ဦး မည်။

မှုန်နဲ့သုန်တို့မှာ ကိုကိုကြီးများပျော်လာလိမ့်မလားလို့ရယ်စရာတွေ ပြောဆိုနေရသော်လည်း ရည်ရွယ်သည့်သူကမှစိတ်မပါလေသော အခါပြောရင်းပြောရင်းနဲ့ပဲ အူကြောင်ကြောင်နဲ့ စကားမဆက်နိုင်ဖြစ်ဖြစ်သွားရပေါင်းလည်းမနည်းတော့ပြီ။

"ဟဲ့ ..မှုန်၊နောက်ကကားကရန်ကုန်အထွက် ကတည်းက တို့နောက်က တောက်လျှောက်ပါလာတယ်တော့"

"သူတို့လဲ ချောင်းသာသွားမှာလားမှ မသိတာ"

"မဖြစ်နိုင်ပါဘူး၊လမ်းကအဝေးကြီးရှိသေးတာ၊သူတို့တွေ တစ်နေရာရာမှာကျန်ချင်ကျန်ခဲ့မှာပေါ့"

"မကျန်ခဲ့နိုင်ဘူး….၊ကား ပုံစံကိုလဲ ကြည့်ဦး..၊ခေါင်မိုးကယ်ရီယာပေါ်မှာ ခရီးဆောင်အိတ်တွေ အပြည့်တင်ထားတာ၊ခရီးသွား တဲ့ကားပဲ ဖြစ်ရမယ်"

"ခရီး သွားတဲ့ကား ဖြစ်တိုင်းရော ချောင်းသာ သွားတဲ့ကား ဖြစ်ရရောလား..၊လမ်းမှာမြို့တွေရွာတွေအများကြီး၊အနည်းဆုံး ပုသိမ်သွားတာလဲ ဖြစ်ချင်ဖြစ်မှာပဲ"

"မဟုတ်ဘူးဟာ၊ချောင်းသာသွားတဲ့ကားဖြစ်ကို ဖြစ်ရမယ်"

"မဖြစ်နိုင်ဘူး"

နှစ်ယောက်သား နေရင်းထိုင်ရင်းကငြင်းခုန်စရာတစ်ခုရသွားကာမဆုံးနိုင်အောင် အငြင်းအခုန်လုပ်ကြပါလေတော့သည်။

"လောင်းမလား"

"လောင်းမယ်လေ ၊ချောင်းသာမှာ အဲဒီ ကားနဲ့မတွေ့ရင် နင်ငါ့ကိုဘာပေးမလဲ"

"နင်ကြိုက်တာတောင်းပေါ့၊တကယ်လို့တွေ့ရင် ငါ့အဝတ်တွေကို တစ်လ လုံးလုံး နင် မီးပူတိုက်ပေးရမယ်"

"အမှန်နော်.. ၊နင်မဟုတ်တာမပြောနဲ့၊တခြားကြိုက်တာ ခိုင်း၊မီးပူဆိုတာကြီးတော့စကားထဲမပါစေနဲ့"

"အလို….၊လောင်းတယ် ဆိုကတည်းက ကိုယ်ကြိုက်





တာကိုယ်လောင်းကြတာပဲ၊နင်လဲ ကြိုက်တာခိုင်း၊ ငါလဲကြိုက်တာ ခိုင်း မှာပဲပေါ့"

"မရဘူးဟာ ၊မီးပူတိုက်တာကလွဲရင် တခြားဘာပဲခိုင်းခိုင်း၊အကုန်ရတယ်၊တစ်ခုခုဝယ်ပေးရမယ် ဆိုရင်လဲရတာပဲ"

"ငါက မီးပူ လောင်းကြေးပဲ ကြိုက်တယ်"

မှုန်တမင်ညစ်နေပြီဆိုတာသိလိုက်တာကြောင့် သုန့်မျက်နှာလေးက နာမည်နဲ့လိုက်အောင်သုန်မှုန် သွားရလေသည်။

"တကယ်ပဲဈေးဆစ်လို့မရတော့ဘူးလားဟာ"

"မရတော့ဘူး"

"ဒါဆိုလဲပြီးရော၊ငါကတော့ လုပ်အားနဲ့ မနိုပ်စက်ဘူး၊ဟိုရောက်ရင် ကျောက်ပုစွန်မနက်စာညစာ ဝယ်ကျွေးရမယ်

သုန့်လိုပဲမှုန့်မျက်နှာလေးလဲ မှုန်မှုန်မှိုင်းမှိုင်းဖြစ်သွားပါလေသည်။ကျောက်ပုစွန်ဆိုတာကအနည်းဆုံးတစ်ပွဲထောင့်ငါးရာလောက်ရှိမှာ။မနက်ညနှစ်နပ်စာဆိုလျှင်သုံးထောင်လောက် ကုန်သွားပြီ။သုံးထောင်ဆိုတာခပ်သင့်သင့် ရယ်ဒီမိတ်အကျီတစ်ထည်စာ ဒါမှမဟုတ် စိန်မိုက်ကယ်ဖိုချည်တစ်ကွင်းစာတော့ ကောင်းကောင်းရသည်။

ပိုက်ဆံ နှမြောတတ်သော၊အထူးသဖြင့်စားရေးသောက်ရေးအတွက် ငွေကုန်မခံတတ်သော မှုန်ံ့အတွက်အစားတစ်ခုကိုတန်ဖိုးကြီးကြီးပေးဝယ်ရမည့်အရေးဟာ ထိခိုက်နစ်နာစေတော အမှုန်ပဲဖြစ်သည်။

"နင့် လောင်းကြေးကြီးက မဟုတ်သေးပါဘူးဟာ၊ အစားအသောက်ကိစ္စကြီးကတော့ မမိုက်ပါဘူး၊ တခြားပစ္စည်း တစ်ခုခု ဝယ်ခိုင်းတာကမှ အဖတ်တင်ကျန်ဦးမယ်"

"ပစ္စည်းကဘာလုပ်ရမှာလဲ၊ငါကကျောက်ပုစွန်ပဲ စားချင် တာ၊နင်လဲ မီးပူကမလျှော့သလိုငါလဲ ကျောက်ပုစွန်က မလျှော့ ဘူးပဲ"

"အေး ..၊ပြီးရောလေ၊နင်ဒီလောက်ဆန္ဒ ရှိနေမှတော့ စားသာစား သေအောင်စား၊ဟင်း .. အစားပုပ်မ၊နင်သေရင် လူ့ပြန်ဖြစ်မှာ မဟုတ်ဘူး..၊ဘီလူး ဖြစ်လိမ့်မယ်"

"ငါသာဘီလူးဖြစ်လို့ကတော့နင့်ကို ရေစင်စင်ဆေးပြီး အရင်ဆုံး ကုပ်ချိုးစားမှာ"

"ရေစင်စင်ဆေးမယ်ဆိုတာက ဘာသဘောလဲ"

"သန့်ရှင်းစေချင်တဲ့သဘောပဲ၊နင်က ရာသီဥတုလေး နည်းနည်းအေးပြီလားဆို ရေက တစ်နေ့တစ်ခါပဲ ချိုး





တော့တာ မ ဟုတ်လား၊ဒီတော့ညစ်ပတ်တယ်၊မ စားခင်ကို ရေကိုတစ်တိုင်ကီလောက် ကုန်အောင်ဆေးပစ်မှ..."

"ခွေးမ ...၊အညစ်စုတ်မ၊နင့် ဘာသာ အစွယ်ပေါက်အောင် အစားသောင်းကျန်းတာကိုများ ငါ့ကိုစော်ကားချင်သေးတယ်၊ကိုကိုကြီးရေ...ဒီမှာ ကြည့်ပြောပါဦး၊ကိုကိုကြီး ညီမက မှုန့် ကို အသားလွတ်ကြီး တိုက်ခိုက်နေလို့"

မှုန်က သူတို့ နှစ်ယောက်တည်းကြွက်စီညံနေသော ကားဝိုင်းထဲမှာ ကိုကိုကြီး ပါဝင်လာစေဖို့ အတင်းကာရော ရှုံ့ဆွဲထည့်လိုက်သော်လည်းကိုကိုကြီးကဖြင့် အလိုက်သင့်အလျှားသင့်ပါမလာပါ ချေ။ပါမလာသည့်အပြင် နားငြီးလိုက်တာကွာ ဆိုသည့်ညည်းညူ သံပါတစ်ဆက်တည်း ထွက်လာတာမို့ နှစ် ယောက်သား တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ညါးစပ်ပိတ်ငြိမ်သက်သွားကြရလေသည်။

ကိုကိုကြီးစိတ်ညစ်မှာစိုးတာကြောင့်အသံ သိပ်မထွက်ရဲကြသော်လည်း တစ်လမ်းလုံး နောက်ကပါလာသည့် ကားရဲ့ အရိပ်အခြည်ကိုကြည့်ကာ တိုးတိုး ကျိတ်ကျိတ်တော့ ငြင်းခုန်နေ ဖြစ်ကြ သေးလေသည်။

* * *

(၁၂)

"ကက်ဆက်သံ နည်းနည်းကျယ်လိုက်ဦးကွာ၊မင်း ထားတဲ့ ညောင်ညက်ညက် အသံနဲ့ ကားမောင်းရ ဖီး မလာဘူး ကွ"

"နားအူတယ်ကွ၊ကက်ဆက် ဆိုတာ ငြိမ့်ငြိမ့် ညောင် ညောင်း လေး ဖွင့်ပြီး နားထောင် ရမှ အရသာ ရှိတာ၊ မင်းလို ငရုတ်သီး ထောင်းတဲ့အသံ၊အုန်းသီးခွဲတဲ့ အသံ တွေ နားထောင်ရရင် နားပင်းဖို့ပဲ ရှိလိမ့်မယ်

"ကောင်းသားပဲ၊ဒါဆို ဒီတစ်ခါဒီထက်ပို မော်ဒယ်မြင့်





တဲ့ ကားကက်ဆက် လဲတပ်လိုက်မယ်"

"စိတ်ပုပ်ကောင်၊မင်းဘယ်လိုဖြစ်နေတာလဲ၊ဒီမှာ မမ ရေ ကျွန်တော့်ကိုဥဿာ မကောင်းကြံစည်နေတယ်"

ဟံသာက အော်ဟစ်တိုင်တမ်းကာ စကားဝိုင်းထဲ မမ ကို အတင်းဆွဲထည့်လိုက်သော်လည်း သူတို့ရဲ့ ကျောက်ရုပ်မမ ကတော့ ဖြင့်အသံလေးတစ်ချက်တောင်ထွက်မလာရှာပါ။

အမှန်တော့သူတို့ညီနောင် ဒီတစ်ခါ အော်ကျယ်ဟစ် ကျယ် ရန်ဖြစ်နေကြခြင်းမှာ တကယ်စိတ်ပါလွန်း လို့ မဟုတ်ပါ။ ရန်ကုန်က စထွက်လာကတည်းက အဝတ်ထုပ်တွေနဲ့မခြား ငြိမ် သက် တိတ်ဆိတ်စွာပါလာသည့် မမကို အပြောင်းအလွဲ အလှုပ် အရှားလေး ဖြစ်စေချင်လွန်းလို့စကားမရှိ စကားရှာပြီး ကြံဖန် ရန် ဖြစ်ပြ နေကြတာ။

သူတို့ဖြစ်နေကြလည်းပိုတော့အပိုပါပဲ။မမက သူတို့စ ကား ကိုလည်း စိတ်မဝင်စား၊ပတ်ဝန်းကျင်မြင်ကွင်းတွေကို လည်း စိတ်မဝင်စား၊အိပ်ငိုက်နေတာလည်းမဟုတ်ဘဲ ကြောင် တောင်တောင်မျက်ဝန်းသေတွေနဲ့ ငေးငေးငိုင်ငိုင်ကြီးဖြစ်နေလို့ နေမြဲ။

"ဟံသာရေ..၊ရှေ့ကားကိုကြည့်စမ်း၊အမိုးပေါ်မှာခရီး ဆောင်အိတ်တွေနဲ့ ဘယ်သွားမလို့လဲမသိဘူးကွ"

"ဟုတ်တယ် ငါလဲ ကြည့်နေတာ၊ရန်ကုန် အထွက် က

တည်းကသတိထားမိတယ်ကွ၊ကြည့်ရတာ ချောင်းသာသွားကြမှာ ထင်တယ်"

"မင်းကလဲ အပိုတွေပြောနေပြန်ပြီ၊ချောင်းသာ တော့ ဟုတ်ချင်မှ ဟုတ်မှာပေါ့ကွ၊တခြားနေရာသွားတာလဲ ဖြစ်နိုင် တာပဲ"

"အေးလေ ...၊တခြားနေရာဖြစ်နိုင်သလို ချောင်းသာရော..မဖြစ်နိုင်ဘူးလား၊တစ်လမ်းလုံး ငါတို့နဲ့ အဖော်တောင် ရသွား ဦးမယ်"

"မဖြစ်နိုင်ပါဘူးကွာ၊ရန်ကုန်အထွက်ကတည်းက ဆုံပြီး ခရီးဆုံး အထိအတူ သွားရ လောက်အောင် တိုက်ဆိုင်တာမျိုး မရှိနိုင် ပါဘူး"

"ရှိတော့ရော ...ဘယ်လောက်ထူးဆန်းမှာမို့လို့လဲ၊ လူတွေ သွားတဲ့လမ်းမှာ လူတွေဆုံတာပဲ"

"မဟုတ်နိုင်ဘူးကွာ"

"ဟုတ်နိုင်တယ်ကွာ"

"ဒါဖြင့်လောင်းမလား"

ငြင်းရင်းခုန်ရင်းနဲ့ တဖြည်းဖြည်း အရှိန်ရလာကြကာ နောက်ဆုံးကျတော့လောင်းကြေးစားကြေး ထပ်ဖို့အထိဖြစ်လာလေတော့သည်။

ဉဿာနဲ့ ဟံသာတို့ညီအစ်ကို နှစ်ယောက်က





ဒီလိုပဲပြဿနာ တစ်ခုအပေါ်မှာကြည့်မြင်သုံးသပ်ပုံချင်း၊ထင်ကြေးပေးပုံချင်း ဘယ်တော့မှမတူတတ်။တူပြန်တော့လည်း ကိုယ် မှန်တယ်၊သူ မှားတယ် ငြင်းခုန်ကြကာ ပြဿနာ တော်တော်နဲ့မပြီးပြန်။နောက်ဆုံးကျလျှင်တော့ လောင်းမလား၊ဘာကြေးလဲ ဆိုသည့်အခြေအနေ အထိဆိုက်ရောက်ရသည်ချည်း။

"လောင်းမယ်လေ ဘာကြေးလဲ"

"ကြိုက်တာပြောပေါ့"

"ကောင်းပြီလေ..၊ဒါဆိုရင်ဟိုမှာနေတုန်း မင်း ငါ ခိုင်းတာ ဘာမဆိုလုပ်ပေးရမယ်၊ဖြစ်မလား"

"ဘာမဆို...ဆိုတာကြီးကတော့ မကောင်းသေးပါဘူး၊ မင်းက မဖြစ်နိုင်တာတွေ ခိုင်းနေရင် ဘယ်လို လုပ် မလဲ"

"သိပ်ကြီးတရားလွန်တာတွေမပါစေရဘူးကွာ၊ ဥပမာ အဝတ်လျှော်ပေးဖို့၊ပန်းကန်ဆေးပေးဖို့ ဒီလောက်ပဲ"

"အေး ..... သိပ် တရားလွန် မဟုတ်ရင်တော့ ရမယ်၊ နောက်တစ်ခုက တစ်ချိန်လုံးခိုင်းမနေရဘူး၊ကိုယ်လုပ်နိုင်တာကိုတော့ ကိုယ် လုပ်ရမယ်"

"အေးပါကွာ..၊ဒါတော့ မင်းပြောနေစရာတောင်မလိုဘူး၊ ငါကလဲ လောင်းကြေး ရှိလို့သာကြံဖန် ခိုင်းရမှာ၊ ကိုယ့်အလုပ် သူများ လုပ်ပေးရတာမျိုး မကြိုက်လိုက်

သမှ…”

ဒါနဲ့မျှားတောင်သူများကို အကြောကြီးနဲ့ခိုင်းချင်နေသေးသည့်ဟံသာ့ကို ဉသာက ယောကျ်ားမျက်စောင်း ထိုးလိုက်မိပါသည်။

ဟံသာဆိုတဲ့ကောင်ဟာချေးထူလိုက်တာလည်း နှစ်ယောက်မရှိပြီးတော့ အပါးခိုချင်လိုက်တာလည်း သူ့အပြင်မရှိ။ ပြောလိုက်ရင်တော့ သူများလုပ်ပေးတာ စိတ်တိုင်းမကျဘူးလေ။ ဘာလေးနဲ့ တကယ်တမ်းကျတော့ ဘယ်နေရာမှာ ဘယ်လိုရေသာခိုလိုက်ရမလဲ၊ကိုယ့်အလုပ်ကို ဘယ်သူ့အပေါ် ဘယ်လိုလွှဲချလိုက် ရမလဲ ဆိုတာကိုပဲ ထာဝစဉ် စဉ်းစားနေတတ်တာ။

“ကဲ…ပြော၊မင်းရော ဘာကြေးလဲ”

“ငါကတော့မင်းလောက်ပြဿနာ မရှာဘူး၊ဟိုရောက်ရင် မနက်စာ ညစာ ထမင်းဆိုင်မှာသွားစားတာက လွဲလို့ ဟိုတယ်မှာနေတုန်း ငါ ဝယ်စားသမျှ မင်း ဒိုင်ခံရှင်းရမယ်”

“အလို…၊ မင်းလိုအစားပုပ်ကို စားသမျှ ဒိုင်ခံရှင်းရရင် ငါမွဲရောပေါ့၊မင်းကတော့ ပင်လယ်တစ်ခုလုံးက ထွက်သမျှ ငါးတွေ တစ်ယောက်တည်း ဒိုင်ခံ စား…..ဆိုရင့်တောင်စား မယ့် ကောင်”

“ဒါကတော့… လောင်းကြေးပဲလေ၊မင်းလဲမင်းကြိုက်





တာ လောင်းပြီးပြီပဲ၊ကိုယ့်စကားကိုယ် ယုံတယ်ဆိုရင် လောင်းကြေး ထပ်ရဲ ရမှာပေါ့”

ဟံသာက တွေခနဲ စဉ်းစားသည်။ဉသာဆိုတဲ့ကောင် အစား ပုပ်တာကတော့ ပုပ်တာပေါ့။ဒါပေမယ့် သူလဲလူသား စင်စစ်ပဲဟာ၊ဘီလူးမှ မဟုတ်တာ၊အစား စားသည်ဆိုလျှင်တောင် ဘယ်လောက်တော့စားနိုင်မှာလဲ။ကိုယ်ကနိုင်လျှင် ခရီးစဉ်တစ်လျှောက်လုံး သူ့အပေါ် အနိုင်ကျင့်ဗိုလ်ကျရမှာနဲ့ယှဉ်လျှင် ပိုက်ဆံ ကုန်တာကမပြောပလောက်ဘူးထင်သည်။

“ဟုတ်ပြီ၊ငါသဘောတူတယ်၊မင်းနိုင်ရင် မင်းစားသမျှ ငါ ရှင်းမယ်၊ငါနိုင်ရင် ငါခိုင်းသမျှ မင်းလုပ်၊ဒါပဲမဟုတ်လား”

“အေး….ဒါပဲ”

လောင်းကြေးကို သဘောတူ လက်ခံသည့် အနေနှင့် နှစ်ယောက်သား ဖြန်းခနဲနေအောင် လက်ဝါးချင်းရိုက်လိုက်ကြလျှင် နောက်ခန်းမှာကျောက်ရုပ်လို ငြိမ်ငြိမ်လေးလိုက်ပါလာသည့် မမက ဆတ်ခနဲလှုပ်သွားကာ သူတို့နှစ်ယောက်ကိုလှမ်းကြည့်လိုက်ပြီးမှ ဘာမှမပြောချင်တော့သလိုနှင့်ပြန်လည်ငြိမ်သက်သွားလေတော့သည်။

*    *    *

## (၁၃)

"ဟိုး...ဟိုး"

အော်သံတွေဆူညံသွားသည်။ ရှေ့ကနေ မဆင်မခြင် ဆုတ်ချလာသော ဝက်ဂင်အဖြူရောင်ကားလေးက ဘရိတ်အုပ်သံ ဆူညံစွာနဲ့ရပ်တံ့သွားလျက် နောက်ကနေ ဖြတ်ဝင်ဖို့ပြင်လိုက်သော ဆာဖ့် အနီရောင်ကားလေးကလည်းတစ်ဘက်သို့ ခေါင်းတိမ်းကာ ပုံပျက် ပန်းပျက် ရပ်တံ့သွားရလေသည်။

ကားနှစ်စီး ရပ်တံ့သွားကြသည့် အချိန်မှာ နှစ်စီး ကြားက နေရာလွတ်သည် လက်တစ်ဝါးစာပင် မကျန်ချင်တော့။





"ကံကောင်းလို့ကွာ...၊ တိုက်တော့မလို့..."

"ရှေ့က ကားက မဆင်မခြင် ဆုတ်ချလာတာကိုး"

"နောက်က ကားကလဲ အတင်း ဖြတ် ဝင်တာပဲ၊ ခဏ.. စောင့် နေလိုက်ရင်ရသားနဲ့"

အနီးတစ်ဝိုက်မှာရှိနေကြသောလူတွေရဲ့တစ်ယောက်တစ်မျိုး ငြင်းခုန်သံတွေ ထွက်လာကြသလို ကားနှစ်စီးထဲမှလူလေး ယောက် ဆင်းလာကြလေသည်။

"ဘယ်လိုလုပ်လိုက်တာလဲ၊ ဒီမှာ ကားဘက်ခ် ဆုတ်နေတာ မမြင်ဘူးလား"

"မြင်ဖို့ မလိုဘူးလေ၊ ကျွန်တော်တို့က တည့်တည့်သွားနေတဲ့ ကား၊ နောက်ဆုတ်လာတဲ့ ကားကသာ နောက်မှာ ဘာရှိသလဲဆိုတာကြည့်ရမှာ"

"ဩော်...တော်တော် တရားကျဖို့ကောင်းပါလား၊ ရှင်ပြောတဲ့အတိုင်းဆိုအရှေ့ကိုမောင်းနေတဲ့ကားမှန် သမျှ ဘေးဘီကို ကြည့်စရာမလိုတော့ဘူးလား"

"အဲဒီလိုတော့ ဘယ်ဟုတ်မလဲ၊ ဒါပေမယ့်... အခုကိစ္စမှာ ခင်ဗျားတို့ ရမ်းကားတာအဓိကပဲ"

"ကြည့်ရှောင်လို့ရရက်သားနဲ့ တမင်မရှောင်ရင်တော့ မရှောင်တဲ့သူ အပြစ်ပဲ"

လေးယောက်သား တစ်ယောက်တစ်ခွန်းစီ ငြင်းခုန်

စကားနိုင်လုကာညောင်တုန်းဇက်ဆိပ်တစ်ခုလုံးမှာ စကားသံတွေ ဆူညံနေတော့သည်။

ဉသဘာနဲ့ဟံသာရောမှုန်နဲ့သုန်ရော လေးယောက်စလုံးဟာ ခပ်ဆိုးဆိုး၊ခပ်စွာစွာတွေချည်းပဲမို့ အပြိုင်အဆိုင်သံကုန်ဟစ်ကာ အော်နေလိုက်ကြသည်မှာ အနီးပတ်ဝန်းကျင်ကလူတွေ အဖို့တော့ ရယ်ရမှာလား၊နားငြီးလို့စိတ်ပျက်ရမှာလားတောင် မပြောတတ် လောက်အောင်ဖြစ်နေကြရလေသည်။

"ဘယ်လို လူတွေ မှန်းလဲ မသိဘူး၊အူကြောင်ကြောင်နဲ့"

"သူတို့ကပဲ ပြောရတယ် ရှိသေး၊သူတို့သာယောင်စိန်တွေ"

"သုန်နဲ့ မှုန် ကားပေါ် ပြန်တက် ကြစမ်း၊မိန်းကလေးတန်မဲ့ အရှက်မရှိ လူလယ်ခေါင်မှာ ရန်ဖြစ်ရလား"

ကိုကိုကြီးကပထမတော့ စိတ်ပျက်လက်ပျက်နှင့်ကားထဲထိုင်နေခဲ့ပါသေးသည်။နောက်ကျတော့မှ သူ့ညီမ နှစ်ယောက် မိန်းကလေးတန်မဲ့ယောကျ်ားလေးတွေနဲ့ လူပုံအလယ်မှာဖက်သတ်တော့မလို ဖြစ်လာသည့်အခြေအနေကို ဒီအတိုင်းထိုင်ကြည့်နေလို့မဖြစ်တော့ဘူးဆိုတာ သဘောပေါက်လာလျက် ကားအောက်ဆင်းချလာကာ ဝင်ရောက်ဖြန်ဖြေရတော့တာ။





"ဉသဘာနဲ့ ဟံသာ တော်ကြပါတော့ကွယ်.....၊ရှက်ဖို့တောင် ကောင်းလာပြီ၊ယောကျ်ားလေး ဖြစ်ပြီး တော့များ မိန်းကလေး တွေ ကို ရန် သွားရှာရသလား"

ဉသဘာနဲ့ဟံသာ့မှာ လက်သီးလက်မောင်းတန်းကာ ရန်ပွဲ တစ်ခုကိုဆင်နွှဲဖို့ အသင့်ပြင်ဆင်နေခိုက် မမ ကားပေါ်က ဆင်းလာပြီးဆွဲခေါ်တာကြောင့်ကားပေါ် ပြန်တက်သွားရလေသည်။

"တွေ့လားသုန်၊ဒီကောင်တွေ ငါတို့နောက်ကပါလာတဲ့ကားပဲမို့လား...၊ငါ ပြောသားပဲ၊ချောင်းသာသွားမယ့်ကား ပါဆို"

"အောင်မယ်...၊ညောင်တုန်းဆိပ်မှာတွေ့ရုံနဲ့ ချောင်းသာ သွားမယ်လို့ ပြေနိုင်လို့လား"

"ဘာပဲပြောပြော တစ်ဝက်တော့ ဖြစ်နိုင်နေပြီလေ"

"တစ်ဝက် ဘယ် ဟုတ်ဦးမလဲ၊ညောင်တုန်း ဆိုတာရန်ကုန် နဲ့ နီးနီးလေး၊ခရီးရဲ့ လေးပုံတစ်ပုံပဲအလွန်ဆုံးရှိဦးမယ်"

"အငြင်းသန်မနေနဲ့၊ညအိပ်တဲ့အခါ မျက်စိထဲ မီးပူကို မြင်ယောင်ပြီး အိပ် ... ကြားလား"

"ဟင့်အင်း.....၊ကျောက်ပုဇွန် ဝဝ တုတ်တုတ်ကလေးတွေ ကို ပဲ မြင်ယောင်ပြီးအိပ်မယ်"

မှုန်ကသုန့်ကို ဘာမှပြန်မပြောနေတော့ပါ။စိတ်ထဲမှာတော့ နင် ကြီးကျယ်ထားနိုင်လဲ ခဏပဲဟော့၊မကြာခင်ကျရင် မျက်နှာပျက်ရမှာမြင်ယောင်နေသေးတယ်ဟု သာကျိတ်ပြောနေဖြစ်သလို သုန်ကလည်း ချောင်းသာ ရောက်ရင်တော့ ကျောက်ပုဇွန် အဝစားရတော့မှာပဲဟုကြိုတွေး ရယ်ချင်လို့နေလေသည်။

ရှေ့ကားထဲမှာမှုန်နဲ့သုန်တို့ နှစ်ယောက်ခေါင်းချင်းဆိုင်နေသလို နောက်ကားထဲမှာလည်း ဥသာနှင့်ဟံသာက တငြင်းငြင်းတခုန်ခုန်။

“မင်းတော့ ရှုံးဖို့ သေချာနေပြီ ဥသာ၊စောစောက.. ကောင်မလေးတွေက ငါတို့ငြင်းထားတဲ့ ကားထဲက မို့လား... ၊ဒီညောင်တုန်းဆိပ်အထိပါလာပြီဆိုရင်တော့ သေ ချာပါပြီကွာ၊ချောင်းသာကို သွားမယ့် ကားပါပဲ”

“ညောင်တုန်းအထိတူတိုင်း ချောင်းသာပါလာမယ်လို့ ဘယ် သူငြဲပြောနိုင်လဲ၊ညောင်တုန်းနဲ့ချောင်းသာဆိုတာ အဝေးကြီး ပါ”

“ဘာပဲဖြစ်ဖြစ် ငါ့ စိတ်ထဲမှာတော့ဆုံမယ်လို့ကို သေ ချာ နေပြီ”

“အဲဒါဘာမှမဟုတ်ဘူး၊မင်း ကောင်မလေးတွေကိုငမ်းကြော ထပြီး ငါတို့နဲ့ အတူတူပါလာစေချင်နေတာ၊သူ





တို့ တစ်နေရာရာမှာ လမ်းခွဲ ကျန်ရစ် ခဲ့တော့မှ..မင်း လွမ်း ပြီးကျန်ရစ်ခဲ့လိမ့် မယ်”

“သူတို့ကိုမတွေ့ရ လို့ တော့......လွမ်း ကျန်ရစ်စရာအကြောင်း မရှိပါဘူး၊သူတို့တောက်လျှောက်ပါလာ တော့မှ မင်းအတွက် ပျော် စရာလေးတွေဖြစ်ကုန်မှာ”

“ပျော်ချင်ပါရဲ့ကွာ၊မင်းပျော်ရရင်ငါ ကျေနပ်ပါတယ်”

တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက်ပုတ်ခတ်ရင်း ဇက်အထွက်ကိုစောင့်နေရချိန်တစ်လျှောက်လုံး ခေါင်းချင်းဆိုင်ကာ တိတ်တိတ် ကျိတ်ကျိတ် ငြင်းပွဲကျင်းပနေကြရပါသည်။

ရေဘဝဲ(၂)ဟု အမည်ရေးထိုးထားသော ဇက် ရောက် သာလျှင် ကားကို အပြေးအလွှား ဆုတ် ချနေရာလုရင်း ားတစ်စီး နဲ့တစ်စီး မျက်စောင်းထိုးစရာဖြစ်ရပြန်သည်။

တိုက်ဆိုင်ချင်လွန်းတော့ ဇက်ပေါ်ရောက်သည့်အခါ ား နှစ်စီးကဘေးချင်းယှဉ်လျက်။ကားထဲမှဆင်းကာ အပြင် ကို မတ် တပ် ထွက်ရပ်တော့လည်းနေရာချင်းက မနီးမဝေး။

“ဟာ...ဒါဘာလုပ်တာလဲ”

ရှေ့ကနေ မုန့်ထုပ်ဖောက်စားနေသည့် သုန့်လက်ထဲမှ အချဉ်ထုပ်က လက်လွတ်ကာ ဟံသာ့ မျက်နှာကိုတည့်တည့်ကြီး သွားရောက်ထိမှန်လေသောအခါဟံသာ့ထံမှ လန့်တာရော ဒေါသဖြစ်တာရော ပေါင်းလျက်ထွက်ပေါ်လာသည့်အသံကျယ်

ကြီးက အနီးတစ်ဝိုက်ကလူတွေကိုပင်အထိတ်တလန့် ဖြစ်သွားစေပြန် လေသည်။

"ညစ်ပတ် စုတ်ပဲ့လိုက်တာကွာ...ဒီလောက်ကလေးတောင် မှ ဆင်ဆင်ခြင်ခြင် မရှိဘူးလား"

"မတော်တဆလက်ကလွတ်သွားတာပဲ၊ဒီလောက် အသံ ကျယ်ကြီးနဲ့ အော်စရာမလိုပါဘူး"

"အော်တော့ရော ဘာဖြစ်လဲဗျ၊ခင်ဗျားလုပ်လိုက်တာကြည့်ဦး၊ကျွန်တော့်အကျႌ ဘာဖြစ်သွားလဲလို့"

ဟံသာ့အကျႌအဖြူဖွေးဖွေးမှာ ဆီးထုပ်က အနီရောင်အရည်တွေ စွန်းထင်းလျက် ပေကျံရုပ်ဆိုးသွားလေပြီ။ဒီအစွန်းအပေတွေက ဆေးကြောလျှော်ဖွပ်လို့လည်း ပြောင်မှာမဟုတ်တော့။အသစ် ဝယ်ထားတာမှမကြာသေးသည့် ဖွေးဖွေးဆွတ်ဆွတ် အကျႌသန့်သန့်လေးဟာ နောက်ထပ်သုံးလို့မရတော့လောက် အောင်ပျက်စီးသွားရပြီ။ဒါကို ဟံသာက စိတ်မတိုဘဲခွင့်လွှတ်လိုက် သင့်သလား။

စက္ကော့ဆိပ်ရောက်လို့ ကားရပ်လိုက်သည့် အခါကျပြန် တော့လည်းကားကို အပြေးအလွှား လုယက်မောင်းတင်ရင်းမျက် စောင်း ထိုးကြ၊အော်ကြဟစ်ကြနှင့် ဆူညံရပြန်လေသည်။

* * *





(၁၄)

ချောင်းသာ ကမ်းခြေဟိုတယ်ရဲ့ ညည့်ကြိုဆောင်ရှေ့ကားရပ်လိုက်လျှင်ထုံးစံအတိုင်း သူတို့အုပ်စုထဲမှာ တစ်ဦးတည်းသောယောကျ်ားသားဖြစ်သည့် ကိုကိုကြီးကပဲဆင်းလျက် အခန်းငှားရ ပါသည်။

မှုန်နဲ့သုန်မှာ ခရီးစဉ်တစ်လျှောက်လုံး ငြိမ်ငြိမ်သက်သက်ကြီး လိုက်ပါလာသည့် ကိုကိုကြီးတစ်ယောက်အခန်းငှားဖို့အတွက် တော့ ဆင်းဖော်ပြူဖော်၊ဦးဆောင်ဖော် ရသေးတာကိုပဲ ကျေးဇူးတင် နေမိသည်။

ကားဘေးနားရပ်လျက် ဟိုတယ်ရှေ့မှာ အလှပြထားသော ဝေလငါးရိုးကြီးကိုကြည့်နေသည့် သုန်က ပခုံးကိုဖျတ်ခနဲ လှမ်းပုတ် ခံလိုက်ရတာကြောင့် လှည့်ကြည့်လိုက်လျှင် မှုန့်ရဲ့ မကြုံစဖူး အထူး ပြုံးချိုနေသော မျက်နှာကို မြင်လိုက်ရလေသည်။

"ဘာဖြစ်နေတာ လဲ၊နင့်အမျိုးတွေ့လို့လား"

"အမျိုးတွေ့ရင် ဒီလိုပျော်နေမလား၊အခုဟာက မိတ်ဟောင်း ဆွေဟောင်း တွေ တွေ့လို့ဟဲ့"

"မိတ်ဟောင်းဆွေဟောင်းတွေ ..."

မှုန့် စကားကိုသံယောင်လိုက်ပြီး ရေရွတ်နေရင်း ဟိုဟိုသည်သည် ဝေ့ဝဲအကြည့်လိုက်မှာ (SURF) အနီရောင်ကားကြီး တစ်လိမ့်ချင်း လိမ့်ဝင်လာတာကိုမြင်လိုက်ရတာမို့ သုန့်မှာ မျက်လုံး မျက်ဆန်တွေပင်ပြူးကျယ်သွားရလေတော့သည်။

စကြော့ဆိပ်မှာ ကားချင်းအပြိုင် ထွက်ကြတုန်းက တစ်ခါဆုံကြရသေးသော်လည်းကျန်သည့်လမ်းခရီးတစ်လျှောက်လုံးမှာတော့ ကိုယ့်ဘာသာ စကားတွေပြောလိုက်၊အစားစားလိုက်နှင့် ထိုကားကိုလည်းမေ့၊အလောင်းအစားလုပ်ထားတာကိုလည်းမေ့ သွားတော့တာ။ကားချင်းကလည်း ဘယ်လိုအကြောင်းကြောင့်မှန်း မသိဘဲ ဆုံမှမဆုံဖြစ်ကြတော့တာ။

နောက်တစ်ချီ ဇက်ကူးတော့လည်း ဇက်တစ်စင်း





တည်းပဲ အတူမကျတာလား၊ကားတွေပြွတ်သိပ်ကျပ်ညပ်နေတာမို့ ကားထဲ ကနေအောက်မဆင်းဖြစ်တော့တာနဲ့ပဲ ရှေ့ကား နောက်ကားတွေ ကိုလည်း မကြည့်ဖြစ်တော့တာလားမသိ။ တစ်လမ်းလုံးလည်း သူတို့ကားရဲ့ အရိပ်အခြည် ကိုသော်မျှ မြင်ခဲ့ရတာမဟုတ်လို့ အမေ့မေ့အ လျော့လျော့နေလာခဲ့တာ။

အခုတော့ ကားစုတ်ကြီးက တကယ်ပဲ ချောင်းသာကို ရောက်လာခဲ့ချေပြီကိုး။ရောက်လာတာမှ သီးသီးခြားခြား တောင်မဟုတ်။သုန်တို့တည်းမည့်ဟိုတည်ကိုတောင်မှ ပါလာခဲ့ပြီပဲ။

"အင်း ...တစ်လလောက်တော့ မီးပူတိုက် သက်သာရချေသေးရဲ့"

မှုန်ကသူ့ဘာသာပြောသလိုလိုနှင့် တီးတိုး ရေရွတ်လိုက်လျှင် သုန့်မှာမျက်နှာကြောမတည့်သူတွေနှင့် ဟိုတယ်တစ်ခုတည်း အတူနေရမည့်အတွက် စိတ်ပျက်နေသည့်ကြားက ပိုလို့တောင် စိတ်ညစ်သွားရသည်။

"ခွေးကောင်တွေ၊အယုတ်တမာကောင်တွေ၊ဘယ်လိုလုပ်ပြီးတော့များ ငါတို့သွားလေရာ ပါလာရသလဲမသိပါဘူး"

သုန်က စူပွစူပွ ရေရွတ်နေသလောက် မှုန်ကတော့ သဘောအကျကြီး ကျကာ တဟင်းဟင်းရယ်မောမဆုံး။ အေးလေ

သူကတော့အောင်နိုင်သူကိုး.. ရယ်နိုင်ရှာပေလိမ့်မပေါ့။

သုန့်မှာတော့ စိတ်ပျက့်လှပါသည်။၊ပျင်းလှပါသည်။ ဝါသနာမပါပါဘူးဆိုသောမီးပူတိုက်သည့်အလုပ်ကြီးကို ရက်ရှည် လများ တာဝန်ယူကာလုပ်ရတော့မည့်အတွက် တကယ်ပဲ တွေးကာ ရင်မောလှပါရဲ့။

"ရေစက်ဆိုတာအဲဒါပဲ၊ဆုံဆည်းဖို့ ကံ ပါလာရင်ဘယ်လို တားတား မလွတ်တော့ဘူး"

မှုန့်ကိုကျိတ်ပြီး မျက်စောင်းထိုးမိသည်။ ဟိုနှစ်ယောက်က ကားပေါ်ကတက်ကြွစွာဆင်းလာကြ၊ညည့်ကြို ဆောင်ထဲ ဝင်သွား ကြတာကို လိုက်ကြည့်နေရင်း စိတ်ထဲမှာ သူတို့တွေကို တစ်ယောက်စီ တစ်ယောက်စီကုပ်ကနေကိုင်ဆွဲလျက်ကားထဲပြန်ထိုးထည့်လိုက်ပြီး လာလမ်းအတိုင်းပြန်တွန်းလွှတ်လိုက်ချင်စိတ်တွေတဖွားဖွားပေါ်နေလေတော့သည်။

"သေမင်းငင်တွေ၊ဒုက္ခအိုးတွေ၊ကိုယ့်ဘာသာ အိမ်မှာငြိမ်ငြိမ်လေးနေကြပြီးရော၊ဘာဖြစ်လို့ငါသွားလေရာလိုက်လာရလဲ မသိဘူး"

"ဩော် ...ဖူးစာပါ ဆို..."

သုန်ကတတွတ်တွတ်ရွတ်နေသမျှ မှုန်ကအတင်းလိုက်ပါနားထောင်ကာ ပြုံးစေ့စေ့နဲ့နောက်ပြောင်တုံ့ပြန်နေသည်။





"ကဲ.....ဟိုမှာကိုကိုကြီး ပြန်ထွက်လာပြီ၊နင့်မျက်နှာကြီး အလကားနေရင်း သုန်မှုန်ပြမနေနဲ့ဦး"

"မမှုန်ဘဲ နေနိုင်တယ်၊မသုန်ဘဲ မနေနိုင်ပါဘူး၊ငါ့ နာမည် ကိုက သုန်ပဲဥစ္စာ"

မှုန့်ကို မနောက်သာနောက်သာ နောက်လိုက်ပြီးမှ ကိုကိုကြီးနောက်က လိုက်ထွက်လာသူကို မြင်လိုက်လျှင် မျက်နှာက ပြန်လည်ရှုံ့တွန့် သွားရပြန်သည်။

"သူတို့သာ ဒီမှာတည်းကြရင်တော့ သေလိုက်ရုံပဲ"

"သေချင်လဲ ပင်လယ်ကြီး တစ်ခုလုံး ရှိတယ်..၊အသာလေး ခုန်ဆင်းလိုက်ရုံနဲ့ ကိစ္စ ပြီးပြီ"

မှုန့်ကို စိတ်တိုတိုနဲ့ ကျောပြင်ကို အုန်းခနဲနေအောင်ထုပစ်လိုက်ချင်သည့် စိတ်ကို မနည်း ထိန်းသိမ်းထား လိုက် ရပါသည်။သူစိမ်းယောက်ျားလေးတွေရှေ့မှာ အကြောင်းမဲ့လှုပ်လှုပ်ခတ်ခတ် လုပ်ပြခြင်းအားဖြင့်တော့ သူတို့ကိုသတိထားမိအောင် တမင် လုပ်တာလို့အထင်လွဲ မခံချင်ဘူးလေ။

*    *    *

(၁၅)

"ဟေး…ရောက်ပြီကွ"

ပျော်လှတာလည်း မဟုတ်ပါဘဲ အသံကျယ်ကြီးနဲ့ ထ, အော်နေသော ဥဿာကို မမက ကဲရန်ကော ဆိုသည့် သဘောမျိုးနဲ့ မျက်စောင်းထိုးကာကြည့်သည်။ ဥဿာကတော့ မမကို ဂရုမစိုက် အား၊ကားကို စက်သတ် ရပ်တံ့ပြီးလျှင် အမိုးကယ်ရီယာပေါ် တင် လာသည့်အထုပ်အပိုးတွေကိုဟံသာနဲ့အတူ ဝိုင်းဝန်းသယ်ချရပြန် သည်။

"ဒီကြိုးက ညပ်နေတယ်ကွ၊ဒီတိုင်းဖြုတ်ချလို့ မရဘူး၊





ကားအမိုးပေါ်တက်ဖြုတ်မှ ရမှာ"

"မင်း ဖြုတ်လိုက်လေ၊ငါက ဒီမှာတစ်ကြိုး ဖြည်နေတဲ့ ဥစ္စာ…"

အဝတ်တအိတ်တစ်လုံးကို ချည်ထားသော ကြိုးကိုအား ကြိုးမာန်တက်ဖြည်ယူနေရချိန်မို့ ဥဿာကသွေးရိုးသားရိုး တုံ့ပြန်လိုက်သော်လည်း ဟံသာကတော့ဖြင့်ခနိုးခနဲ့ ပြုံးကာ …

"မင်း ဖြုတ်လိုက်လို့ ငါကပြောရင်ကော…"

"မင်း ပြောတိုင်း လုပ်ရမှာလားကွ..၊ကြိုးက မင်း ဖြည်နေ တဲ့ကြိုးပဲ"

"ငါ ပြောတိုင်းလုပ်ဖို့တာဝန် မင်းမှာရှိတယ်လေ"

"ဘာလို့ ရှိရမှာလဲ"

ပြောပြီးမှ တစ်စုံတစ်ခုကိုသတိရသွားလျက် ညီအစ်ကို နှစ်ယောက်သား ကားရဲ့ ပြတင်းပေါက်တစ်ဘက်တစ်ချက်စီမှာ နင်းရပ်လျက်အမိုးပေါ် ကိုယ်တစ်ပိုင်းထွက်နေသောအနေ အထားကနေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိလေသည်။

ဟံသာက သူ့ရှေ့တည့်တည့်သို့ မေးဆတ်ပြသည်။ ဟံသာ ညွှန်ပြရာနှင့်ကျောခိုင်းလျက်အနေအထားမှာရှိနေသော ဥဿာ က နောက်သို့ လည်ပြန်လှည့်ကြည့်မိလျှင် ဖုန်တသောသော တက်ကာ မှုရင်းအဖြူရောင်ကာနေ ဝါညိုရောင်

ပြောင်းနေပြီ ဖြစ်သော ဝက် ဂင် ဗင်(န်)ကားလေးထဲမှ ပစ္စည်းတွေ သယ်ချ နေ သည့် ကောင်မလေး တစ်ယောက်နှင့် မျက်လုံးချင်း တန်းခနဲ ဆုံဆည်း သွားရလေသည်။

ကောင်မလေးက ဆံပင်အတော်ရှည်လျားပါသည်။ သူမ ရဲ့ ရှည်လျားနက်မှောင်သော ဆံနွယ်စုကြီးမှာ ရန်ကုန်လိုနေရာမျိုးမှာတော့ လှပကြော့မော့လျက် ဂုဏ်ကျက်သရေအပေါင်းနှင့် ပြည့်ဝကောင်းပြည့်ဝနေမည် ဖြစ်သော်လည်း အခုလို နေပူပူ၊ဖုန်ထူထူ၊လေတိုက်တိုက် ခရီးလမ်းကို ဖြတ်သန်းလာရသောအခါတွင်ကား ရှုပ်ထွေးပွရောင်းကာ စုတ်ပြတ်သတ်နေတော့သည်။

"အဟိး..."

ဥသာက ဆံပင်ဖရိုဖရဲနှင့်ကောင်မလေးကို ကြည့်ပြီး မနေနိုင်စွာ ရယ်သံထွက်သွားမိသောအခါ ကောင်မလေးက မိန်းကလေးတို့ရဲ့ ကိုယ်ပိုင်လက်နက်ဖြစ်သော မျက်စောင်းမြား တစ်စင်း ဖြင့် ပြင်းထန်စွာတိုက်ခိုက်လိုက်လေသည်။

"ဟော့ကောင်.....ဇက်ကြော တင်သွားဦးမယ်၊တစ်ခါတည်း လည်သွားတဲ့ ခေါင်းက ပြန် လှည့် မလာ တော့ဘူး"

"သွားစမ်းပါကွာ...၊ဒီ ကောင်မလေးများ သဘောကျလို့ကြည့်တာမှတ်နေလား၊ဆံပင်ရှည်ကြီး မနိုင်မနင်း





နဲ့ သရဲနဲ့ တူ နေလို့ ရယ်ချင်နေတာ"

"ရယ်နိုင်ပါစေကွာ"

ဟံသာက ခပ်ရွှဲ့ရွှဲ့ ပြောလိုက်တော့မှ ကိုယ့်အခြေ အနေ ကိုယ်ပြန်သတိရတော့သည်။ဟုတ်သားပဲ၊လမ်းမှာ လောင်းကြေး ထပ်လာကြသည့်အတိုင်းဆိုလျှင် ဒီကောင်မလေးတွေချောင်းသာအထိပါလာတာကြောင့် သူတို့ချောင်းသာ သွားတာမဟုတ်နိုင်ဘူးဆိုသည့်ဥသာက ရှုံးနေပြီ။ဒါဆို ဟံသာပြောသည့်အတိုင်း သူ ခိုင်းတာ ဘာမဆို လုပ်ပေးရတော့မည်။

"ကဲ ...၊ငါခိုင်းတဲ့အတိုင်း မင်းလုပ်သင့်တယ်ဆိုတာ သဘောပေါက်ပြီမဟုတ်လား"

ခွေးကောင်...။ဥသာက မျက်နှာကို တစ်ဘက်လွှဲကာ ခပ်ကျိတ်ကျိတ် ဆဲရေးလိုက်ပြီးမှ မတတ်သာစွာ ဘဲကားကယ်ရီယာတန်းတွေကိုကိုင်ကာ ကားပေါ် လွှားခနဲ ကျော်တက်လိုက်ရပါသည်။

"သိပ်လဲတလွှားလွှားလုပ်မနေနဲ့ဦး၊ မင်းဝတ်ထားတာ ဂျင်းဘောင်းဘီ မဟုတ်ဘူး၊ချုပ်ရိုးကသိပ်စိတ်ချရမယ် မထင်နဲ့"

"တော်စမ်းကွာ..."

ဟံသာ့အသံကြီး ကျယ်လှသည်မှာဘေးချင်းကပ်လျက်နေ သောကောင်မလေးတွေဘက်ကပင်ကောင်းကောင်း

ကြားနိုင်လောက်သည်မို့ ဥသာကအလန့်တကြားတားမြစ်ရပါသည်။

အကျိုးမပေးသည့်ကောင်မလေးတွေကလည်း ချောင်းသာ အထိပါလာရုံတင်မက သူတို့တည်းမည့်ချောင်းသာ ကမ်းခြေ ဟိုတယ် အထိလည်းလိုက်လာသေးသည်။ပြီးတော့ကပ်လျက် အခန်းမှာလည်းနေရာယူထားကြသေးသည်။

သူတို့ရထားသည့် အခန်းနံပါတ်(၄၀၃)က နှစ်ခန်းတွဲ တိုက်ဆောင်ကလေးရဲ့ ညာဘက်ခြမ်းမှာရှိကာ ကောင်မလေးတွေ ရထားသည့်အခန်းကျတော့ဘေးချင်းကပ်လျက် အဆောင်ရဲ့ ဘယ် ဘက်ခြမ်းမှာရှိတာမို့ သူတို့ နှစ်ခန်း ကြားမှာလမ်းလေးတစ်ခု လောက်သာခြားတော့သည်။

တစ်ဆောင်တည်းအတူကျလျှင်တောင် ကြားထဲက အုတ်နံရံနဲ့ခြားထားတာမို့ မြင်မြင်ထင်ထင် ရှိချင်မှရှိမည်။ အခုကျတော့ အဆောင်ချင်းသာ သီးသန့် ဖြစ်သော်လည်း ရှေ့ဘက်ဝရန်တာကိုထွက်လိုက်လျှင်ဘယ်လိုအကာအကွယ် အတားအဆီးမှမရှိ။တစ်ယောက်ကိုတစ်ယောက် ကောင်းကောင်းကြီး တွေ့မြင် နေနိုင် သောအနေအထားမှာရှိလေသည်။

စိတ်ပျက်ဖွယ်ကောင်းလေစွ။လမ်းမှာကတည်းက တခြား ကားတွေကို ရိုးခနဲ ရိပ်ခနဲမြင်ရရုံသာရှိလျက် မှတ်မှတ်ထင်ထင် မဖြစ်ခဲ့ရပါဘဲ ဒီတစ်စီးနဲ့ကျမှ လောင်းကြေးစားကြေး





လည်း သွား လုပ်မိသေး၊မကြေမလည်ဖြစ်စရာတွေကလည်း ကြုံခဲ့ရသေး တာ မို့အမှတ်ထင်ထင် မကြည်မလင်ရှိနေခဲ့တာ။ ဒီ တစ်ကားနဲ့ပဲ အခန်းချင်း ကပ်လျက်ကြုံကြရပြန်ပြီဆိုတော့ ရှေ့လျှောက် နေရ ထိုင်ရ အဆင်မှပြေပါ့မလား။

"ဥသာမင်းဒီနေ့အဖို့ကားပေါ်ကဆင်းမယ့် ရည်ရွယ်ချက်မှ ရှိသေးရဲ့လား"

"ရှိပါသေးတယ်ကွာ ၊မင်း နိုင်ပြီ ဆိုပြီး သိပ်လဲ ဩဇာပေး မနေပါနဲ့"

အရေးထဲ အနိုင်ကျင့်နေရာယူချင်နေသည့် ဟံသာ့ကို မုန်းမုန်းနှင့် ကြိုးတွေ ဆောင့်ကာအောင့်ကာ ဖြည်နေသော ဥသာက ကျောထဲ ယားကျိကျိဖြစ်လာသလိုမို့ အောက်ကို အမှတ်မထင် ငုံ့ကြည့်လိုက်လျှင် ပခုံးကျော်ရုံ စတက်(ပ်)ဆံပင် ပုံစံလေးနှင့် ကောင်မလေးရဲ့ ဇူတူတူ မျက် ဝန်းအစုံနှင့် တန်းခနဲ တိုး ရလေတော့ သည်။

* * *

## (၁၆)

ကမ်းခြေဘက် အလုအယက်တက်လာစဉ်ကတော့ ဖွေးဖွေးဖြူဖြူနဲ့ သွက်လက်တက်ကြွနေသောလှိုင်းကလေးတွေဟာ ကမ်းခြေကိုရိုက်ခတ်ပြီးသည့်နောက်မှာတော့ သူ မဟုတ်တော့သလို အသာလေးခေါင်းငုံကာ ပြန်ဆင်းသွားတတ်တာကို ငေးကြည့်ရင်း(ဆိုင်သလား မဆိုင်သလားတော့မသိ) ဆု ဆိုသည့်မိန်းမတစ်ယောက်ကို မင်းယျာက သတိရနေမိလေသည်။

ဆုဟာ သူ့ဘဝထဲဝင်လာစဉ်ကတော့ လှိုင်းခေါင်းဖြူ





ဖြူ တွေလိုပဲသန့်ရှင်းစင်ကြယ်သောအသွေးနဲ့ သွက်လက်တက်ကြွစွာပြေးဝင်ခဲ့တာ၊သူ့ဘဝမှာ ဆုကြောင့် ပျော်ရွှင်ကြည်နူးခဲ့ရတာတွေ၊နွေးထွေးရင်ခုန်ခဲ့ရတာတွေဟာစာဖွဲ့ .လို့မကုန်နိုင်လောက်အောင် ဖြစ်ထွန်းတည်ရှိသလိုပဲ ဆုနဲ့ ပတ်သက်သည့်မျှော်လင့်ချက်တွေ၊ ရည်ရွယ်ချက်တွေ၊အနာဂတ်စီမံကိန်းတွေဆိုတာလည်းသူ့ဘဝမှာ အပြည့်အနက်၊အခိုင်အမာ ဖြစ်တည်နေခဲ့တာ။

ထိုဖြစ်တည်မှုတွေဟာအခုကျတော့ ကမ်းစပ်ကို ရိုက်ခတ် သွားသည့် လှိုင်းတွေလိုပဲ ဘယ်လိုမှလက်ဆုပ်လက်ကိုင် ပြစရာမရှိ၊ဘယ်လိုမှ အရာထင်မကျန်ရစ်ဘဲ စုပ်စမြုပ်စပျောက်ဆုံးသွားခဲ့ ရလေပြီ။

လှိုင်းပြန်ဆင်းသွားလျှင်ကမ်းခြေမှာ အမှိုက်သရိုက်အပင်တွေပဲကျန်ရစ်သလို ဆုပြန်ထွက်သွားချိန်ကျတော့လည်း သူ့ ဘဝထဲမှာ အလွမ်းအဆွေးတွေ၊နာကျင်ကြေကွဲမှုတွေ၊ပြိုလဲကျဆုံးမှုတွေသာ တစ်နင့်တစ်ပိုး ကျန်ခဲ့တော့တာဖြစ်သည်။ဘာရယ်လို့မည်မည်ရရ အမည်တပ်စရာ မရှိသည့် အကြောင်းတစ်ခုနဲ့ သူ့ကို ဆုက လွယ်လွယ်ကူကူကလေး စွန့်ပစ်သွားလိုက်တာများ အံ့ဩဖို့တောင် ကောင်းသေးတော့သည်။ဆု သူ့ကိုချစ်ခဲ့သည့်အချစ်တွေ၊ထားခဲ့သည့် သစ္စာတွေ၊ပေးခဲ့သည့်ကတိတွေ အားလုံးဟာ မရေမရာပြဿနာလေးတစ်ခုရဲ့ လေပွေ

ဖွဲ့သလိုတိုက်ခတ်မှုအောက်မှာ တစ်စစီ လွင့်ပြယ်သွားတာများ မြန်လည်းမြန်၊အားလည်းပြင်းထန်ကာအံ့ညြဖို့တောင် ကောင်းလောက်အောင်အချိန် တိုတိုအတွင်း ပျက်စီးဆုံးရှုံးမှု များစေခဲ့တော့တာ။ကမ်းခြေမှာဘောကွင်းတစ်ခုစီနဲ့ လှိုင်းစီးဆော့ကစားနေသောညီမလေးနှစ်ယောက်ကို ဘာရယ် မဟုတ်ဘဲ ငေးကြည့်နေ မိသည်။

သူတို့ကျတော့လွှပ်လပ်ပျော်ရွှင်နေလိုက်ကြတာ။အပူအပင်ကင်းမဲ့စွာ တက်ကြွ သွက်လက်နေလိုက်ကြတာ။ကိုယ့်မှာတော့ညီမလေးတွေ စိတ်မကောင်းဖြစ်မှာစိုးလို့သာ ဖွတ်မိုတ်လိုက်လာရပေမယ့် ခရီးစဉ်တစ်ခုလုံးသည် စိတ်ဝင်စားစရာလည်း မကောင်း၊ပျော်စရာလည်းမကောင်း။

တစ်ခါတလေများ သူတို့ဘဝကို ကိုယ့်ဘဝနဲ့ ခဏလောက် လဲကြည့်လိုက်ချင်စမ်းပါရဲ့။ အင်း... ဒီလိုတော့လည်း မဖြစ်သင့်သေးပါဘူးလေ။ကိုယ့်ရဲ့ကြေမွခွေးမြည့်နေတဲ့ဘဝကြီးကို ညီမလေးတွေရဲ့လှပပြည့်စုံသောဘဝလေးတွေနဲ့ လဲလှယ်ပစ်ရမည်ဆိုလျှင် မတရားရာရောက်နေတော့မှာပေါ့။

"သူများပျော်လို့မပျော်နိုင် ရည်းစားပျောက်လို့မှိုင်"

အဆောင်ရှေ့ဖြတ်သွားသောခပ်လောင်လောင်ကောင်လေးတစ်စုရဲ့အသံကြောင့် မင်းယျာက ဘာရယ်မဟုတ်ဘဲလှမ်းကြည့်မိပါသည်။ကောင်လေးတွေရဲ့နောက်ပြောင်







မှုဟာ ကိုယ့်ရဲ့ လက်ရှိအနေအထားနဲ့ တိုက်ဆိုင်နေတာကြောင့် ပထမတော့ ကိုယ့် ကို ပြောတာပဲလို့ ထင်လိုက်မိသော်လည်း သူတို့ဦးခေါင်းတွေက တစ်ဘက်ဆောင်ဆီ ဦးလှည့်နေကြတာကြောင့် မင်းယျာကပါ သူတို့ကြည့်ရာဘက်ကို လိုက်ကြည့်ဖြစ်သွားတော့သည်။

အခန်းနံပါတ်(၄၀၂)ဖြစ်ပြီး တစ်ဘက်ဆောင်မှာရှိသော် လည်း သူတို့ အခန်းနှင့်ဆိုလျှင် ပိုပြီးအမြင်နီးသည့်အခန်းရဲ့ရှေ့ ဝရန်တာ မှာပလပ်စတစ်အဖြူရောင် ဒရင်ဘက်(မ်)လိုခုံမျိုးကြီးပေါ် ခွေနွဲ့စွာ လှဲမှီနေသောမိန်းမသား တစ်ယောက်ရှိနေပါသည်။

ပန်းနုရောင် ခပ်ဖျော့ဖျော့လေး ကိုဖြတ်ဆင်လျက်အလွန် လျှင် ပိန်လှီပါးလှပ်သော မိန်းကလေးသည် သူမထိုင်နေသော ခုံပေါ်မှာတစ်သားတည်းကျမတတ်ကပ်နေ၍ အမှတ်တမဲ့ဆိုလျှင် လူတစ်ယောက် ရှိနေသည်တောင်မထင်ရချေ။ လေအရှိန်ကြောင့် တလွင့်လွင့်လူးနေသည့် သူမရဲ့ဆံနွယ်တွေကြောင့် သာမဟုတ်လျှင်သူမရဲ့တည်ရှိနေမှုကို သတိထားဖြစ်ဖို့တောင်မလွယ်။

ကောင်လေးတွေက သူမရဲ့ငြိမ်သက်နေမှုကိုနောက်ပြောင်သွားတာပဲကိုး။ပြောလည်းပြောချင်စရာ။သူမဟာ သူမရဲ့ မောင်ဟုထင်ရသောကောင်လေးနှစ်ယောက်နဲ့

တကယ်ပဲဆန့် ကျင်ခြားနားစွာကျောက်ရုပ်လေးတစ်ရုပ်လို ငြိမ်ငြိမ်သက်သက် ရှိနေခဲ့တာ။သူမဟာ တကယ်ပဲ ဟိုကောင် လေးတွေနောက်ပြောင်သလို ရည်းစားပူမိကာညှိုးငယ် နုန်းဖျော့ နေခဲ့တာလား။

သူ့အထင်မှန်မည်ဆိုလျှင်တော့ ထိုအမျိုးသမီးဟာ သနား စရာပါပဲ။ချစ်သူနဲ့ကွေကွင်းရခြင်းဆင်းရဲကို ကိုယ်တိုင် ကိုယ်ကျ လူး လိမ့်နေအောင်ခံစားခဲ့ရဖူး ပြီးပြီမို့ ထိုအမျိုးသမီးကို မင်းယျာက ကိုယ်ချင်းစာနေမိသည်။သူကမိန်းမ သားဆိုတော့ ယောကျ်ား ဖြစ် သည့် ကိုယ့်ထက်တောင် ထိရှမှု အတိုင်းအဆက ပိုလေမှာ။

ခဏ ကြာလျှင် အမျိုးသမီးကထိုင်ခုံမှ ထ ကာ အခန်း တွင်း ဝင်သွားသည်။သူမရဲ့ပါးလုပ်သေးကွေးကာ လေတိုက်ရုံနဲ့ လွင့်ပါ သွားတော့မည့်ခန္ဓာကိုယ်လေးကိုငေးကြည့်ရင်း ဘဝတူ ချင်း ကိုယ်ချင်းစာစိတ်နဲ့ မင်းယျာ သက်ပြင်းတစ်ချက် ချလိုက်မိ လေသည်။

* * *





(၁၇)

“ဟဲ့သာ...၊မင်းဘေးခန်းက လူတွေကို သေချာကြည့် မိ လား”

“ကြည့်မိသားပဲ..၊ တရုတ်မိသားစု မဟုတ်လား၊ငါတို့ ရေကူး နေတုန်းကတောင်.....ကမ်းခြေမှာ နွားလှည်း လျှောက် စီး နေကြ သေးတာလေ”

“ဟာ.. မင်းက ဘယ်သူ့ကို ပြောနေတာလဲ”

“ဖိုးအိုဝမ်းမှာ တည်းတဲ့ တရုတ် မိသားစုလေ..၊မင်းပဲ ဘေး ခန်းကလူတွေကိုကြည့်မိလားဆို..”

“ကျွတ်... ငါပြောတဲ့ဘေးခန်းဆိုတာ တို့နဲ့တစ်ဆောင် တည်း ဘေးချင်းကပ်နေတဲ့အခန်းကိုပြောတာမဟုတ်

ဘူးကွ၊ဟို ဘက်ဆောင်ကလမ်းခြားပြီး မြင်နေရတဲ့ ဖိုးအိုသရီး ကို ပြောတာ"

ဒီတော့မှ ဟံသာက သဘောပေါက်သွားသလို ခနိုးခနဲ့ပြုး ကာ...

"အဲဒါဆိုလဲ တည့်တည့်ပြောပေါ့ကွာ၊မင်းရဲ့ ဖူးစာရှင်လေး တွေလို့..."

"သေစမ်း၊ဘယ်ကသာ ငါ့ ဖူးစာရှင်ရမှာလဲ၊ဒုက္ခ ရှင်ဆိုရင်မှန်ဦးမယ်၊သူတို့ ဒုက္ခပေးလို့ ငါ့မှာနေ့တစ်ဝက်လောက်နဲ့တင်,,မင်း ခိုင်းတာတွေ ဖတ်ဖတ်သီအောင်လုပ်ပေးနေရပြီ မဟုတ်လား"

"ဒါက မင်းမိုက်ပြစ်နဲ့ မင်းပဲ၊စွတ်ပြီး လောင်းချင်တာကိုး"

"ထားလိုက်ပါကွာ..၊ငါပြောချင်တာ အဲဒါမဟုတ်ဘူး၊ကောင်မလေးတွေနဲ့ပါလာတဲ့ လူကွာ..၊သူတို့ အစ်ကိုလားမသိဘူး၊ အဲဒီတစ်ယောက်ကိုပြောတာ"

"ဩော်... မင်းကယောကျ်ားချင်း စိတ်ဝင်စားနေတာကိုး"

"ဟေ့ကောင်ဟံသာ ၊မင်းမစော်ကားနဲ့နော်၊ ငါ စကားကောင်းကောင်း ပြော နေတာကို စိတ် ဆိုးအောင်လာလုပ်လို့ ကတော့ တစ်နေ့လုံး မကြည်ထားတာတွေ ပါ





ပေါင်းပြီး မိုက်တိုက်ဆန်နဲ့ ဟိုလီဖီးပွဲ ကျင်းပနေရမယ်"

ဥဿာက စိတ်တိုတိုနဲ့ ဆောင့်အော်ပစ်လိုက် မိတော့သည်။သူ ဒီနေ့တစ်ညနေလုံး စိတ်မကြည်မလင်ဖြစ်နေရတာ။ လောင်းကြေး မှာ သူရှုံးသွားတာကိုအကြောင်းပြုပြီး ဟံသာက တစ်နေ့လုံးအမျိုးစုံခိုင်းနေတော့တာ။ပစ္စည်းတွေ ချတော့လည်း သူ၊ရေထဲဆင်းပြီး ပြန်တက်လာတော့ ဝတ်ထားသည့်ဘောင်းဘီတွေ မှာ ကပ်ပါလာ သည့်သဲတွေကိုရေဆေးရတော့လည်း သူ၊ ထမင်းထွက်စားတော့ အသွားအပြန် ကားမောင်းရတာလည်း သူ၊ညဘက်ဆာရင်စားဖို့ မုန့်လိုက်ရှာရတာလည်း သူ။ဒါတောင် ရောက်ခါစမို့ ဘာမှ လုပ်စရာ မရှိ သေးလို့သာ။ နောက်နေ့တွေ နောက်နေ့တွေအလုပ်များလာလျှင် သူ့မှာလောင်းကြေး ဆိုသည့် စကားတစ်လုံးတည်းနဲ့ ဟံသာ့ရဲ့. နိုင်စားမှုကို ဘယ်လောက် ခံရဦးမလည်း မသိနိုင်ချေ။

"ဟုတ်ပါပြီ၊မင်း စကား ဆက်ပါဦး"

"အဲဒီကောင်မလေးတွေရဲ့အစ်ကိုပဲထားလိုက်ပါတော့ကွာ၊အဲဒီ လူကို မင်း သေသေချာချာ ကြည့်ဖူးလား...၊ ဘယ်သူနဲ့ တူတယ် ထင်လဲ"

"ငါ မကြည့်ဖူးဘူး"

"ဘယ်ကြည့်ဖူးမှာလဲ၊မင်းက ကောင်မလေးတွေကိုပဲ လိုက်ကြည့်နေတာကိုး"

"ဆန့်ကျင်ဘက် အချင်းချင်း ကြည့်တာ သဘာဝ ကျ တယ် ဟော့၊မင်းသာ ဇာတ်တူသား စားဖို့ ကြံနေတာ"

"ဟံသာ ...၊မင်းပြောပြန်ပြီလား"

ဥသာတကယ်ဒေါသထွက်လျက်မျက်နှာတွေနီရဲလာ တာ ကိုမြင်တော့မှ ဟံသာက ရှူးသလိုလိုပေါသလိုလိုနဲ့ စပ်ဖြဲဖြဲ လုပ်ကာ ငြိမ်သက်သွားသည်။

"ငါ အခန်း ငှားတုန်းက အဲဒီ လူကို တစ်ချက် ကြည့်မိ တာ၊နောက်... ညနေကငါတို့ရေကူးပြီးပြန်တက်လာ တော့သူ့အခန်းရှေ့ ဖြတ်တုန်းက တစ်ခါကြည့်မိတယ်၊ သူ ဘယ်သူနဲ့ တူသလဲ သိ လား"

"ငါ သေသေချာချာမကြည့်မိပါဘူးဆို ...၊ဘယ်သိမှာ လဲ"

ဥသာကဟံသာ့ဘက်ခေါင်းကိုတိုးကပ်လိုက်ကာ နှစ် ယောက်တည်းကြားသာရုံ လေသံတိုးတိုးဖြင့်...

"အစ်ကိုကျော်နဲ့ တူတယ်ကွ"

ထိုနာမည်ကိုကြားလိုက်လျှင် အစက ခပ်ပေါ့ပေါ့ လုပ်နေ သောဟံသာ တစ်ယောက် ဆတ်ခနဲ တုန်သွားကာ ခါးလည်း ဆန့် ခနဲ မတ်သွားရလေသည်။

"အစ်ကိုကျော်..ဟုတ်လား၊သိပ်တူတာလား"

"ချွတ်စွပ်တော့ ဘယ်ဟုတ်မလဲကွာ၊အရပ်အမောင်း၊





အသားအရောင်ကတော့ ဆင်တူပဲ၊ဆံပင်ပုံစံချင်းလဲ ဆင်တယ်...၊မျက်လုံးတွေတည်ငြိမ်တာချင်းလဲ... တူ တယ်"

"မျက်လုံးများ ... မှတ်မိရတယ်ရှိသေး"

"မင်းဘာသိလို့လဲ၊လူတွေမှာမျက်လုံးရဲ့အနေအထား က အဓိကအကျဆုံးပဲ.....၊သူခိုးလို ကျိုးကန်း တောင်း မှောက် မျက်လုံးမျိုးရှိ မယ်၊ပြတီတီ စပ်ဖြဲဖြဲမျက်လုံး မျိုးရှိမယ်၊အမြဲဒေါသကြီးပြီး နီရဲနေ တဲ့မျက်လုံးမျိုး ရှိ မယ်၊သူများကိုအမြဲစ်လိုက်ရှာနေတဲ့ မျက်ပေါက်ကျဉ်း ကျဉ်းမျိုးရှိမယ်၊ပြောရရင်အများကြီးပဲ... ၊မျက်လုံးဆို တာ အဝိုင်း ၊လေးထောင့် ၊အချွန် ပုံစံတူတာထက် အ နေအထား၊အရောင်အဆင်းတူဖို့ ပိုအဓိကကျတယ်"

"မင်းမို့ စေ့စေ့ စပ်စပ် ကြည့်တတ်ပါ့ကွာ၊ငါတော့ လူ နှစ်ယောက် ချွတ်စွပ်ကျအောင်တူနေရင် သိမယ်၊အဲ ဒီလိုမှ မဟုတ် ရင်တော့ သိပ်သတိမထားတတ်ဘူးကွ"

"ဆင်ရုံပါပဲကွာ၊ဒါတောင်မျက်နှာအစိတ်အပိုင်းတွေ တူတာမျိုး မဟုတ်ပါဘူး ၊ အနေအထား အချိုး တူတာ ကွာ၊မင်းလိုကောင်ဆိုရင်တော့သတိထားမိမှာ မဟုတ် တော့ဘူး"

"ထားပါတော့လေ၊အစ်ကိုကျော်နဲ့ မင်းပြောသလို တ

ကယ် တူတယ်ပဲထားဦး၊အဲဒါကို ဘာလုပ်ရမှာလဲ"

"ငါလဲ ပြောတော့မပြောတတ်ဘူးပေါ့ကွာ၊သူ့ကိုကြည့်ပြီးစိတ်ထဲမှာအစ်ကိုကျော်နဲ့ တွေ့နေရသလိုပဲလို့ထင်မိသွားလို့၊သူ့ကိုတွေ့လိုက်တဲ့နှစ်ခါစလုံးစိတ်ထဲမှာ အဲဒီလိုပဲ ဖြစ်တယ် ကွာ၊ဒါ.. ထူးဆန်းမှု မဟုတ်ဘူးလား"

"ငါ ကိုယ်တိုင်မတွေ့ရသေးတော့ မပြောနိုင်သေးဘူး၊မင်းပြောတဲ့လူကို ငါ မနက်ဖြန်မနက်ကျတော့ စောင့်ကြည့်လိုက် ဦးမယ်"

"ဟော့ကောင် သိသိသာသာကြီးတော့သွားပြီး ပြူးပြဲ မကြည့် လိုက်နဲ့ဦးနော်...၊ဘယ်သူကမှ ယောကျ်ားချင်း ကြည့်တယ်ထင်မှာ မဟုတ်ဘူး။ကောင်မလေးတွေကို ကြည့်တယ်ပဲ ထင်မှာ၊ငါတို့ သိက္ခာကျတယ်ကွ"

"ဒီလောက်တော့ ငါလဲ နပ်ပါတယ် ဉသာရာ"

"ဟဲ့ ....ဉသာနဲ့ ဟံသာ၊မအိပ်ကြသေးဘူးလား၊ညဉ့်နက် ပြီလေ"

အခန်းထဲကနေ လှမ်းအော်လိုက်သော မမရဲ့အသံကို ကြား ရတော့မှ နှစ်ယောက်သား စကားဝိုင်းကို လက်စသတ်ကာ စားလက်စမုန့်ထုပ်တွေ၊အအေးဘူးတွေကို သယ်ဆောင်လျက် အခန်းထဲ ဝင်ခဲ့ကြလေသည်။

*　　*　　*





## (၁၈)

ဟိုတယ်ကကျွေးသည့်မနက်စာကို စားနေကြတုန်း.. ရှေ့မှာ ထိုင်နေသည့် သုန်ကခြေထောက်နဲ့ လှမ်းခတ်လိုက်တာမို့ မှုန့် မှာ ပါးစပ်ထဲ သွင်းလုဆဲဆဲ ထမင်းကြော်ဇွန်းကို ကိုင်ကာ သုန့်ကို မျက်လုံးပြူးလျက် ကြည့်လိုက်ရပါသည်။

သူတို့နှစ်ယောက်ဟာ တစ်ယောက်အကြောင်း တစ်ယောက် ဘယ်လောက်နော ကြေအောင်သိနေလိုက်ကြသလဲ ဆိုရင် စကားများများပြောစရာမလိုဘဲ မျက်ရိပ်မျက်ခြည်၊ လက်ဟန်ခြေဟန်လေးပြလိုက်ရုံလောက်နဲ့တစ်ယောက်ရဲ့ရည်

ရွှယ်ချက် ပြော ချင်သည့်စကားတွေကို တစ်ယောက်က သိနား လည်လေသည်။

သုန်ကခြေနဲ့ လှမ်းခတ်လိုက်သည် ဆိုတာနဲ့ တစ်ယောက် ယောက်ကို၊ဒါမှမဟုတ် တစ်စုံတစ်ရာကိုညွှန်ပြဖို့ဆိုတာ မှုန်က သိလိုက်ပြီ။သုန့် မျက်နှာကိုတစ်ချက်လှမ်းကြည့်လိုက်လျှင် မျက်နှာပေါ်ကတခြား အစိတ်အပိုင်းတွေဘာတစ်ခုမှမလှုပ်ရှားဘဲ မျက်ခွံလေးမအသာ ပင့်တက်ကာ မျက်ဆန်နက်ကလေးရွှေ့လျားသွားတာကိုမြင်လိုက်ရတာနှင့်နောက်ကျောဘက်မှာရှိနေသူ တစ်ယောက်ကိုညွှန်ပြချင်တာမှန်းသဘောပေါက်နိုင်သည်။

မှုန်နဲ့ သုန်က မျက်နှာချင်းဆိုင်ထိုင်နေတာမို့ သုန်တည့် တည့်ထိုင်နေရင်းမြင်ရသည့်သူကိုလှည့်ပြီးကြည့်မှ မြင်နိုင်မှာ။မိန်းကလေးတစ်ယောက်အနေနဲ့ အဲဒီလိုလှည့်ကြည့်တာကြီးဟာမသင့်တော်ဘူးဆိုတာလောက်တော့ မှုန်သိပါသေးသည်။

ခေါင်းလည်း မလှည့်ရဘဲ နောက်ဘက်မှာရှိနေသူကိုမြင် အောင် ကြည့်နိုင်ဖို့ဆိုတာမှုန်တို့အတွက်တော့ မခက်လှပါ။မှုန် တို့လိုမိန်းကလေးတွေဆီမှာ မိတ်ကပ်ဘူးတို့ မှန်ဝိုင်းတို့က အ ဆင်သင့် ပါနေကျပဲ။အိတ်ထဲကမှန်ဝိုင်းလေးကို အသာထုတ်နှုတ်ခမ်းနီ ဆိုးသလိုလိုနဲ့မှန်ကြည့်ရင်းတစ်ချက် နှစ်ချက်





လောက်နေရာရွှေ့လိုက်လျှင်နောက်ဘက်မြင်ကွင်းကို လှည့်ကြည့်စရာ မလို၊ဇက် ညောင်းစရာမလိုဘဲ မြင်ရရောပေါ့။

မှန်ဝိုင်းလေးကို အသာရွှေ့ယူလိုက်လျှင် မှုန်တို့ရဲ့နောက်ကျောတည့်တည့်မှာထိုင်နေသော ဝိုင်းကိုသတိပြုမိလိုက်ပါသည်။ မနေ့ကတွေ့သည့်အုပ်စု။စပ်ဖြဲဖြဲအကောင်တစ်ကောင်၊မှုန်တေတေအကောင်တစ်ကောင်နှင့် ခပ်လှလှ၊ခပ်ငြိမ်ငြိမ် အစ်မကြီး တစ်ယောက်တို့ ပါဝင်သောအုပ်စု။

ကောင်လေးနှစ်ယောက်က တစ်ယောက်တစ်မျိုးကြည့် မရ ချင်စရာကောင်းသော်လည်း သူတို့ရဲ့ အစ်မဟုထင်ရသော အစ်မကြီးကတော့ဖြင့် ဆံပင်ရှည်ရှည်၊သွယ်လျလျခန္ဓာကိုယ်၊အား ဖျော့ဖျော့မျက်နှာကလေးနဲ့ခင်မင်နှစ်လိုဖွယ်ရာ ကောင်းလေ သည်။

"အစ်မကြီးကတော့ သဘောကောင်းမယ့်ပုံပါပဲ"

"အေး.....ဟိုနှစ်ကောင်ကတော့ စွာလိုက်တာအလွန်ပဲ၊ ရုပ်တွေကလဲ ထောင့်မကျိုး အချိုးမပြေနဲ့၊ကျိုးကန်းတွေနဲ့တူတယ်"

"ဟက်ကယ်(လ်) အန် ဂျက်ကယ်(လ်) ပေါ့"

"ဟုတ်တယ်၊အဲဒီနာမည် ဒင်းတို့နဲ့လိုက်တယ်"

သုန်နဲ့ မှုန်တို့ သဘောထားချင်း ကိုက်ညီသွားကာ ထိုနှစ်ယောက် ကို တီဗွီမှာ ပြဖူးသည့် ကာတွန်းကားထဲက ကျိုး

ကန်းညီနောင်ရဲ့ နာမည်ပေးဖို့ တစ်ထိုင်တည်းနဲ့သဘောတူ ဆုံးဖြတ်ချက် ကျလေသည်။

ဒီဘက်ဝိုင်းမှာလည်းသုန်နဲ့ မှုန် နှစ်ယောက်သား ကင်ပွန်း တပ်ပွဲကျင်းပနေသလို ဟိုဘက်ဝိုင်းမှာလည်း ဥသဘနဲ့ ဟံသာတို့ နှစ်ယောက်သား အစားမစားနိုင်ဘဲ ခေါင်းချင်းဆိုင်ကာ အတင်း တုပ် နေကြလေသည်။

"တွေ့လား၊ ငါပြောတဲ့အစ်ကိုကြီးကို..."

"တွေ့တော့တွေ့တယ်၊သူ့ပုံစံက ကျောက်ရုပ်ကြီးနဲ့ပဲ တူနေတော့ ဘယ်လိုပြောရမှန်းတော့ မသိသေးဘူး"

"အေးကွာ...၊အစ်ကိုကတည်သလောက် ညီမတွေကျတော့ ထောင့်မကျိုးအချိုးမပြေလိုက်တဲ့ပုံစံတွေနဲ့"

"ဟုတ်တယ်၊ဖျပ်ဖျပ်လူး နေလိုက်ကြတာ၊မျက်စေ့ထဲမှာ ခရော့(စ်)ပဲ"

"ဟံသာ...ကောင်မလေးတွေက တီဗွီထဲမှာ ပြတဲ့ကာတွန်း ကားထဲက ရှဉ့်နှစ်ကောင်ကွာ ...ဘာနာမည် ပါလိမ့်"

"ချစ်(ပ်) အန် ဒေး(လ်)လား"

"အေး....ဟုတ်တယ်၊ချစ်(ပ်) အန် ဒေး(လ်)၊အဲဒီ အကောင်နှစ်ကောင်နဲ့ မတူဘူးလား"

ဟံသာကကောင်မလေးတွေဝိုင်း ဘက်သိသိသာသာ





သွားကြည့်ကာတဟဲဟဲရယ်မောလျက် မင်း ပြောတာဟုတ်သားပဲကွ ဟု ထောက်ခံလိုက်သည်။

"ဒါဖြင့်.....ဒင်း တို့ကို အဲဒီလိုပဲ နာမည် မှည့်လိုက်ရအောင်"

"ကောင်းတယ်၊သူတို့နဲ့ ဘယ်လောက်ကြာကြာဖူးစာဆုံနေဦးမှာလဲ မသိဘူး၊သူတို့ အတင်းက နောက်ထပ်ပြောစရာ ရှိနေဦးမှာ ဆိုတော့ နာမည်ဝှက် ပေးထားတာကောင်းတယ်ကွ...၊ဆံပင်ရှည်နဲ့ကောင်မလေးကို ချစ်(ပ်) မှည့်မယ်၊ဟို..စတပ်ဆံပင်နဲ့ ကောင်မလေးကို တော့ဒေး(လ်)လို့ မှည့်လိုက်"

"အေး...."

နှစ်ယောက်သားတကျိတ်ကျိတ် တိုင်ပင်ဆွေးနွေး ကြပြီးလျှင်အလွန်တရာမှကြီးကျယ်သော ဆုံးဖြတ်ချက်ကြီး တစ်ခုကို ချဖြစ်သွားလေသည်။

ဥသဘနဲ့ဟံသာတို့ နှစ်ယောက် လှမ်းကြည့်လိုက် တိုင်ပင်လိုက်လုပ်နေသည့်ပုံစံက အတင်းချနေမှန်းသိသိ သာသာကြီးမို့မှုန်နဲ့သုန်တို့နှစ်ယောက်သားကလည်းအလိုလို နှုတ်ခမ်းလေးတွေ စူကာမျက်နှာလေးတွေ တင်းမာနေကြရတော့သည်။

* * *

## (၁၉)

"ပုစွန်ကင်သည် လာပါဦး"

ခေါ်သံနှစ်ခုက ပြိုင်တူထွက်သွားတာမို့ ပုစွန်ကင်ရောင်း သည့်ကလေးက ဘန်ဂလိုနှစ်ခုကြားရပ်ကာဘယ် ဘက်ဦးစား ပေးသွားရမှန်းမသိစွာကြောင်တက်တက်ကလေးဖြစ်နေသည်။

ဒီဘက်အဆောင်မှမှုန်နဲ့သုန်ရယ်၊ဟိုဘက် အဆောင်က မပန်းသာရယ်ကလည်း တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ အိုးတိုးအမ်းတမ်း ဖြစ်သွားကြရသည်။





အဆောင်တွေရှေ့မှာငါးမိနစ်တစ်ယောက်ကျလောက် ဈေးသည်တွေ ဖြတ်သန်းသွားနေကျဖြစ်သော်လည်း ကြက်ကင်၊ငါး ကင်၊ကဏန်းပေါင်းနှင့်ငါးခြောက်သည်တွေကသာများလျက် ပုစွန်ကင်သည် ကျတော့ ရှားလေသည်။တစ်ခါတစ်ရံပါလာတော့ လည်းပုစွန်သေးသေးလေးတွေ လေး,ငါးကောင်ကိုသီတံတစ်ခုတည်းမှာ ဆင့်ကာဆင့်ကာ ထိုးကင်ထားသည့် အသည်မျိုးသာ ပါသည်။

မှုန်နဲ့ သုန်တို့လိုချင်တာက ပုစွန်ကောင်ကြီးကြီးကိုတစ် ကောင်တည်းကင်ထားသည့် အကင်မျိုး။မနက်ဏတော့ အခန်းထဲမှာအဝတ်လဲနေစဉ်တစ်သည် ဖြတ်သွားသေးသည်။ အဝတ်အစားလဲနေရင်းတန်းလန်းမို့ မခေါ်လိုက်ကြရ။ဒါကြောင့် နေ့ခင်း ဘက်ကျတော့ အလွတ်မခံတော့ဘူးဆိုသည့် ဆုံးဖြတ်ချက်နဲ့ ဖွဲရှိရှိ ထိုင်စောင့်နေတာ။

တကယ်လို့သာ တစ်ဘက်က ပြိုင်ခေါ်သူဟာ ဟက်ကယ်(လ်) နဲ့ ဂျက်ကယ်(လ်) ကျိုးညီနောင်ဖြစ်နေလျှင် မှုန့်ရောသုန်ရော အလျှော့မပေးစတမ်းလုယက် ဝယ်ဖြစ်ကြမှာသေချာသော်လည်းတစ်ဘက်လူမှာ အေးချမ်းသိမ်မွေ့ပုံရသည့် အစ်မကြီး ဖြစ်နေသောအခါ မိန်းမချင်းလုယက်ပြိုင်ဆိုင်ရမှာကို ခပ်ရှက်ရှက် နဲ့ ကိုယ်ရှိန်သပ်နေကြရတာပင်။

တစ်ဘက်ဆောင်က မပန်းသာကလည်း ကိုယ့်ထက်

ငယ်ရွယ်သော မိန်းကလေးနှစ်ယောက်နဲ့ ယှဉ်ပြိုင်လုဝယ်ဖို့အားတုံ့အားနာ ဖြစ်နေရသည်။ ရှားရှားပါးပါးလာသည့် ပုစွန်ကင်သည်ကိုလည်း လက်မလွှတ်ချင်။ ဒုက္ခပေးလှသော မောင်တော်လေးနှစ်ပါးက စားပြီးသောက်ပြီးနေ့လည်နေ့ခင်း တစ်ရေးတမော အိပ်မှာကို ကောင်းကောင်းမအိပ်ဘဲ သူတို့နိုးလာလျှင် အဆင်သင့် စားရအောင် ပုစွန်ကင်ဝယ်ပေးထားပါလို့ တစ်ချက်လွှတ်အမိန့်ချမှတ် ထားခဲ့တာကရှိသေးသည်။ သူတို့နိုးလာလို့မပန်းသာက ဝယ် မထား လျှင် စိတ်ဆိုးကြဦးမှာ။

သုံးယောက်သား ဈေးသည်ကို ဆက်လည်းမခေါ်၊ ဘာမှ လည်းမပြောဘဲတစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ငြိမ်သက်နေကြလေတော့ ပုစွန်ကင်ရောင်းသည့်ကလေးလေးမှာလည်း ဆက် ပဲသွားရမလို၊ လှမ်းပဲခေါ်ရမလိုနှင့် ဘာလုပ်ရမှန်းမသိချေ။

"ကျွန်တော်တို့က အဆောင်နား လာရောင်းလို့ မရဘူးခင်ဗျ၊ အစ်မတို့ လိုချင်ရင်ဒီနားလာဝယ်ပါ"

ဈေးသည်ကောင်လေးကပြောတော့မှပဲ မှုန်နဲ့သုန်လည်း တစ်ဘက်ခန်းက အစ်မကြီးကိုလှမ်းကြည့်ပြီး စိတ်လျှော့လိုက်ကြ ကာ...

"တော်ပြီဟာ ...၊ ငါတို့နောက်မှ ဝယ်တော့မယ်၊ ဟို... မမကိုပဲ ဦးစားပေးလိုက်ကြရအောင်"





ဘာကြောင့်မှန်းတော့မသိ။ ဟိုကျီးညီနောင်ကို မျက်မုန်းကျိုးလှသော်လည်း သူတို့ မမလေးကိုတော့ သုန်ရော မှုန်ရော နှစ်ယောက်စလုံးက ခင်မင်စိတ်လေး ဝင်မိတာကြောင့် တစ်ယောက်က ပြောလျှင်ကျန် တစ်ယောက်ကပါသဘောတူကာ...

"မမ မှုန်တို့မဝယ်တော့ဘူး၊ မမပဲ ဝယ်လိုက်ပါ"

မှုန်က တစ်ဘက်ဆောင်မှနေပြီး အသံပြဲနဲ့ လှမ်းအော်သော်လည်း မှုန့်လောက် အော်ကျယ်ဟစ်ကျယ်မပြောနိုင်သည့် မပန်းသာမှာ ခေါင်းလေးတခါခါနှင့် မယူတော့ဘူးလို့ငြင်းဆန်ကာ လက်ညှိုးလေးတစ် ညွှန်ညွှန်နှင့် သူတို့ပဲယူလိုက်ပါလို့ သင်္ကေတနဲ့ပဲ ပြနိုင်လေသည်။

"မမ ဝယ်လိုက်ပါ၊ နောက်တစ်သည်လာမှ သုန့်တို့ဝယ်တော့မယ်"

မပန်းသာက နောက်တစ်ခါ ခြေဟန်လက်ဟန်နဲ့ ပြပါသည်။ ဒါပေမယ့် ဒီတစ်ခါ ခြေဟန်လက်ဟန်ကိုတော့ နှစ်ယောက် စလုံးက နားမလည်ကြ။ ဣန္ဒြေရှင် မမလေးကလည်း သူ့တို့လိုအာပြဲလန်နေသောအသံနဲ့ အော်ပြောမှာ မဟုတ်ဘူးလို့ သဘောပေါက် လိုက်တာကြောင့် နှစ်ယောက်စလုံး အခန်းရှေ့က ဆင်းကာ တစ် ဘက်ခန်းသို့ကူးသွားလိုက်ကြတော့သည်။

"ညီမလေးတို့ပဲ ဝယ်ပါလို့ပြောမလို့၊ မမက အလျှင် မ

လိုပါဘူး"

"သုန်တို့လဲ အလျှင်မလိုပါဘူး မမရဲ့"

"ကဲ...၊ဈေးသည်လေးစောင့်နေရတာကြာပြီ၊ဘယ် သူ ဝယ်တာ,မဝယ်တာနောက်မှထား၊သူ့တော့ အရင် သွားရှင်းလိုက် ကြပါဦး"

သုံးယောက်သားဈေးသည်ဆီ တက်ညီလက်ညီ သွား ကာ ပုဇွန်ကင်သွားမေးလျှင်နှစ်ကောင်ပဲပါတာကြောင့်မျှမျှ တတဖြစ်အောင်တစ်ယောက်တစ်ကောင်စီယူလိုက်ကြပါသည်

နောက်တစ်ခါ ဈေးသည်တစ်ယောက် ထပ်ရောက် လာတော့ ပုဇွန်ကင်နှစ်ကောင် ထပ်ပါလာတာကြောင့် တစ် ယောက် တစ်ကောင် ထပ်ဝယ်ယူရင်းနဲ့မှ မှုန်နဲ့သုန်တို့ နှစ် ယောက်စလုံးနဲ့မပန်းသာကအဖွဲ့ ကျသွားကြတော့တာဖြစ် သည်။

"မမက ရန်ကုန်ကပဲလားဟင်"

"ဟုတ်တယ်၊ညီမလေးတို့ကရော..."

"ရန်ကုန်ကပဲ..၊တွေ့တယ်၊လမ်းမှာ..စထွက်လာ က တည်းက မမတို့ကား နောက်က ပါလာတာကို သုန်တို့ သတိ ထားမိနေတာ၊ခရီးဆောင် အိတ်တွေ အမိုးပေါ် တင်ထားတော့ခရီးသွားမယ့် ကားမှန်းလဲ သိနေတယ် လေ"





"ဟုတ်လား...၊မမကတော့ အမှတ်တမဲ့ မကြည့်မိဘူး ကွယ်..၊ဇက်ဆိပ်မှာတော့ ညီမလေးတို့ကားနဲ့ တိုက်မိ မလို ဖြစ် သွားတယ် ထင်တယ်"

"ဟုတ်တယ် မမ စိတ်မရှိပါနဲ့နော်"

မှုန်ကတော့ လူမှုရေးအရတောင်းပန်လိုက်တာပါပဲ။ ဒါကို သုန်က အဓိပ္ပာယ် တစ်မျိုးတောက်ကာ သူ့ မောင်တွေ မျက်နှာနဲ့ အစ်မကိုဖားနေပြီ ဆိုသည့်သဘောမျိုးသက်ရောက် အောင် လှောင်ပြုံး ပြုံးနေတော့သည်။

"အောင်မယ်လေး.. မမကပြန်တောင်းပန်ရဦးမှာ၊ဟို ကောင်လေးတွေ အပြစ်လဲ အများကြီး ပါတယ် ညီမ လေးရဲ့၊ သူတို့က ကားပေါ်ရောက်ပြီလားဆိုရင် မြင်း ကို ချိုတပ်ပေးလိုက်သလိုပဲ တရကြမ်းကို မောင်းတော့ တာ၊ဘယ်မှလဲကြည့်မနေကြတော့ဘူး"

တခြားစီပဲ။ဒီမမဟာ သူ့မောင်တွေနဲ့တော့ နံ့သာဆီနဲ့ အီးလိုပဲ ကွာခြားလှတာ။မမ စကားပြောပုံကိုကြည့်ရတာနဲ့ သိမ်မွေ့ နူးညံ့ပြီး အဆင့်အတန်းရှိသော အမျိုးကောင်းသမီးဆိုတာ သိသာသည်။

ရုပ်ရည်လေးကလည်း ချောသည်လှသည် မဆိုသာ တောင်မှ ဖြူစင်သွယ်လျကာ သန့်ရှင်းကြည်လင်လှတာဖရောင်း ရုပ်တုလေး တစ်ရုပ်လိုပဲ မမရဲ့ အလှက နူနယ် စင်ကြယ်သည်။

မှုန်နဲ့သုန်နှစ်ယောက်စလုံးပင် ထို မမလေးကို စကားပြောရင်း ပြောရင်းချစ်သွားမိကြလေသည်။

"မမ နာမည်ဘယ်လိုခေါ်လဲဟင်"

"မပန်းသာတဲ့"

"ဟာ..အကိုက်ပဲ၊ချောင်းသာ လာလည်ရင်းတွေ့လာတဲ့မမရဲ့နာမည်ကမပန်းသာဆိုတော့ တိုက်ဆိုင်တယ်နော်၊မမ နာ မည်ကိုတော့ သုန်တို့ မေ့တော့မှာ မဟုတ်ဘူး"

"မောင်လေးတွေ နာမည်ကိုလဲ မှတ်ထားဦး......၊တစ်ယောက် က ဥသာတဲ့၊တစ်ယောက်က ဟံသာတဲ့"

"ဟင်....မြို့ နာမည်တွေပါလား"

"ဟုတ်တယ်၊အဲဒါ... ဖေဖေ့စိတ်ကြိုက် မှည့်ထားတာတွေလေ"

လူစင်စစ်က မြို့နာမည်တွေရနေသော၊မြို့နာမည်မှာမှ ရှေးဘုရင်ခေတ်က နန်းတော်စိုက်ရာမြို့နာမည်တွေဖြစ်သော အ မည် နာမတွေကိုပိုင်ဆိုင်ထားပါလျက် နည်းနည်းလေးမှ ထီးဟန် နန်းဟန် မဆန် တကယ့်ကို ကလေကချေပုံပေါက်နေသော လူသား နှစ်ယောက်ကိုမျက်စေ့ထဲ မြင်ယောင်ကြည့်ကာ သုန်ရောမှုန်ပါ ကျိတ်ပြီး မဲ့ရွဲ့ ပစ်လိုက်မိကြလေသည်။

"ညီမလေးတို့နာမည်တွေလဲ ပြောကြပါဦး"





အဲ...အခုမှတကယ်ခက်တော့တာ။မှုန်နဲ့သုန်တို့တစ်ယောက်မျက်နှာ တစ်ယောက်ငဲ့စောင်းကြည့်လျှက် ခေါင်းခဲသွားကြရတော့သည်။

မမ မပန်းသာက သူ့နာမည်ရော သူ့မောင်လေးတွေ နာ မည်ကိုရော အပြည့်အစုံပြောသွားပြီ ဆိုတော့ သူတို့မှာလဲ ကိုယ့် နာမည်ကိုယ် အမှန်အတိုင်း ပြန်ပြောဖို့ တာဝန်ရှိနေပြီ။ ဒီနေရာမှာ ပြဿနာ ရှိလာတာက သူတို့ရဲ့ နာမည်အရင်းကို ဘယ် လိုပြောရပါမည်နည်း။

ခေတ်နောက်ပြန်ဆွဲလျှက် အလွန်ပင်ရိုးသား တောဆန် လှသော ကြီးတော်ကြီးနှစ်ယောက်ကို စိတ်ထဲကနေ အကြီးအကျယ်အပြစ်တင်လိုက်မိကြသည်။နာမည်ပြောဖို့အကြောင်းဖန်လာတိုင်း ကြီးသိန်းနှင့်ကြီးစောတို့ နှစ်ယောက်ကို ပြေးသရကာ ဒေါသထွက်မိတတ်သည်မှာ မှုန်နဲ့သုန်တို့ရဲ့အကျင့်ပဲ သည်။

"ဟင်...ညီမလေးတို့နာမည်ရော လို့..."

"အဟဲ....သုန့် နာမည်က သုန်တဲ့၊သူက..သုန့် အစ်မ မှုန် တဲ့"

"ဩော်...နာမည်လေးတွေက တစ်လုံးတည်းပဲလား"

မေးသည့်သူကစေ့စေ့ စပ်စပ်လိုက်မေးလာသည့်အခါမှာ တော့ထိန်ချန်လျှော့ပေါ့ပြောလို့မရတော့ချေ။နှစ်ယောက်

း ရှုံ့ မဲ့ စိတ်ပျက်စွာနှင့်ပင်....

“နာမည်အပြည့်အစုံက ခင်မှုန်နဲ့ ခင်သုန်ပါ”

ရုပ်ရည်ကလေးတွေချောမောနုနယ်သလောက်၊ အ

အနေအထိုင် ခေတ်မီသွက်လက်လှသော ကောင်မ

ဂက်ထံမှ ထွက်လာသည့် နာမည်တွေကြောင့်

း ပြုံးသွားရပါသည်။

လဲ။လူလေးတွေကြည့်တော့ အဝတ်အစား

ဘကယ့်ခေတ်ပေါ် ကောင်မလေးတွေ

ယာက်သာဖြစ်သော မပန်းသာပင်

င်ဆင်ပုံတွေနဲ့။နာမည်ကျတော့

ကျုံးတောသူတွေ မှည့်သည့်

သွားတာကို မှုန်ရော သုန်ပါ

လိုဂ ရပါသည်။ဒါကြောင့်ပြောတာ

ပါ့။ ဒီနာမည်ကြီးကုပြောင်းချင်ပါတယ်လို့။ မေမေ့နာမည်နဲ့ ကာရန် ကိုက်အောင်ဆိုကာ ဒီနာမည် မဖြစ် ဖြစ်အောင် အားလုံးနဲ့ အတိုက်အခံ လုပ်လျက်ပေးထားသောကြီးတော်ကြီး နှစ်ယောက်ကတော့ဖြင့် အလျှော့မပေးချေ။ နာမည်ပြောင်းပစ်ရင်ပဲ သူတို့တွေချက်ချင်းအနိစ္စရောက်တော့မတတ်သည်းသည်းလှုပ်ကြတာမို့ မှုန် နဲ့ သုန်လည်း ရှေ့က ‘ခင်’ တွေကိုဖျောက်ကာ





ကိုယ့်နာမည် တစ်လုံး တည်း ရှိသလိုလိုနှင့် နေခဲ့ကြရတာ။

“ဘယ်လိုလေးတွေလဲ မသိဘူးနော်၊နာမည်လေးတွေက ရိုးမလိုနဲ့ ဆန်းလိုက်တာ”

ဒါ အားနာပါးနာနဲ့ အသက်ညှာဆုံးပြောလိုက်သည့် စကား ပဲ ဆိုတာနှစ်ယောက်စလုံးက သိကြပါသည်။အမှန်တော့ သူတို့ နာမည်တွေဟာ လူပုံနဲ့ မလိုက်အောင်ရိုးစင်း တောဆန်လွန်းလှ ချည်လားလို့ပြောချင်တာပဲဖြစ်မှာ။

“အဲဒါကြီးတော်တွေ လက်ချက်လေ၊သုန်တို့အမေမှာ ညီ အစ်မ သုံးယောက် ရှိတယ်၊အကြီး နှစ်ယောက် က ဒေါ်ခင်သိန်းနဲ့ဒေါ်ခင်စောတဲ့၊မေမေက ညီမအငယ်ဆုံး၊နာမည်က ဒေါ်ခင်ဆုန်တဲ့..၊ဘိုးဘိုးက သူ့သမီး အငယ် ဆုံး လေး၊ငယ်ငယ်ကတည်းကစာတွေ ကဗျာတွေ စိတ်ဝင်စားတယ်ဆိုပြီး မင်းကြီးကတော်ခင်ဆုံနာမည်ကို ယူပြီး မှည့်တာလေ၊အဲဒါကို သုန်တို့ အထိ ဆွဲခေါ်လာပြီး သုန်တို့ တွေကို နာမည်ပေးမယ်လဲဆိုရောကြီးတော်တွေက အမေနဲ့ ကာ ရန် ကိုက်အောင်တဲ့ ခင်မှုန်၊ ခင်သုန်ဆိုပြီး အတင်းပေးတာ၊ပြန် ပြောင်းခိုင်းလို့လဲ မရ တော့ဘူး၊သူတို့က အမျိုး ထဲမှာ ဩဇာလဲ ကြီး ကြတော့သူတို့စကားအတည်ဖြစ်ပြီး သုန်တို့ နာမည်တွေလဲ ပျက် စီးရောလေ”

သုန်က နာမည်နှစ်ခုရဲ့ စီးဆင်းဖြစ်တည်မှုသမိုင်းကြောင်းကို သေသေချာချာ ရှင်းပြဖြစ်သည်။ဒီလိုရှင်းပြလိုက်ခြင်းအားဖြင့် အရှက်ရခြင်းလေးများ နည်းနည်းလောက်သက်သာလေမလားလို့ ရည်ရွယ်ချက်နဲ့ပါပဲ။

"အဲဒါ ညီမလေးတို့ကြီးတော်တွေ အမြော်အမြင်ရှိတာပေါ့၊ခေတ် ရေစီးကြောင်း ဆိုတာ စက်ဝိုင်း တစ်ခုလိုပဲလည်နေတာ၊အရင်ကနာမည်ဆိုရင် လေးငါးခြောက်လုံးမှည့်တယ်၊ အခုဆိုရင် ခပ်တိုတိုနဲ့ ခပ်ရိုးရိုး နာမည်လေးတွေ ပြန်မှည့်လာကြပြီ၊နောက်ထပ် လေးငါး နှစ်လောက် အတွင်းမှာ ဒီနာမည်လေးတွေက ပြန် ခေတ်စားလာတော့မှာ"

ကြံဖန်ပြီး စိတ်ချမ်းသာအောင် ပြောတတ်သည့် မမ ကြောင့် မဟုတ်ဘူးဆိုတာ သိနေပေမယ့်လည်း မှန်နဲ့ သုန်တို့ ကျေနပ်သွားကြရပါသည်။

ရုပ်ကလေးချစ်ဖို့ကောင်းသလောက် စိတ်ထားလေးပါ ကောင်းသော မပန်းသာကိုလည်း နှစ်ယောက်စလုံးက အ မှတ်ပြည့် ပေးဖြစ်လိုက်ကြတော့သည်။

*   *   *





(၂၀)

"ဟီး..ဟီး..ဟီး.."

"ဟား..ဟား..ဟား.."

ခုတင်ပေါ်မှာ လူးလိမ့်လျက် အူတက်မတတ် ရယ်နေကြသော မောင်နှစ်ယောက်ကိုကြည့်ကာ မပန်းသာမှာ ငါများ ဘာပြောမိလို့လဲ ဆိုတာကို အလန့်တကြား ပြန်လည် စဉ်းစားကြည့်ရပါသည်။

မှတ်မိသလောက် ဆိုရင်တော့ ဘောခန်းကကောင်မလေးတွေနဲ့ ရင်းနှီးခဲ့ရသည့် အကြောင်းလောက်ပဲ ပြောမိ

တာပါ။ ဒီအကြောင်းမှာလည်း ဒီလောက်ကြီးရယ်စရာပါဝင်နေလိမ့်မယ် မထင်ပါဘူး။ ဧကန္တ ဒီကောင်လေးနှစ်ယောက် နေ့လယ်ဘက်ကြီး အပမှီနေပြီလားမသိ။

"ဟဲ့…၊ဘာဖြစ်နေကြတာလဲ၊စိတ်မှမှန်သေးရဲ့လား"

"ရယ်ရတယ်ဗျ…"

"ဘာတွေ ကောက်ကာငင်ကာ ရယ်စရာတွေ့သွားလို့လဲ၊ ငါတော့ ဘာမှ ရယ်စရာမပြောလိုက်ပါဘူးနော်"

"ရယ်စရာပြောတာပေါ့..၊ဘေးခန်းကကောင်မလေးတွေ နာမည်လေ၊ခင်မှုန်နဲ့ ခင်သုန်တဲ့ ဟုတ်လား"

"အင်း…ဟုတ်တယ်လေ"

"အဲဒါ ရယ်စရာပေါ့ မမရ..၊ရုပ်လေးတွေကြည့်တော့ ခေတ်မီမီနဲ့၊နာမည်တွေက ဟိုး.. လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်လောက်က တောသူကြီး သမီးနာမည်မျိုး"

"နင်တို့ကလဲဟယ်…. သူများ နာမည်ကို ချိုးဖဲ့ မပြောချင် စမ်းပါနဲ့"

"သူတို့ကပြောချင်စရာဖြစ်အောင် မှည့်ထားတာကိုးဗျ၊တော်ရုံ ရိုးရင် မပြောပါဘူးဗျာ၊ဥပမာ မြမြတို့ လှလှတို့လောက် ဆို ရင် တော်သေးတယ်"

"မဟုတ်သေးပါဘူး၊သူတို့နာမည်လေးတွေကရိုး သလိုရှိပေမယ့် အရိုး လွန်တော့ ဆန်းသွားတယ်ဟဲ့…..၊ဟဲ့





ကောင်လေးတွေ သွားလဲနောက်လားပြောင်လားလုပ်မနေကြနဲ့ဦး နော်..၊သူတို့က မမနဲ့ ခင်သွားလို့ နာမည်ပြောလိုက်တာကို ..မင်းတို့က ပြန်နောက် နေကြမယ်ဆို ရင်ကြားထဲက မမ နာမည်ပျက်လိမ့်မယ်"

"ဒီလောက်တော့ သိပါတယ်ဗျ၊သူတို့ကိုလဲ ဇယားရှုပ်ခံပြီး သွားမနောက်ပါဘူး"

"ဒါနဲ့ သူတို့ အစ်ကိုနာမည်ကရော ဘယ်သူတဲ့လဲဗျ"

"ကိုမင်းယျာတဲ့"

"သူ့ နာမည်လဲ တုံးတော့ တုံးချင်သား၊ညီမတွေနဲ့ယှဉ်လိုက်လို့သာ တော်သွားတာ"

"သူများကိုချည်း လိုက် ဝေဖန်မနေနဲ့၊တို့ နာမည်တွေကြည့်လိုက်ရင်လဲပြောချင်စရာတွေချည်းပဲဆိုတာ သတိ ထားလိုက် ဦး"

မမက သတိ ပေးပေမယ့် ဥဿာနဲ့ ဟံသာတို့ နှစ်ယောက်ကတော့ စောစောကလို အူလှိုက် သည်းလှိုက်မရယ်တော့သည့်တိုင် တွေးတွေးပြီးရယ်ချင်စိတ် တစိမ့်စိမ့် ပေါ်ကာ ပြုံးဖြဲဖြဲဖြစ်နေသည့်မျက်နှာတွေကိုတော့ မထိန်းနိုင်ကြပါ။

"ကောင့်မလေး တွေနဲ့ မမက တော်တော် ရင်းနှီးသွားပြီ လား"

"အင်း…ခင်သွားပြီ၊သူတို့တွေကသဘောချာပေါင်းကြည့်

ရင် စိတ်သဘောထားလေးတွေကောင်းကြပါတယ်"

"ဒါ..ကျွန်တော်တို့မျက်နှာနဲ့မမကို တမင် ဖားနေတာ လား မှ မသိတာ"

ဥသာက မေးစေ့ကို လက်နဲ့ ပွတ်လျက်အသားလွတ် ဂုဏ်ယူ ပြောလိုက်တာမို့ မပန်းသာ မျက်နှာလေးရှုံ့မဲ့သွားရပါ သည်။

"ဥသာနော်....၊ကိုယ်က ယောကျ်ားလေးပဲ မနာဘူး ဆိုပြီး ပြောချင်ရာ စွတ်ပြောလို့မရဘူး၊တစ်ဘက်မိန်း ကလေးရဲ့ဂုဏ်သိက္ခာကိုလဲ ငဲ့ညှာရသေးတယ်၊သူများ ကို သိက္ခာ ကျအောင် ပြောင်လှောင်တဲ့ သူဟာ ကိုယ့် သိက္ခာ လဲ အလိုလိုကျသွားရော"

"ဟုတ်ကဲ့ပါ မမရယ်၊ကျွန်တော်တို့လဲ ဒီလောက်မရိုင်း သေးပါဘူး"

မမဟာ အသက်ကလေး နှစ်ဆယ့်ငါးနှစ်ကျော် နှစ် ဆယ့်ခြောက်နှစ် ဝန်းကျင်သာရှိသေးသော်လည်း အဖေ အမေ တွေ နိုင်ငံ ခြားရောက်နေချိန်မှာ ဒီမောင်လေးနှစ်ယောက်ကို ထိန်းကျောင်း အုပ်ချုပ်လာရတာမို့ လူကြီးတစ်ယောက်လို အ တွေးအခေါ် မျိုး၊ စိတ်သဘောထားမျိုးရှိနေရတာကတော့အမှန် ပင်။

ခေတ်မီသွက်လက်သောမိန်းကလေးတစ်ယောက် ဖြစ်





တာမှန်ပေမယ့် ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်သော မိဘတွေရဲ့ အဆုံးအမကြားမှာပိပိပြားပြားသိမ်သိမ်မွေ့မွေ့ ကြီးပြင်းလာရ သူမို့ မမဟာအတွေးအခေါ် ရင့်ကျက်တည်ငြိမ်တာလည်းအမှန် ပင်။မမလိုအစ်မမျိုးရဲ့ ဆုံးမစကားဟာ လက်ခံနားထောင်သင့် သည်လို့ ဥသာတို့ နှစ်ယောက်စလုံးက နားလည်ထားပါသည်။

"မင်းတို့ ရေဆင်းကူးမယ်ဆိုရင်လဲ ကူးလေ၊ စောစော တော့ တက်ခဲ့ကြဦးနော်၊ထမင်းဆိုင်တွေက နောက်ကျ မှ လူပိုများ လာတာ"

"ဟုတ်ကဲ့ပါ"

အော်သံက နောက်မှာကျန်ခဲ့သော်လည်း လူကတော့ အတော် ဝေးဝေးကို ရောက်နေနှင့်ပြီ။မမ ဘာပဲမှာမှာ သူတို့နှစ် ယောက်ကတော့ဖြင့် ညနေနောက်ကျသည်အထိ ရေကူးဖြစ် ကြမှာပါပဲ။ရေကူးပြီးလျှင်လည်း အချိန်အတော်ကြာယူကာရေ ချိုးကြဦးမှာပါပဲ။ထိုအခါ မမ ကလည်းဗိုက်ဆာတယ်၊မှောင်လှ ပြီ စတဲ့ အကြောင်းပြချက်အမျိုးမျိုးနဲ့ ညည်းညူ ဆူပူဦးမှာပါပဲ။

"မမ ဘယ်လိုနေလဲ"

"မတ်တပ်ရပ်ပြီး ကျန်ခဲ့တယ်"

"ဟာ...ငါမေးတာ မမ စိတ်အနေအထားဘယ်လိုနေ သလဲ လို့မေးတာကွ၊လတ်တလောဘာလုပ်ပြီးကျန်ခဲ့ လဲလို့ မေးတာ မဟုတ်ဘူး"

မမနဲ့ ခပ်လှမ်းလှမ်းရောက်တော့ ဟံသာက အမှတ်
တမဲ့ လှမ်းမေးလိုက်တာမို့ ဥသာကလည်းစိတ်ကူးတည့်ရာ
ပြန်ဖြေ ဖြစ်ပြီးအမေးတစ်လွဲအဖြေတစ်လွဲဖြစ်ကုန်တာမို့ ထုံး
အတိုင်းလိုရင်းမရောက်တော့ဘဲ ဘေးချော်ထွက်ရပြန်လေ
သည်။

ဒီတစ်ခါတော့ အရေးတကြီးပြောစရာရှိနေသည်
ဟံသာ က စကားလမ်းကြောင်း အလွဲမခံတော့ဘဲ...

"မမ ဒီရောက်မှ ပျော်လာသလား၊ပိုစိတ်ညစ်နေလား
အဲဒါ မေးတာ"

"ငါ့ အထင်တော့ ပုံမှန်ပါပဲ၊ မမကတော့တော်ရုံနဲ့ ပျော်
စရာ ရှာတွေ့တော့မယ် မထင်ပါဘူး"

"အဲဒါပေါ့၊နေရင်းထိုင်ရင်းနဲ့ကတော့ ဒီဝေဒနာ ကျ
မှာ မဟုတ်ဘူးကွ၊ အစ်ကိုကျော် ဆုံးရတာဟာလဲ ငါ
ပယောဂမကင်းဘူး၊ဒီတော့ မမ အခုလို ဖြစ်ရတာ
တို့ကြောင့်လို့ပြောနိုင်တယ် မဟုတ်လား"

"ပြောနိုင်တာမဟုတ်ဘူး ငါတို့ကြောင့် အတိအကျပဲ
"အေး၊အဲဒါကြောင့်ငါတို့မှာ မမ စိတ်ချမ်းသာ အော
ပြန်လုပ်ပေးဖို့ တာဝန်ရှိကို ရှိတယ်ကွ"

ဟံသာ့စကားကို ဥသာကလည်း လက်ခံပါသည်
ဒါပေမယ့်ပြဿနာဖြစ်နေတာကမမကို စိတ်ပျော်အောင် ဘယ်





လိုလုပ် ပေးရမလဲ ဆိုတာပါ။

မမဟာအစ်ကိုကျော့်ကိုသိပ်ပြီး သံယောဇဉ်ကြီးလှ တာ။ သူတို့နှစ်ယောက် မကြာခင်လက်ထပ်ကြဖို့အတွက် အစီအစဉ်တွေတောင် စတင်ရေးဆွဲနေသည့်အချိန်၊နှစ်ဘက် အသိုင်းအဝိုင်း ကလည်းသဘောတူ လက်ခံထားပြီးပြီမို့ ဘယ်လိုအနှောင့်အယှက် အတားအဆီးမျိုးမှ မရှိတော့သည့်အချိန်၊သာယာလှပသည့် နှစ်ယောက် ဘဝတစ်ခုကိုတည်ဆောက်ဖို့ အသေချာဆုံး အချိန်ကျမှ ဖြစ်ရလေသည်ဆိုတော့ မမရဲ့ သောကဝေဒနာဟာ ဘယ်လောက် ပြင်းထန်လေမလဲ။

"ငါတော့... ဘာလုပ်ပေးရမှန်းတောင်မစဉ်းစားတတ်ဘူး၊မမပျော်မယ်ဆိုရင်တော့ အခုနေသောင်ပြင်ပေါ် မျောက်ကပဲ က ရ ကရ၊မြင်းကို ကျွမ်းထောင်ပြီး စီးပြရ စီးပြရပါ"

"မင်း နည်းတွေက အဓိပ္ပာယ်မရှိဘူး"

"ဆိုစမ်းပါဦး"

နှစ်ယောက်သား ရေထဲမဆင်းဖြစ်သေးဘဲ သောင်ပြင်စပ်မှာထိုင်ချကာ မမ ကိစ္စကို အရေးတကြီးဆွေးနွေးနေကြသည်။

"မမကို အစ်ကိုကျော့်လိုပဲ ချစ်နိုင်ကြင်နာနိုင်မယ့်သူတစ်ယောက်ရှာပေးလိုက်ဖို့ ....."

"မင်းဥစ္စာ မလွယ်ပါဘူးကွာ၊ဆေးပညာမှာ ခန္ဓာကိုယ် အ စိတ်အပိုင်း အစားထိုးကုသမှုဆိုတာရှိပေမယ့် နှလုံး သားကိစ္စမှာ တော့အချစ်ကိုအစားထိုးလဲလှယ်ပေးလို့ မရနိုင်ဘူး ထင်တယ်"

"ဒါက အစမို့ပါ၊ကြာလာတဲ့အခါကျတော့လဲ စကားပုံ တောင်ရှိ သားပဲကွာ၊သေသောသူကြာရင်မေ့ဆိုတာ၊ သာမန်လူကတစ်နှစ်နဲ့မေ့မယ်ဆိုရင် အစွဲအလန်းကြီး တဲ့သူကနှစ်နှစ်ကြာချင် ကြာမှာပေါ့ကွာ၊ဒါပေမယ့်... တစ်နေ့ မဟုတ်တစ်နေ့မေ့ကိုမေ့ မှာပဲ"

ဟံသာက အပိုင်အနိုင်ကြီး ပြောနေ တာကြောင့် ဥသာတောင်ဇဝေဇဝါဖြစ်လာရသည်။

သူ ပြောသလိုတကယ် ဖြစ်နိုင်သလား။တစ်ယောက် ကိုတစ်ယောက်သိပ်ချစ်ကြသည့် ချစ်သူတွေ ဟာ ရှင်သေမင်း ရဲ့ခွဲခွာမှုကြောင့်အပြီးတိုင်ကွဲကွာရပြီးသည့်နောက်မှာ ရှိခဲ့ ဖူး သည့် အတိတ်တွေကိုတစ်ခုကလေးမှ အမှတ်မရဘဲ မေ့လျော့ ဖျောက်ဖျက်ပစ်လိုက်နိုင်မှာတဲ့လား။

"လုံးဝမေ့သွားမယ်လို့ပြောနေတာ မဟုတ်ဘူးလေ၊ခံ နိုင်ရည် ရှိလာမှာကို ပြောတာ...၊မင်းကလဲ အရမ်းကြီး အတွေးမခေါင်ပစ် စမ်းပါနဲ့"

ဥသာရဲ့အတွေးကို သိနေပုံရသောဟံသာက ထပ်မံ





ရှင်းလင်းချက်ထုတ်သည်။အင်း ခံနိုင်ရည်ရှိရုံလောက်ဆိုလျှင် တော့ ဟုတ်တာပေါ့။

မမဟာ ပညာလည်းတတ်၊အတွေးအခေါ်ရှိသော မိန်း ကလေးတစ်ယောက်မို့ပြန်မလာနိုင်တော့သူတစ်ယောက်အတွက် ကိုယ့်ဘဝကိုယ် အပြီးတိုင် ရေစုန်မျှောပစ်မှာတော့ မဟုတ် တာ သေချာပါသည်။

"ဒီတော့ မမရဲ့ မေ့လျော့မှုနှုန်းမြန်ဆန်လာအောင် ငါ တို့က ဝိုင်းဝန်း ကူညီပေးရမယ်၊လစ်လပ်သွားတဲ့ နှလုံး သား ကွက်လပ်ကို ဖြည့်ဆည်း ပေးနိုင်ဖို့လဲ ငါတို့ ကြိုး စားပေးရမယ်ကွ"

"ဘယ်လို ဖြည့်ပေးရမှာလဲ"

"မမအတွက် သင့်တော်မယ့်ယောကျာ်း တစ်ယောက် ကို ငါတို့ ရှာကြည့် ကြတာပေါ့၊သူဟာ မမရဲ့ အားကိုး ရာလဲ ဖြစ်ရမယ်၊ မမရဲ့ကြေကွဲမှုတွေကို နှစ်သိမ့် ဖြေ ဖျောက် ပေးနိုင်တဲ့ သူလဲ ဖြစ်ရမယ်၊မမကို တစ်သက် လုံးကြင်ကြင်နာနာနဲ့စောင့်ရှောက်သွားနိုင်တဲ့ သူလဲ ဖြစ်ရမယ်၊အဲဒီလိုဆိုရင် မမဘဝဟာပြန်ပြီးတည်ငြိမ် လာနိုင်တာပေါ့"

"အေးလေ...၊မင်း ပြောတဲ့ လူမျိုးကိုရှာတွေ့ရင်တော့ ကောင်းသားပေါ့ကွာ"

"ရှာရင်တွေ့ရမှာပေါ့ကွာ"

ဟံသာကတက်တက်ကြွကြွဖြစ်လွန်းနေတာမို့ ဥသာကပါ ဟုတ်မလားလို့ ရောယောင်စိတ်ပါမိလေသည်။ နှစ်ယောက်သား ဆွေးနွေးမှုကြေလည်ပြီးပြတ်တော့မှ လက်ဝါးချင်းရိုက်ကာ ရေထဲ တဝုန်းဝုန်း ပြေးဆင်းကြလေတော့သည်။

* * *





(၂၁)

"ဟာ... ဟာ... ဘာဖြစ်တာလဲ"

အေးအေးဆေးဆေးရေထဲမှာ ကိုယ်ဖော့ရင်း လှိုင်းစီးနေသောဥသာက အရှိန်နှင့်နောက်မှ ဝင်ဆောင့်လိုက်သော အရာ တစ်ခုကြောင့် နှာလည်းနှာ၊ ရေ့ကို ရုပ်ပျက်ဆင်းပျက်လဲ ရှေ့ ထွက်သွားကာပင်လယ်ရေငန်ကျိုကျိုတွေပါးစပ်ထဲ၊နှာခေါင်း ထဲ၊မျက် လုံးထဲလည်း ဝင်နှင့် အတော့်ကိုပုံပျက်ပန်းပျက် ဖြစ်သွားရလေ သည်။

ပိုပြီးထူးဆန်းတာက သူ့ကျောကိုဝုန်းခနဲလာရိုက်သည့်

အရာဝတ္ထုမှာရိုက်ပြီးသည့်နောက်လည်း ပြန်ထွက်မသွားနိုင်ဘဲ သူနောက်ကတောက်လျှောက်ပါလာခြင်းပင်။

"အား...ထိပြန်ပြီ"

နောက်လှည့်ကြည့်မည်ကြံကာရှိသေးလှိုင်းလုံးတစ်လုံး က ဝုန်းခနဲပုတ်လိုက်ပြန်တာမို့ နောက်ထပ်တစ်စုံတစ်ရာက ကျောပြင်ကို လာရိုက်ပြန်သည်။ထို တစ်စုံတစ်ရာသည် စောစောကအရာဝတ္ထု မဟုတ်တာကိုတော့ အထိအတွေ့အရ ဥသာက သိလိုက် သည်။

ကမ်းစပ်နားအထိ ဗလုံးဗထွေးလူးလိမ့်မျောပါသွားသည့် ဒဏ်ကိုခံစားပြီးမှ လှည့်ကြည့်လိုက်လျှင် သူနဲ့အလွန်နီးကပ်စွာတည်ရှိနေသောကောင်မလေးတစ်ယောက်ကိုတွေ့လိုက်ရလေသည်။

ကောင်မလေးကလည်းမျက်လုံးပြူးနေပြီ။သူမ ခန္ဓာကိုယ်ကို စွပ်ထားသော ဘောကွင်းကို လက်နှစ်ဘက်ကြားမှာ တင်းတင်း ညှပ်လျက် ပိုးလိုးပက်လက် အခြေပျက်အနေပျက် ပုံစံနှင့်တည်ရှိနေ သော ကောင်မလေးရဲ့မျက်နှာမှာ ဆံပင်ရှည်တွေအပြည့်နီးပါးဖုံးလွှမ်းနေတာကြောင့် သရဲလို ပြူးပြဲနေသော မျက်လုံးအစုံကိုသာ ထင်ထင်ရှားရှား မြင်နိုင်တော့သည်။

ချစ်(ပ်)...ချစ်(ပ်)။ဒါ ဟိုဘက်ခန်းက ကောင်မလေးနှစ်ယောက်ထဲက ချစ်(ပ်)ဟု အမည်ပေးထားသော ဆံပင်ရှည်နဲ့





ရှည့်မလေးပါလား။

ကောင်မလေးစီးနေသော ရော်ဘာကွင်းဟာ ပထမ ဥသာရဲ့ကျောကို ဝင်ဆောင့်မိတာဖြစ်ပြီး ဒုတိယ တစ်ကြိမ်ကတော့ရေ စီးကြောင်းအတိုင်းဖရိုဖရဲမျောပါနေသော ကလေးမရဲ့ ခြေ ထောက် နဲ့ တိုက်မိတာပင် ဖြစ်သည်။

ကောင်မလေးခမျာလည်း သူကိုယ်သူ ထိန်းဖို့တော့ ကြိုး စား ရှာတာပါပဲ။ယောက်ျားလေး တစ်ယောက်နဲ့ လူချင်း တအားနီးကပ်နေရုံမက ထိုယောက်ျားလေးရဲ့ကျောပြင်ကိုကိုယ့်ခြေထောက်နဲ့ ထိတိုက်မိသည့် အဖြစ်မျိုးတော့ဘယ်သူက ရောက်ချင်မှာလဲ။

အံ့သြစရာကောင်းတာတစ်ခုက ကောင်မလေးနဲ့ ဥသာဟာ လှိုင်းတွေဒီလောက်ပုတ်နေတာတောင် လူချင်းကွဲမသွားကြဘဲ တစ်လျှောက်လုံး ပူးကပ်နေတာပါပဲ။

"ရှင်သွားတော့လေ၊ဘာဖြစ်လို့ သူများနားလိုက်ကပ်နေ ရတာလဲ"

"သွားချင်တိုင်းသွားလို့ရမလားဗျ၊ရေထဲမှာ ရေစီး အတိုင်း မျောနေတဲ့ဥစ္စာ"

"ရှင် ရေကူးတတ်တယ် မဟုတ်လား"

"ရေကူးတတ်တိုင်း ရမလား၊လှိုင်း ပုတ်လိုက်ရင် လူက လိုက်ပြီး လွင့်သွားတာပဲ"

"လွင့်လဲ..တခြားသွားပြီးလွင့်ပါလား..၊ဘာလို့ကျွန်မ
နောက်ကပဲ ကပ်ပါလာတာလဲ"

"ခင်ဗျားသေသေချာချာကြည့်ပြီးမှ ပြော၊ကျွန်တော်
က ခင်ဗျားနောက်ကနေတာလား...၊ခင်ဗျားက ကျွန်
တော့် နောက်ကနေ လိုက်တိုက်နေတာလား"

"အောင်မယ်လေး ..."

ဥဿာ စကား ဆုံးတာနှင့် အရှိန်ကောင်းကောင်းနှင့်
ရိုက်လိုက်သည့်လှိုင်းလုံးကြီး ကြောင့်နှစ်ယောက်သားလိမ့်ထွက်
သွားကြသည်။

လိမ့်သာလိမ့်သွားသော်လည်း လူချင်းကဖြင့်ကွဲမသွား
ဘဲ ရောရောထွေးထွေး လိမ့်ထွက်သွားကြတာမို့ ကောင်မလေး
ရဲ့ အော် သံက ကျယ်ကျယ်ကြီး ထွက်လာရလေသည်။

ဘယ်လိုဖြစ်တာလဲ။ဒီကောင်မလေးနဲ့သူကဘယ်
လောက်လှိုင်းပုတ်ပုတ် ဘာကြောင့်တစ်တွဲတွဲ ဖြစ်ဖြစ်နေရတာ
လဲ။

"ရှင် မသွားသေးဘူးလား"

ဒီတစ်ခါတော့ကမ်းစပ်သဲပြင်ပေါ် ဖင်ထိုင်ချမိနေပြီမို့
ရေထဲမှာ သွားချင်ရာသွားလို့မရဘူးဆိုသည့် အကြောင်းပြချက်
ကလဲ တရားမဝင်နိုင်တော့ပေ။

ခက်နေတာကဥဿာ တစ်ချက်လှုပ်ရှားဖို့ ပြင်တိုင်း





တစ်စုံတစ်ခုသော အရာရဲ့ တုပ်နှောင်ဆွဲယူထားခြင်းကို ခံနေ
ရတာပါပဲ။

"သွားလို့မရဘူး"

"ရှင် ဘာစကားပြောတာလဲ"

မှုန့် မျက်လုံးတွေက မီးဝင်းဝင်းတောက်လာပြီ။ရေထဲ
မှာမတတ်သာလို့ အတူမျောပါနေရတာက ထားပါတော့။အခု
ကမ်းစပ် ရောက်နေမှ ထွက်မသွားဘဲ နီးနီးကပ်ကပ်ကြီး ဖွတ်
ပေထိုင်နေ သော ကျီးကန်းကောင်ရဲ့ အပြုအမူဟာ မရိုးသားဘူး
လို့ မှုန်က ထင် မိလေသည်။

"ကျွန်တော်တကယ်ပြောတာ၊သွားလို့ မရဘူး ဖြစ်နေ
တယ်၊ခင်ဗျားများ ကျုပ်ခါးကိုဆွဲထားသေးလား"

"မမိုက်ရိုင်းနဲ့နော်၊ဘယ်သူက ဆွဲထားမှာလဲ"

"သိဘူးလေ၊ကျွန်တော်သွားဖို့ လှုပ်လို့မှမရတာ"

ဥဿာကဒုတိယအကြိမ် လှုပ်ကြည့်လိုက်လျှင်ခါးက
ဘောင်းဘီသားရေကြိုး တင်းခနဲ ဖြစ်သွားတာမို့ ချက်ချင်း ငြိမ်
နေ လိုက်ရပါသည်။သေချာပါတယ်။သူ့ဘောင်းဘီတော့ တစ်စုံ
တစ်ရာနဲ့ငြိနေပြီ။ထိုတစ်စုံတစ်ရာဆိုသည်ကရောကောင်မလေး
ရဲ့ ဘယ် လို ပစ္စည်းလဲ။

"ခင်ဗျား ကျွန်တော့်ကို ဆွဲထားတာ မဟုတ်ဘူးလား"

"ဘာလို့ ဆွဲထားရမှာလဲ"

အသံနက်ကြီးနဲ့နားနားကပ်ကာ ကုန်းအော်ထည့်လိုက်တာမို့ ဥသာမှာ ပြေးလိုလည်းမရဘဲ နားအူခြင်းဒဏ်ကို ပြည့်ပြည့် ဝဝကြီး ခံစားလိုက်ရပါလေသည်။

"ကျွန်တော်နဲ့ ခင်ဗျားဆီက ပစ္စည်းတစ်ခုခု ငြိနေမယ် ထင်တယ်ဗျ၊သွားမယ်ကြံလိုက်ရင် ဘောင်းဘီခါးပတ် က တင်းသွား တယ်"

"ဘာမှ ငြိစရာ မရှိဘူး"

ကောင်မလေးကဇွတ်ငြင်းနေသော်လည်း ဥသာက ဖြင့် သူများပြောတိုင်း မယုံနိုင်ပါ။လူကြီးသူမတွေဆုံးမ ထားတာရှိသည် မဟုတ်လား။သူများပြောတိုင်းလည်း မယုံနဲ့တဲ့။ ကိုယ်တိုင် လက်တွေ့လေ့လာပြီးယုံသင့်မှ ယုံတဲ့။

ဥသာက သူ့ဘောင်းဘီခါးပတ်မှ ထုတ်ထားသော အဝတ်ကြိုးလုံးကလေးတစ်လျှောက် လိုက်ကြည့်လိုက်လျှင် ကြိုးလုံးလေးရဲ့ထိပ်ဖျားဟာ ကောင်မလေးရဲ့ဘောကွင်းမှာရှိ သောလေထိုးဖို့ထားသည့်ထိပ်ပိတ် ကောက်တံရှည်လေးမှာ အကျအန ချည်တွယ်မိနေ တာကိုတွေ့ရလေသည်။

ဖြစ်တောင့်ဖြစ်ခဲ အနေအထား ဖြစ်သော်လည်း ဘယ် လိုက ဘယ်လို တိုက်တိုက်ဆိုင်ဆိုင် ဆုံစည်းသွားရသလည်း မသိ ပါ။

ဥသာရဲ့ ဘောင်းဘီကြိုးဟာ ပုံမှန်ဘောကွင်းတွေက





လေထိုးပေါက်လို ကပ်ကပ်လေးမဟုတ်ဘဲ ကောက်တံရှည်လေး ဖြစ်ကာ သံချောင်းလေးကအောက်စိုက်နေသည့် ကောင်မလေး ရဲ့ရော်ဘာကွင်းက လေထိုးပြွန်တံလေးမှာ သွားချည်မိနေတာ ကတော့ အမှန် ပါပဲ။

"တွေ့လား...၊ဒီမှာ..ခင်ဗျား ဘောကွင်းနဲ့ ကျွန်တော့် ဘောင်း ဘီကြိုး ချိတ်မိနေတာ"

"ဟာ...၊ချိတ်မိ နေလဲ ဖြုတ်လိုက်ပေါ့၊ဘာကိစ္စ လာပြ နေ ရ သေးတာလဲ"

ဥသာက သူ့ကြိုးကို ချက်ချင်းမဖြုတ်သေးဘဲ လက်ညှိုး တ ထိုးထိုးလုပ်ပြနေသေးတာကြောင့် မှုန့်မှာ မျက်နှာလေး တွတ်တွတ်ရဲ အောင်ရှက်ရွံ့နေရလေတော့သည်။

အနားကလူတွေကလည်း ဘာဖြစ်နေတာမှန်းမသိ ပေမယ့် နှစ်ယောက်သားပူးကပ် ပူးကပ်နှင့် လက်သိပ်ထိုး ပြဿနာတက်နေတာကို သတိထားမိကြကာ စောင်းကြည့် စောင်းကြည့် ဖြစ်နေပြီ။

"ကဲ..ရှင့်ကြိုးကဒီတစ်သက်ဖြည်လို့ပြီးတော့မှာလား၊ ဟိုမှာ လူတွေ ဝိုင်းကြည့်နေပြီ၊ရှက်စရာကောင်းလိုက် တာ"

"ရှက်လဲ မတတ်နိုင်ဘူးဗျာ..၊ခင်ဗျား ဘောကွင်းကိုက သံ ကောက် ရှည်ကြီး ထွက်ပြီး ချိတ်ချင် စရာ ဖြစ်နေ

တာ”

မှုန်က ဘက်ပြိုင်ပြောမနေတော့ပါ။ပြဿနာကြီးက လူကြားထဲ ချပြောလျှင်လည်း ရယ်ချင်စရာ၊အပြိုင်အဆိုင် ငြင်းခုန်နေလို့လည်း ရှက်စရာမို့ သူကြိုးဖြည်အပြီးကိုသာ ကျိတ်မှိတ်စောင့်နေလိုက်ရပါသည်။

“ရပြီ၊စိတ်ရှည်ရှည်ထားရမှာပေါ့၊ခင်ဗျား စိတ်တိုနေတာနဲ့ လူတွေ သတိထားမိသွားတာ”

“ဟဲ့…မှုန်၊ဘာဖြစ်နေတာလဲ”

အလွန်တရာမှ အားကိုးရသော…မရွှေသုန်တို့က ပြဿနာပြီးမှ အနားရောက်လာသည်။စောစောကသာ သူ အနားရှိနေလျှင် မှုန့်မှာ မျက်နှာအပူရ မသက်သာပေဘူးလား။

“မသိဘူးဟယ်…မသိဘူး၊သိပ်မုန်းဖို့ကောင်းတာပဲ”

မှုန်က ရှက်လည်းရှက်၊ဒေါသလည်းထွက်ကာ ယိမ်းထိုးယိမ်းထိုးနှင့်ပင် မတ်တတ်ထရပ်လျက် ကိုယ်ပေါ် စွပ်ထားသော ရော်ဘာကွင်းကို ဖြုတ်ချန်ခဲ့ကာ နေရာမှ ထွက်သွားလေသည်။

နောက်မှရောက်လာသောသုန့်မှာ ဘာတွေဖြစ်ထားမှန်းလည်းမသိ၊ဟိုတစ်ယောက်ကိုလည်းရန်တွေ့ ပေးရမှာလား၊ မပေးရဘူးလားလည်း မသိဘဲ တစ်ယောက်တည်းကျန်ခဲ့ပြီးတော့မှ မှုန် ချန်ထားခဲ့သည့်ဘောကွင်းကိုကောက်ယူကာ မှုန့်နောက် အပြေး လိုက် သွားရတော့သည်။





ကောင်မလေးနှစ်ယောက် ထွက်သွားပြီးတော့မှ အူကြောင်ကြောင်ဖြစ်နေသော ဥဩာက တဖြည်းဖြည်းရယ်ချင်စိတ်တွေ တလိုက်လိုက် တက်လာကာတဟားဟားရယ်ဖြစ်လျှင် အနား က လူတွေရဲ့ “ဒီကောင်ရူးများ သွားပြီလား”ဆိုသည့် မျက်လုံးမျိုးဖြင့် ဝိုင်းကြည့်ခြင်းကိုခံရတော့သည်။

* * *

## (၂၂)

ရောက်သည့်နေ့တစ်ရက်၊နောက်တစ်ရက်နှစ်ရက်ဆက်ကာ ရေကူးလိုက်ရသည်မို့ ရေကူးခြင်းအလုပ်ကိုအနည်းငယ်ငြီးငွေ့ လာပြီဖြစ်သော ဥဩာနှင့်ဟံသာက ဒီနေ့တော့ လုပ်ငန်းအသစ် ရှာကြသည်။

ကမ်းခြေမှာဘောလုံးကန်နေသောရွယ်တူ ကောင်လေး တစ်အုပ်စုကိုတွေ့လျှင် အတင်းဝင်ရောမိတ်ဆက်ပြီး ဘောလုံးဝင် ကန်ကြခြင်းပင်။ရွယ်တူယောကျ်ားလေးချင်းမို့ ခဏနဲ့ ပေါင်းသင်း အဖွဲ့ကျကာ ငယ်ပေါင်း ကြီးဖော်တွေလို





တဟေးဟေးတဝါးဝါးဖြစ်ကုန်ကြတော့တာမို့ သူတို့ကမ်းခြေနားတစ်ဝိုက်မှာ မျက်စိနောက်လောက်အောင် ရှုပ်ယှက်ခတ်နေတော့၏။

"ဟေ့..ဥဩာ၊လာပြီ ဖမ်း....ဖမ်း"

ဟံသာက လှမ်းအော်သတိပေး ပေမယ့် သဲထဲမှာရွှေ့လျား မလွယ်တာမို့ ဘောလုံးက ဥဩာဘေးကကပ်ကာ ဂိုးစည်းအဖြစ် သတ်မှတ်ထားသောဘိနပ်အတွင်းက ဝင်သွားလေသည်။

"မင်းညံ့လို့တစ်ဂိုးပေးလိုက်ပြီ၊ငါတို့က အသာနဲ့ကစားနေ ရတာကို"

"မင်းဖမ်းကြည့်ပါလားကွ၊ခြေထောက်ကရွှေ့ချင်တိုင်းရွှေ့လို့တာ မှမဟုတ်တာ၊သဲထဲနစ်ဝင်သွားလို့ မနည်းပြန်ရုန်းနေ ရတဲ့ဥစ္စာ"

"ငါ ဂိုးဖမ်းတော့ရော မင်းကဂိုးဝင်အောင်သွင်းနိုင်လို့လား"

တခြားလူတွေရန်မဖြစ်ရဘဲ သူတို့ညီအစ်ကိုနှစ်ယောက်တည်း အပြန်အလှန် တိုက်ခိုက်ရန်ဖြစ်နေတာကို သူစိမ်းတွေခမျာ အတော်လေးဖျဉ်ယူရပါသည်။

"ကဲဗျာ ခင်ဗျားတို့က ကစားမှာလား၊ရန်ဖြစ်မှာလား၊ ညနေတောင်စောင်းပြီဗျ၊မှောင်သွားရင် ကစားလို့မ

ကောင်း တော့ဘူး ”

တစ်ယောက်ကခြိမ်းခြောက်လိုက်တော့မှပွဲပြန်စဖြစ်သည်  ဒါတောင်နှစ်ယောက်သား မျက်နှာတွေက ပုပ်သိုးသိုး။

“ဒီတစ်ခါ မိအောင် ဖမ်းနော်”

“မင်းလဲ ဘောလုံးနဲ့ ခြေထောက် ထိဖူးတယ် ရှိအောင် ထိ ကြည့်ဦး”

ဟံသာကအံကိုတင်းခနဲနေအောင် ကြိတ်လိုက်သည်။ နေနှင့်ဦးပေါ့။ ကိုယ်တိုင်ကအဖြစ်ရှိတာမဟုတ်ဘဲသူများကို လှောင်ချင်သည့် ဉာဏ်သာ၊ ဒင်းရှေ့မှာ ရော်နယ်ဒို ပုံစံမျိုးနဲ့ လှလှပပလေး ဂိုးသွင်းပြလိုက်တော့မှ ကောင်းကောင်းမှတ်သွားမှာ။

ဒီတစ်ခါ ကိုယ့်ခြေထဲရောက်လာသည့် ဘောလုံးကို တော့ တခြားဘယ်သူ့ကိုမှမပေးဘဲ တစ်ဦးတည်းခြေစွမ်းပြကာသွင်းပစ် လိုက်မည်ဆိုသည့်စိတ်ကူးဖြင့် ဟံသာကဘောလုံးကို ရအောင် လုသည်။ ကံကောင်းထောက်မစွာ သူ့ ခြေထဲရောက်လာသော ဘောလုံးကို ဘယ်သူ့မှမပေးဘဲ သဲပြင်ပေါ်မှာ ကန့်လန့်ဖြတ်ဆွဲပြေးပြီး ဂိုးစည်းနဲ့ သုံးကိုက်လောက်အလိုမှာ တည့်တည့်ချိန်ရွယ်ကာ အပိုင် ကန်ထည့်ပစ်လိုက်သည်။

“ဂိုး...”

“ဟာ...”

“အား...”





ဂိုးဆိုသည့်ပထမအသံက ဟံသာ ဘောလုံးလိမ်ခေါက်သယ်သွားကာ ဂိုးစည်းနားအထိ ကပ်သွားနိုင်ကတည်းက ဒီတစ်ခါတော့အပိုင်ဂိုး ရပြီဟုသေချာနေသော သူတွေထဲမှထွက်လာခြင်း ဖြစ်ပြီး ၊ဒုတိယထွက်လာသည့် “ဟာ”ခနဲအသံမှာ ပင့်တိုက်လိုက်သော လေအရှိန်ကြောင့်ဘောလုံးက လမ်းကြောင်း ပြောင်းကာကွေ့ဝိုက်ထွက်သွားတာကိုတွေ့လိုက်ရချိန်မှာ ထွက်ပေါ်လာသော အသံ ဖြစ်ပါသည်။

တတိယ ထွက်ပေါ်လာသော“အား”ဆိုသည့်အသံမှာ ကား သူ့ဘာသာ ကမ်းစပ်မှာ အေးအေးဆေးဆေး လမ်းလျှောက်နေသော သုန့်ကို ဘောလုံးက တည့်တည့်ထိမှန်သွားတာမို့ နောက်ပြန်လဲကျစဉ်သုန့်ထံမှမချိမဆံ့ထွက်ပေါ်လာသောအသံပင်တည်း။

“ဟာ... သွားပြီ သွားပြီ၊ဒုက္ခပါပဲဗျာ၊ပြဿနာတော့ အကောင်လိုက်တက်ပါပြီ”

ကစားဘက်ကောင်လေးတွေထံမှ ညည်းညူသံတွေ အပြိုင်အဆိုင်ထွက်ပေါ်လာချိန်မှာဟံသာကတော့ဘာမှ မပြောနိုင်လောက်အောင်ကိုပဲ စိတ်ဓာတ်ကျလျှက် သဲသောင်ပြင်ပေါ် ပစ် ထိုင်ချ ချင်လောက်အောင် နုန်းချည့်သွားရလေသည်။

ဒါဟာ မဟာ့မဟာပြဿနာကြီးပဲဆိုတာ သူ ကောင်းကောင်းသိသည်။ ကောင်မလေးတွေက နဂိုကတည်းက စွာက

စွာပါဘိသနဲ့။ပြီးတော့မနေ့ကလည်း ဥသာနဲ့ဆံပင်ရှည် ကောင်မလေးတို့ ရေကူးရင်း တိုက်မိကာ ပြဿနာ ဖြစ်ထားသည့်အခံကလည်း ရှိသေးသည်။မနေ့ညက ထမင်းသွားစားရင်းတောင် ထမင်းဆိုင်မှာ ဆုံဖြစ်ကြတော့တစ်ဘက်နဲ့တစ်ဘက် မျက်လုံးချင်းဘိုက်ပွဲ ဖြစ်ခဲ့ကြသေးတာ။

"ရှင်တို့ မိုက်ရိုင်းလှချည်လား ဟင်၊မိမဆုံးမ ဖမဆုံးမ သားသမီးတွေလား"

ဘောလုံးက ရင်ဝတည့်တည့်မှန်ပြီး ဖင်ထိုင်လျက်ကျတာတောင် ချက်ချင်းပြန်ထပြီးရန်တွေ့ နိုင်သေးသည်။အာဂကောင်မလေးပါပဲ။

"တောင်းပန်ပါတယ် အစ်မရယ်၊ကျွန်တော်တို့ ကစားရင်း မတော်တဆ ဖြစ်သွားတာပါ"

"မတော်တဆ ဟုတ်လား၊ဘာ မတော်တဆလဲ၊ရှင်တို့ကို ပြောနေတာ မဟုတ်ဘူး၊ဟို တစ်ယောက်ကို ပြောနေ တာ၊သူ ကျွန်မဆီ တည့်တည့်ရောက်အောင် သေချာချိန်ပြီးကန်လိုက်တာကျွန်မ မြင်တယ်"

ဟင်...၊သေချာပေါက်ကြီးကိုစွပ်စွဲနေတော့တာပါလား။ဟဲ့သာ့မှာ ကိုယ့်အမှားမို့တောင်းပန်ဖို့ စိတ်ကူးလိုက်တာလေးပင်ပျောက်လျက် မဟုတ်ဟပ် စွပ်စွဲခံလိုက်ရလို့ထွက်လာသည့်ဒေါသ တွေ ရောက်လာရတော့သည်။



F - 10 (B)



"ကျုပ်ကခင်ဗျားကို ဘာကိစ္စ ချိန်ပြီးကန်ရမှာလဲ၊ ခင်ဗျား လာနေတာမြင်တောင် မမြင်ဘူး...၊ခင်ဗျားကိုလဲ ဂရု စိုက်ပြီးလိုက် ဇာတ်လမ်းရှာနေစရာ မလိုဘူး"

သူကလည်း မိန်းကလေးတစ်ယောက်ကို လူပုံကြားထဲ အရှက်တကွဲဖြစ်အောင်လုပ်သေးသည်၊သူကလည်းတောင်းပန်ဖို့ စိတ်မကူးဘဲပြန်ရန်တွေ့နေသေးသည့်ကျိုးကန်းကောင်ကို သုန်က မီးထတောက်မတတ် မျက်လုံးတွေဖြင့် စူးစိုက်ကြည့်ပစ်လိုက်ပါသည်။

ဒီလူဟာ အတော်မိုက်ရိုင်းသည့် လူ။အခုကိစ္စမှာ သူ့ဘက်က လွန်တာလည်း အားလုံးအမြင်ပဲဥစ္စာ။တမင်တကာ မလုပ်ဘူးပဲထား၊သူ့ကြောင့် တစ်ဘက်သားထိခိုက်နစ်နာသွားသည့်အတွက် တော့တောင်းပန်ဖို့တာဝန်သူ့မှာရှိကို ရှိတာ။

"ရှင်က အောက်တန်းကျလှချည်လား၊ကိုယ်က အမှားလုပ် မိရင် တောင်းပန်ရမယ်ဆိုတာလေးတောင် မသိတော့လောက် အောင် လူမှုရေး ခေါင်းပါးရလား"

"ကောင်းကောင်းမွန်မွန်ဆို တောင်းပန်ဖို့ ဝန် မလေးဘူး၊ အခုဟာက ခင်ဗျားက ကျုပ်ကို မဟုတ်တာ စ စွပ်စွဲတာကိုးဗျ"

ဩော်..ကောင်းလေစွ။သူ့ရဲ့အတောင်းပန်ကို ခံယူရဖို့ဆိုလျှင်၊ကိုအဟုတ်ရယ်...ကျွန်မကို တောင်းပန်စမ်းပါရှင်လို့

သုန်ကပဲ မျက်နှာချိုသွေး၊လေပြည်သွေးကာအသနားခံရဦး မည့်ပုံ။

ထိခိုက် နစ်နာသွားရသည့် သူ တစ်ယောက်ကတော့ ကိုယ့်ရဲ့ နစ်နာမှုအတွက်ချက်ချင်းလက်ငင်းတုံ့ပြန်မှာပဲ။ဒါကို အ ပြစ်အရင်ရှိသားသည့်သူက နာရကြေးလား။

“စိတ်မရှိပါနဲ့ အစ်မရယ်၊ကျွန်တော်တို့တောင်းပန်ပါ တယ်”

ကြားထဲက မဆိုင်သည့်သူတွေက တောင်းပန်ပေး နေသော်လည်း ကာယကံရှင်ကတော့ ဒီကိစ္စ ဂရုစိုက်နေစရာ မလိုပါ ဘူး လို့များ ထင်နေသလားမသိ။တုတ်တုတ်မျှ မလှုပ်ချေ။

“မရဘူး၊ကျွန်မ လုံးဝ မကျေနပ်နိုင်ဘူး၊ရှင်တို့ကိုတော့ အားနာပါတယ်၊ဒါပေမယ့်....မဆိုင်တဲ့ သူက ဝင်ပြီး တောင်းပန်ရုံနဲ့တော့ မကြေအေးနိုင်ဘူး၊ကာယကံရှင် က ဒူးထောက်တောင်းပန်မှ ကျေနပ်နိုင်မယ်”

ဟံသာ့ခေါင်းကဆံပင်တွေ ထောင်းခနဲထောင်ထသွားရ လောက်အောင်မခံချင် ဖြစ်သွားရပါသည်။

ဒူးထောက်ပြီးတောင်းပန်ရမတဲ့။သူလိုယောကျ်ား တစ်ယောက်က မိန်းကလေးတစ်ယောက်ကို.လူအများကြီးရှေ့မှာ ဒူးထောက်ပြီးတောင်းပန်ရမတဲ့လား။

ထားပါတော့၊ကိုယ့်ဘက်ကတကယ်မှားယွင်းကျူး လွန်ခဲ့မိသည်ဆိုလျှင်တော့ တောင်းပန်ရတာဖြစ်သင့်သေး သည်။အခုတော့ ကိုယ့်ဘက်ကလည်း မတော်တဆဖြစ်သွားရ သည့် အမှားပဲ။ ဒီလောက်ကြီး အောက်ကျို့ တောင်းပန်စရာ အကြောင်းမှ မရှိ တာ။





“ကျွန်တော်ယောကျ်ားဗျ၊အလကားနေရင်းဒီလောက် အောက်ကျ ခံပြီး မတောင်းပန်တတ်ဘူး”

“ဘာ ရှင်ကလဲမိုက်ရိုင်းသေးတယ်၊ရှင်ကလဲမတောင်း ပန်နိုင်ဘူး...ဟုတ်လား၊ရှင်လူမှ ဟုတ်သေးရဲ့လား”

“သိပ်ဟုတ်တာပေါ့၊လူမှလူအစစ်ပဲ၊မယုံရင်စမ်းကြည့် လို့ရတယ်”

သုန့်တစ်ကိုယ်လုံးတဆတ်ဆတ်တုန်လာပြီ။ဒီလူဟာ သူကလည်း စပြီးရန်ရှာသေးသည် သူကပဲ စော်ကားမော်ကား ပြော သေးသည်။ဘယ်လောက်မခံချင်ဖွယ်ရာကောင်းလိုက်သလဲ။

ဒီနေရာမှာ သုန်သာယောကျ်ားလေးဖြစ်လို့ရှာတော့ သူ့မျက်ခွက်ကို လက်သီးနဲ့သုံးကြိမ်လောက် ထိုးပြီးသား ဖြစ်နေ လောက်ပြီ။အခုတော့ ကိုယ်က မိန်းကလေး၊ ယောကျ်ားလေး တစ်ယောက်နဲ့ လက်သီးထိုးပွဲ ကျင်းပရသည်ဆိုလျှင် အရှက်ကွဲ လိုက်မည့်အမျိုး။

ကဲ ဒါဖြင့်အသာလေးအလျှော့ပေးပြီး တပ်ခေါက်ပြန်

ခဲ့ရမှာလား။ဒီလိုတော့လည်းဘယ်ဖြစ်နိုင်မှာလဲ။သုန်ဟာ လူတစ်ယောက်ရဲ့ ကိုယ်ထိလက်ရောက် စော်ကားမှုကိုရော ခေါင်းငုံ့ခံလာရမတဲ့လား။

သူ့ကိုထိထိခိုက်ခိုက်ဖြစ်အောင် ပြန်လုပ်ဖို့အစီအစဉ် လတ်တလော ခေါင်းထဲ မဝင်လာသေး။လောလောဆယ် လုပ်နိုင်တာကတော့......

သုန်က အသာလေးခါးကိုင်းလိုက်ကာ ခြေထောက် အောက်က သဲရွှံ့ မြေတွေကို လက်နဲ့တစ်ဘက် တစ်ဆုပ်စီ အပြည့်ယူလိုက်သည်။ပြီးလျှင် ဟိုလူ့မျက်နှာကိုတစ်ဆုပ်၊ရင်ဘတ် ကိုတစ်ဆုပ် ချိန်ရွယ်ပစ်ပေါက်လိုက်တော့သည်။

"ဟာ..."

မထင်မှတ်သောတိုက်ခိုက်မှုမို့ဟံသာ့မှာ အငိုက်မိ သွားကာ အထိနာသွားရပါသည်။

ကံဆိုးချင်တော့ မျက်နှာကိုချိန်ရွယ်လျက် တည့်တည့် ပစ်ပေါက်လိုက်သောသဲ တစ်ဆုပ်က မျက်လုံးထဲ ဝင်သွားကာ အလူးအလဲခံစားရတော့သည်။

"လာ...ဒီနားက ရေဘုံပိုင်မှာ သွားဆေးမယ်"

ဥဿာ အနားရောက်လာကာ အတင်းဆွဲခေါ်တော့မှ ဟံသာလည်းနီးရာဘုံပိုင်မှာသွားကာ မျက်လုံးကို ဆေးကြော လိုက်ရသည်။





မျက်လုံးအစပ်ပျောက်သွားလို့အနီးအနားကိုကြည့် လိုက်သည့်အခါမှာတော့ ပြဿနာမလေးက ဘယ်ရောက်လို့ ရောက်မှန်းမသိအောင်စုပ်စမြုပ်စ ပျောက်ဆုံးသွားလေပြီ တည်း။

*　　*　　*

## (၂၃)

တောင်တက်လမ်းက မကြုံစဖူးလောက်အောင်ကြမ်းတမ်း လှပါဘိတောင်း။ ဒီလောက်ပင်လယ်ကမ်းခြေအရပ်ဒေသမှာ ဒီလောက်တောင်ပေါ်ကြီးတက်ရသည့်နေရာမျိုးကလည်း ရှိသေး သတဲ့လား။

ထွက်လာကြတုန်းကတော့ခရီးလမ်းက ဘယ်လောက်ဆိုးရွားမည်ဆိုတာ မသိကြသေးတာမို့ နှစ်ယောက်သား မကြောက် မရွံ့ ထွက်လာကြတာ။

သွားခါစတုန်းကတော့ လမ်းကြမ်းပေမယ့် မြေ ပြန့်





သေးသည်။ တဖြည်းဖြည်းတောင်တက်လိုက်ကုန်းဆင်းလိုက်လုပ်လာရသောအခါသတ္တိခဲနှစ်ယောက်မှာ အသက်ပင်မရှူနိုင်ကြတော့။

ချောင်းသာမှာက လည်စရာ ပတ်စရာရယ်လို့လည်းဘာမှမှမရှိတာ။ မြို့ထဲလမ်းကိုတစ်ပတ်လောက် မောင်းကြည့်လိုက်လျှင်ပဲ ကြည့်စရာကစုံသွားပြီ။ တစ်နေကုန် တည်းခိုဆောင်မှာပဲငြိမ်ကုပ်နေကြဖို့ဆိုတာလည်းနဂိုကလမ်းများခြေရှုပ်သော မှုန်နဲ့ သုန့် အတွက် သိပ်မလွယ်ကူသောကိစ္စ။

ဒါနဲ့ပဲ ဟိုလူမေး၊ ဒီလူမေးနဲ့ သွားစရာ လည်စရာ နေရာလိုက်ရှာကြတော့ကျောက်မောင်နှမဆိုသည့်နေရာတစ်ခု ထွက်လာသည်။ ရုပ်ရှင်သမားတွေ အဲဒီမှာသွားပြီးရုပ်ရှင်ရိုက် နေကျဆိုတော့ နေရာလေးကသာယာလှပမှာပဲဟုနှစ်ယောက် စလုံးက တွေးကြသည်။

ကျောက်မောင်နှမကိုသွားဖို့ ကိုကိုကြီးကိုခေါ်တော့နဂိုကမှ ချထားသည့်နေရာမှာ ကျောက်ရုပ်တစ်ရုပ်လိုရှိနေတတ်ပါသော၊ ထမင်းစားဖို့ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်အပြင်ထွက်တာကလွဲလျှင်ကမ်းခြေကိုတောင်မဆင်းသော ကိုကိုကြီး က ဘယ်လိုမှခေါ်မရ။

ကိုကိုကြီး မလိုက်ဘူးဆိုပေမယ့် မှုန်နဲ့သုန်တို့က အကြံအစည်ကို လက်မလျှော့ကြပါ။ ကိုယ့်ဘာသာ နှစ်ယောက်တည်း

ပဲ သွားတော့မည်လို့ ဆုံးဖြတ်ကာ ထွက်လာဖြစ်ခဲ့ကြခြင်းပင်။

ကိုယ်ရောက်နေတာကကမ်းခြေ မြေပြန့်မို့ ကျောက်မောင်နှမ ဆိုတာလည်း မြေပြန့်နေရာမျိုးပဲထင်ပြီး အေးအေးဆေးဆေးမောင်းလာလိုက်ကြတာ တဖြည်းဖြည်း တောင်တက်လမ်းတွေ၊ချိုင့်ကျင်း ၊ကျောက်ခဲတုံးတွေနဲ့ ဆိုးရွားလာသောလမ်းကြောင့် ကားမောင်းလာသည့်မှုန့်မှာ ဇောချွေး တဒီးဒီးကျလာတော့သည်။

"သုန်…၊နင် မောင်းမလား"

မှုန်က သူ့ဟက်သတ္တိ နည်းနည်းပိုရှိသော သုန့်လက်ထဲကားကိုလွှဲအပ်လိုက်သည်။သုန်ကလည်း မှုန့်ထက်ဘယ်လောက်များ သာတာလိုက်လို့။တကယ်မောင်းရပြီဆိုသောအခါ တောင်ပတ်လမ်းအကွေ့အချိုးတွေ၊မတ်စောက်သော ကုန်းတက်တွေ၊ကားဘီးကို ဖောက်ထွင်းပစ်နိုင်လောက်အောင် ချွန်ထက် စူးရှသော ကျောက်တုံးတွေနှင့်သုန်လည်း မသက်သာပါ။

"အားပါး…လမ်းက တကယ် ကြမ်းတာပဲ..၊ကားဘီးပဲပေါက်မလား၊ကားထဲက တစ်ခုခုပဲပြုတ်ကျမလားမသိဘူး"

"ဘီးပေါက်တာကမှ လဲလို့ ရဦးမယ်၊ လေးကျိုးတာတို့၊ ဘောဂျိုင်း ပြုတ်တာတို့၊ဘာညာ ဖြစ်သွားရင် သေပြီ၊ ငါတို့ နှစ် ယောက်တည်း ပျာနေတော့မှာ"





"ချောက်ထဲပြုတ်ကျသွားရင်လဲ ဒုက္ခ"

"ချောက်ထဲတော့မကျနိုင်ပါဘူးဟာ"

"ဘရိတ်ပေါက်သွားရင်ကော…"

တစ်ယောက်တစ်မျိုး ကြောက်စရာတွေ တွေးကာ နှစ်ယောက်စလုံး ရင်တွေ တထိတ်ထိတ်ခုန်နေတော့သည်။

လမ်းကလည်းပိုမိုမြင့်မတ်လာကာ ကြမ်းတမ်းလိုက်သည် မှာလည်းအလွန်။သုန့်မှာကားကိုစက်ရှိန် မြှင့်ပြီးလည်း မောင်းလို့ မရ၊ဖြည်းဖြည်းမောင်းတော့လည်းနောက်ပြန်ပြုတ်ကျမလားလို့ စိုး ရိမ်ရနှင့် ဒုက္ခရောက်လိုက်သည့်ဖြစ်ခြင်း။

"ပြန်ကြရအောင်လား"

"နင်ဦးနှောက်မရှိဘူးလားမှုန်ရဲ့၊ဒီလောက်လမ်းကျဉ်းလေး ကားဘယ်လိုပြန်ကွေ့ဖို့ရှိမလဲ၊ကွေ့လို့ရမှတော့လှည့်ပြန်ခဲ့ တာကြာပြီပေါ့"

"အေးဟာ..၊စောစောကရွာထဲဖြတ်မောင်းလာတုန်း ကွေ့ပြန်ခဲ့ကြရင် ပြီးရော"

"အဲဒီတုန်းက လမ်းမှ ဒီလောက် မဆိုးသေးတာ ဆက်သွား ရင် ရဦးမယ်ထင်လို့ပေါ့"

"ကဲဟာ… ဆက်သွားနေမယ့်အစား ကားကို ခဏရပ်ပြီး စဉ်းစားရအောင်၊ဘာဆက်လုပ်သင့်သလဲလို့"

သုန်က မြေနည်းနည်းညီသောနေရာမှာ ကားကို ရပ်

လိုက်ပါသည်။ရှေ့ဆက်မောင်းဖို့သတ္တိမရှိတာမှန်ပေမယ့် ဆက်မမောင်းလို့ဖြစ်ကိုမဖြစ်သည့် အနေအထားမို့ အားတင်းပြီး မောင်းရဦးမှာလည်းအမှန်ပါပဲ။ဆက်မောင်းရမှာကို ကြောက် ကြောက်နဲ့သာ ဖွတ်ရပ်တန့်ထားရတာ။

အခုနေ တစ်ခုခုဖြစ်လိုက်လို့ကတော့ လူမနီးသူမနီး တောင်ကြား မြောင်ကြားမှာထိုင်ငိုနေဖို့ပဲ ရှိတော့သည်။မပြောစကောင်း ချောက်ထဲပြုတ်ကျပြီး သေလျှင်တောင် သုံးလေးရက်လောက်ကြာမှ အလောင်းရှာတွေ့နိုင်လောက်အောင်ပဲ လူခေါင်ပြတ်လပ်လှသည့်နေရာ။

"အကူအညီတောင်းစရာလဲ ဘယ်သူမှ မရှိ ဘူးနော်"

"လူတွေ့တော့ရော ဘာအကူအညီတောင်းလို့ရမှာလဲ၊ ကားကို ထမ်းပြီး တောင်အောက်ပြန်ချပေးဖို့လား"

"အေးဟာ စူပါမင်းသာရှိရင်ရင်တော့ ကောင်းမှာပဲ"

အရေးထဲ စိတ်ကူးယဉ်နေသေးသော သုန့်ကို မှုန်က မျက်စောင်းပိတ်ထိုးပစ်လိုက်ပါသည်။သုန်တစ်ယောက်ဟာ ဒီလောက် စိတ်ညစ်ကြောက်လန့်နေရသည့်နေရာမှာတောင် ရွှတ်နောက် နောက် လုပ်ချင်သည့် အကျင့်ကမပျောက်သေး။

"ဟယ်... ဟယ်၊ဟိုမှာကြည့်စမ်း မှုန်၊ကားတစ်စီး လာနေတယ် တွေ့လား"

တဂျုန်းဂျုန်းအသံ ဆူညံစွာနှင့် တောင်ပေါ် ကုန်းရုန်း





တက်လာသော ကားတစ်စီးကို ကိုယ့်အပူနဲ့ကိုယ်မို့ အတော်ကြီးနီးကပ်မှ မြင်ကြရတော့သည်။

"ကား လာတာ ဟုတ်ပါပြီ၊သူတို့လာတော့ဘာ လုပ်ရမှာလဲ..၊ငါတို့ကားက ပျက်နေတာမှ မဟုတ်တာ၊ဆက်မောင်းရဲရင်မောင်းသွားလို့ရသားပဲ၊ မမောင်းရဲတော့လို့ ရပ်ထားရတာမဟုတ်ဘူးလား"

မှုန်ပြောတာလည်းဟုတ်တော့ဟုတ်သားပဲ၊ နောက်ကကား လာလျှင် ပြဿနာတောင် ပိုကြီးဦးမည်။သူတို့တွေ ဒီနေရာကမဖယ်ချင်ဘဲလဲ ဖယ်ပေးရတော့မည်။ကုန်းတက်တွေမှာ နောက်ပြန်လိမ့်ကျလျှင်လည်းနောက်ကားနဲ့ ဆောင့်ချင်ဆောင့်မိဦးမည်။

"ဘာပဲဖြစ်ဖြစ်အဖော်တော့ ရတာပေါ့၊အနည်းဆုံးငါတို့သေရင်..အလောင်း ကောက်မယ့် သူတော့ ရှိမယ်လေ၊ပုပ်သိုး ပျက်စီးမှ ရှာတွေ့တာမျိုး မဖြစ်နိုင်တော့ဘူး"

"ပါးစပ်ပုပ်က နိမိတ်မရှိ နမာမရှိ ပြောနေပြန်ပြီ၊နင်သာသေ ၊ငါတော့မသေနိုင်သေးဘူး"

"ငါလဲ ယောကျ်ားမရသေးဘဲနဲ့ မသေချင်သေးပါဘူး"

မှုန့်မျက်နှာ စူပုပ်ကာ အသံမထွက်ဘဲပွစိပွစိတွေ ပြောနေတော့သည်။သုန်ကတော့ မှုန့်ဘက် လှည့်မကြည့်တော့

ဘဲ တောင်ပတ် လမ်းတစ်လျှောက် ကွေ့တက်လာသော ကားကိုသာ စောင့်ကြည့်နေဖြစ်သည်။

"ဟယ်တော့..."

အနားရောက်လို့ရှေ့ဆက်မသွားနိုင်တော့သောကားက ရပ်တံ့လိုက်တော့မှပင်ကားပေါ်ပါလာသည့်လူတွေကိုကြည့်ကာ နှစ်ယောက်သား အာမေဋိတ်သံ ဖြိုင်တူထွက်သွားရသည်။

"ဟက်ကယ်(လ်)နဲ့ ဂျက်ကယ်(လ်)ပါလား"

"အဲဒါမှ ဒုက္ခပဲ၊သူတို့ရှေ့မှာ အရှက်တော့ကွဲပါပြီ"

"အေးဟယ်....ငါတို့ကိုတော့ ကောင်းကောင်း လှောင်တော့မှာပဲ"

မှုန်နဲ့သုန် ခေါင်းချင်းရိုက်သွားချိန်မှာ ကားပေါ်က ဥသာနဲ့ ဟံသာလည်း တံခါးပိတ်စည်းဝေးပွဲ တစ်ခုအမြန်ဆုံးကျင်းပလိုက်ရပါသည်။

"ချစ်(ပ်)နဲ့ ဒေး(လ်)ပဲကွ၊ဘာဖြစ်နေကြတာလဲမသိဘူး"

"ကားပျက်လို့နေမှာပေါ့"

"ကောင်းတယ်...အဲဒါအကွက်ပဲ၊မနေ့က ငါ့ကိုဆော်သွားတာလုံးဝ အစာမကြေဘူး.....၊သူတို့ကို ကောင်းကောင်း ဟောက်စား လုပ်ပစ်ရမယ်"

"မင်းကလဲကွာ....ကားပျက်နေမှတော့ သူတို့လဲ ဘာ





တတ်နိုင်မှာလဲ"

"ဩော...မင်းက သနားနေတယ်ပေါ့ ဟုတ်စ..."

"သနားတယ်ရယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ...၊ဒုက္ခရောက်နေတဲ့သူကို ထပ်ဒုက္ခပေးတာယောကျ်ားမပီသရာ ကျမှာစိုးလို့"

"ဒါဖြင့်...ဒင်းတို့ကို အကူအညီပေးသင့်တယ်ပေါ့"

"ပေးသင့်တာ မဟုတ်ဘူး...ပေးကို ပေးရမှာ၊ဘာလို့လဲဆိုတော့.. သူတို့ကားက တို့ကားရှေ့မှာပိတ်ပြီးရပ်နေတာ၊သူတို့ကားမထွက်နိုင်ရင် ငါတို့လဲဆက်သွားလို့မရဘူး၊ရှောင်စရာနေရာမှ မရှိ တာ"

ဟံသာ ပြောတာလည်းဟုတ်သား။လက်ရှိအခြေ အနေမှာ ကိုယ့်ရဲ့ ကမ္ဘာ့ရန်သူဖြစ်နေရင်တောင် မကူမဖြစ် ကူရတော့မှာ။ မကူညီချင်ဘူးဆိုလျှင် ကိုယ့်ကားလည်း ရှေ့တိုး မရ၊နောက်ဆုတ်မရ အခြေအနေကိုရောက်သွားတော့မည်။ မြန်မာ့အသံမှာ တစ်ခါပြ ဖူးသည့် (Knight Rider) ကားလို ရှေ့ ကအတားအဆီး မှန်သမျှ ခလုတ်တစ်ခု နှိပ်ရုံနဲ့ လွှားခနဲ ကျော်ဖြတ်သွားနိုင်သည့် အခြေ အနေမျိုးမရှိတာမို့ ရှေ့ဆက်သွားချင်လျှင် သူတို့ကားကိုပြင်ပေး ချင်ပြင်ပေး၊မပေးလျှင်လည်းချောက်ထဲတွန်းချလိုက်ဖို့ပဲရှိတော့သည်။

"ကား ဘာဖြစ်တာလဲ"

ဥသာက စဉ်းစား တွေဝေ နေဆဲ ဟံသာက ကား အောက်အရင်ဆင်းသွားကာ သတင်းသွားမေးနေပြီ။ဟံသာ ဆင်းမှတော့ ဥသာလည်းမနေသာတော့ဘဲ မျက်နှာပုပ်သိုးသိုး နှင့်ပင် လိုက်ဆင်း ရတော့သည်။

"ကား ဘာမှ မဖြစ်ပါဘူး"

"ဒါဆို လူဘာဖြစ်လို့လဲ"

"လူလဲ ဘာမှမဖြစ်ပါဘူး"

အမြင်ကတတ်စရာ ကောင်းလိုက်တာ။သူတို့တွေဒုက္ခ တစ်ခုခု ရောက်ပြီး လမ်းလယ်ခေါင်ကြီး ကားထိုးရပ်ကာ မျှော် မှိုင်သလိုမှိုင်နေကြတာများကားရောလူရောဘာမှမဖြစ်ဘူး တဲ့။ဒုက္ခရောက်တာတောင် လေသံမလျှော့ချင်သေးသည့်ဟာ လေးတွေကို မြေပြန့်.မှာဆိုရင်တော့ကျီးထိုးထိုးခွေးစားစား ဆိုပြီး ဥပေက္ခာပြု လိုက်တာကြာပြီ။

ဒီနေရာမှာတော့ သူဖယ်မှ ကိုယ်လမ်းရမှာမို့ သူ့ အခက်အခဲသည် ကိုယ့်အခက်အခဲနဲ့ တိုက်ရိုက်အချိုးကျနေ ပေရာ မကူညီ ချင်သော်လည်းပစ်ထားလို့ မရတော့ပေ။

"လူရောကားရောဘာမှမဖြစ်ရင် ခင်ဗျားတို့က ဒီနေ ရာမှာ တကူးတက လာရပ်ပြီးဘာလုပ်နေတာလဲ"

"လေညင်းခံနေတာလေ"

"ရူးနေလို့လား"





"ရှင်တို့လိုများမှတ်နေသလား"

"ခင်ဗျားတို့ ရှုတ်ရှုတ်ရှုတ်ရှုတ် မလုပ်နဲ့နော်၊လည်ပင်း ညှစ်သတ်ပြီးလူရောကားရော ချောက်ထဲတွန်းချထား ရင် ဘယ်သူမှ သိလိုက်မှာမဟုတ်ဘူး"

ဥသာကခြိမ်းခြောက်လိုက်တာမို့ မှုန်နဲ့သုန်တို့ တွန့်ခနဲ ဖြစ်သွားရပါသည်။ရုပ်တွေက တကယ်စိတ်မထင်လျှင် မထင်သလို လုပ်မည့်ရုပ်တွေ။သိပ်စိတ်ချရတာမဟုတ်။နေရာ ကလည်း သူတို့ပြောသလိုပဲ လူသတ်ပြီးပစ်ထားလျှင်တော်ရုံနဲ့ သိမည့်နေရာမျိုး မဟုတ်။

"ကားပျက်နေတာမဟုတ်ဘူး၊ရှေ့ဆက်မောင်းလို့ရမ ရ မသိတော့လို့ ဘာလုပ်ရမလဲ ထိုင်စဉ်းစားနေတာ"

"ရောက်တော့မှာ၊သိပ်မဝေးတော့ဘူး၊ဆက်သာမောင်း"

ကျီးကန်းကောင်က ဆက်မောင်းဆိုပေမယ့် မှုန်နဲ့သုန် ကဖြင့် ဆက်မမောင်းဝံ့တော့ပါ။ဒီအထိရောက်အောင်တောင် မနည်း ကြိုးစား ခဲ့ရပြီးပြီမို့ ဒီထက်စွန့်စားရဲသောသတ္တိ မရှိ တော့။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မလှုပ် မယှက် ဖြစ်နေကြသော ကောင်မလေးတွေ့ပုံစံကို ဟံသာက သဘောပေါက်လိုက်သည်။ဒီလမ်းကို သူတို့ ဆက်မမောင်းရဲ တော့တာပဲဖြစ်ရမည်။

သတ္တိဖြင့် မရှိဘဲ လမ်းကြမ်းကို နှစ်ယောက်တည်း မောင်းချလာသော ကောင်မလေးတွေကို အပြစ်တင်ချင်ပေမယ့် အပြစ်တင်ရုံနဲ့လဲပြီးသေးတာမဟုတ်။အခိက က သူတို့ကားရွှေ့လျားနိုင်ဖို့ပဲ။ကားပျက်နေတာကို ဝိုင်းမပြင်ပေးရတာပဲတော်လှပြီ။ဒီနေရာမှာမှ ဘက်ထရီဒေါင်းလို့ကားရပ်သွားတာပါဆိုလျှင်လည်း မတ်စောက်သောတောင်တက်ကြီးကိုနှစ်ယောက်သားဝိုင်းတွန်းပေးကြရမှာ။

"ကောင်းပြီ၊ဒါဆိုရင်..ဥသာ၊မင်း သူတို့ကား မောင်းပေး လိုက်၊ငါ နောက်ကလိုက်ခဲ့မယ်"

"မင်းမောင်းပါလား"

"မင်းနဲ့ ငါ ဘာကတိရှိထားလဲ"

ဟံသာက ခပ်တည်တည် ကြည့်လျက် ခိုင်းလိုက်လျှင်ကိုယ့်လောင်းကြေးနဲ့ကိုယ်ချောင်းသာမှာနေစဉ် တစ်လျှောက်လုံး ဟံသာ့အခိုင်းခံရဖို့ဖြစ်နေသည်။ဥသာလည်း မတတ်သာတော့စွာဘဲ ကားကို ဝင်မောင်းပေးလိုက်ရတော့သည်။

*   *   *



F-11 (B)



(၂၄)

ကျောက်မောင်နှမကအပြန်မှာ လေးယောက်သားငြိမ်းချမ်းရေးရပြီး မြေညီရောက်သည်အထိ မှုန်နဲ့သုန်တို့ကားကို ဥသာကမောင်းပေးလျှက်ပြန်လာကြကာမြို့ထဲရောက်တော့လည်း တည်းခိုခန်းကို တန်း မပြန်သေးဘဲ လမ်းမှာ တွေ့သည့်လက်ဖက်ရည်ဆိုင်ဝင်ထိုင်ကာ မိတ်ဆွေဖြစ်သည့် အထိမ်းအမှတ်နဲ့ လက်ဖက်ရည်သောက်လိုက်ကြသေးသည်။

ဟိုတယ်လည်း ပြန်ရောက်ရောအခန်း (၄၀၂)ရော (၄၀၃)ရောနှစ်ခန်းစလုံးသော့ခတ်လျက်သားတွေ့ရတော့တာ

မို့လေး ယောက်စလုံး မျက်လုံးပြူး အံ့ဩကုန်ကြရလေသည်။

"ကိုကိုကြီး ဘယ်သွားတာလဲ၊အခန်းတံခါးကြီးပိတ်ပြီး၊ငါတို့ပြန်လာရင်ဒုက္ခရောက်မယ်မှန်းသိရက်နဲ့"

အဆောင်ရှေ့ ဝရန်တာမှာချပေးထားသည့် ပလပ်စတစ် ထိုင်ခုံပေါ် ဝုန်းခနဲ ခြေပစ်လက်ပစ်ဝင်ထိုင်ရင်း သုန်ကဆောင့်အောင့်ညည်းညူသည်။တစ်လမ်းလုံး ဖပ်ဖပ်မောလာတဲ့ဥစ္စာ။အဆောင်ပြန်ရောက်လျှင်တော့ ခုတင်ပေါ် ဒိုင်ဗင်ထိုးချပြီး အားရပါးရအနားယူလိုက်မည်လို့အားခဲထားတာကို အဲဒီကိုကိုကြီးက ဘယ်တွေသဝေထိုးနေရတာလည်းမသိ။

"အိုက်လှပြီကွာ..၊ပြန်ရောက်ရင်ရေပြေးချိုးမယ်ကြံထား တာ၊မမက ဘယ်ထွက်သွားတာလဲ"

"မင်းအိုက်တာအသာထားဦး၊မမပျောက်သွားတာ ကပို အရေးကြီးတယ်၊ငါတို့မပါဘဲ သူတစ်ယောက်တည်း ဘယ်မှမသွား တတ်ပါဘူး"

"စိတ်ညစ်ပြီး ရေထဲများခုန်ချနေပြီလား"

"ဟာ တွေးလိုက်မှဖြင့်တလွဲ၊မမကအဲဒီလောက်မိုက်မဲတဲ့သူလားကွ"

"ဒါဖြင့်...ပြန်ပေးဆွဲသွားတာမျိုးရော"

"ရူးနေလားဥသာရာ..၊ဘာလို့ ဟုတ်ဟုတ်ညားညားတွေ မစဉ်းစားဘဲ ပေါက်ကရတွေ လျှောက်တွေးနေရ





တာလဲ"

"အဲဒီ ပေါက်ကရတွေဇောင် မင်းခေါင်းထဲက ထွက်လို့လား"

တစ် ဘက်ခန်းမှာ မှုန်နဲ့သုန်တို့ တညည်းညည်းတညူညူ ဖြစ်နေသလို ဒီဘက်ခန်းမှာလည်း ဥသာနဲ့ဟံသာတို့ ပျာယာခတ်နေသည်။သူတို့က မိန်းကလေးရှင်လည်းဖြစ်၊မမဟာတစ်ယောက်တည်း သွားတတ်လာတတ်သော အကျင့်လည်း မရှိတာကြောင့်ပိုပြီး သောကများရလေသည်။

"ဟိုဘက်ကကောင်မလေးတွေလဲ ဘာဖြစ်နေလဲမသိဘူး ကွ"

"အရေးထဲမှာ သူတို့ စိတ်ဝင်စားနေရသေးတယ်"

"မဟုတ်ဘူးလေ၊သူတို့အစ်ကိုက အဆောင်မှာကျန်ခဲ့တာပဲ၊မမ ဘယ်သွားလဲဆိုတာ သတင်းလေးဘာလေး ရလိုရငြား သွား မေးကြည့်ရအောင်"

ဟံသာအကြံပေးတာကို ဥသာကလည်းသဘောတူကာ နှစ်ယောက်သားအဆောင်ပေါ်ကဆင်းကာ တစ်ဘက်ဆောင်ဆီ လျှောက်သွားကြသည်။အနားမှ မရောက်သေး သုန်က အသံ စွာစွာနှင့်...

"ကိုဥသာတို့...ကိုကိုကြီးကို တွေ့မိလား"

"ကိုကိုကြီး....ဟုတ်လား၊ဘယ်သိမလဲ၊ကျွန်တော်တို့

ကမမကိုရှာမတွေ့လို့ခင်ဗျားတို့အစ်ကိုများ သိမလား လို့ လာမေးတာ"

"ကိုကိုကြီး မရှိဘူး"

အဲဒါမှ ဒုက္ခပါပဲ။သူတို့အစ်ကိုကလည်းပျောက်၊ကိုယ့်အစ်မကလည်း ပျောက်။

မတွေးကောင်းတာ မှန်ပေမယ့် လေး ယောက်စလုံးရဲ့ ခေါင်းထဲ အတွေးတစ်ခုခုက ပြိုင်တူရောက် လာကြကာ သူ့ အတွေးကိုလည်းကိုယ်ကသိနေရင်းကိုယ့်အတွေး ကို သူများ မသိအောင်လည်းဖုံးဖိထားရင်းအားလုံးရဲ့ မျက် နှာလေးတွေကလည်း ပြုံးကြဲကြဲ မဲ့တဲ့တဲ့လေးတွေ ဖြစ်နေကြရ လေသည်။

"အနီးအနား လမ်းလျှောက်ထွက်တာလဲ ဖြစ်ချင် ဖြစ်မှာပါ"

ဘယ်သူ့ကိုရည်ရွယ်မှန်းမသိ ပြောလိုက်သော ဟံသာ့စကားနောက်မှာ မေးခွန်းပေါင်းများစွာ ပါလာသင့်တာကို ဟံသာ ကိုယ်တိုင်လည်း သိနေသည်။

လမ်းလျှောက်ထွက်တာဆိုလျှင် တစ်ယောက်စီလား၊ နှစ်ယောက်တွဲလား။

နှစ်ယောက်တွဲဖြစ်ရအောင်ကလည်း အငယ်လေး ယောက်ကသာ အကြိမ်ကြိမ်ဆုံပြီးအကြိမ်ကြိမ် ပြဿနာ တက်ခဲ့ကြသော်လည်း ရောက်ကတည်းက အဆောင်တွင်း





အောင်းနေသူနှစ်ယောက်ဟာ တစ်ယောက်ကိုတစ် ယောက် မြင်တောင်မြင်ဖူးကြရဲ့လားသေချာတာမဟုတ်။ထိုလူ နှစ်ယောက်က အချိန်တိုလေး အတွင်း ဘယ်လိုတွေ့ပြီး ဘယ်လို တွဲမိသွားမှာလဲ။

"ဒီအချိန်ကြီး လမ်းလျှောက်ထွက်စရာ အကြောင်းလဲ မရှိပါဘူး၊နေ့လယ် ဆယ့်တစ်နာရီပဲ ရှိနေပြီ"

"ထမင်းဆာလို့များသွားစားကြလား"

"နှစ်ယောက်စလုံး ထမင်းသွားစားကြတာတော့ မဖြစ်နိုင် ဘူး ထင်တယ်"

ဒါဆို ခိုးရာများ လိုက်ပြေးကြတာလားဟု သုံ့နံ့က ခပ်ရွှတ်ရွှတ် တွေးလိုက်မိသေးသော်လည်း အေးချမ်းသဘောကောင်းသည့် မမရဲ့မျက်နှာကို မြင်ယောင်ရင်း အားတုံ့အားနာဖြစ်သွားတာမို့ တွေးလက်စအတွေးကို ရပ်တံ့ ပစ်လိုက်ရသည်။

"အကြောင်းတစ်ခုခုရှိလို့များ နှစ်ယောက်အတူ ထွက်သွား ကြတာလား"

တစ်ယောက်တစ်ပေါက် ထင်မြင်ချက် ဝိုင်းပေးနေကြသော်လည်း ထိထိရောက်ရောက် နီးနီးစပ်စပ်ရှိမည့် ထင်မြင်ချက် ကိုတော့ ဘယ်သူကမှ မပေးနိုင်ပါ။

"ဟာ...မမ၊ဘာဖြစ်လာတာလဲ"

လေးယောက်သား ရှန်းစုရှန်းစု ခေါင်းပူနေကြဆဲ ကား

တစ် စီး ဆိုက်လာကာ မပန်းသာကို မင်းယျာကတွဲခေါ် ယူလိုက်တာကို မြင်တော့မှ အားလုံး ကားနားအပြေးအလွှားရောက်သွား ကြသည်။

"မင်းတို့အစ်မကို အရင်တွဲလိုက်ကြဦး၊ဘာမှစိတ်ပူ မနေ ကြနဲ့"

မင်းယျာ ဘယ်လိုပဲ ပြောပြော ဥသာနဲ့ ဟံသာမှာတော့ မပန်းသာကို တွဲရင်းပျာယာခတ်ပူပန် ကုန်ကြလေပြီတည်း။

မင်းယျာလှမ်းပေးသည့်အခန်းသော့ကို ယူလျက် မှုန်က အဆင်သင့် တံခါးပြေးဖွင့်ပေးတာကြောင့်မပန်းသာကို ပွေ့ချီ လာသော ဥသာ က အခန်းထဲတန်းဝင်ကာ အစ်မ ဖြစ်သူကို ခုတင်ပေါ် ချပေးလိုက် သည်။

"မမ ဘာဖြစ်တာလဲ"

"မမအမှိုက်ပစ်ဖို့ အောက်ဆင်းလိုက်တာ လှေကားကနေ ခြေချော်ကျသွားလို့၊အဲဒါ ကိုမင်းယျာကမြင်တာနဲ့ ဟိုတယ် တာဝန် ခံ ကိုသူရ ကို အကူအညီတောင်းပြီး မြို့နယ်ကျန်းမာရေးဌာနမှာဆရာဝန်သွားပြတာလေ"

"မမကလဲဗျာ..၊တစ်ယောက်တည်း ရှိတုန်းအေးအေးဆေးဆေးမနေဘူး၊အခုဘာဖြစ်တယ်တဲ့လဲ၊ခြေထောက် က အခြေအနေ ကောင်းရဲ့လား"





"ကောင်းပါတယ် ညီလေးရ၊အဆစ်လွဲသွားရုံပါ၊အရိုးတွေဘာတွေမထိခိုက်ပါဘူး၊ဆရာဝန်က သေချာစမ်းကြည့်ပြီးပါပြီ"

"အရမ်းနာနေလားဟင်...မမ"

ဥသာနဲ့ ဟံသာတို့နှစ်ယောက် မမနားမှာ ထိုင်ရမလို၊ထရ မလို ရှုပ်ယှက်ခတ်နေ ကြတော့သည်။

"အစ်ကို့ကို ကျေးဇူး တင်လိုက်တာဗျာ...၊အစ်ကိုသာ မကူညီ ရင် မမတစ်ယောက်တည်း ဒုက္ခပဲ"

"ကိစ္စမရှိပါဘူး ညီလေးရ..၊ကြုံလို့ဆုံလို့ ကူညီရတာပဲ၊ ဘာမှ ပင်ပန်းတာ့လဲမဟုတ်ဘူး"

"တော်သေးတာပေါ့ ဘာမှမဖြစ်လို့၊မမဟာလေ တစ်ခါ တစ်ခါပြောလို့ကိုမရဘူး၊ကျွန်တော်တို့က ကျောက်မောင်နှမကို သွားမယ် လိုက်ခဲ့ပါဆိုတာ မလိုက်ချင်ဘူး ဇွတ်ငြင်းပြီး ရအောင်နေခဲ့တာ အစ်ကိုရ..၊အစ်ကိုနဲ့ သာမတွေ့ရင် မလွယ်ဘူး"

"ကိုကိုကြီးကလဲ မှုန်တို့ကျောက်မောင်နှမ သွားမှာကို အတင်းပေကတ်နေခဲ့တာလေ၊အခုတော့ မမကို ကူညီဖို့ အဖော်ရ သွားသလိုဖြစ်သွားတာပေါ့"

"ကြေပြီနော်..၊လမ်းမှာ ညီမလေးတို့ကားမမောင်းရဲတော့တာနဲ့ကိုဥသာတို့က ဝင်ကူမောင်းပေးလာတာ

ကိုကိုကြီးရဲ့၊အခု ကိုကိုကြီးက မမကို ကူညီထားလိုက်တော့ ကျေးဇူးချင်းကြေပြီ"

အရေးထဲမှာ ကျေးဇူးကို အီကွေးရှင်းညှိသလို ဟိုဘက်ဒီဘက် ချေပစ်ဖို့ကြိုးစားနေသည့် သုန့်ကြောင့် စိတ်ညစ်ညစ်ကြား ကပဲ အားလုံး ပြုံးကြရသေးလေသည်။

*   *   *





(၂၅)

မျက်နှာချင်းဆိုင်ထိုင်နေသော ဥသဘာနဲ့ဟံသာ မမြင်အောင် မှုန်ကသုန့်ကို လက်တို့လိုက်သော်လည်း သုန့်မှာ စကားစရ ခက်လှပါသည်။

အိမ်မှာကတည်းက ကံစမ်းမဲနှိုက်ကာ ဆုံးဖြတ်ချက် ရယူ ပြီးသားမို့ ဒီနေ့တာဝန်ကိုထမ်းဆောင်ရမည့်သူက သုန်ဖြစ်တာမှန်သော်လည်း အမျိုးစုံနေသော အကြောင်းအရာတွေထဲမှာ ကိုယ်လိုချင်သောအကြောင်းအရာ တစ်ခုကိုဆွဲထုတ်ယူဖို့ မလွယ်ကူနိုင်ချေ။

"အဲဒါနဲ့လေ..."

"ငါက ကျောင်းပြီးရင် စင်ကာပူ လိုက်သွားမလို့၊ဟိုမှာ ပါပါရှိနေတော့ အားလုံးအဆင်ပြေတယ်၊ဒီကောင် ကတော့ နိုင်ငံခြား မသွားချင်ဘူးတဲ့..၊ဒီမှာပဲ စီးပွားရေး တစ်ခုခုလုပ်မယ်တဲ့"

ဥဿာ စကားဆုံးသွားပြီလားလို့သုန်က ဝင်ပြောဖို့ ပါးစပ် ဟရုံရှိသေး စကားကပြန်ဆက်ပြန်လေသည်။ဒီလောက် စကားကိုအမျှင်မပြတ် ပြောနိုင်သည့် မိကျောင်းသားမျိုးက လည်း ရှားပါရဲ့။ရောက်ကတည်းကသူပဲ စကားတွေဒိုင်ခံပြော နေလိုက်သည်မှာရေပက်မဝင်ဆိုသည့်စကားပုံကမှ ထိရောက်မှု အား နည်း နိုင်သေးသည်။

"ငါလဲ.. သိပ်ကြာကြာတော့ နေဖို့ စိတ်ကူး မရှိပါဘူး၊ ဆယ်နှစ်လောက် အလုပ်လုပ်ပြီး ပိုက်ဆံ စုမိရင် ပြန်လာမှာပေါ့ အဆက် အသွယ်နဲ့ လုပ်ငန်းအတွေ့အကြုံ ရထားရင် ဒီမှာ ဘာမဆို ဆက် လုပ်နိုင် မယ်လေ"

ချောင်းသာမှာတစ်ဘက်နဲ့တစ်ဘက် အပြန်အလှန်ကူညီ မိကြပြီးနောက်မှာ ရန်ကုန်ကိုလည်းအတူ ပြန်ဖြစ်ကြသည်။ အဲဒီနောက်ပိုင်း ဥဿာတို့ညီအစ်ကိုက အိမ်ကိုလာလည်လိုက်၊ အပြင်ထွက် ဈေးဝယ်၊မုန့်စားလိုက်၊ဖုန်းအပြန်အလှန်ဆက် လိုက်နှင့် လေးယောက်သားငယ်ပေါင်းကြီးဖော်တွေလိုပဲ ရင်းနှီး





ခင်မင်လာခဲ့ကြပြီ။အခေါ်အဝေါ်တောင်မှ ရှင်၊ကျွန်မ၊ခင်ဗျား၊ကျွန်တော် ကနေ နင်လုံးငါလုံးတွေနှင့် ပြောင်းလဲခေါ်ဝေါ် သည်အထိ တိုးတက် လာခဲ့ပြီ။

အဲဒီနှစ်ယောက်ဟာ မှုန်နဲ့သုန်တို့နဲ့သာ မရင်းနှီးခဲ့ လျှင်ရန်ကုန်မှာလည်စရာအိမ်မှရှိပါတော့မလားထင်ရလောက် အောင်တစ်နေ့တစ်နေ့ဒီအိမ်ပဲလာလည်ဖို့ချောင်းနေတော့ တာ။

ရှေးဆန်သော လူကြီးတွေဖြစ်သည့် ကြီးသိန်းနှင့်ကြီး စောတို့ကတော့ကိုယ့်တူမအပျိုလေးတွေဆီ သူစိမ်းယောကျ်ား လေးတွေ လာလည်တာကို ဘယ်ကြိုက်ပါ့မလဲ။ဒါပေမယ့် ကိုကိုကြီးက ဘာမှမပြောသည့်အပြင် ကောင်လေးတွေကလည်း မိကောင်းဖခင် သား သမီး ပုံစံမျိုးရှိးသားသားတွေမို့ သိပ်တော့ လည်း မပြောသာချေ။ဥဿာတို့ ရောက်လာပြီဆိုလျှင်မျက်နှာ ရှုပုပ်ပုပ်ကြီးတွေနှင့် ဖြတ်သွား ဖြတ်လာ လုပ်ပြတာလောက်နဲ့ပဲ သူတို့ သဘောထားကို ပြနိုင်သည်။

ဟိုသကောင့်သားနှစ်ယောက်ကတော့ တိရိစ္ဆာန်ရုံက ကြွက်ကြီးတွေထက်များ အရေခွံထူကြသေးသလားမသိ။ကြီးတော် နှစ်ယောက်ရဲ့ မျက်စောင်းဒဏ်၊တင်းမာသောမျက်နှာထား ဒဏ်၊မကြားတကြား စောင်းမြောင်းဆိုအောင့်သည့် ဒဏ်တွေ ကို အပြုံး မပျက်ခံယူကာ အလာမပျက် လာနေကြမြဲ။

ကြီးသိန်းကဟိုတစ်နေ့ကဆိုမဲ့ကာရွဲ ကာနဲ့ပြောသေးသည်။နောက်တစ်ခါကျရင် ငါတူမတွေကို ဗိုင်းငင်စက်တစ်လုံးဝယ် ပေးထားမယ်တဲ့၊ရှေးခေတ်က ကျေးတောသူတွေဟာ အိမ်ရှေ့မှာ ဗိုင်းငင်စက် တစ်လုံးချထားပြီး ဗိုင်းငင်နေတာတဲ့။ ကာလသားတွေ က သူတို့ဆီလာလည်ကြရင် ဗိုင်းငင်ရင်း စကားပြောဧည့်ခံတာတဲ့။ စကားလည်းပြောအလုပ်လည်းပြီးလို့ အကျိုးရှိတယ်တဲ့။ညည်းတို့ကျတော့ စကားသာထိုင်ပြောနေတယ် ဘာမှလည်း အလုပ်မဖြစ်၊ အကျိုးလည်းမရှိဘူးတဲ့။ဒါကြောင့် အလုပ်တစ်ခုဖြစ်အောင် ဗိုင်းငင် စက် ဝယ်ပေးမှာတဲ့။

"သုန်ဘာတွေပြုံးနေတာလဲ"

ဥသာရဲ့ စကားတွေကိုနားကလောလှပြီဖြစ်သော ဟံသာက ရယ်စရာအကြောင်းဘာတစ်ခုမှ ပါဝင်လာစရာမရှိသော စကား ကိုနားထောင်ရင်း ပြုံးစေ့စေ့ ဖြစ်လာသည့် သုန့်ကို အထူး အဆန်းသဖွယ် ကြည့်ကာ စုံစမ်း နေတော့သည်။

"ဟို....ဗိုင်းငင်..အဲလေ.. ဘာမှမဟုတ်ပါဘူး၊ဥသာ ပြော တာ ရယ်ရလို့"

"ရယ်ရတယ်..၊ဒီကောင့်စကားထဲမှာ ရယ်စရာတွေ့အောင်ရှာနိုင်တယ်ဆိုရင်တော့ မနှစ်ကဈေးပွဲတော်မှာ ကျပျောက်သွားတဲ့ ငါ့ ရှပ်အင်္ကျီ ကြယ်သီး သုန့်ကို ရှာခိုင်းလို့ရပြီ"





"ခွေးကောင်..."

ဥသာက အရှိက်ထိအောင် အဆော်ခံလိုက်ရတာမို့ နှစ်ယောက်စလုံးကို မကျေမနပ်ဖြစ်သွားသော်လည်း ဟံသာတစ်ယောက်တည်းကိုပဲ ပြောရေးဆိုခွင့်ရှိတာမို့ ဟံသာ့ဘက်ကိုသာ လှည့်ဆဲရပါသည်။

အမှန်တော့ ဥသာက တောင်စဉ်ရေမရ စကားတွေကို ပြောချင်လွန်းလို့ ပြောနေတာ မဟုတ်။ဒီနေ့အတွက် ဥသာ ပြောရမည့် အထူးစကားတစ်ရပ်ကို အိမ်မှာကတည်းက ရွေးချယ်ထားပြီးသား။ထိုစကားကို ပြောဖို့ တစ်ယောက်တစ်လှည့် တွန်းကြတိုက်ကြရင်း နောက်ဆုံးမဲနှိုက် ဆုံးဖြတ်သည့်အခါ ကံဆိုးမဲကျသူမှာ ဥသာပင်ဖြစ်တာကြောင့် ကြီးလေးသော တာဝန်ကြီးကို ဦးထိပ် ပန် ဆင်လျက် ဒီနေ့ ဒီအချိန် ဒီအိမ်ကို ရောက်လာရတာ။

ရောက်တော့ ပြောစရာရှိသည့်စကားကိုပြောဖို့ လှည့်ပတ် လမ်းကြောင်းစထွင်ရင်း စကားတွေက တောရောက်တောင်ရောက်၊လမ်းချော်ထွက်သွားသည့် စကားတွေကိုပြန်ဖမ်းယူဖို့ ကြိုးစားရင်း နောက်တစ်ခါလမ်းချော်သွားပြန်နှင့် လိုရင်း မရောက်ဘဲ ပေရှည် နေတာကြာပြီ။ဟံသာကလည်း ပြောဖို့သင့်ကြောင်း ခြေထောက် နင်းနင်းပြီး သတိပေးနေတာ အကြိမ်တစ်ရာလောက်ရှိပြီမို့ခြေထောက်လည်း ပုပ်လောက်

ပြီ။

"ဗိုင်းငင်တယ်ဆိုလို့ ပြောရဦးမယ်...မမက..."

"ဉဿာတို့ အစ်မက ရည်းစားရှိလား"

သုန့်ရဲ့ တည့်တိုးကျသော မေးခွန်းကြောင့်အားလုံး ကြောင်အမ်းကာ ငြိမ်ကျသွားရပါသည်။သုန်ကတော့ စကား အရာ မှာ ပါးနပ်ကြွယ်ဝမှု မရှိသည့် ကိုယ့်ကိုကိုယ်သာ ပိတ်ထု ပစ်ချင်လောက်အောင် ရှက်စိတ်နဲ့ မျက်နှာလေးရဲနေတော့ သည်။

ဉဿာကတော့ ဝမ်းသာသွားရပါသည်။သုန့်ကိုလည်း ကျေးဇူးတင်သွားရသည်။သူကိုယ်တိုင်မေးဖို့တာဝန်ကျပါလျက် ဘယ်က စမေးရမှန်းမသိသည့် မေးခွန်းတစ်ခုဟာ သုန့်ကြောင့် အလွယ်တကူနဲ့ မေးလို့ရသွားတော့မှာ။တခြားစကားတွေ သွယ် ဝိုက်သယ်ဆောင်နေစရာမလိုဘဲ သုန့်စကားကို နင်းလျက်"သုန် တို့ အစ် ကိုရော..."လို့ မေးလိုက်လျှင်လည်း တစ်ခွန်းတည်းနဲ့ ကိစ္စ ပြတ်ပြီ။

"သုန်တို့ အစ်ကိုမှာရော..."

အလဲ့။သူတို့ကလည်းတန်ပြန်မေးခွန်း လေးနဲ့ပါလား။ ဒီလောက်စိတ်ဝင်တစားပုံစံနဲ့ ခပ်မြန်မြန် ပြန်မေးနိုင်တာဟာ သူတို့မှာလည်းခပ်ဆင်ဆင် မေးခွန်းတစ်ခု အဆင်သင့် ပါလာ လို့ပဲ ဖြစ်ရမည်။





တိုက်ဆိုင်မှုအတွက် အံ့ဩသွားရသော်လည်း ကိုယ်က အလျှင်ဖြေသင့်သည်ဟု သုန်က ယူဆပါသည်။ကိုယ်က မေး ခွန်းကိုစတင်မေးသူလည်းဖြစ်သည်။ပြီးတော့ ယောကျ်ားလေး ရှင်လည်း ဖြစ်သေးသည် မဟုတ်လား။

* * *

## (၂၆)

"ကိုကိုကြီးရဲ့ ရည်းစားက အခု အိမ်ထောင်ကျသွားပြီ"

တစ်ခွန်းတည်းနဲ့ပြည့်စုံစေသော စကားပါပဲ။ကိုမင်းယျာမှာချစ်သူရှိခဲ့ဖူးတာလည်းပါသည်၊လက်ရှိချစ်သူ မရှိတော့တာလည်း ပေါ်လွင်သည်။ဘယ်လိုနည်းနဲ့ ကွဲကွာသွားသည်ဆိုတာ လည်း တစ်ခါတည်းပါသွားသေးသည်။

"သူ့ကို သစ္စာဖောက်ပြီး နောက် တစ်ယောက် ယူသွားတာလား"

"ဟိတ်...သိပ်လောဘမကြီးနဲ့၊ဒါ အတွေ့အကြုံဖလှယ်





ပွဲလေ၊ကိုယ်သိချင်တာ တစ်ခုသိပြီးရင်သူများသိချင်တာ လည်း တစ် ခု ပြောပြဦးမှပေါ့"

"ကောင်းပြီလေ မမကတော့ ရှင်းတယ်၊သူလူကတော့ ဆုံးသွားတာ မကြာသေးဘူး၊ပြီးခဲ့တဲ့လခြောက်ရက်နေ့ကမှ..."

"ဟယ်...တူလိုက်တာ၊မမဆု လက်ထပ်သွားတာလဲ အဲဒီ နေ့ပဲ"

လေးယောက်သား ကိုကိုကြီးနဲ့ မမတို့ ကုသိုလ်ကံကျိုး ပေးတူပုံချင်းကို အံ့အားသင့်ရ သလို ထိုလူနှစ်ယောက်ဆင်ပြေ ပေါင်းဖက်ထိုက်သည် ဆိုသည့် ဆန္ဒလည်း ပိုမိုမာလာ၏။

"မမရဲ့ ရည်းစားက ဘာလို့ဆုံးသွားတာလဲ"

"ဆိုင်ကယ်မှောက်တာ"

ဥသာနဲ့ ဟံသာမှာ ဆိုင်ကယ်ပေါ် တက်ကာ နှုတ်က်သွားသည့် အစ်ကိုကျော့ရဲ့ နောက်ဆုံး ပုံရိပ်ကို မြင်လိုက်ပွေ ပီပီ ထိုအကြောင်းကိုပြန်ပြောမိတိုင်း ဘယ်လိုမှ စိတ်က်မကောင်း နိုင်ချေ။

"တကယ်တော့ အစ်ကိုကျော် အခုလိုဖြစ်ရတာ ငါတို့ပယောဂ၊အစ်ကိုကျော်က ဆိုင်ကယ်သိပ်စီးတတ်တာ မဟုတ်ဘူး၊သူ့ကို တို့ပဲ ဆိုင်ကယ်စီးသင်ခိုင်းတာ၊သူက

ကားမောင်းရင် မှန်မှန် ပဲ မောင်းလေ့ရှိတာကို အားမ
လို့ ဆိုင်ကယ်ကိုတော့ အမြန်မောင်း ဖို့ မြှောက် ပေးလ
မရဘူး၊ဒါနဲ့ တစ်နေ့တော့ သူဆိုင်ကယ် ဘယ်လောက်
မြန်မြန် မောင်းနိုင်လဲ သိရအောင် မမက သူ သူငယ်
ချင်း အိမ်ကနေ လှမ်း ဖုန်းဆက်တယ်..၊အရေးကြီးလ
ဆယ်မိနစ်အတွင်း လာကြိုပါလို့ ပြောတယ်ဆိုပြီးပြေ
လိုက်တော့ အစ်ကို ကျော်လဲ စိတ်ပူပြီး မိုးရွာထဲမှာဆို
ကယ်ကိုတအားမောင်းပြီးထွက်သွားတာ...

"လမ်းမှာ ကား ရှောင်တော့ မိုးမရနဲ့ လမ်းက ချော
တာရယ်၊သူကိုယ်တိုင်က ဆိုင်ကယ် အထိန်းအသိမ်း
ကျွမ်းကျင်တာရယ် ပေါင်းပြီး လမ်းဘေးက အုတ်နံရံ
အရှိန်လွန် တိုက်မိသွား တာပဲ"

"အမှန်တော့ငါတို့အစ်ကိုကျော့်ကိုသတ်လိုက်ကြ တာ
ငါ တို့ဟာ လူသတ်တရားခံတွေပါ"

ဟံသာလည်း မျက်ရည်တဝဲဝဲနဲ့ ဝင် ပြောသည်
ယောက်ဖလောင်းဆို ပေမယ့် အစ်ကို ကျော်ဟာ သဘေ
ကောင်း ခင်မင်ဖွယ်ဖြစ်လွန်းတာမို့ သူတို့တွေနဲ့ဆို ညီအစ်
လိုပဲ သံယောဇဉ်ကြီးကြ တာ။အစ်ကိုကျော် ဆုံးတာဟာ
ဘာသာသွေးရိုးသားရိုးဆိုရင်တောင် သူတို့အတွက် ဖြေမဆ
နိုင်ဖွယ်ဖြစ်လေရာ ကိုယ့်ပယောဂကြောင့် မဖြစ်သင့်ဘဲဖြ





သွားရသည့်အခါ ပိုလို့ပင် ရင်နာစရာ ကောင်းနေတော့သည်။

"အစ်ကိုကျော်ဆုံးပြီးတဲ့နောက် မမ တမှိုင်မှိုင် တတွေ တွေ၊ ငိုင်ငိုင်ယိုယို ဖြစ်နေတာမြင်ရတိုင်း ကိုယ့်ကိုကိုယ် အပြစ်တင်မဆုံး မိဘူး...၊မမကို စိတ်ချမ်းသာအောင် ဘယ်လိုလုပ်ပေးနိုင်မလဲဆိုတာကိုပဲ နေ့တိုင်းစဉ်းစား နေကြတာ၊ချောင်းသာသွားဖြစ်တာလဲ မမ စိတ်ပျော် လို ပျော်ငြားသွားတာပါ၊ဒါပေမယ့်...ဘာမှ ထူးမလာ ဘူး"

"ဟုတ်တယ်၊မှုန်တို့လဲ ဒီလိုပဲ၊ ကိုကိုကြီး ပျော်အောင် ချောင်းသာသွားကြတာ၊ပြန်သာလာရတယ် ထူးမခြား နားပါပဲ"

"ဆိုစမ်းပါဦး၊ကိုကိုကြီးရဲ့ရည်းစားကဘာလို့ ကိုကိုကြီး လို လူကိုပစ်ပြီးတခြားသူနဲ့ယူသွားရတာလဲ"

မှုန်နဲ့သုန်တို့မျက်နှာလေးတွေ မှိုင်ကျသွားရပါသည်။

ဉသာနဲ့ဟံသာတို့ သူတို့အစ်မအတွက် ဖြေမဆည်နိုင် ဖြစ်နေကြသလိုပဲ မှုန်နဲ့သုန်တို့ကလည်း ကိုကိုကြီးရဲ့ဝေဒနာ ဟာ သူတို့ဖန်တီးလို့ဖြစ်ရသည့်ဝေဒနာဟု ခံယူလျက် ကြေကွဲလို့ မဆုံးနိုင် ကြတာပါ။

"သုန်တို့ မကောင်းတာပါ၊သုန်တို့နှစ်ယောက်က သိပ် အနောက်သန်တာ၊သူများဒုက္ခရောက်အောင် စရ...၊

ရန်တိုက်ပေးရတာကိုသိပ်ဝါသနာ ပါကြတာလေ၊ အ
မှန်တော့ …ကိုကိုကြီးတို့ကို ခဏရန်ဖြစ်စိတ်ကောက်
ကြရုံလေးဆိုပြီး ကိုကိုကြီး အလုပ်ကိစ္စနဲ့ နယ်သွားတုန်း
ဟိုမှာ…ကောင်မလေးတစ်ယောက်နဲ့ တွေ့လာတယ်
ဘာညာနဲ့မမဆုယုံအောင် လျှောက်ပြောမိတာ၊တိုက်
ဆိုင်ချင်တော့နယ်ကကိုကိုကြီး သူငယ်ချင်း အစ်မကြီး
က ရန်ကုန်ရောက် တုန်း ကိုကိုကြီးကို ရုံးကိစ္စ သူ နား
မလည်တာတွေ လိုက်ပို့ခိုင်းတာကို မမဆုတွေ့ သွားပြီး
တကယ် ယုံသွားရာက…..ပြဿနာက ရှင်း မရတော့
လောက် အောင်ကြီးသွားတာ”

“မမဆုကတစ်မျိုး၊သူ့စိတ်ထဲရှိတာကို ဖွင့်မပြောတတ်
ဘူး၊ကျိတ်ပြီး တေးမှတ်ထားတတ်တာ…၊ကိုကိုကြီးကို
ဘာအကြောင်းပြချက်မှမပေးဘဲ ရှင်လို သစ္စာမရှိတဲ့
သူနဲ့ လမ်းခွဲလိုက်ပြီဆိုတဲ့ စကား တစ်ခွန်းပဲ လူကြုံနဲ့
ပြောခိုင်းတာ၊ပြီးတော့….တစ်ပတ်လောက် အတွင်း
လက်ထပ်သွားတာပဲ…၊ကိုကိုကြီးမှာ ဖြေရှင်းခွင့်လေး
တောင် မရ လိုက်ပါဘူး”

သုန်တစ်လှည့် မှုန်တစ်လှည့် ကိုကိုကြီး ဇာတ်ကြောင်း
ကို ပြန်ခင်းပြနေရင်း သူများကြားမှာခြေထိုးကောင်းခဲ့၊ကုန်း
ချောကောင်းခဲ့တာတွေအတွက် တစိမ့်စိမ့် နောင်တရနေဖြစ်





ကြသည်။

“ကိုကိုကြီးက သူ့ ရည်းစားကို သိပ်ချစ်ရှာတာ၊မမဆု
လက်ထပ်သွားတော့လေ ယောက်ျားမို့ မျက်ရည်မကျ
အောင်သာထိန်းနေရတာလူက ပုံလဲကျမတတ်ပဲ၊ ကို
ကိုကြီး ခုလိုဖြစ်ရတာ သုန့်တို့ ကြောင့်ပဲ”

“ဒီတော့ သုန်တို့ကလဲ ကိုကိုကြီးကို ပျော်စေချင်တယ်
ပေါ့”

“ဟုတ်တယ်၊ကိုကိုကြီးဘဝမှာမမဆုအတွက်ဖြစ် သွား
တဲ့ ကွက်လပ်ကို သုန်တို့ ပြန်ဖြည့်ပေးချင်ကြတာ”

သုန်က၊လည်း ကြုံတုန်းကြုံခိုက် မမ မပန်းသာနဲ့
ကိုကိုကြီးကို အခွင့်ပြေစေချင်သည့်အကြောင်း တစ်ခါတည်း
ပြောဖြစ်ဖို့ စကားလမ်းကြောင်းလိုက်ပါသည်။ ဒါပေမယ့်
ဥသာရဲ့ သွက်လက်သောစကားက အရင်ထွက်လာကာ…

“ငါတို့လဲ ဒီလိုပဲ၊မမ ဘဝကို ပြောင်းလဲပေးနိုင်မယ့်သူ
ကို ရှာပေးချင်နေကြတာ၊ငါတို့ ရှာတွေ့သလောက်က
တော့…”

ယောက်ျားလေးမို့ ဘယ်လောက်ပဲ စကားပြော သွက်
သွက် ကိုယ်ကမိန်းကလေးရှင်ဖြစ်နေချိန်မှာ နားဖောက်
ကြောင်းလမ်း သည့်စကားမျိုး မျက်နှာပြောင်ပြောင်နှင့် ပြော
မထွက်ပါ။ လမ်းတစ်ဝက်မှာ အိုးတိုးအမ်းတမ်းနိုင်စွာရပ်သွား

သည့် ဥသာရဲ့ စကား ကိုသုန်က ဆက်ပေးရပါသည်။

"ကိုကိုကြီးနဲ့လား..."

"ဟုတ်တယ်..၊သူတို့ချင်းလဲ ရင်းနှီးနေတာ၇ပဲ၊ကိုကိုကြီး ကလဲ လူကောင်းတစ်ယောက်ပဲလေ"

ဥသာရောဟံသာပါ မျက်နှာတွေနီ နေကြသည်။ဒီ ကောင်မလေးတွေကို ကိုယ်တိုင်အတွက် ရည်းစားစကား ပြောတာဆိုလျှင်တောင် ဒီလောက်မျက်နှာပူရမှာမဟုတ်။အခု ဟာက မမအတွက် ဖြစ်နေတော့ ပြောချင်လွန်းလို့သာပြောရ သည် ရှက်လိုက် တာများ။

"သုန်တို့လဲ ဒီအတိုင်းပဲ စဉ်းစား ထားကြတာ..၊မမက ချောလဲ ချော၊ မိန်းမလဲ ပီသတယ်၊ကိုကိုကြီးနဲ့လဲ ခင် နေပြီဆိုတော့....မမသာဆိုရင် ကို ကိုကြီးအတွက် အ ကောင်း ဆုံးအဖော် ဖြစ်မှာပဲလို့ တွေးပြီး.... ဒီတစ်ခါ ဥသာတို့လာရင် စကားလမ်းကြောင်းကြည့်မလို့ စိတ် ကူးထားကြတာ"

"အတူတူပါပဲဗျာ၊ငါတို့ကလဲ ဒီနေ့လာလည်တာ မမနဲ့ ကိုကိုကြီးကို နားဖောက်ဖို့ပဲ"

အကြံတူနေသည့် အဖြစ်ကို လေးယောက်သား ဝိုင်းဝန်း ရယ်မောဖြစ်ပါသည်။

"ငါတို့လေးယောက်ဟာအမြဲအ ကြံတူတတ်တယ်နော်"





"အကြံတူ ရန်သူပေါ့..."

ဟံသာ့စကားကို သုန်က ဖျတ်ခနဲ အဖြေပြန်ပေးလျှင် ဥသာက ခေါင်းခါကာ...

"အကြံတူရန်သူမဟုတ်ဘူး၊စိတ်တူ ကိုယ်တူလို့ ဟံသာ က ပြောချင်တာကွ"

"အမှန်ပဲ"

ဒီတစ် ခါတစ်ယောက်ကပြော တစ်ယောက်က ထောက်ခံနှင့် ဘက်ညီနေကြသော ကျီးကန်းညီနောင်ကို မှုန်နဲ့ သုန်တို့က မျက်စောင်းလက်နက်နဲ့ပဲ တုံ့ပြန် တိုက်ခိုက်နိုင်လေ သည်။

၇

* * *

## (၂၇)

ဲလ

"ကိုကိုကြီးရေ...မမကဒီနေ့အိမ်မှာ ရွှေတောင်ခေါက်ဆွဲ ချက်စားလို့ အဲဒါ ကိုကိုကြီးဖို့ ပေးခိုင်းလိုက်တယ်"

မယ်လမင်း လေးဆင့်ချိုင့် တစ်ချိုင့်၊စတီးလုံးချင်းချိုင့်ကြီးတစ်ချိုင့်ကို သယ်ဆောင်လျက် အိမ်ပေါ်တက်လာရင်း ကိုကိုကြီး နာမည်တပ်အော်လိုက်သော ဥသာအသံကြောင့် မီးဖိုထဲမှာ ချက် ပြုတ်နေရင်း မှုန်နဲ့သုန်တို့ မျက်လုံးချင်းဆုံကာ ပြုံးလိုက်မိပါသည်။

ဒါ ဂုံကိုကြီးနဲ့ မမတို့ နှစ်ယောက်ကြား နီးစပ်ရေး





အစီအစဉ် တွဲ–တစ်၊အမှတ်–တစ်ရဲ့အစလေ။တစ်ယောက်ကို တစ်ယောက်အသိအမှတ်ပြု စိတ်ဝင်စားပါကြောင်း အပြန် အလှန် သိရှိ နားလည်ရေး အစီအစဉ်အဖြစ် လက်ဆောင် ပဏ္ဏာ လဲလှယ်ခြင်း၊ စားဖွယ်သောက်ဖွယ်ပေးပို့ခြင်းတွေကို ကြားက သယ်ယူပို့ဆောင် ရေး အနေနဲ့လုပ်နေကြတာ။

အမှန်တော့ ဥသာတို့ချိုင့်ထဲမှာပါလာသည့် ရွှေတောင် ခေါက်ဆွဲတွေဟာ မမပန်းသာရဲ့လက်ရာမဟုတ်ဘဲ ဆိုင်ကဝယ်လာ သည့်မုန့်တွေသာဖြစ်ကြောင်း မှုန်နဲ့သုန်တို့က သိနေတာမို့ ကျိတ် ရယ်ဖြစ်ကြခြင်းပင်။

မနေ့ကတော့ ပထမ အစီအစဉ် အနေနဲ့ ခြံထဲမှာ ကြီးစော အမြတ်တနိုးစိုက်ထားသည့် ကတ်တလီယာ ခရမ်းရောင် သစ်ခွပင် ကို အလစ်မှာဖြုတ်ယူလျက် မမအတွက် ကိုကိုကြီးက ပေးလိုက်တာ ပါဟုဆိုကာ သွားပေးခဲ့ကြပြီးပြီ။

ပန်းအိုးလေးကိုအမြင်မှာရွှန်းလဲ့တောက်ပသွားသော မမရဲ့မျက်လုံးလေးတွေဟာ သူတို့အားလုံးအတွက် အောင်ပွဲပဲ ဖြစ်သည်။

ထိုမျက်လုံးလေးတွေကိုမြင်ရဖို့နောက်တစ်နေ့မှာ ကြီး စောရဲ့ ပန်း အိုးပျောက်လို့ ဆူညံပူညံ လုပ်သံကို နားဆင်ရ ကျိုး နပ်ပါပေသည်။

"အောင်မယ်လေး ...ရွှေတောင်ခေါက်ဆွဲတဲ့၊အုန်းနို့

နဲ့၊ခေါက်ဆွဲကပါမယ့် ဆိုဒါနဲ့ ငါတို့တော့ ရောဂါတိုးဦးတော့မှာပဲ......၊ဒင်းတို့ ကြည့်ရတာ ငါတို့ လူကြီး နှစ်ယောက်ကို မျက်စိရှုပ်လို့ နေသ ကြောင်းကြဲနေပြီနဲ့ တူတယ်"

ကြီးသိန်းရဲ့ မြည်တွန်တောက်တီးသံက ရယ်စရာကြီး။ တကယ်ဆို ရွှေတောင်ခေါက်ဆွဲ မတည့်ဘူးဆိုလဲ မစားပါနဲ့တော့လား။သူတို့ဘာသာ မစားလည်းနေလို့ရသည့်ဥစ္စာကိုများ ဟိုကအစားကျွေးပြီး သေကြောင်းကြံတယ် ဖြစ်ရသေးသည်။

"ကြီးသိန်း၊သူတို့ကို တရားသွားစွဲပါလား၊လူ သတ်ရန်ကြံ စည်မှုနဲ့လေ"

"တတ်နိုင်ရင်ခိုင်ဖုံးရုံးအထိ သွားတိုင်၊ဒါမှသုခမိန်ကြီးရဲ့ ခွေးခေါင်းဓားစက်နဲ့ တွေ့ပြီး နှစ်ယောက်စလုံးခေါင်းဖြတ်ခံရမှာ"

"ဟင် ကောင်မလေးတွေ၊ငါ့ကို လှောင်တယ်ပေါ့လေ၊နင်တို့ မှန်ပြီး ကြီးတော်တွေကို စော်ကားရင်...ကံကြီးထိုက်လိမ့်မယ်"

ကြီးသိန်း စိတ်တွေတိုကာ ခုန်ဆွခုန်ဆွ ဖြစ်ပါ လေတော့ သည်။ဒါကိုပဲ မှုန်နဲ့သုန်မှာ သဘောကျမဆုံး။

"ကိုကိုကြီး ရွှေတောင်ခေါက်ဆွဲကြိုက်တယ်လို့ မှုန်တို့က ပြောထားဖူးလို့၊အဲဒါ... ဒီနေ့ မုန့်ဟင်းခါးချက်စား





မလား၊ထောပတ် ထမင်းချက်စားမလားဆိုတော့ မမက ရွှေတောင်ခေါက်ဆွဲပဲချက်ပါ ကိုမင်းယျာတို့အိမ်လဲ သွားပို့ပေါ့ ဆိုပြီးချက်ဖြစ်သွားတာ"

ဥသာရဲ့လေကတော့ ကောင်းမှကောင်း။ကိုယ့်အစ်မတစ်ယောက်လုံးကို မိန်းမနောက်ပိုးဖြစ်အောင်လုပ်နေမိပြီဆိုတာ တောင် သတိမထားမိနိုင်တော့ဘဲ စွတ်တင်နေတော့တာ။

ဒီနေရာမှာတော့ မှုန်နဲ့သုန်တို့က အသာစီး။ကိုယ်ကယောကျ်ားလေးရှင်ဆိုတော့ မျက်နှာပူစရာရှိလဲသိပ်မပူရ၊နစ်နာစရာရှိလဲ သိပ်မနစ်နာ။ဘယ်လောက်ဟန်ကျလိုက် သလဲ။

"အေးကွ... ကျေးဇူးတင်ပါတယ်လို့ မပန်းသာကိုပြောလိုက်ပါ"

"ဟာ.....ရပါတယ်ကိုကိုကြီး၊ကျေးဇူးတင်ရာမလိုဘူး၊မမကသူ့လက်ရာကို ချီးကျူးရင်ပဲ ကျေနပ်ပြီ"

"ဒီလိုဆိုလဲ ညကျကိုယ်ဖုန်းဆက်ပြီးမပန်းသာကိုကျေးဇူး တင်ကြောင်းနဲ့ စားကောင်းကြောင်း ပြောလိုက်ပါ့မယ်"

ဟိုက်...သေရော၊စွတ်တင်နေသည့်ဥသာ တွန့်ခနဲဖြစ်သွားရသည်။အဲဒါမှ ပြဿနာ။ကိုကိုကြီးကသာ ကျေးဇူးတင်ကြောင်း သွားပြောလျှင် ဘာမှမသိသောမမနဲ့တော့ ခွတီး

ခွကျတွေ ဖြစ်ကုန်တော့မှာသေချာပေါက်။

"ဟာ... နေပါစေ၊မပြောနဲ့ကိုကိုကြီး၊အဲလိုပြောင်ကြီး ချီးမွမ်းတာ ကျတော့လဲ မမက သိပ်ရှက်တာတော်ကြာ မမ ရှက် သွားရင်....ကိုကိုကြီး နောက်ထပ်စားပေါက် ပိတ်သွားလိမ့်မယ်"

ဟဲသာ့မှာကြားထဲက ပျာပျာသလဲဝင်ရောက်ဖာထေး လိုက်ရပါလေသည်။

သူတို့နှစ်ယောက် ဖြစ်နေပုံကို ခန်းဆီး နောက်က ချောင်းနားထောင်ရင်းမှုန်နဲ့သုန်တို့မှာတော့ ကျိတ် ရယ်လို့ မဆုံး။

"အေးကွာ...နောက်ကိုတော့ ဒုက္ခမရှာပါနဲ့၊မပန်းသာ ကိုလဲ တကယ်အားနာပါတယ်၊ယူလာတာအများကြီး ပဲ"

"ဒုက္ခ မဟုတ်ပါဘူး ကိုကိုကြီးရ..၊ယူတာတ်ရင် ကုသိုလ် တောင် ရသေးတယ်"

"ကုသိုလ်များ ရပါလိမ့်မယ် အားကြီးကြီး၊အကျိုးလိုလို့ ညောင်ပင်ရေလောင်းတာများ ဘုရားက ဘယ်မသိဘဲ နေမလဲ၊ဟဲ့.. ဒီကောင်မလေးနှစ်ကောင်အခန်းထဲ မ ဝင်ဘဲ ဘာချောင်းနေကြ တာတုန်း၊မိန်းကလေးတန်မဲ့ ဣန္ဒြေကို မရှိဘူး"





သူကျတော့ သူများစကားချောင်းနားထောင်ပြီး ပွစိ ပွစိ များတောင်တုံ့ပြန်နေသေးသော ကြီးသိန်းက မှုန်နဲ့သုန့်ကို ကျတော့ အသံကျယ်ကြီးနဲ့အော်လိုက်တာမို့နှစ်ယောက်သား ကျောလေးတွေကော့ကာဧည့်ခန်းထဲ အပြေး ဝင်လိုက်ကြရ တော့သည်။

*   *   *

## (၂၈)

"ဘယ်လိုလဲ...အဆင်ပြေလား"

"အဆင်ပြေ မပြေတော့ မသိဘူး၊ပြန်လာတော့လဲ မမ မျက်နှာက ပုံမှန်ပဲ"

စင်ကာပူက မိဘတွေ ပို့လိုက်သည့် ပစ္စည်းတွေကို မမ သွား ရွေးဖို့အတွက် အဖော်လိုနေချိန်မှာ ဥသဿနဲ့ဟံသာက အတင်းကို ခေါင်းရှောင်ပစ်လိုက်ကြသည်။ပြီးလျှင် ကိုကိုကြီးဆီ ဖုန်းဆက်ကာမမက အကူအညီတောင်းသလိုမျိုးသွားပြော ကြသည်။မမ အနေခက်မှာစိုးလို့ အကူအညီ ပေးရသည့်





သဘောမျိုးမဟုတ်ဘဲ လမ်းကြုံလို့ အတူသွားဖို့ခေါ်သည့် သဘောမျိုး ပြောပါလို့လဲ လှည့်ပတ်ဖာထေးရသေးသည်။

ဟိုက ဖုံးလိုက်၊ဒီက ဖိလိုက်နှင့် အတော်ကြိုးစားရပြီးမှ အားနာတတ်ကြသူနှစ်ယောက်သားအတူထွက်သွားဖြစ်လျှင် ကျန်ခဲ့သည့်သူတွေမှာ ရင်တထိတ်ထိတ် စောင့်ကျန်ရစ်ခဲ့ရ ပါသည်။

ပြန်ရောက်လာတော့ ကိုယ့်လူကိုယ် အကဲခတ်ကြပြီး နောက်တစ်နေ့မှာ လေးယောက်ပြန်ဆုံသည်။ဒီတစ်ခါတော့ လူကြီး တွေ မရိပ်မိအောင် အပြင်ကစားသောက်ဆိုင်မှာပဲ ဆုံကြရတာ။ ကြီးသိန်းနဲ့ကြီးဇောကလဲ အကြောင်းဖြင့်မသိဘဲ မှုန်နဲ့သုန်ကို အထင်တွေလွဲကာ ဖျစ်တောက်ဖျစ်တောက် ပြောမဆုံးဖြစ် နေသည်ပဲ။

"မမက ကိုကိုကြီး အကြောင်းဘာမှ မပြောဘူးလား"

မှုန်က စိတ်ပူစွာမေးနေတာမို့ ဥသဿက ပြုံးလျက်...

"ကျေးရှူး တင်တဲ့ အကြောင်းတော့ ပြောတာပေါ့၊ကို မင်း ယျာသာ မပါရင် သူတော့ အတော်ဒုက္ခရောက်မှာ တဲ့"

"ဒါ...တိုးတက်မှုပဲပေါ့၊ကိုကိုကြီး မရှိရင် ဒုက္ခ ရောက်မှာ ဆိုတော့ မမဟာ ကိုကိုကြီးကို အားကိုးတဲ့ သဘော၊ လိုအပ်တဲ့ သဘောပေါ့"

သုန်ကရှာရှာဖွေဖွေတွေးပေးနေတာကို ဟံသာက သဘောတွေကျနေ့သည်။သုန်ဟာ ရယ်စရာပဲဖြစ်ဖြစ်၊ထင်မြင်ချက်တစ်ခုကိုပဲဖြစ်ဖြစ် ချက်ချင်းလက်ငင်းပေးနိုင်သည်။ ဟုတ်သည်ပဲဖြစ်ဖြစ်၊မဟုတ်ဘူးပဲဖြစ်ဖြစ် တုံ့ပြန်မှုတစ်ခုကို အလျင်အမြန်ပေးနိုင်သည့် အရည်အချင်းတစ်ခုကိုတော့ ချီးကျူးရမှာပါပဲ။

ရုပ်ချင်းခပ်ဆင်ဆင်ဖြစ်ပေမယ့် သုန့်ကို ဟံသာက ပိုသဘောကျသည်။စတက်(ပ်)ဆံပင်မတိုမရှည် စုတ်ဖွားဖွားလေး တခါခါနဲ့ စကားပြောသွက်လက်ပြီး ဟန်မဆောင်တတ်သော စွာတေးမလေးကို ဟံသာက မှတ်မှတ်ထင်ထင် သတိထားဖြစ် နေတာကြာပြီ။

သူ့ရုပ်အကျီအဖြူဆွတ်ဆွတ်မှာ လျှော်မရ၊ဖျက်မရသည့် အချဉ်ထုပ်က အနီရောင်အရည်တွေ စွန်းထင်းနေတာကို မြင်ရတိုင်း သုန့်ကို သတိရစရာ ဖြစ်နေခဲ့တာလဲကြာပြီ။

"ဟံသာ ပါးစပ်ထဲ ယင်ကြီး ဝင် ဉမယ်၊ဘာတွေ တွေးပြီး ပါးစပ်ဖြဲနေတာလဲ"

"မင်းသေတော့မှာကိုတွေးပြီး ဝမ်းသာနေတာ"

"ဟာ...ဘလိုင်းကြီး"

ကြားထဲက ဝင်ချွန်လိုက်သောဥသာကြောင့် ဟံသာစိတ်တိုသွားတာကိုတွေ့.လျှင် ဝမ်းသာအားရဖြစ်နေသည်။







ကောင်မ လေး တွေ ရှေ့မှာ အခွင့်အရေးရခိုက် ဆော်လိုက်ရတာကို ဒင်းက သိပ်ပျော်နေသပေါ့လေ။ကွယ်ရာမှာကျလျှင်တော့ မှုန်ရဲ့ရှည်လျှား သောဆံနွယ်တွေ အကြောင်း တဖွဖွပြောတတ်သည့် ကောင်က များ။

"တော်ပြီ..တော်ပြီ..၊အချိန် မရှိရတဲ့အထဲမှာ ဟံသာတို့ ညီအစ်ကို လေသေနတ်နဲ့ စစ်တိုက်တာ ထိုင် နားထောင် မနေနိုင်ဘူး၊အရေးကြီးတာပဲ ပြောကြ၊ကိုက်စရာရှိတာ နောက်မှဆက်ကိုက်"

"အလိုခင်ဗျားက ကျုပ်တို့ကိုခွေးနဲ့နှိုင်းတယ်ပေါ့လေ"

ဟံသာက သုန့်ကို မျက်လုံးကြီးပြူးကာ ကြည့်လိုက်သော်လည်း ထိုမျက်လုံးပြူးမှာ စိတ်ဆိုးခြင်းအရိပ်အယောင်မပါ၊ချစ် စနိုးဖြစ်ခြင်းတွေသာ ပါဝင်လေသည်။

ဟံသာ့ မျက်လုံးတွေကို သတိထားလိုက်မိသောမှုန်က သုန့်ကို အသာလက်ကုပ် သတိပေးသည့်အခါမှာတော့ ပြောင်ဖို့နောက်ဖို့လောက်သာအမြဲ ခေါင်းထဲ ရှိတတ်သော ဆိုးပေမလေး သုန်ကရှက်စနိုးနဲ့ ခေါင်းငုံ့သွားလေတော့သည်။

*   *   *

(၂၉)

"ဘယ်လိုလဲ၊ရုံးခန်းအသစ်ကိုသဘောကျရဲ့လား ကိုကိုကြီး"

မင်းယျာက ရုံးခန်းတစ်ခုလုံးကို လှည့်ပတ်ကြည့်ပြီးပါပြီ။လိုအပ်ချက်ဆိုလို့ ဘယ်နေရာမှာမှ ရှာမတွေ့လောက်အောင်ပြည့် စုံကောင်းမွန်သော အခန်းရဲ့အပြင်အဆင်ကိုလည်း ရာခိုင်နှုန်း ပြည့် သဘောကျ ကျေနပ်ပြီးသား။

မပန်းသာဆိုသည့် အမျိုးသမီးဟာအိမ်တွင်းမှုနိုင်နင်းရာမှာတော့ပြိုင်စံရှားပဲ။အချက်အပြုတ်ဆိုလည်း ထိပ်တန်း၊ ဇာ





ထိုး ပန်းထိုးပညာကလည်း အံ့မခန်း။အခု အခန်းပြင်ဆင်တော့လည်း တခမ်းတနား၊သိပ်ကိုတော်တဲ့မိန်းမပါလား။

"သိပ်ကောင်းတာပဲ၊တကယ့်ကိုနိုင်ငံခြား စံချိန်မီပဲ"

ခန်းဆီးထူကြီးတွေ ပြတင်းပေါက်ကနေ ကြမ်းပြင်ထိအောင်တွဲလောင်းချလျက်၊အခန်းရဲ့လွတ်နေသောနံရံမှာ ခံ့ညား သည့် ပန်းချီကားကြီး တစ်ချပ် ချိတ်ဆွဲထားတာကအစ၊ဆိုဖာခုံ အကြီးကြီးတွေကိုအခန်းထောင့်ပတ်လည်မှာ စီချလျက်ကျွန်းသားနဲ့ မှန်တွဲစပ်ထားသောရုံးစားပွဲကို အခန်းရဲ့အလယ်မှာကြွားကြွား ဝင့်ဝင့်ချထားတာအလယ်၊အခန်းထောင့်ချိုးတွေမှာ စားပွဲပုလေး တွေနဲ့ပန်းအိုးတွေချထားတာ၊အလုပ်စားပွဲဘေးမှာ အမှိုက်ထည့်ဖို့ခြင်းတောင်းလှလှလေးတစ်လုံးချထားတာ၊အခန်းတစ်ခုလုံးကို မွှေးရနံ့ဖျော့ဖျော့လေးနဲ့ထုံဝစေဉ်သင်းပျံ့နေစေတာတွေအဆုံး တစ်ခုမှ မလစ်ဟင်းရအောင်သူမို့လို့လည်း ပြည့်ပြည့်စုံစုံ အဆင့်အ တန်း မြင့်မြင့်စီစဉ်နိုင်ပါပေသည်။

"မမက တော်တယ်နော် ကိုကိုကြီး"

"မဟုတ်သေးဘူး..၊သူ့ကို တော်တယ်လို့ ပြောလို့ မရသေး ဘူး"

"ဟင်...ဘာဖြစ်လို့လဲ"

"အဘက်ဘက်က ထူးချွန် ပြည့်စုံတယ်လို့ ပြောမှ...ရ

မှာ"

မသိမသာ အစ်အောက်စုံစမ်းနေကြသော မှုန်နဲ့သုန်တို့ မှာကိုကိုကြီးရဲ့ အားပါးတရ ချီးကျူးသံကြောင့်ပါးစပ်ကိုတင်းတင်း ပိတ်ထားသည့်ကြားက ဝမ်းသာအားရဖြစ်သွားသည့်မျက်နှာတွေကို မထိန်းနိုင်ဖြစ်ကြရလေသည်။

"ဟုတ်တယ်၊မမက သိပ်တော်တာ၊စိတ်သဘောထားလဲ ပြောစရာမရှိအောင်ကောင်းတယ်နော် ကိုကိုကြီး"

"အင်း...."

"မှုန်တို့ကိုလဲ သိပ်ခင်တာပဲ၊သိပ်လဲ ကူညီတတ်တာပဲနော်"

"ဟုတ်တယ်၊ဒါပေမယ့်...တစ်ခုမှာထားရဦးမယ်၊သူများ စိတ်ထား ကောင်းတာ၊ကူညီတတ်တာကို အခွင့်အရေးယူပြီး ဟိုခိုင်း ဒီခိုင်းတော့ မလုပ်ပါနဲ့၊သိပ်အားနာစရာကောင်းတာပဲ"

"အို...ကိုကိုကြီးကလဲ၊မမက မှုန်တို့နဲ့ဆို အမျိုးလိုဖြစ်နေ ပြီ၊အားနာစရာ မရှိပါဘူး"

မင်းယျာက ညီမလေးနှစ်ယောက်ကို စိုက်ခနဲကြည့်လိုက်မိ ပါသည်။သူတို့လေးတွေ အခုတလော ဘာခြေလှမ်းလှမ်းနေသည်ဆိုတာကိုယ်တိုင်တွေ့ကြုံဖူးရော၊ကြီးသိန်း ကြီး စောတို့ပြန်ပြောတာကြောင့်ရော၊သိသင့်သလောက် သိပြီးသား။





မှုန်နဲ့သုန်ဟာ မပန်းသာရဲ့ မောင်လေးနှစ်ယောက်နဲ့သိပ်ကိုရင်းနှီးနေတာ၊လေးယောက်သား တတွဲတွဲသွားလာလိုက်၊အိမ်ကို အပြန်အလှန်လည်လိုက်၊ဖုန်းဆက်လိုက်နှင့်ရှုပ်ယှက်ခတ်နေကြ တာကို ရှေးဆန်သည့် လူကြီးတွေ ဖြစ်သောကြီးသိန်းနှင့်ကြီးစောက မျက်မုန်းကျိုးလှပြီ ဖြစ်ပေမယ့် လူငယ်တစ်ပိုင်းဖြစ်သော မင်းယျာကတော့သဘောပေါက်နားလည် ပါသည်။

ကောင်မလေးနှစ်ယောက်က ဟိုကောင်လေးတွေ အပေါ် ခင်တွယ်ရုံတင်မကသူတို့အစ်မအပေါ်မှာပါ အထင် တကြီး ရင်းနှီးတွယ်တာနေတော့တာ။အိမ်မှာ စကားပြောလိုက်ပြီဆိုမှဖြင့် မပန်း သာ တော်ကြောင်း၊မိန်းမပီသကြောင်း၊စိတ်ထားကောင်းကြောင်း က မပါမဖြစ်။

မင်းယျာကတော့ ထိုအခြေအနေကို သဘောကျ လက်ခံ ပါသည်။တကယ်လို့ထိုကောင်လေးတွေနဲ့ သူ့ညီမတွေ အဆင်ပြေ သွားကြမည်ဆိုလျှင်လည်းတစ်ဘက်နှင့်တစ်ဘက်မိသားစုတော် စပ်ကြရမည့်သူ အချင်းချင်းချစ်ခင်ရင်းနှီးနေတာဟာကောင်းသည့် လက္ခဏာပေါ့။

တစ်ဘက်ကလည်း မှုန်တို့သုန်တို့အပေါ်သာမက ကိုယ့် တစ်အိမ်လုံးအပေါ်မှာပါ စေတနာထားဂရုစိုက်ပေးတာကိုလည်း မင်းယျာက ကျေးဇူးတင်ပါသည်။မပန်းသာဟာ

တော်တော် အမြော် အမြင်ရှိသည့်မိန်းမပဲ ဆိုတာ ကိုယ်တို့ မိသားစုအပေါ် အစစ ကူညီ ပေးနေတာကိုကြည့်ခြင်းအားဖြင့် သိနိုင်သည်။

ဘာပဲဖြစ်ဖြစ် တစ်ဘက်သားရဲ့သိတတ်လိုက်လျောမှု အပေါ်တရားလွန် အခွင့်အရေးယူဘာကတော့မကောင်းပါဘူး။ အလိုက်မသိတတ်လွန်းလျှင် ကြာတော့ စေတနာပျက်စရာဖြစ်လာ မည်။ထိုအခါ ပြေလည်မှုလည်းလျော့ပါးသွားနိုင်သည်။

"နောက်ကိုဘာလုပ်လုပ် မပန်းသာကို အကူအညီသွားတောင်းတာမျိုး မလုပ်ရဘူးနော်.....၊သူ ပေးတဲ့ လက်ဆောင် တွေလဲ ယူယူမလာနဲ့၊သူကျွေးတာလဲ အား မနာလျှာမကျိုး မစားနဲ့၊ဟုတ် လား"

"ကိုကိုကြီးကလဲ....၊သူများ စေတနာကို စော်ကားလို့ကောင်းပါ့မလား၊ကိုကိုကြီးလဲ မမ လက်ရာကို ကြိုက်တာပဲ မဟုတ်လား၊ခုပဲကြည့်..၊ကိုကိုကြီးရဲ့ ရုံးခန်း အသစ်လေးဘယ်လောက်အင်တာနေရှင်နယ်စတင်း(န်)ဒတ် မီသွားလဲ"

"ငါ့ရုံးခန်း နိုင်ငံတကာ အဆင့် မီတာတော့ ဟုတ်တာပေါ့"

"ဘာလဲ...၊ကိုကိုကြီးက မမ ပင်ပန်းမှာစိုးလို့လား"

"ကိုယ့်ကြောင့်.. သူများ ပင်ပန်းရတယ် ဆိုတာ ဘယ်





ကောင်း မလဲ"

"မမအတွက်တော့ ကောင်းချင်ကောင်းမှာပေါ့"

မပန်းသာဟာသူ့ မောင်လေးတွေကို တော်တော်ချစ်ရှာတာပါလား။သုန်ပြောသည့် အတိုင်းဆိုလျှင် ကိုယ်တို့မိသားစုထဲမှာ သူ့မောင်လေးတွေ မျက်နှာပွင့်စေဖို့ မမောနိုင် မပန်းနိုင် ဝင်ရောက် ကူညီနေရှာတာထင်သည်။ကိုယ်ကသူ့ကိုကျေနပ်ပြီး သူ့မောင် လေးတွေကို မျက်နှာသာပေးလျှင်ပဲ မပန်းသာက ဝမ်းမြောက် နေမည့်ပုံ။

မင်းယျာကတွေးရင်းတွေးရင်းယောကျ်ားလေးရှင်ဘက်က ကိုယ့်ညီမလေးတွေကို လိုလိုလားလားရှိနေသည့်အဖြစ်ကို ကျေနပ် မဆုံးရှိလေသည်။

* * *

## (၁၀)

“မောင်လေးတို့ကလဲကွယ်..အဲဒီလို လက်ဆောင်တွေ တစ်မျိုးပြီးတစ်မျိုး လက်ခံလာတာ မမ မကြိုက်ပါဘူး”

မကြိုက်ပါဘူးဆိုပေမယ့် ရန်ကုန်မှာရှာမရတော့လို့ မသုံးရတာကြာပြီဖြစ်သည့် ပြင်သစ်နိုင်ငံထုတ် ရေမွှေးပုလင်းလေးကို အမြင်မှာ မမ နှစ်သက်သဘောကျသွားတာကို ဥသာရော ဟံသာ ပါ သတထားမိလိုက်ကြပါသည်။

“ကြည့်ဦး ရေမွှေးတွေရော၊မိတ်ကပ်တွေ၊ခေါင်းလျှော်ရည်၊နှုတ်ခမ်းနီ၊လက်သည်းဆိုးဆေး စုံနေတာပဲ၊ဒီလူ





ဟာ မိန်းမတွေ အကြိုက်လဲ တော်တော် သိတယ်ထင်တယ်ရွေးထားတဲ့ အ ရောင်လေးတွေက လှလိုက်တာ”

မိန်းမတွေရဲ့ အကြိုက်ကိုသိသည် ဆိုကတည်းက လက်ဆောင်ပစ္စည်းတွေကို မမ ကြိုက်သည်ဆိုတာ သေချာနေပြီ။

“မမကလဲဗျာ...၊ဒီလူနဲ့ဒီလူ လက်ဆောင်ပေးတာဘာများ အားနာစရာရှိသလဲ”

“ဟဲ့...ကောင်းမလားဟံသာရဲ့...စဉ်းစားကြည့်ဦး၊ဒီလောက် အဖိုးတန် ပစ္စည်းတွေကို သူတို့ဘက်ကချည်းတစ်မျိုးပြီး တစ်မျိုးပေး နေတာ၊ကိုယ်ကဘာမှ ပြန် ပေးတာလဲ မဟုတ်၊အယူချည်းပဲရှိနေလို့ ကောင်းမလား”

“ဒါဆိုလဲ လွယ်ပါတယ်၊မမကလဲ လက်ဆောင်ပြန်ပေးလိုက်ပေါ့”

“ဟံသာ...ကိုယ့် အစ်မ ကိုယ် ဒီလိုပဲ ပြောရလား၊ မင်းပြော သလို လုပ်ဖို့ ကောင်းမယ်များ ထင်နေလား”

“လက်ဆောင်ပေးတာပဲ မမရာ...သူ့အိမ်ရှေ့သွား ဆဲနေ တာလဲ မဟုတ်၊သူ့ အိမ်ကို ခဲနဲ့ ထုတာလဲ မဟုတ်ပါဘူး၊ဘာ မ ကောင်းစရာရှိလဲ”

“နင်တို့တွေဟာလေ ၊ယောက်ျားလေးတွေဖြစ်နေ လို့လား မသိဘူး ဘာမှ အဆင်အခြင်မရှိဘူး”

မပန်းသာ ညည်းရုံပဲညည်းညူနိုင်ပါသည်။ဒီမောင်

လေး နှစ်ယောက်ဟာ သူမစကားကိုနားထောင်ပြီး သူမရဲ့အဆုံးအမ အောက်မှာ သေသေဝပ်ဝပ်ကလေး နေခဲ့ကြသည် ဆိုပေမယ့် ယောကျ်ားလေးမို့ ယောကျ်ားလေးပီသ သည့် ခပ်ပေါ့ပေါ့အတွေး အခေါ်တော့ ရှိတတ်ကြသည်ပင်။

အခုကိစ္စမှာယောကျ်ားဖြစ် သည့် ကိုမင်းယျာက အဝတ်အစား၊အသုံးအဆောင်ပစ္စည်း၊ပန်း၊ဘယ်လိုလက်ဆောင်မျိုးပဲပေးပေး အမြင့်တင့်တယ်သော်လည်း မိန်းမသားဖြစ်သည့်မပန်းသာက သူ လုပ်သလို ပြန်လည်တုံ့ပြန်ဖို့ မသင့်တော်ဘူး ဆို တာ သူတို့ နားမလည်ကြ။

ကိုမင်းယျာရဲ့သဘောထားကိုတော့ မပန်းသာ နားလည်ပါသည်။အရွယ်ရောက်သောညီမနှစ်ယောက်ကိုပိုင်ဆိုင်ထားသည့် အစ်ကို တစ်ယောက်ဟာ ကိုယ့်ညီမတွေရဲ့ရှေ့ရေးအတွက် ဘယ်လောက်ရင်လေးရမည်ဆိုတာ မပန်းသာက ကိုယ်ချင်းစာနိုင် တာပေါ့။

မိဘတွေ မရှိတော့တာမို့ ညီမလေးတွေကို အဖေအမေ ရဲ့ မေတ္တာမျိုးပေးပြီး စောင့်ရှောက်လာရသည့် ကိုမင်းယျာရဲ့တာ ဝန်က ကြီးလေးလှလေတာ။ဒါကြောင့် သူ့ညီမတွေနဲ့အဆင်ပြေ လိုက်ဖက်မည့် ယောကျ်ားလေးတွေကိုလည်းတွေ့ရော ဣန္ဒြေ , သိက္ခာတွေတောင်မထိန်းနိုင်တော့ဘဲ အဆင်ပြေချောမွေ့စေဖို့ ရွှေ လမ်း၊၊ငွေလမ်းဖောက်ရတာနေမှာ။ မပန်း





သာဟာ လတ်တလော အခြေအနေမှာဥသာနဲ့ဟံသာတို့ရဲ့အုပ်ထိန်းသူမို့ သူတို့အပေါ် မပန်းသာ နှစ်သက်လက်ခံလာအောင် လက်ဆောင်တွေပေးပြီး လာဘ်ထိုးနေတာပဲ။

ကိုမင်းယျာရဲ့လုပ်ရပ်ဟာ ဒီခေတ်မိန်းကလေးရှင်တစ်ယောက် အနေနဲ့ဆိုလျှင်တော့ အနည်းငယ် သိက္ခာကျသည်လို့ထင်လောက်စရာရှိသော်လည်းဟိုးအရင်ခေတ်က ဆိုလျှင်တော့ သ မီးရှင်မိဘတိုင်းလိုလို လုပ်နေကျ အလုပ်မျိုး။

အရင်ခေတ်က ယောကျ်ားလေး တစ်ယောက် ပညာတတ် ပြီ၊ရာထူးရှိပြီဆို ပိုက်ဆံချမ်းသာသည့်မိဘတိုင်းက ငွေထုပ်ပိုက်ပြီး အတင်းလိုက်ကြတော့တာ။တံစိုး လက်ဆောင် ပေးကြ၊အိမ်ကို ထမင်းစားဖိတ်ကြနဲ့ သိသိသာသာ၊ရုပ်ပျက်ဆင်းပျက်ကို သဘောတူပြနေကြရတာ။

ဒီခေတ်ထဲမှာတော့မိန်းကလေးတွေကအဆင့်မြင့်လာပြီ။မိဘချမ်းသာသည့်မိန်းကလေးတစ်ယောက်ဟာကြိုက်ရာယောကျ်ားကိုခေါင်းခေါက်ယူနိုင်သည့်အခြေအနေကိုရောက်လာပြီ။

အဲဒီအခြေအနေမှာ ကိုမင်းယျာလိုလူက သူ့ညီမလေးတွေ အတွက် ကိုယ့်မောင်လေးနှစ်ယောက်ကိုရည်မှန်းသဘောကျကာ မျက်နှာလို မျက်နှာရ လာလုပ်နေရသည်ဆိုလျှင် မပန်းသာအနေနဲ့ ဂုဏ်ယူဝမ်းသာရမှာပါပဲ။

"မမအနေနဲ့ကတော့လက်ဆောင်ပြန်ပေးလို့မကောင်းဘူး..၊မင်းတို့ အနေနဲ့တော့ ကိုမင်းယျာကို ကြုံရင် ရှပ်အင်္ကျီတို့၊ပုဆိုးတို့ လက်ဆောင် ဝယ်ပေးလိုက်ပေါ့၊ပြီးတော့ သူတို့မိသားစုမှာ အကူ အညီလိုရင်လဲပေးနော်"

မမဘက်က ဒီလောက်သိတတ်သည့်တုံ့ပြန်မှုရပြီဆိုလျှင် ဥသာနဲ့ဟံသာတို့ကတော့ အားတက်ရသည်ပင်။ဒီလိုတော့လည်း မမက ဘယ်ဆိုးလို့လဲ။ကိုမင်းယျာရဲ့လက်ဆောင်တွေ အပေါ် ဒီ လောက်သတတ်စွာ တုံ့ပြန်ဖို့ စိတ်ကူးရှိသည် ဆိုလျှင်နောင်အတွက် အလားအလာကောင်းတွေ အများကြီးရှိသည်။

နှစ်ယောက်သား ကိုယ့်အတွေးနဲ့ ကိုယ် အကျေနပ်ကြီးကျေနပ်ကာ စိတ်ကူးဖဲရိုက်လို့မဆုံး။ဒီပုံအတိုင်းဆိုလျှင်တော့ မကြာခင်မှာသူတို့ရဲ့စိတ်ကူးစီမံကိန်းကြီးဟာ အောင်မြင်စွာနဲ့ပြီးမြောက် သွားနိုင်ဖွယ် ရှိလေသည်။

*   *   *





(၃၁)

"မနေ့က မမရဲ့ ဆိုင်ကို ကိုကိုကြီး လာသွားတယ် တဲ့၊ အိမ်ကဆိုဖာခုံတွေပေါ် မှာ တင်ဖို့ မှီအုံးတွေရယ်၊သူ့ရုံးက စားပွဲမှာခင်းဖို့သိုးမွေးခင်းတွေရယ် ဝယ်သွားတယ်လို့ ပြောတယ်"

မြို့ထဲမှာမမက အိမ်အလှဆင်သည့်ပစ္စည်းဆိုင်တစ်ခုဖွင့်ထားတာ။ပန်းစံအိမ် ဟု အမည်ရသော မမရဲ့ဆိုင်မှာတီဗွီ၊ကုလားထိုင်၊စားပွဲတွေအုပ်သည့် သိုးမွေးခင်းတွေမျိုးစုံ၊ကျောမှီခေါင်းအုံး မျိုးစုံ၊အလှထိုးနှင့် နံရံကပ် ပန်းမျိုးစုံ အစရှိသည့် အိမ်

အလှအပ တန်ဆာဆင်သည့်ပစ္စည်းမျိုးစုံကို ရနိုင်သည်။မမရဲ့ ဆိုင်က ကြီး ကျယ်ခမ်းနားလှတာမဟုတ်ပေမယ့် ပစ္စည်းစုံကာ လက်ရာလည်းလှပတာမို့ အကြောင်းသိသူတွေကြားထဲမှာတော့ နာမည် ကျော် ကြားလှတာ။

ဆိုင်ကို မမက စီးပွားရေးအတွက်ဖွင့်ထားတာမဟုတ်ဘဲ ဝါသနာအရအားလပ်သည့်အချိန်တွေမှာ ထိုင်ရုံဖွင့်ထားတာ ဖြစ်သော်လည်း တဖြည်းဖြည်းအောင်မြင်လာတာမို့ တစ်နေ့မှာ သုံးလေးနာရီတော့ မဖြစ်မနေ အချိန်ယူကာသွားထိုင်လျက် ဖိဖိစီးစီး အုပ်ချုပ်ရသည့် အဆင့်ကိုရောက်ခဲ့ပြီ။

"တယ်ဟုတ်ပါလား..၊ကိုကိုကြီးက ဒီလောက်တော့ အဖြစ် ရှိသေးသားပဲ၊ငါတို့ထက်တောင် သာသေးတယ်"

"အောင်မယ်..သူတို့က ဘာမျှားညံ့နေလို့လဲ၊ရုပ်တွေကြည့် ရုံနဲ့ အကြောင်း သိပါတယ်နော်၊လူရိုးပုံ ဖမ်း မနေစမ်းပါနဲ့"

"တကယ်ပြောတာပါ...၊အဖြစ် မရှိလို့ဒီအရွယ်အထိ ရည်းစား ဆိုပြီး လက်ဆုပ် လက်ကိုင် ပြစရာ မရှိသေးတာ ပေါ့"

ဟံသာ့ရဲ့ မရိုးသားသော စကားတွေကြောင့် သုန်ကမသိချင်ဟန် ဆောင်ကာ ဘာမှပြုံင်ဘက် ငြင်းခုန်မနေတော့ဘဲ ငြိမ်နေ လိုက်သည်။တော်ကြာ စကားနိုင်လိုချင်လို့ငြင်းခုန်မိမှ





ကိုယ်ရှူး ကိုယ်ပတ်၊ကိုယ့် လည်ပင်းကိုယ် ကြိုးကွင်းစွပ်သလိုဖြစ်နေရင် ခက်ရချည်ရဲ့။

"နှစ်ယောက်သားအဆင်ပြေနေကြတယ်တဲ့လား"

"ပြေမပြေတော့ မသိဘူး၊ကိုကိုကြီးက အတင်းခေါ် လို့တဲ့ ...အောက်ထပ်က အအေးဆိုင်မှာဆင်းပြီးအအေးသောက်ကြသေး တယ်တဲ့"

"မမက ပြောပြတာလား"

"ဘယ်ဟုတ်မလဲ၊ဆိုင်က မမတပည့်မလေး ပြန် ပြောပြတာ၊သူကလဲ...မမ ပုံစံ ထူးခြားတယ်ဆိုပြီး သိပ်ကိုပြော ပြချင် နေတာ"

"ဒါ....တိုးတက်တာပဲ၊နှစ်ဘက်စလုံးကတော့ မှုန်တို့ဆင် ထားတဲ့ ခွင်ထဲ ဝင်လာပြီ"

"ဒါ ငါတို့တော်လို့နော် မှုန်"

"အောင်မယ်....ကိုကိုကြီးကို လှည့်ပတ်တိုက်တွန်း ရတာ လွယ်တယ်ထင်လို့လား၊မှုန်တို့မှာ စိတ်မထင်ရင် အော်လွှတ် လိုက်မှာလဲ စိုးလို့ သတိထားနေရတာ"

"မဟုတ်ပါဘူး၊ငါတို့ အစီအမံကောင်းလို့ပါ"

"ဥဿာနော်....မှုန် စိတ်တိုလာရင် ဥဿာ ပန်းကန်ထဲက သီဟိုဠ်စေ့တွေ ယူစားပစ်လိုက်မှာ"

ဥဿာက သူ့ ထမင်းကြော် ပန်းကန်ထောင့်မှာ သီး

သန့်ဖယ်ထားသည့် သိဟိုဠ်စေ့တွေကိုလက်နဲ့ အလျှင်စလို အုပ်ကွယ်လိုက်ပါသည်။တမင်တကာ ဟန်လုပ်ဖုံးဖိလိုက်တာဖြစ်သော်လည်း မှုန့်စကားကို အသေအချာအဓိပ္ပာယ်ကောက်ကြည့်ရင်း ဥဿာ ရင်ထဲ တလှိုက်လှိုက်ခုန်နေတာကိုတော့ ဘယ်သူမှ မသိနိုင်။

မှုန့် ပြောလိုက်ပုံလေးက သူ့ပန်းကန်ထဲက လုစားမယ်ဆို တော့မတရင်းတနှီးလေးဖြစ်နေသလို ဒီဆိုင်ရောက်လျှင် ထမင်း ကြော်ပဲ မက်မက်မောမောမှာစားဖြစ်ခြင်းရဲ့ အဓိက အကြောင်းအရင်းဟာ ထမင်းကြော်ထဲပါသော သိဟိုဠ်စေ့တွေကြောင့်ပဲဖြစ်တာမို့ သူ့သိဟိုဠ်စေ့ကြိုက်တာကို စေ့စေ့ငုငုလိုက်သိထား သော မှုန့်ရဲ့ စိတ်ဝင်စားမှုကလည်း စိတ်ကူးယဉ်ချင်စရာ ကောင်းနေ တော့သည်။

ရုပ်ချင်း ဆင်သောညီအစ်မ နှစ်ယောက်ထဲမှာ ဥဿာရဲ့ နှလုံးခုန်နှုန်းက မှုန့်အတွက်မှ ဘာကြောင့်သီးသန့်ပိုခုန်ရသလဲဆို တာတော့ကိုယ်တိုင်လည်းမသိနိုင်ပေ။မမရဲ့ ဆံပင်ရှည်တွေကိုအထင်တကြီး နှစ်သက်လှသော ဥဿာဟာ မမလိုပဲ ဆံပင်ရှည်လျားလွန်းတာကြောင့် မှုန့်အပေါ် နှစ်သက်မှုပိုခဲ့ရတာလား မသိ။

ညီအစ်မနှစ်ယောက်ထဲမှာ မဆိုစလောက်ကလေး ပိုမိုငြိမ်သက်သော မှုန့်ဟာ သုန့်လို စွာကျယ်ကျယ် မဟုတ်ပေမယ့်







တကယ် စိတ်ဆိုးစရာ ရှိလျှင်ပိုပြီးစိတ်ဆိုးတတ်တာလေးကိုကတစ် မျိုးချစ်စရာ။

"ကိုကိုကြီးက သူ့ရုံးခန်းအကြောင်း ခုထက်ထိ ချီး ကျူးမဆုံး ဖြစ်နေတာ၊နိုင်ငံခြားသားတွေရော..၊ဒီကဧည့်သည်တွေကရော...သူ့ အခန်း ဒက်ကရေးရှင်း ကို ချီးကျူးကြတယ်လို့ အမြဲပြောတာ၊အမှန်က အဲဒီလူတွေ ချီးကျူးတာထက် သူကပိုချီးကျူးချင်နေတာမှန်း သိပ်သိသာတာပဲ"

ဥဿာကို အကျီစားလွန်သွားမိသည့်မှုန့်က သူ့စကားသူ ပြန်ထိန်းသည့်အနေနှင့်စကားလမ်းကြောင်းလွှဲပစ်လိုက်တာကို အားလုံးသတိထားမိကြပေမယ့် မှုန့်စကားနောက်ကွယ်က အဖြစ်အပျက်ကို တွေးမိပြန်တော့လည်း ပြုံးမိကြပြန်လေသည်။

ကိုကိုကြီးက သူ့အခန်းပြင်ဆင်ပုံကောင်းလှချည့်ဆိုပြီး မမကို ချီးကျူးမဆုံးရှိသော်လည်း အဲမှန်က မမဟာ ကိုကိုကြီးရဲ့ ရုံး ခန်းဘယ်နားရှိမှန်းတောင်သိတာမဟုတ်ချေ။

ကိုကိုကြီးရုံးခန်းအသစ်ပြောင်းရမည်ဆိုတော့ မှုန့်နဲ့သုန်က အကြံရကာ အခန်းပြင်ဆင်ခွင့်ကို အစ်ကိုလုပ်သူထံမှာ တောင်းသည်။အခန်းပြင်ဆင်နေစဉ်အတွင်း ကိုကိုကြီး လာမကြည့် ရလို့ တားမြစ်ပြီး စိတ်တိုင်းကျ ပြင်ဆင်သည်။ပြီးလျှင်

အခန်းပြင်ဆင်ဖို့အတွက် မပန်းသာကို အကူအညီ တောင်းရပါ
သည်။ဒါတွေဟာမပန်းသာကိုယ်တိုင်ပြင်ဆင် ပေးထားတာ
တွေ ပါလို့ ကိုကိုကြီးကို ပြောသည်။

အမှန်ကတော့ အခန်းပြင်ဆင်ဖို့အတွက်( WANDER
LAND)ဆိုသည့်နာမည်ကြီး အခန်းပြင်ဆင်ရေး အေဂျင်စီ တစ်
ခုကိုခေါ်ယူငှားရမ်းပြင်ဆင်စေ ခဲ့တာပါပဲ။အခန်းရဲ့အခင်းအ
ကျင်းမှန်သမျှဟာထိုအေဂျင်စီကလူတွေရဲ့လက်ရာတွေသာ။
ဒါကို မမ လက်ရာလို့ ကိုကိုကြီးထင်နေအောင် လိမ့်ယူရတာ။
ကိုကိုကြီးကိုကျတော့ မမကိုကျေးရူးတင်ကြောင်း သွားမပြော
နဲ့၊သူကအချီးကျူး ခံ ရမှာကိုသိပ်ရှက်တာ၊သွားပြောမှ အားနာ
စရာတွေဖြစ်ကုန်မယ် ဘာညာနဲ့ လှည့်ပတ်ပိတ်ပင်ရပြန်သည်။

သူတို့လေးယောက်မှာ မဟုတ်ဘဲနှင့်ဘယ်သူကိုဘယ်
သူက ဘာပေးလိုက်တယ်၊ဘာတွေ အကူအညီတောင်းလို့လုပ်
ပေးလိုက်တယ်ဆိုပြီး ဇာတ်လမ်းတွေ ဆင်ကြ၊တစ်ယောက်နဲ့
တစ်ယောက် စကားစပ်မိလို့ ပြန်မပေါက်ကြားအောင်တားမြစ်
ပိတ်ပင်ရနဲ့ ပင်ပန်း လှပါသည်။ဒီကြားထဲ အပြန်အလှန် လက်
ဆောင်ချင်းဖလှယ်ဖို့ ပစ္စည်းတွေ၊ပန်းတွေဝယ်ရတာလည်း
မုန့်ဖိုးငွေထောင်းလှပြီ။

ဥသာနဲ့ဟံသာတို့က မမဆိုင်ကပစ္စည်းတွေ အတ
အလျှို လုပ်၊မှုန်နဲ့သုန်ကလည်းကြီးတော်တွေ စိုက်ထားသည့်





ပန်းတွေ အလစ်သုတ်နှင့်ကြာလာတော့ လေးယောက်လုံး သူခိုး
ကြီး ငတက် ပြား နဲ့လည်းတူလာကြပြီ။

ဒါပေမယ့်အခုလိုမျိုးအခြေအနေ တိုးတက်မှုလေးတွေ
တွေ့ကြုံရသည်ဆိုပြန်တော့လည်း ပိုက်ဆံကုန်ရကျိုးငါးပါး
သီလထဲက နှစ်ပါးသောသီလကို ဖောက်ဖျက်ရကျိုး၊ဘယ်တော့
အလိမ် ပေါ်မလဲလို့ တထိတ်ထိတ် နေရကျိုး နပ်ပြန်လေသည်။

သူတို့စီစဉ်မျှော်လင့်ထားသည့်အတိုင်း ကိုကိုကြီးနဲ့
မမသာ ပြေလည်သွားကြမည်ဆိုလျှင် နှစ်ယောက်စလုံးကို ချစ်
သူတွေနဲ့ ကွဲ ကွင်းအောင်ဖန်တီးလျက် စိတ်ဆင်းရဲ သောက
တွေတစ်နင့်တစ်ပိုးခံစားစေခဲ့သည့်အပြစ်ကလည်းလွတ်မြောက်
သည်။ချစ်ခင် အားကိုး ရသော အစ်ကိုနဲ့ အစ်မရဲ့ပျော်ရွှင်မှုကို
ဖန်တီးပေးနိုင်လို့လည်း ကျေနပ်ဝမ်းသာရမည်။အရာအားလုံး
ဟာ အကောင်းဆုံးတွေ ချည်း ဖြစ်လာကြမှာပါပဲ။

* *

(၃၂)

"ဥသာရဲ့ ခဏနေပါဦး၊ဟံသာရော…၊ပြီးတော့ သုန်ရော ဘယ်နားမှာစောင့်နေမှာလဲ"

ဥသာက မျက်နှာငယ်လေးနဲ့ မေးလိုက်သော မှုန့်ကို ကြည့်ကာ ရယ်ချင်နေသည်။ဒီအသက်အရွယ်နဲ့ ဒီကောင်မလေး ဒီလောက်တုံးသည်ဆိုကတည်းက ယောကျ်ားလေးတွေနဲ့ ပတ်သက်ပြီးအတွေ့အကြုံ မရှိဖူးဘူးဆိုတာသိသာနေပြီ။

"ဥသာ၊သုန့်ကွန်ပျူတာ သင်တန်းကို ဟံသာကသွားကြိုလာမှာ ဆို၊ပြီးရင်..ရုပ်ရှင်သွားကြည့်ဖို့ စီစဉ်ထားတာဆို၊အခု ပန်းခြံ ခေါ်လာတာ ဘာလုပ်မလို့လဲ"

"ဟုတ်တယ်လေ၊အဲဒီ အတိုင်းပဲ မပြောင်းပါဘူး၊အခု





ဥစ္စာ က ကြားဖြတ်အစီအစဉ်မို့ပါ"

"ဘာလဲ…လျှပ်တစ်ပြက်ရိုက်ချက်လား"

"မဟုတ်ပါဘူး…၊မိုးလေဝသ အထူးသတင်း ကြေညာချက်"

မှုန်က ဥသာကို မှုန်တေတေလေးကြည့်လိုက်သည်။ ဒီတစ်ယောက်တော့ သိပ်မဟုတ်တော့ဘူးထင်သည်။မျက်နှာကြည့်တော့ စပ်ဖြဲဖြဲနဲ့၊မျက်လုံးတွေကလည်း တစ်စုံတစ်ခုကို လျှို့ဝှက် ဖုံးဖိထား သလိုမျိုး။

ဥသာဟာလူယဉ်ကျေးဂုဏ်သိက္ခာရှိသည့်ယောကျ်ားလေး တစ်ယောက်မို့ မှုန်က စိတ်တော့ဖြင့်မပူပါ။ပြီးတော့ ကားရပ်ထားသည့်နေရာကလည်း ကရဝိတ်ပန်းခြံရဲ့ လူသူရှုပ်ထွေးရာ ရေကန်စပ်ကိုကျော့ဖောက်ထားသော ကားလမ်းဘေးမှာပါ။ဒီနေ ရာကို ကရဝိက်ခမ်းမကနေ ဖြတ်ထွက်လာကြသည့် ကားတွေ ဥဒဟို ဖြတ်သန်းသွားနေကြသလို အပန်းဖြေဆော့ ကစားနေသည့် ကလေးတွေကလည်း အနီးအနားမှာ အများကြီး။

"မှုန် ဘာတွေကြည့်နေတာ လဲ ဖြိုးမောင် ရှာနေတာ လား"

"ပြော ရအောင် ဥသာက မှုန့်ကို [illegible]တိုက်မှာ မို့လို့ လဲ"

"တိုက်သင့် တိုက်ရမှာပေါ့"

"ဒါဆိုရင်တော့ ဥဿာလူရွေးမှားပြီ၊မှုန် ဝတ်ထားတာတွေက အားလုံး အတုတွေ ချည်းပဲ၊တန်ဖိုးရှိတာ ဆိုလို့ ဟန်းချိန်းရယ် ဆွဲကြိုးရယ်ပဲရှိတာနော်၊ဒါတောင် သေးသေး ပါးပါးလေးတွေ..၊နှစ်ခု ပေါင်းမှ ငါးမူးသား ကျော်ကျော်ပဲရှိမှာ"

"ခါးပြဆိုတာပစ္စည်းပဲ တိုက်တယ်လို့ ဘယ်သူကပြောလဲ၊ အဲ...ဟို...ငါပြောမှာက..."

ကိုယ့်စကားကြီးက အဓိပ္ပာယ်ရှိင်းရိုင်းကြီးပေါက်သွားသလိုမို့ ဥဿာက အမြန်ဆုံးပြန်လည်ဖာထေးရပါသည်။မှုန်ကတော့ ဥဿာ အမှားမှားအယွင်းယွင်းဖြစ်နေတာကို မသိဟန်ဆောင်နေလိုက်သည်။

"မှုန် နားထောင်မှာလား"

"ဟံသာနဲ့ သုန် စောင့်နေတော့မှာပေါ့၊တော်ကြာ စိတ်ပူ နေကြဦးမယ်"

"မပူပါဘူး၊ဟံသာက..."

မှားပြန်ပြီ။အိမ်မှာကတည်းက ညီအစ်ကိုနှစ်ယောက်စည်းဝါးရိုက်ပြီး ထွက်လာခဲ့ကြတာမို့ တစ်ယောက်နဲ့တစ်ယောက် မဆုံလျှင်လည်းဘာမှစိတ်ပူစရာ မရှိ။ဒီအချိန်မှာ၊ ဒီနေရာမှာ ဥဿာနဲ့မှုန်တို့ရှိနေလိမ့်မည်ဆိုတာ ဟံသာက သိ





နေပြီးသား။ထို့အတူပဲ ဟံသာနဲ့သုန်တို့ဘယ်မှာရှိနေမည်ဆိုတာကိုလည်း ဥဿာက သိနေသည်ပဲ။

"ဟံသာက ဘာဖြစ်လဲ ပြောစမ်း"

"ထားလိုက်စမ်းပါ မှုန်ရာ..၊ဟံသာ့အကြောင်း အသာထား လိုက်၊အရေးကြီးတဲ့ စကားကို ပြောပါရစေ"

"ဥဿာအတွက် အရေးကြီးပေမယ့်...မှုန့်အတွက် အရေး ကြီး ချင်မှကြီးမှာပေါ့။မှုန် နားမထောင်ချင်ဘူး"

"မှုန်ကကြိုသိနေတာကိုး၊ငြင်းတော့မှာပေါ့"

"မသိပါဘူး"

"ဩော်...မသိသေးဘူးလား၊ဒါဆိုရင်တော့ သိအောင် ပြောပြထား မှပေါ့၊မသိလိုက်ရင် ခေတ်မမီ ဖြစ်သွားလိမ့်မယ်"

"ဘာလဲ...ဥက္ကာပျံ အပိုင်းအစ တစ်ခုက ကမ္ဘာကြီးကို ဝင်တိုက်လို့ ကမ္ဘာကြီး ပျက်မယ့် သတင်းလား"

"မဟုတ်ဘူး၊ဥဿာရဲ့နှလုံးသားအပိုင်းအစ တစ်ခုက မှုန် ဆိုတဲ့ကောင်မလေးကို ဝင်တိုက်မိပြီး ပြန်ခွာ မရတော့လို့ ဘဝ ပျက် တော့မယ့် သတင်း"

"ဟုတ်လား...၊ဒါဆိုလဲစောစောက ပြောရောပေါ့၊ မှုန် ပြန် ခွာ ပေးလိုက်မှာပေါ့"

"မရတော့ဘူး...၊အချစ် ဆိုတာ ဆင်စွယ်လိုပဲ၊တစ်ခါ

ထွက်ပြီးရင် ပြန်မဝင်တော့ဘူး"

"ဆင်စွယ်ဆိုရင်တော့ဖြတ်ယူပြီး ပန်းပုထုရင်ကောင်းမှာပဲ"

"မှုန် ဘာတွေ လျှောက်ပြောနေတာလဲငါက..စကားကောင်း ပြောနေတာပါ"

"နားမထောင်လို့မရဘူးလားဟင်"

မှုန်က ရှုးချင်ယောင်ဆောင်ကာစကားတွေကို ဟိုလျှောက်ပြော ဒီလျှောက်ပြောနဲ့ လမ်းလွှဲနေသော်လည်း ဥဿာက စကားလွှဲ မခံပါ။မှုရင်းနေရာရောက်အောင် မရမကပြန်ဆွဲယူနေမြဲ။

"မှုန့် ကိုသိပ်ချစ်တယ်၊တကယ်ပြောတာ၊ချောင်းသာမှာ လေ၊ငါနဲ့ မှုန် တိုက်မိပြီး ကြိုးနဲ့ ချိတ်မိ နေလို့ ပြန်ဖြုတ်မရ ဖြစ်နေ တာလေ..၊အဲဒီတုန်းကရှက်လဲရှက်၊စိတ်လဲဆိုးနေတဲ့ မှုန့် မျက်နှာလေးကိုမြင်ပြီးညတောင်အိပ်လို့ မရ ဘူး"

"ကြွက် သောင်းကျန်းလို့ပါ မဟုတ်လား...၊အဲဒီညကဥဿာတို့အခန်းက ကြွက်လိုက်ရိုက်နေတာကြားသားပဲ"

"မှုန် ကျေးဇူးပြုပြီး မနောက်ပါနဲ့ကွာ၊ငါ အတည်ပြောနေတာပါ..၊မှုန့် သဘောထားကို အတည် ပြန် ပြောပါ





နော်"

ဥဿာလို တစ်ချိန်လုံးစပ်ဖြဲဖြဲဖြစ်နေတတ်သူက မျက်နှာ တည်တည်နဲ့ဖြစ်နေပြီဆိုသောအခါ မှုန်လည်းပြောင်ချော်ချော် ပြက်ချော်ချော် လုပ်လို့မရတော့။ယောက်ျားလေးက အတည်အတံ့ ပြောနေချိန်မှာ မိန်းကလေးက ပြောင်နောက်နောက်တွေလုပ်နေ လျှင် အထင်သေးခံရနိုင်သည်။

"ကောင်းပြီလေ၊မှုန်စဉ်းစားပါ့မယ်"

"ဟင့်အင်း..၊စဉ်းစားပြီးပေးတဲ့အဖြေကို မလိုချင်ဘူး၊အခု ချက်ချင်းဖြေတာကိုပဲ လိုချင်တယ်"

"ချက်ချင်းဆိုရင်တော့ နိုး ပဲ"

"စကားပုံ ရှိတယ်၊ When Women Say N0 , They Mean Yes တဲ့၊မိန်းမတွေက ဟင့်အင်းလို့ ပြောရင် အင်းဆိုတဲ့ အဓိပ္ပာယ် ပဲတဲ့"

"သေ...သေ၊မှုန်က နိုးလို့ ပြောတာကတော့ သွားသေလိုက် ဆိုတဲ့ အဓိပ္ပာယ်ပဲ"

မှုန်က ရှက်ရှက်ကလေးနဲ့ မျက်စောင်းလေး ထိုးကာ ပေါင်ပေါ် လက်သီးဆုပ်လေးတထုထုနှင့် အော်ဟစ်နေတာကို ကြည့်ပြီး ဒီကောင်မလေးရင်ထဲမှာ ဘာတွေ ရှိနေသည်ဆိုတာ ဥဿာ ကောင်း ကောင်းကြီး ဖတ်တတ်သွားလေ၏။

* * *

(၃၃)

"မှုန်တို့က ရုပ်ရှင်ရုံ ရှေ့မှာ စောင့်နေမှာ မဟုတ်ဘူး လား၊ ဘာလို့ အင်းလျားစောင်းခေါ် လာတာလဲ"

အင်းလျားဘက်ကားချိုးကွေ့ဝင်လိုက်တာနှင့် မှန်းထား သည့်အတိုင်း သုန့်ထံမှ ပူညံပူညံ အသံတွေ စထွက်လာပါပြီ။

"မသိဘူးလေ.. ၊ဒီမှာချိန်းထားတာလားလို့၊မဟုတ်ဘူး လား"

"ဟံသာနော်.. အူကြောင်ကြောင်မလုပ်နဲ့၊လက်သီးနဲ့





ဆွဲ ထိုး ပစ်လိုက်မှာ"

"အောင်မယ်လေးဗျာ၊ခြိမ်းခြောက်သံကို အတွင်းအား အပြည့်ပါလို့ထင်ပါရဲ့၊ကြားရရုံနဲ့တင် ဗိုက်ထဲအောင့် တက်သွားတယ်"

"ဟံသာ... ဘာတွေ စကား လွှဲနေတာလဲ၊ဒီကို ဘာအ ကြောင်း ရှိလို့လာရမှာလဲ"

"သုန့်မှာများ ပြောစရာစကားရှိမလားလို့"

"မရှိဘူး၊ပြန်မယ်"

"သုန့်မှာ... မရှိလဲ ငါ့မှာ ရှိတယ်လေ၊ငါ ပြောတာနား ထောင် သွားဦး"

"ဒုက္ခပါပဲ၊ရုပ်ရှင်ချိန်နောက်ကျနေတော့မယ်၊မှုန် တို့ လဲ စိတ်ပူနေကြမှာ သွားကြပါစို့"

"စိတ်မပူပါဘူး၊ခုလောက်ဆို..."

ဟံသာက စကားကိုတစ်ဝက်တစ်ပြက်နဲ့ ရပ်တံ့ပစ် လိုက်သည်။ခုလောက်ဆိုသူတို့လည်း ကန်တော်ကြီး ပန်းခြံထဲ မှာစကား တွေ ဖောင်ဖွဲ့ကာ ပြောမကုန် ဖြစ်နေလောက်ရော ပေါ့လို့သာ ဆက် ပြောမိလျှင် ကြိုတင်ကြံစည်မှုနဲ့အပြစ်က ပို ကြီးလေးသွားနိုင်သည်။

"ခုလောက်ဆို ဘာဖြစ်လဲ"

"ဘာမှ မဟုတ်ပါဘူး"

"မဟုတ်သေးပါဘူး...၊ဟံသာစကားကို တစ်ဝက်တစ်ပြက် ကြီး ရပ်ထား လိုက်တာအကြောင်း ရှိရမယ်.... ပြော..."

"အရေး မကြီးတာတွေ အသာ ထားလိုက်ကွာ၊အရေးကြီး တာ အရင်ပြောပါရစေ"

သုန့်ပါးပြင်လေးနှစ်ဘက်ရှတ်ခြည်း နွေးထွေးသွားရသည်။မိန်းကလေးပဲ၊ဒီလောက် အကောင်ကြီးပြနေမှတော့ ဘာလဲဆိုတာ သိပြီပေါ့။

ဒါကြောင့် ထင်တော့ ထင်သား။သုန့်ကို ကွန်ပျူတာသင်တန်းမှာ လာကြိုကတည်းက ဟံသာ့မျက်နှာအချိုးသိပ်မပြေပါဘူးလို့။ရှက်ကိုးရှက်ကန်းလိုလို၊မလုံမလဲလိုလိုနဲ့ လူကိုတည့်တည့်ရင် ဆိုင် မကြည့်ရဲဘဲ ဖြစ်နေသည့် ဟံသာ့ကို အတူသွားနေကျမို့သာ သုန်က သံသယမဝင်ဘဲ လိုက်လာခဲ့မိတာ။

ရုပ်ရှင်ကြည့်ဖို့ချိန်းထားပြီး အင်းလျားစောင်းရောက်လာ သည့်အတွက် စိတ်ဆိုးတာရယ်၊မှုန်တို့ စောင့်နေကြ စိတ်ပူတာရယ်သာ ရှိသော်လည်း ကြောက်တော့ မကြောက်ပါ။ ဒီ လောက်လူတွေ အများကြီးရှိနေသည့်နေရာမှာ သုန်က ဘာကို ကြောက်ရမှာလည်း။ ပြီးတော့ဟံသာဆိုတာကလည်း ဟောဟော့ ရမ်းရမ်း ဆိုးဆိုး သွမ်း သွမ်း လူစားမျိုးမှ မဟုတ်တာ။

"သုန် စိတ်ဆိုးသွားတာလား"





"မဆိုး...အဲ..."

သုန်က အမှန်အတိုင်းပြန်ဖြေမိပြီးမှ တစ်မျိုးကြီးဖြစ်သွားမှာ စိုးတာမို့ စကားကို ရပ်ပစ်လိုက်သော်လည်း ဟံသာက ကောင်းကောင်းကြီးကြားလိုက်ကာ သဘောတကျ ရယ်မောနေသည်။

"ဟံသာ ဘာတွေဖြစ်နေတာလဲ၊သုန် တကယ်စိတ်ဆိုးလာ တော့မှာနော်"

"သုန်က စိတ်မဆိုးတတ်ပါဘူး၊သိသားပဲ..."

"လာမြှောက်မယ် မကြံနဲ့၊သုန် ကလေးမဟုတ်ဘူး"

"သိတယ်လေ၊ကလေးဆိုရင်ရုပ်ရှင်ရုံခေါ်သွားမှာပေါ့၊ လူကြီးမို့လို့ ဒီကိုခေါ်လာတာ"

သုန်က မထိုးတတ်ထိုးတတ်နဲ့မျက်စောင်းထိုးလိုက်ရာ ဟံ သာက ကျေကျေနပ်နပ်ကြီးဖြစ်သွားရလေသည်။ဒီလောက်ဆိုလျှင်တော့အခြေအနေကအကောင်းကြီးမဟုတ်တောင် ဆိုးသွား စရာ အကြောင်းမရှိ။

"သုန့်ကို ပြောစရာရှိလို့"

"ခဏနေဦး၊သုန်နဲ့ ဟံသာ ကစားနည်း တစ်ခု ကစားရအောင်"

"ဘာကစားနည်းလဲ"

"ဒီနေ့ အဖို့ စကား မပြောတမ်း ကစားမယ်၊စကား စ

ပြော တဲ့ သူက မပြောတဲ့သူကို ငါးဆယ်ပေးကြေး”

ဟံသာက ဘာမပြောညာမပြောနှင့် အင်္ကျီအိတ်ထဲ ထည့် ထားသော ပိုက်ဆံအိတ်ကိုဆွဲယူကာ ငါးရာတန်တစ်ရွက် ထုတ် လျက် သုန့်ထံ ကမ်းပေးလိုက်သည်။

“အဲဒါဘာလုပ်တာလဲ”

“သုန့်ဆီက ငါးရာဖိုး စကားပြောခွင့် ဝယ်တာ”

သုန်က နှာခေါင်းလေး ရှုံ့သွားရသည်။ဟံသာ၊ရှင် ညံ့ သေးတာပဲ။တကယ်ဆို ငါးရာတန်သုံးရွက်ပေးပြီး ထောင့်ငါး ရာဖိုး စကားပြောခွင့်ပေးပါဆိုရင် တစ်ခါတည်းနဲ့ ရှင်ပြောချင် တဲ့စကား ပြောပြီး သားဖြစ်သွားပြီ။သုန်လည်း မနေ့က ဈေးထဲ မှာကြည့်ထားတဲ့ ကိုယ် ကျပ်ရှပ်အင်္ကျီလေးတစ်ထည်တော့ ဝယ်လို့ရလောက်ပြီ။အခုတော့ ငါးရာတန် တစ်ရွက်တည်း သုန် က ဘာလုပ်ရမှာတုန်း။

အို ဘာပဲဖြစ်ဖြစ်လေ။ငါးရာလည်း ပိုက်ဆံပဲ။အနည်း ဆုံးတော့ တက္ကသိုလ်ရှေ့က ဝက်သားတုတ်ထိုးသည် ဦးဘတင့် ကြီးဆီ မှာ ဝက်သားတုတ်ထိုး အစုံ ငါးပွဲလောက်တော့ စားလို့ ရပြီ။

“တကယ်ယူလိုက်မှာနော်”

“သုန်ဘာတွေ တွေးနေလဲ ငါသိတယ်”

“ကဲ...ဒါဖြင့် ပြော”





“ငါပြောရင် သုန်ကလဲ ငါ့မေးခွန်းတစ်ခုကို ပြန်ဖြေရ မှာနော်”

“ဒါတော့ ကတိမပေးနိုင်သေးဘူး၊ဟံသာရဲ့အတွေးမှန် မမှန်အရင်ဆုံးဖြတ်လိုက်ဦးမယ်”

“သုန်က တွေးနေတယ်လေ...၊ဘာလို့ငါးရာတန်တစ် ရွက်တည်းထုတ်ပေးရတာလဲ တဲ့၊သုံးရွက်ထောင့်ငါးရာ ဆိုရင်ပြောချင် တဲ့စကားကိုတောင် သကော်တနည်းနဲ့ တစ်ခါတည်းပြောပြီးသားဖြစ် ကရောတဲ့၊ဟုတ်လား”

တော်လိုက်သည့် ဟံသာပါလား။သုန့်မှာကျောတောင် ချမ်းမိပါရဲ့။သူဟာသုန့်ရဲ့ အတွေးထဲအထိလိုက်ပြီးသိနေနိုင် တာ သုန့် အပေါ် စိတ်ဝင်စားမှု ကြီးမားလို့ပေါ့နော်။

“ဟော....အခုကျတော့ စိတ်ထဲမှာချီးကျူးနေရပြီ၊ ဟံ သာ ဟာ ငါ့ အကြောင်းတယ်သိပါလားတဲ့၊အခုလို သိ နေတာဟာငါ့ကိုချစ်လွန်းလို့ငါဘာလုပ်လုပ် သိအောင် ကြိုးစားထားလို့တဲ့ နောက်ပြီး ရှိသေးတယ်.....”

ဟံသာက ဆက်မပြောဘဲ ရပ်ထားတာမို့ သုန့်မှာ အ သည်းယားကာမနေနိုင်တော့ပါ။ထိုလူဟာ သုန့်ကို မလိမ့် တစ် ပတ်နဲ့ ရည်းစားစကားပြောထားသူပဲ ဖြစ်ဖြစ်ဘာပဲဖြစ်ဖြစ် သုန်သိချင် တာကိုတော့ သိအောင်မေးမှ ဖြစ်တော့မည်။

“ဆက်ပြောလေ..၊နောက်ပြီး ဘာဖြစ်လဲ၊မပြောရင်

ကုတ်ဆွဲမှာနော် ဟံသာ"

လက်သည်းရှည် လက်ချောင်းတွေကို ဟံသာ့မျက်နှာ ရှေ့ ဝဲပြပြီး ခြိမ်းခြောက်လိုက်လျှင် ဟံသာကအလွန်တရာ ကြောက် ရွံ့သွားပုံနှင့် ပခုံးတွန့်ပြကာ...

"ပြောပါ့မယ်၊နောက်ပြီး သုန် စဉ်းစားနေသေးတာက ငါ့ အကြောင်း ဒီလောက် သိပြီး ငါ့ အပေါ် ဒီလောက် ကောင်းတဲ့လူမျိုး ဒီဘဒ္ဒကမ္ဘာမှာ ဟံသာတစ်ယောက် ပဲရှိနိုင်တော့မယ်၊ဒီလိုလူမျိုးကို လက်လွှတ်ခံလို့မ ဖြစ် ဘူး၊အမြန်ဆုံး ခေါင်းညိတ် လက်ခံလိုက်မှတဲ့"

"ဟံသာ အစုတ်ပလုတ်၊သေလိုက်ဖို့ကောင်းတယ်"

သုန့်ရဲ့ ပြင်ဆင်ထားသော လက်သည်းရှည်တွေက ဟံသာ ရဲ့ တီရှပ်လက်တိုအောက်မှလွတ်နေသော လက်မောင်းသားတွေ ဆီ ကျရောက်သွားသော်လည်းအားထည့်မထားတာမို့ ဟံသာက မနာပါ။မနာသည့်အပြင် ကိုယ့်ဘက်က အခြေအနေ ကို သဘောပေါက်စွာ ပျော်မျှားတောင်ပျော်နေသေးတော့ သည်။

* * *





(၃၄)

"မပန်းသာဆီ....ကျွန်တော် ဒီနေ့ ရောက်လာတာ က တော့ ကလေးတွေ ကိစ္စပါပဲ"

တစ်ခုခု ပြောစရာ ရှိသည့် ပုံစံမျိုးနှင့် ကိုမင်းယျာ ရောက်လာကတည်းက ဒီကိစ္စပဲဖြစ်ရမည်လို့ ကြိုတွက်ထား သော မပန်းသာက အထင်မှန်သွားတာမို့ ကျိတ်ပြုံးလိုက်မိပါ သည်။

ဒီလူ ဆိုင်ကို မကြာခဏ ရောက်လာတာ ရုံးအတွက်၊ အိမ် အတွက်ဟု အမည်တပ်လျက် ဟိုပစ္စည်း၊ဒီပစ္စည်းတွေ ဝယ်

ဝယ်သွားကတည်းက မပန်းသာက သက်ာမကင်းဖြစ်နေခဲ့တာ။

ဒီလောက်ပစ္စည်းလေးတွေကိုကြုံရာနေရာ၊ကြုံရာဆိုင်မှာဝယ်လို့လည်းရသည်။ပြီးတော့ သူလိုယောကျ်ားတစ်ယောက်၊အလုပ်ရှင်ကြီးတစ်ယောက်က ဒီလိုအသေးအမွှားလေးတွေကို အိမ် အတွက်၊ရုံးအတွက် တကူးတကလိုက်ဝယ်ကာ တန်ဆာဆင်ပေးနေစရာမလိုပါဘူး။သူ့မှာခိုင်းစရာ လူတွေ အများကြီး ရှိနေတဲ့ဥစ္စာပဲ။

ဒါကြောင့် ကိုမင်းယျာ ဆိုင်ကို လာလာနေတာဟာ ရည်ရွယ်ချက်တစ်ခုခုရှိရမည်ဟု မပန်းသာကခံယူထားခဲ့တာ ဖြစ် သည်။

အရွယ်ရောက်လာပြီးယောကျ်ားတစ်ယောက်အနေနှင့် အရွယ်ရောက်ပြီး အိမ်ထောင်မရှိသေးသော မိန်းမတစ်ယောက်ဆီ လာလာနေခြင်းဟာသာမန်တွေးကြည့်လျှင်တော့ ထိုမိန်းမကို ချစ်ခင် နှစ်သက် စုံမက်လို့ခြင်းကြောင့်ဟု တွေးမိစရာ ရှိသော် လည်း မပန်း သာ ခေါင်းထဲကိုတော့ ထိုအတွေးက ယောင်လို့မှပင် မဝင်ဖြစ်ပါ။

ကိုမင်းယျာရဲ့မျက်နှာထားဟာ အစဉ်အမြဲ သန့်ရှင်းတည်ငြိမ်နေတဲ့ဥစ္စာ။မိန်းမတစ်ယောက်ဟာ မွေးရာပါဗီဇအတတ်ပညာ တစ်မျိုးဖြင့် ယောကျ်ားတွေရဲ့ အတွင်းစိတ်ကို သေသေချာချာသရုပ်ခွဲ သိမြင်နိုင်စွမ်းရှိသည့်အထဲတွင် ကိုမင်း





ယျာ တစ်ယောက်ကတော့ မရိုးမသားစိတ်ထားမျိုးမရှိဘူးဆိုတာ စာတမ်း ချိတ်ဆွဲနေ စရာ မလိုဘဲ သေချာနေလွန်း လှသည်။

ကိုမင်းယျာဟာ လူပျိုလှည့်လိုသည့်ရည်ရွယ်ချက်နဲ့ ရောက်လာတာမဟုတ်ဘူးဟုသေချာနေသောအခါ တွေးစရာ အကြောင်းမှာ နောက်တစ်ခုသာလျှင်ရှိတော့သည်။

ကိုမင်းယျာရောက်တိုင်း ကျွန်တော့်ညီမလေးတွေက ဘယ်လိုလိမ္မာတာ၊ဘယ်လိုတော်တာဆိုတာတွေကို စကား အတင်း ဆွဲစပ်ယူလျက် ထည့်ထည့် ပြောနေကျ ဖြစ်ကတည်းက သူ့ညီမတွေ ကို ကြော်ငြာချင်လို့ရောက်လာတာပဲဆိုတာ မပန်းသာက သဘော ပေါက်ပြီးသား။

ကိုမင်းယျာလို အစ်ကိုမျိုးကတော့ ရှားပါရဲ့။ကိုယ့်နှမ ရည်းစားထားတာကို ကန့်ကွက်တားဆီးတာမျိုး မလုပ်ဘူးဆိုလျှင်တောင် ဘယ်အစ်ကိုကမှ တော့ အားပေးအားမြှောက် အထောက် အကူပေးကြမှာ မဟုတ်ပေ။မျက်နှာပူပူ၊ခပ်ရှိန်ရှိန်နဲ့ တတ်နိုင် သလောက် မသိဟန်ဆောင်နေမှာ။

သူကျတော့ ဒီလိုမဟုတ်။သူ့ညီမတွေအတွက် စိတ်ပါလက်ပါ ဝင်ကူညီနေလိုက်တာများ ယောကျ်ားလေးဘက်ကို လက်ဆောင်ပစ္စည်းတွေပေးပြီး မျက်နှာလို မျက်နှာရလုပ်ရုံတင်မကပဲ၊ကိုယ်တိုင်ပါဝင်ထွက် ရင်နှီးအောင်လုပ်ကာ ရွှေလမ်း ငွေလမ်း ဖောက်နေလိုက်တာ။

ဥသဘာနဲ့ဟံသာတို့တုန်းကလည်း ကိုကျော်စွာ့ကို သူတို့ပဲ သိပ်ခင်၊သိပ် အထင်ကြီးကြလာကြကာ အစ်မလုပ်သူနဲ့ အဆင်ပြေအောင်အတတ်နိုင်ဆုံးကြိုးစားပေးခဲ့ကြဖူးတာကို မပန်း သာ က သွား သတိရလိုက်ပါသေးသည်။

"ဟင်.....မပန်းသာ၊ဘာလို့ မျက်နှာပျက်သွားတာလဲ၊ ကျွန်တော်ပြောမယ့်စကားကို မကျေနပ်လို့များလား"

"မဟုတ်ပါဘူး ကိုမင်းယျာ"

ကိုကျော်စွာ့ကို သတိရနေလို့ မျက်နှာပျက်သွားရတာပါ ဆိုသည့်စကားကိုတော့ မပန်းသာက အမှန်အတိုင်း ပြောမနေတော့ပါ။ကိုယ့်အကြောင်း သူစိမ်းယောကျ်ားတစ်ယောက်ရှေ့မှာ လိုအပ်တာထက် ပိုပြီးပြဖို့ မသင့်ဘူးလေ။

"ဒါဆို မပန်းသာရဲ့ သဘောထားလေး မသိရဘူးလား"

"ကျွန်မလဲ စဉ်းစားနေတာပါပဲ၊ကလေးတွေကလဲ လိုလို လားလားရှိကြတယ်၊တခြား ပြဿနာလဲဘာမှ မရှိဘူးဆိုရင်တော့ ကိုမင်းယျာရဲ့ တောင်းဆိုမှုကို ကျွန်မငြင်းဖို့မရှိပါဘူး"

"ကျွန်တော်ဝမ်းသာလိုက်တာ မပန်းသာရယ်၊တကယ်ပြောတာပါ၊ကျွန်တော့် တစ်သက် ဒီလောက် တစ်ခါမှ ဝမ်း မသာဖူးဘူး၊ဆုက ကျွန်တော့်ကို အဖြေပေးတုန်းကတောင် အခု လောက် စိတ်ချမ်းသာ ပေါ့ပါးသွားတာ





မျိုး မခံစားခဲ့ရဘူးဗျာ"

"ကျွန်မလဲ အတူတူပါပဲ..၊ဒီစကားဟာ ကျွန်မဘဝမှာ မင်္ဂလာအရှိဆုံးနဲ့ စိတ် အချမ်းသာဆုံး ပြောဖြစ်တဲ့ စကားပါ"

"ဒါဆိုလဲ ကျွန်တော်တို့ သဘောတူညီမှု ရတဲ့ အထိမ်းအမှတ်နဲ့တစ်ခုခု သွားစားကြရအောင်ဗျာ၊ကိုကာဆူကီ သွားကြရင် မကောင်းဘူးလား"

"ကောင်းသားပဲ၊ဒါပေမယ့် ဒီတစ်ခါတော့ ကျွန်မကပဲ ဧည့်ဝတ်ပြုပါရစေ"

"မဟုတ်တာဗျာ၊ကျွန်တော်ကလာပြီးတောင်းခံတဲ့သူ၊ မပန်းသာက သဘောတူ လက်ခံရတဲ့သူပဲ၊ကျွန်တော်ကပဲ ကျွေးရ မှာပေါ့"

"ဒါပေမယ့် ကျွန်မကယောကျ်ားလေးရှင်လေ"

"ယောကျ်ားလေးရှင်..မိန်းကလေးရှင်ရယ်လို့ မတွက်ကြပါစို့နဲ့ဗျာ..၊ကျွန်တော်က မိန်းကလေးရှင် ဖြစ်ပေမယ့်...ခင်ဗျားနဲ့ ကျွန်တော်ကျတော့ ...ကျွန်တော်က ယောကျ်ားမို့ ကျွန်တော်ပဲ ဦးဆောင်သင့်တာပေါ့"

"ကောင်းပြီလေ၊ဒါဆိုရင်လဲကိုမင်းယျာ ဆန္ဒအတိုင်းပါပဲ၊တစ်ခုတော့ရှိတယ်၊ဒီဆွေးနွေးပွဲ အောင်မြင်မှု အထိမ်းအမှတ် အနေနဲ့ ကိုမင်းယျာတို့မိသားစုကို ကျွန်မ

ထမင်းဖိတ် ကျွေးပါရစေ"

"ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံမှာပါဗျား"

"ပြီးတော့ အဲဒီထမင်းဝိုင်းကျမှပဲ ကျွန်မတို့ အစီအစဉ်တွေ... ကလေးတွေကို ဖွင့်ပြောရအောင်၊သူတို့ လေးယောက် စုံစုံညီညီနဲ့ တစ်ပြိုင်တည်း ဝမ်းသာသွားတာကို ကျွန်မတို့ ပြိုင်တူမြင်ရ တာပေါ့"

"သိပ်ဟုတ်တာပေါ့..၊မပန်းသာရဲ့ အစီအစဉ်ကောင်းတယ်၊ ကျွန်တော် သဘောတူပါတယ်"

နှစ်ယောက်သား သဘောတူညီမှု ရသွားသည့် အခါကျတော့မှပင် ပြိုင်တူ သက်ပြင်းချ နိုင်လျက်ပြုံးနိုင် ရယ်နိုင်ကြလေသည်။

* * *





(၃၅)

"ဝမ်းသာစရာ သတင်းကြေညာစရာရှိတယ်၊အားလုံးငြိမ် ကြပါ"

ဘယ်သူကမှ ဆူဆူပူပူ လုပ်နေတာလည်း မဟုတ်ပါဘဲ စားပွဲထိပ်စွန်းမှာ မတ်တပ်ရပ်ကာ လက်တမြှောက်မြှောက်နှင့် ဟန်လုပ်နေသော ဉသာကို ကျန်သုံးယောက်က မျက်စောင်းဝိုင်းထိုး လိုက်ကြသည်။

"ပြောစရာရှိ အမြန်ပြောကွာ၊စိတ်မရှည်အောင်လုပ်တာ တွေကို ငါသည်းမခံတတ်ဘူး"

“ဟော့....နားမထောင်ချင် ထွက်သွားလို့ရတယ်၊ငါ့စကားက အင်မတန် အဖိုးတန်တဲ့စကား၊ငါ သိလာတာရွှေ သတင်းကွ၊ဒီလောက် တန်ဖိုး ရှိတဲ့ သတင်းနဲ့ ကြုံကြိုက်လာတဲ့ မဟာကံထူးရှင် တစ်ယောက်အတွက် ဒီလောက်တော့ ဟိတ်ဟန်ထုတ်ခွင့် ရှိတယ်”

“ဥဿာ မင်း နောက်ထပ် တစ် မိနစ်အတွင်းမှာမှ လိုရင်းကို မပြောဘူးဆိုရင် မဟာကံထူးရှင်ဘဝကနေ မသာကံထူးရှင်ဘဝ ကို ကူးပြောင်းသွားမယ်နော်”

စားသောက်ဆိုင်ရဲ့ သီးသန့်ခန်းထဲမို့သာတော်တော့သည်။ အပြင်မှာသာဆို စားပွဲရဲ့ဟိုဘက်ထိပ် ဒီဘက်ထိပ်အပြန်အလှန် ရန်ဖြစ်လျက် တစ်ယောက်ကလည်းမတ်တပ်အနေအထားကနေ စားပွဲပေါ် ကိုယ်ကြီးကိုင်းချလျက်၊နောက်တစ်ယောက်ကလည်း ထိုင်မလိုထမလို ကုန်းကုန်းကွကွ အနေအထားနှင့်ဖြစ်နေကြတာကို လူတွေဝိုင်းကြည့်ခံလိုက်ရမည့်အမျိုး။

မှုန်နဲ့သုန်မှာ ကိုယ့်လူကိုယ် မထိန်းနိုင်သည့်အဆုံး စိတ်ပျက်ပျက်နှင့် ထိုင်လို့သာ ကြည့်နေရပါသည်။ ဒီနှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ကြီးကြလွန်းတာ မှန်ပေ မယ့် ဘယ်တော့မှ စကားကောင်းကို တိုင်ပင်ဆွေးနွေးလို့မရတာ တစ်ခုကတော့ အတော်စိတ်ပျက်စရာပင်။





“ဟံသာ...မင်း ခဏ ပြန်ထိုင်ဦး၊ငါ့ရဲ့ အလွန်ထူးခြားလေး နက်သောသတင်းကို အရင် နားခံလိုက်ဦး၊ပြီးမှ..မင်းဆန္ဒရှိရင်ဆိုင်ရှေ့ကွက်လပ်မှာ နပန်းလုံးချင်လုံးလို့ရတယ်”

ဥဿာပုံစံကလည်း အသည်းအသန် အရေးတကြီးပြောချင်နေသည့်ပုံစံမို့ ဟံသာက စိတ်ကိုလျှော့ကာ ထိုင်ချလိုက်ပါသည်။ ဥဿာကတော့ ကိုယ်ကိုပြန်မတ်လိုက်ပြီး...

“ငါ ဒီနေ့ မမရဲ့ဆိုင်ကို သွားတော့ တိုက်အောက်ထပ်မှာ ကိုကိုကြီးရဲ့ကား ရပ်ထားတာတွေ့တယ်”

“ဒါများကွာ မပြောပလောက်ပါဘူး”

“ပြောပလောက်တာ လာမယ်လေ၊စိတ်ရှည်မှပေါ့၊ ငါလဲ ကား တွေ့တော့ အသာလေး အသံ မပေးဘဲ တက်သွားတာပေါ့၊အပေါ်ရောက်တော့လဲ အထဲ ဝင်မသွားဘဲတံခါးဝက အသာချောင်း နားထောင်တော့ ဘာတွေကြားရတယ် မှတ်သလဲ”

“ခေါင်းအုံးက တစ်လုံး ယူရင်ဘယ်လောက်..၊ဆယ်လုံးဈေးဆို ဘယ်လောက်.....၊သိုးမွှေးက အကြီးဆို ဘယ်လောက်..၊အသေးဆိုဘယ်လောက် အဲဒီ ဈေးနှုန်းတွေလား”

သုန်က မနေနိုင် မထိုင်နိုင်ဖောက်မေးလိုက်သည့်အခါ

ဟံသာက သူ့ဘက်ကနှောင့်ယှက်ဖော်ရပြီဟု ဝမ်းသာအားရဖြစ်သွားသည်။ဥသဲကတော့ သုန့်ကို ဟံသာ့အပေါ် ဟောက်သလို မဟောက်နိုင်တာမို့ မကြည်မလင်နဲ့သာ တစ်ချက်ကြည့်နိုင်လေသည်။

"နားထောင်ကြပါဦးဟယ်…စကားဆုံးမှ ဝင်ပြောကြပါ"

သုန်က ဟံသာ့ဘက်ပါသောအခါ မှုန်ကလည်းဥသဲဘက်က ဝင်ရောက်ရပ်တည်ရပါသည်။ဒါမှ ဘက်ညီမှာလေ။

"ငါရောက်သွားတော့ကိုကိုကြီးက မမကိုမေးတယ်၊ မပန်းသာရဲ့ သဘောဘာထားလေးမသိရဘူးလားတဲ့"

"အဲဒီတော့ မမက ဘာပြန်ပြောလဲ"

သုံးယောက်တစ်ပြိုင်တည်းမေးလိုက်ကြတာမို့ အသံက အတော်ပင်ကျယ်ပါသည်။ဥသဲကိုယ်တိုင်တောင် လန့်သွားရသည်အထိ။

"မမကပြောတယ်၊ကလေးတွေကလဲ လိုလားမယ်၊တခြား ပြဿနာလဲ မရှိရင် သူငြင်းဖို့မရှိပါဘူးတဲ့"

"ဟား…ဝမ်းသာဖို့ကောင်းလိုက်တာ၊ဒါဆို မမက ကိုကြီးကို လက်ခံလိုက်ပြီပေါ့"

"ဒါပေါ့…"

"ကိုကိုကြီးကလဲနော် ဘယ်အချိန်ကများ ကျိတ်ပြီးကြံ





စည်နေသလဲ မသိဘူး၊အဖြေတောင်းတဲ့အဆင့်အထိ ရောက်သွားတာ တောင် မရိပ်မိလိုက်ရဘူး"

"သူတို့ချင်းသိပ်လဲမတွေ့ကြဘဲနဲ့ ဘယ်အချိန်က ပြောလိုက်လဲ မသိဘူးနော်"

မှုန်နဲ့သုန်က ဇဝေဇဝါလေးတွေနှင့် သူတို့အစ်ကိုကိုတအံ့တသြဖြစ်နေသည်။ကိုကိုကြီးတို့ သွက်လက်နေလိုက်ပုံများ လူငယ်တွေတောင်လိုက် မမီတော့ပါလား။မမဆုနဲ့တုန်းကတောင် အတော်ကြာကြာချင့်ချိန်အားမွေးပြီးမှ ဖွင့်ပြောခဲ့ရသေးတာ။

"နေဦး ရှိသေးတယ်ကွ…၊ကိုကိုကြီးက ပြောတယ် ဒီစကား ကြားရတာသူ့ တစ်သက် ဝမ်းအသာဆုံးပဲတဲ့၊ဆုက အဖြေ ပေးတာတောင်မှ‥ဒီလောက် ဝမ်းမသာဘူးတဲ့"

"ဪ…သူက ဒီလိုတောင်ပြောသတဲ့လား၊ဟင်း…အပြောင်း အလဲ မြန်လိုက်တဲ့ ကိုကိုကြီး၊မမဆု လက်ထပ်သွား တုန်းကများ သူမှာသေမလိုနဲ့၊ငါတို့ကသနားလွန်းလို့…နောက် တစ်ယောက် မနည်း ရှာပေးလိုက်ရ တာ၊ခုကျတော့ အပြောက တစ်မျိုး"

သုန်က မဲ့မဲ့ရွဲ့ရွဲ့လေးအပြစ်တင်နေသည်။မမ မပန်းသာနဲ့ သဘောတူကြည်ဖြူလှတာမှန်သော်လည်း မမဆုအပေါ်

စွဲမြဲခိုင်မာလွန်းလှသောကိုကိုကြီးရဲ့အချစ်တွေကို အထင်ကြီးထားခဲ့သမျှ ပြောင်းလဲသွားသည့်အတွက်တော့ သိပ်မကျေနပ်ချင်ပါ။တကယ်ဆို ကိုကိုကြီးဟာဒီလောက်မြန်မြန် မပြောင်းလဲသွားသင့်ပါဘူး။တဖြည်းဖြည်းပြောင်းလာတာကမှ လက်သင့်ခံလို့ ရဦးမှာ။

"မမကလဲ ပြောသေးတယ်..၊သူ ပြောသမျှထဲမှာ ဒီ စကား ဟာမင်္ဂလာအရှိဆုံးနဲ့ စိတ်အချမ်းသာရဆုံးတဲ့"

"အစ်ကိုကျော့်ကို အဖြေပေးရတုန်းကထက်...ပိုပျော်တယ် လို့ရော မပြောဘူးလား"

"မမက မိန်းမပဲ..၊အဲဒီလိုတော့ဘယ်ပြောမလဲ၊ဒါပေမယ့် စောစောက စကားကလဲ အဲဒီ အဓိပ္ပာယ်ပဲလေကွာ"

"မမကလဲ တစ်မျိုး...၊အစ်ကိုကျော် ဆုံးတော့ သူကိုပါထည့် သင်္ဂြိုဟ်ရမယ့်ပုံနဲ့၊ဘယ်လောက်မှ မကြာသေးဘူး ကိုကိုကြီးဘက် ခုန်ကူးသွားရလားကွ၊အခြေအနေဆိုတာတဖြည်းဖြည်းကြာမှပြောင်းသင့်တာ၊ဒီလောက်ကြီးမြန်နေတော့ မိန်းကလေးရှင်ဖြစ်တဲ့ ငါတို့ သိက္ခာကျတာပေါ့"

ဟံသာက မမကိုတစ်ဖျစ်တောက်တောက် အပြစ်တင်နေမိသည်။မမလုပ်ပုံက ဘယ်လောက် အရှက်ကွဲစရာကောင်း





လဲ။ ယောကျ်ားဖြစ်သည့် ကိုကိုကြီး ပြောင်းလဲသွားတာကမှ လက်ခံလို့ ရဦးမည်။သူက မိန်းမသားတန်မဲ့ အပြောင်းအလဲမြန်လိုက်တာ။

မမရဲ့ စိတ်ဝေဒနာကို သက်သာစေချင်တာမှန်သော်လည်း၊ကိုကိုကြီးနဲ့သဘောတူ ကြည်ဖြူလှတာမှန်သော်လည်း၊ ဒီလောက်မြန်ဆန်သွားသည့်အခါကျတော့ မကျေနပ်နိုင်ကြပြန် ပေ။

သူတို့ မမကိုချစ်သူအပေါ် အစွဲအလမ်းကြီးလျှက် နှစ်လရှည်ကြာ တမ်းတနေမည့်သစ္စာရှင် အမျိုးသမီးတစ်ယောက် အနေနဲ့မြင်ချင်စိတ်က ပိုလာသည်။

"နင်တို့မိန်းမတွေဟာသစ္စာကိုမရှိပါဘူး၊အစ်ကိုကျော် ဆုံးတုန်းကတော့ မမပြောနေပုံများ ဒီတစ်သက်အိမ်ထောင်မပြုတော့ ဘူး လေးဘာလေးနဲ့ အခုတော့ ကိုကိုကြီး ဘက် ပြောင်းသွားတာများ အာကာသဒုံးပျံစီး သလားမှတ်ရတယ်၊မြန်လိုက်တာ"

"အိုး...ဟံသာတို့ယောကျ်ားတွေမတည်ငြိမ်တာကို လဲ ထည့်ပြောဦးမှပေါ့၊အစကတော့ မမဆု အိမ်ထောင်ပြုသွားပေမယ့် သူကတော့မပြောင်းလဲပါဘူး၊တစ်သက်လုံးချစ်သွားမှာပါလေး ဘာလေးနဲ့၊အသစ်လဲတွေ့ရော မျောက် သစ်ကိုင်း ကူးတာကမှ ကြာဦးမယ်..၊ကူးသွား

လိုက်တာ လှစ်ခနဲနေတာပဲ”

ဟံသာက စပြောလျှင် သုန်ကလည်းမဆိုင်းမတွ ပြန်အော်သည်။ဒီမှာတင် မိန်းမတွေကို အပြစ်တင်သောအုပ်စုနှင့် ယောကျ်ားတွေကို အပြစ်တင်သောအုပ်စုဆိုပြီး နှစ်စု ကွဲလေသည်။

“တကယ် မုန်းဖို့ ကောင်းတယ်...၊ယောကျ်ားတွေများ ပြောတော့ မိုးလားကဲလား၊နောက်ကျတော့ သူတို့ပဲ အပြောင်း အလဲတွေ ဖြစ်ကြရော၊စိတ်ဓာတ် ကိုက တစ်ယောက်ဆိုတစ်ယောက် စွဲစွဲမြဲမြဲ တည်တည်တံ့တံ့မရှိတာ”

“မိန်းမတွေရော.. ဘာထူးလဲ၊ကိုယ့်ကိုလာ ကမ်းလှမ်းမယ့် သူ မရှိတုန်းသာ ဒီတစ်ယောက်ကလွဲ ဖွဲ့နဲ့ ဆန်ကွဲလေးဘာလေးနဲ့၊အသစ်လဲတွေ့ရော ကောက်ကောက်ပါ အောင် လိုက်သွားရော မဟုတ်လား”

“မမအတွက်ကတော့ ဖြစ်သင့်တယ်လေ၊သူ့ရည်းစားကိုကျော်စွာဆိုတဲ့ လူက သေပြီ..၊ဘယ်လိုမှ ပြန်မလာနိုင်တော့ဘူး၊သူ့ အတွက် ဘဝသစ်ကို စတာ သဘာဝကျတယ်”

“ဪ...ငါ သေရင်ကော နင်က ချက်ချင်းဘဝသစ်ပြန်စ မယ်ပေါ့ ဟုတ်လား သုန်”





“မပြောတတ်ဘူးလေ...၊ရှေ့ရေးဆိုတာ ကြိုပြောလို့ရတာ မဟုတ်ဘူး”

ဟံသာက မာဆတ်ဆတ်မေး သုန်ကဂျစ်ကန်ကန် ပြန်ဖြေနှင့် အခြေအနေက တင်းမာနေဆဲ။တစ်ဘက်မှာလဲ ဥသာနဲ့မှုန် တို့က အပြင်းအထန် တိုက်ပွဲ ဆင်နေကြသည်

“ကိုကိုကြီးကသူ့ရည်းစားက သစ္စာဖောက်သွားလို့စိတ်နာပြီးဖြတ်တောက်သင့်တယ်၊သူ့မှာအပြစ်မရှိဘူး၊မမကျတော့ သူ့ ရည်းစားက ဘာမှ အပြစ်ရှိတာ မဟုတ်ဘူး သေကွဲ ကွဲရတာ၊အဲဒီ ရည်းစားကို မေ့ပြီး နောက် တစ်ယောက်ထပ်ရှာတယ်ဆိုရင် ဒါ သစ္စာ မဲ့တာပဲ”

“ဒါဖြင့် မှုန် သေသွားရင်ကော ဥသာက နောက်တစ်ယောက် ထပ်မရှာဘဲ လူပျိုကြီးလုပ်သွားမှာမို့လား”

“ဒါတော့ အခြေအနေအရပဲ”

ဥသာက စိတ်တိုတိုရှိတာမို့ တမင်ရွတ်ပြီး ဖြေလိုက်လျှင် မှုန့်မှာ ဆွေ့ဆွေ့ခုန်ရလေသည်။

“ဒါကြောင့် ပြောတာ၊စကားလေးနဲ့တောင်မှ ကတိ မပေးနိုင်ဘူး၊ဥသာတို့ယောကျ်ားတွေဟာ အလကားပဲ၊ စိတ်ဓာတ်မတည်ငြိမ်တဲ့ သူတွေ၊အပြောင်းအလဲများတဲ့သူတွေ၊မိန်းမ ဆိုရင် ပြီးရော၊ဘယ်သူမှဆိုတဲ့ တိကျစွဲမြဲမှုမရှိတဲ့သူတွေ”

"ဟုတ်တယ်၊ဒီ နှစ်ယောက်လဲ အလကားပဲ၊ကိုကိုကြီး လဲ အလကားပဲ"

"မိန်းမတွေမကောင်းတာလဲ ထည့်စဉ်းစားဦးနော်၊မမ ကို နမူနာအဖြစ်ကြည့်လိုက်ကြ"

ကိုယ့်စကား အနိုင်ရဖို့အတွက် ကိုယ့် အစ်ကိုတွေ၊ အစ်မ တွေကိုတိုက်ခိုက်စော်ကားနေရပါလား ဆိုတာတောင် သတိမထားမိနိုင်တော့ဘဲ အပြန်အလှန် ငြင်းခုန်စကားနိုင်လု ရင်း နောက်ဆုံးမှာတော့ မှုန်နဲ့သုန်က အနိုင်နဲ့ ပိုင်းကာထွက် သွားတော့တာမို့ ဥသာနဲ့ဟံသာသာလျှင် မအီမလည်ကျန်ရစ် ခဲ့ရလေသည်။

* * *





(၃၆)

"ဟဲ့ မှုန် ကိုကိုကြီးရော..."

စောစောလေးကတင် ကိုကိုကြီးကိုမြင်လိုက်ရသေးပြီး အခုကျမတွေ့တော့တာမို့သုန်ကမေးနေသော်လည်း မှုန်က သတင်းစာဖတ်ပင် မပျက်ပါ။

"အပြင်ထွက်သွားပြီလေ"

"အခုတလော ကိုကိုကြီးဟာ ခြေကိုရှုပ်နေတယ်"

"ချစ်စ ခင်စ ဆိုတော့ ဒီလောက်တော့ရှိမှာပေါ့ဟာ"

သုန်ကတွေးရင်းတွေးရင်း စိတ်တိုတာ မဲ့မဲ့ရွဲ့ရွဲ့လေး

ဖြစ်လာရသည်။

ယောကျ်ားတွေများဒီလိုပါပဲလား။သူတို့ပဲပြောတော့ ချစ်လှပါချည်ရဲ့၊ဒီတစ်ယောက်ကလွဲလျှင် နောက်ထပ်ဘယ်သူ့ကိုမှအစားမထိုးနိုင်တော့ပါဘူး၊ဒီလူဟာဖြင့် ကိုယ့်ရဲ့ပထမဆုံးနဲ့နောက်ဆုံးပါပဲ နဲ့၊အချိန်တန်တော့လည်း တစ်ဘက်ကိုအလွယ်လေးနဲ့ ကူးပြောင်းပျော်ရွှင်သွားနိုင်တာပါပဲ။

သုန်သာဆိုရင်တော့ ကိုယ့်ချစ်သူနေရာမှာတခြားဘယ် သူ့ကိုမှ အစားမထိုးနိုင်ပါဘူး။ဘယ်အခြေအနေကိုပဲရောက်နေရောက်နေ ကိုယ့်ချစ်သူကိုသာ ထာဝစဉ်စွဲမြဲစွာချစ်သွားမည်။ ဒါဟာသုန့်ရဲ့ နှလုံးသားထဲက စစ်မှန်စွဲမြဲသော သစ္စာတရားပဲ။

"ဟယ်...သုန်ရေ...ခဏလာစမ်း"

သတင်းစာဖတ်နေသည့်မှုန့်ထံမှ ဝေါ်ဇီလာတွေ့သလိုအလန့်တကြား ခေါ်သံကြောင့် ကိုယ့်အတွေးနဲ့ကိုယ် နစ်မွန်းငြိမ်သက်နေသည့် သုန့်မှာအလန့်တကြားဖြစ်သွားရပါသည်။ ဒါတောင် အေးအေးဆေးဆေး လန့်မနေနိုင်သေး။သတင်းစာကြီးဖြန့်ချကာ အသည်းအသန် လက်ယပ်ခေါ်နေတာကြောင့် မှုန့်ထံ ပြေးသွားရပါ သေးသည်။

"ဒီမှာ...ဖတ်ကြည့်စမ်း"

မှုန် လက်ထောက်ပြရာ နေရာမှာတော့ ကွာရှင်းပြတ်





စဲ ပြီးစီးခြင်းဟု ခေါင်းစဉ်တပ်ထားသော ကြော်ငြာစာကွက်။ မင်းလွင် နဲ့ မြတ်ဆုပန်တဲ့။

"ဒါဆို မမဆုတို့ လင်မယား ကွာရှင်းတဲ့ သတင်းပဲ"

"အေး ဘာဖြစ်ကြတာလဲ မသိဘူး"

"ကိုကိုကြီးတော့ မဖတ်မိသေးဘူး ထင်တယ်နော်၊သူသာ ဖတ်မိရင် ဒီလိုနေမှာမဟုတ်ဘူး"

"ဘယ် ဖတ်မိဦးမလဲ..၊ကိုကိုကြီး အပြင်သွားလို့ တံခါးလိုက်ပိတ်ရင်းနဲ့မှ သတင်းစာပုံးထဲကသွားယူလာတာ"

"ငါ သတင်းတော့ကြားသား မှုန်ရဲ့...၊ကွန့်ပျူတာသင်တန်းမှာ တုန်းက ဆွေ့ဆွေ့ ပြောနေတာ၊သူတို့ လင် မယားကသိပ်အဆင် မပြေကြဘူးတဲ့၊မမဆုယောကျ်ားက သဘောထား သေးတယ်တဲ့၊ မမဆုနဲ့ကိုကိုကြီး အကြောင်းတွေ အစ ပြန်ဖော်ပြီး တစ်ချိန်လုံး ပြဿနာရှာနေတာတဲ့"

"ဟင်...အဲဒီလိုတော့မဖြစ်သင့်ပါဘူးနော်၊သူလဲ အကြောင်း သိရက်နဲ့ ယူတာပဲ၊သည်းခံနိုင် ရမှာပေါ့၊ပြီးတော့ ကိုကိုကြီးကလဲ မမဆုကို ဘာမှ ပတ်သက်ဖို့ကြိုးစားနေတာမဟုတ် ဘူး၊ကင်းကင်းရှင်းရှင်းနေကြတာ"

"ဒါကြောင့် ပြောတာပေါ့... ၊ယောကျ်ားတွေ မကောင်းဘူးဆိုတာ၊ယူချင်တုန်းက ယူခဲ့ပြီး အခုလိုကွဲကြတော့

သူတို့ယောကျ်ားတွေက ဘယ်နစ်နာမှာလဲ၊လှေကား သုံးထစ်ဆင်းရင်လူပျိုပြန်ဖြစ်တာပဲ၊မိန်းကလေးဘက် မှာသာအိမ်ထောင်ပျက်၊တစ်ခုလပ်ဆိုတဲ့နာမည်ဆိုး ကြီးနဲ့ အရှက်ကွဲ...သိက္ခာကျ၊အစွန်းအထင်း ဖြစ်ပြီး ကျန်ခဲ့တာ"

"အောင်မယ်လေး၊ဒီစကား ဟိုနှစ်ယောက်ကို သွားမ ပြောနဲ့၊ကြားသွားရင် မိန်းမတွေကိုက ဆောင်းလေလို ပဲ မတည်ငြိမ်တာ...ယောကျ်ားရပြီးတာတောင်ရည်း စားဟောင်းကိုတမ်းတနေလို့ ခုလိုဖြစ်ရတာ ဘာညာ နဲ့ လာပါလိမ့်မယ်"

"ဟုတ်တယ်...၊သူတို့ကလဲတကယ့်မဟာပုရိသဝါဒီ တွေ၊ တွေးရင်းနဲ့တောင် စိတ်ဆိုးလာပြီ"

"သုန် နင်ရော ဘယ်လိုလဲ၊ဟံသာနဲ့ ပြန်ခေါ်ပြီလား"

"ခေါ်လိုက်ရတာပေါ့၊မနေ့က သင်တန်းအဆင်းမှာ အ တင်းလာခေါ်တယ်လေ..၊လူတွေကြားထဲမှာ မောင်း ထုတ်လို့လဲ မသွားဘူး၊ပေကတ်ကတ် ဂျစ်ကန်ကန်နဲ့ နောက်ဆုံးတော့လူတွေလဲ ဝိုင်းကြည့်နေလို့ရှက်တာနဲ့ ပြန်ခေါ်လိုက်ရတယ်၊သိပ်တော့ မခေါ် ချင်လှပါဘူး"

"ငါရောပဲ၊မနေ့ကလေ...နင် သင်တန်းသွားနေတုန်း အိမ်ကို တစ်ယောက်တည်း ရောက်ချလာပြီး မျက်နှာ





ပြောင်ပြောင်နဲ့လာချော့နေတာလေ၊ငါက မခေါ်ချင် ပါဘူး၊ဒါပေမယ့်ငါကတင်းလေ၊သူကချော့လေနဲ့ကြာ တော့ကြီးသိန်းတို့ကြီးစောတို့မျက်စိ နောက်လာမှာစိုး တာနဲ့ ပြန်ခေါ်လိုက်ရတာ"

သူတို့ပဲ ကိုကိုကြီးနဲ့ မမကို အဆင်ပြေပေါင်းဖက်စေ ချင်ကြလျက် သူတို့ဖြစ်စေချင်သလို အဆင်ပြေသွားကြ ပြီဆိုတော့လည်း တစ်ဘက်ကဝမ်းသာရသလို တစ်ဘက်က လည်း မကျေနပ် စိတ်နဲ့ ရန်ဖြစ်ကြရပြန်တော့တာ။

အချင်းချင်းသဘောထား မတိုက်ဆိုင်မကြေလည်တာ နဲ့ပဲ ကိုကိုကြီးနဲ့မမကိုတောင် အကျိုးအကြောင်း မမေးဖြစ်ကြဘဲ တစ်ဖက်သတ် စိတ်ကောက်နေမိကြလေသည်။

* * *

(၃၇)

"ရှေ့ အပတ်ကျရင် မမက သုန်တို့မိသားစုကို ထမင်း ဖိတ် ကျွေးဖို့စီစဉ်နေတယ်ကွ၊မင်းသိလား"

"သိတယ် မမက ငါတို့ မသိအောင် တိုးတိုးကျိတ်ကျိတ် စီမံ နေတာ၊ဒါပေမယ့်…ဥသာပဲကွာ၊တခြားလူမှ မ ဟုတ်တာ၊မမ ခြေတစ်လှမ်းရွှေ့တာနဲ့ဘာလုပ်ဖို့လဲ ဆို တာ ချက်ချင်းသိတယ်"

အရေးထဲကိုယ်ဂုဏ် ကိုယ်ဖော်ချင်နေသေးသော ဥသာကို အမြင်ကတ်သွားပေမယ့် ဟံသာက ထုတ်မပြောဘဲ





နေလိုက် သည်။ဒီအချိန်မှာ သူတို့ နှစ်ယောက်က သုန်တို့မှုန်တို့ နဲ့ လည်း အဆင်ပြေလှတာမဟုတ်။လေးယောက်ကြားထဲက နှစ်ယောက် တစ်တွဲ ငြင်းခုန်ယှဉ်ပြိုင်မှုမှာသူနဲ့ ဥသာက တစ် ဘက်ဖြစ်တာ ကြောင့် လတ်တလောအနေအထားအရ ဥသာ နဲ့မိတ်ပျက်လို့ မဖြစ်ချေ။

"မမကြည့်ရတာ ပြုံးစေ့ပြုံးစေ့နဲ့ သွက်လက်တက်ကြွ နေ တာပဲ၊အရင်ကနဲ့လုံးဝမတူဘူး"

"ဟုတ်တယ်..၊ငါတို့ကိုလဲ တစ်ခုခုပြောချင်နေပုံပဲကွ၊ ဟိုနေ့ကတောင် စာဖတ်ခန်းထဲမှာရှိနေတုန်း…မောင် လေး လို့ တစ်ခွန်း ခေါ် လိုက်သေးတယ်၊မမ ဘာပြော မလို့လဲဆိုတော့မှ ခဏစဉ်းစားပြီး အခု မပြောတော့ပါ ဘူးလေ…တဲ့"

"သေချာပါတယ်…၊ကိုကိုကြီးနဲ့သူ အဆင်ပြေသွားပြီ ဆိုတဲ့ အကြောင်း ပြောတော့ မှာပါ…၊ကံ ကောင်းရင် လက်ထပ်ဖို့ စီစဉ်နေပြီ ဆိုတာတောင် ကြားရဦးမယ်၊ ဟိုနေ့က မင်း ကြားခဲ့တုန်းက နောက်ထပ် …ဘာတွေ ပြောနေကြသေးလဲ"

"ငါလဲ မသိတော့ဘူးကွ အခန်းထဲက လှုပ်လှုပ်ရှားရှား အသံတွေကြားတာနဲ့ တော်ကြာ ထွက်လာလို့တွေ့သွား ရင်ငါ ချောင်း နားထောင်နေတာ သိသွားမှာစိုးလို့ ပြန်

ထွက်လာခဲ့တာ"

"အေးလေ အဲဒီနေ့တုန်းက တစ်ခါတည်း မတိုင်ပင်ဖြစ်ရင်တောင်နောက်နေ့တွေ တွေ့နေကြသေးတာပဲ၊သူတို့တွေက လူကြီးတွေလဲ ဖြစ်နေပြီ၊ကိုယ့် သဘော နဲ့ ကိုယ်ဆုံးဖြတ်လို့လဲ ရနေပြီဆိုတော့ ခုလောက်ဆို အားလုံးစီစဉ်ပြီးသလောက်ရှိနေရောပေါ့"

"မနေ့ညက မမစင်ကာပူကိုဖုန်းဆက်တာလဲအဲဒီကိစ္စများ တိုင်ပင်နေတာလား မသိပါဘူး၊ပါပါနဲ့ မာမာ့ ကို ပြန် လာဖို့ခေါ် နေသံတော့ကြားတယ်"

တစ်ယောက်တစ်မျိုး သတင်းတွေ ဖလှယ်ရင်း ဒီတစ်ခါတော့ ညီအစ်ကိုနှစ်ယောက်အပေးအယူ မျှတနေကြသည်။မရှိမဲ့ ရှိမဲ့တည်ဆောက်ထားရသော ငြိမ်းချမ်းရေးလေးပျက်သွားမှာစိုးတာမို့ နှစ်ယောက်စလုံးကပဲ ရန်စကားမပြောမိအောင် အထူးထိန်း ချုပ် ရှောင်လွှဲကြလေသည်။

"ငါတို့သိနေတဲ့အကြောင်းတော့ မမ မသိပါစေနဲ့ကွာ၊ သူက ရုတ်တရက်ကြီးဖွင့်ပြောလိုက်ချင်တာ၊ငါတို့ကကြိုသိနေရင် ဖီး(လ်) ငုပ်သွားပါဦးမယ်"

"ဘာပဲဖြစ်ဖြစ်လေ၊မမ ဘဝလေးအခုလို ပြန်အသက်ဝင်လာတာတော့ ဝမ်းသာစရာ ကောင်းပါတယ်၊အစ်ကိုကျော်လဲ ရှိမှမရှိတော့တာဘဲ၊ မမကိုလဲ အပြစ်တင်





ဖို့တော့ မရှိပါဘူး"

ဥဿာက တွေးတွေးဆဆပြောသည်။ဟံသာကလည်း ဒီသဘောမျိုးပါပဲ။အစကတည်းကိုက မမငြိမ်သက်မှိုင်တွေလွန်းနေတာကို မကြည့်ရက်လို့ မမ စိတ်အပြောင်းအလဲ ဖြစ်အောင် အမျိုးမျိုး ဖန်တီးပေးခဲ့ကြတာပဲ။အစ်ကိုကျော့်နေရာမှာ အစ် ကိုကျော်နဲ့ခပ်ဆင်ဆင်ဖြစ်လျက်လူကောင်းသူကောင်းတစ် ယောက် လည်း ဖြစ်သော ကိုကိုကြီးကို အစားထိုးပေးနိုင်ဖို့ စတင် ကြိုးစားခဲ့တာဟာလည်း သူတို့ပဲ မဟုတ်လား။

မမတို့ နှစ်ယောက် အဆင်ပြေဖို့ ကြားထဲကနေ ငွေကုန်ခံ။လူပင်ပန်း၊စိတ်ပင်ပန်းခံကာ ဖန်တီးပေးခဲ့ကြတာလည်း သူတို့ပါပဲ။ အခု သူတို့ မျှော်လင့်ထားသည့်အတိုင်းဖြစ်လာတော့မှတစ်ယောက်နဲ့ တစ်ယောက်အပြန်အလှန်ငြင်းခုန်ကာစိတ်ဆိုးသဘောကွဲနေကြတာနဲ့ ဝမ်းသာဖို့အဆင့်ထိအောင်မရောက်နိုင်ဘဲဖြစ်နေကြရတာ။

"ဟို နှစ်ယောက်လဲ အတော် စိတ်ဆိုးနေကြတာ၊သုန္ဒကို ငါ သွားချော့တော့ လူကြားထဲမှာ ရှက်လို့သာ ပြန်ခေါ်လိုက်ရတာ၊ မျက်နှာက မကြည်မလင်ကွ"

"ကျွန်တော်လဲ ထိုနည်းလည်းကောင်းပါပဲကွာ၊ သူကြီးတော် ကြီးတွေ မျက်စောင်း တထိုးထိုး ၊မေး တငေါ့ငေါ့ လုပ်နေလို့ သက်သာသွားတာ၊အဘွားကြီးနှစ်ယောက်

ကျေးဇူးပြုဖူးတာ ဆိုလို့ ဒီ တစ်ခါပဲရှိသေးတယ်”

ဟံသာက တဟားဟားရယ်သည်။ကြီးသိန်းနဲ့ကြီးစောကိုတော့ သူတို့နှစ်ယောက်က ကြောက်လည်းကြောက်၊ ရယ်လည်း ရယ်ချင်။တကယ့်ကိုရှေးလူကြီး နှစ်ယောက်ပါပဲ။သူ့တူမတွေဆီ ဟံသာတို့လာလည်ကြတာဟာ မိသားဖသားပီပီ ဣန္ဒြေရရ လာ လည်ကြတာပါပဲ။ရောက်တိုင်းလည်းဧည့်ခန်းထဲမှာ၊လူကြီးတွေမျက်စိအောက်မှာ အေးအေးဆေးဆေးထိုင်စကားပြောရုံပဲရှိတာ။ ဒါကိုပဲ သူတို့မှာ အိမ်ခန်းထဲက နေမထိ ထိုင်မသာဖြစ်နေကြတာ။ဟံသာတို့ရောက်တာ နည်းနည်းကြာသွားပြီဆိုသည်နှင့် အိမ်ထဲက ဇွန်းလွတ်ကျသံ၊အိုးအဖုံးပြုတ်ကျသံ၊စားပွဲခုံထုသံတွေ ထွက်လာ ကာ ပြန်ဖို့သင့်ကြောင်း အချက်ပေးလေတော့သည်။

“ငါတို့အားလုံးအဆင်ပြေသွားတဲ့အခါကျရင်တော့မမကို ကိုကိုကြီးနဲ့ လိုက်နေဖို့ ထည့် ပေးလိုက်ပြီး ဟို…နှစ်ယောက်ကိုတော့ငါတို့အိမ်ခေါ်ထားမှ ဖြစ်မယ်ကွ၊မမက မိန်းကလေးလဲဖြစ်၊လိမ်လဲလိမ္မာတော့ ကြီးသိန်းတို့နဲ့ တည့်မယ်၊ငါတို့ကောင်တွေနဲ့တော့ သူတို့ တစ်တွေ တစ်မိုးတည်းအောက် အတူနေလို့ ဖြစ်မှာမဟုတ်ဘူး”

“ဟုတ်တယ် ဟံသာ၊မင်း အစီအစဉ်ကောင်းတယ် သူတို့မျက်နှာကြီးတွေသာကြည့်ပြီးနေရရင်ငါလဲအသက်တိုနိုင်တယ်”

ဟံသာ့အစီအစဉ်ကို ဥသာကအပြည့်အဝထောက်ခံလေသည်။မမတစ်ယောက်ကတော့ မတတ်နိုင်ဘူးလေ။တခြားယောက်ျားကို ယူသွားလည်း ကိုယ်က မိန်းကလေးရှင်မို့ ပေးလိုက်ရမည့်အတူတူတော့ နှမြောနေလို့ မဖြစ်တော့။ကြီးသိန်းနဲ့ကြီးစောအတွက်ကျတော့လည်း တူမ အမိုက်အမဲလေးနှစ်ယောက်အစား တူမချွေးမအလိမ္မာလေးတစ်ယောက်ကို အစားထိုး ပိုင်ဆိုင်ရလိုက် သည်ဆိုလျှင် ဖြေသာပါသေးသည်။

“နှစ်ခု စားပြီး တစ်ခု လျော့တဲ့ သဘောပေါ့ကွာ၊ငါတို့ဘက် က မရှုံးပါဘူး”

“သူတို့ဘက်က တွက်ရင်လဲ မြတ်တာပဲကွ၊အိမ်မှာ အကူအညီမရဘဲ အလကားနေရင်းရှုပ်နေတဲ့ အမိုက်နှစ်စလဲ ငါတို့ဆီ ရောက်သွားမယ်၊ငါတို့ရဲ့အဖိုးတန် ရတနာဖြစ်တဲ့ မမကိုလဲ ပိုင်လိုက်ရဦးမယ်ကွာ”

“ဒါကတော့ ယောကျ်ားလေးပဲကွာ၊နည်းနည်းတော့ အနစ်နာ ခံရမှာပေါ့”

ကိုယ့်ဘက်ကိုယ် ဂုဏ်တင်ပြောပြီး တစ်ဘက်ကိုတော့ အားမနာ လျှာမကျိုးပြောနေသည့် နေရာမှာတော့ ဥသာနဲ့ ဟံသာ က ဘက်ညီကာ အဆင်ပြေနေတော့သည်။

*　　*　　*

(၃၈)

မြင်လိုက်ရသည့်မြင်ကွင်းက ကိုယ့်မျက်စိပင်ကိုယ် မယုံချင်စရာ။ဟံသာ့မှာ မျက်လုံးကိုပွတ်ကာ လည်ပင်းကို ရှေ့ဆန့်ထုတ်လျက်အသေအချာပြူးပြဲလို့ပင်ကြည့်ရပါသေးသည်။

ဟုတ်ပါတယ်လေ။သူ့မျက်လုံးတွေရဲ့အမြင်စွမ်းအားဟာ ဒီလောက်မချို့ယွင်းနိုင်သေးပါဘူး။တစ်ဘက်လူတွေကသာ ကိုယ့်အာရုံနဲ့ကိုယ်မို့ ဘေးဘီကိုမကြည့်နိုင် မမြင်နိုင်ကြသော်လည်း အ မှန်ကသူတို့နဲ့ ဟံသာ့ရဲ့ အကွာအဝေးဟာ ဘယ်လောက်မှ ရှိတာ မဟုတ်။





ကိုမင်းယျာကို ဒီလောက်အကွာအဝေးကနေ ကပ်ပြီးမြင် ရလျှင်တော့ ဟံသာ မမှားနိုင်တာသေချာပါသည်။

သူ့ရှေ့ကဖြတ်သွားသူမှာ ကိုမင်းယျာဖြစ်တာသေချာနေ ပြီပဲထားပါတော့။ဒါဖြင့်ကိုမင်းယျာရဲ့ဘေးမှာ လက်ချင်းတွဲလျက်ပါလာသော ခပ်ချောချော အမျိုးသမီးက ဘယ်သူလဲ။

သူတို့နှစ်ယောက် သွားပုံလာပုံကြည့်ရတာ ချစ်သူတွေလို့ တပ်အပ်ပြောနိုင်သည့်အနေအထားပါ။ လမ်းလျှောက်သွားရင်း စကားပြောနေကြပုံတွေ၊တစ်ယောက်ကိုတစ်ယောက် ငဲ့စောင်းကြည့်လိုက်ကြပုံဟာ ဂုဏ်ဝင်မြောက်သော ချစ်သူ နှစ်ယောက် ဆိုတာ စာတန်းချိတ်ဆွဲထားစရာမလိုဘဲ သိသာစေသည်။

တကယ်လို့ သူတို့နှစ်ယောက်က ချစ်သူတွေဆိုလျှင် ကိုမင်းယျာ ဘာသဘောနဲ့ ဒီလိုလုပ်တာလဲ လို့ စဉ်းစားစရာ ဖြစ်လာပြီ။ကိုမင်းယျာဟာမမနဲ့ချစ်သူတွေဖြစ်နေကြပြီ မဟုတ်လား။ ဒါဆို အခု အမျိုးသမီးနဲ့တွဲသွားတာက ဘာသဘောလဲ။

"မဟုတ်သေးပါဘူး၊ဒါ လုံးဝ အဓိပ္ပာယ်မရှိဘူး"

ဟံသာက တစ်ယောက်တည်းတီးတိုးရေရွတ်လိုက်ပါသည်။ကိုမင်းယျာတို့ စုံတွဲက ခပ်လှမ်းလှမ်းမှာရပ်ထားသည့်ကားပေါ်တက်ပြီးမောင်းထွက်လာပြီမို့ ဟံသာလည်းဘာမှ

မစဉ်းစားနိုင်တော့ဘဲ သူတို့ကားနောက်ထိုးလိုက်လာခဲ့မိလေသည်။အမှန်က နောက်ထပ် ဆယ်မိနစ်နေလျှင် သုန့်ကို ကွန်ပျူတာသင်တန်းမှာသွားကြိုရမှာ။အခုတော့ ဘယ်သောင်ကမ်းဆိုက်သည်အထိလိုက်ရမည်မှန်းမသိသော အနေအထားမှာ သုန့်ကိုကြိုဖို့ဆိုတာလည်း ထည့်မတွေးနိုင်တော့။

သုန်စိတ်ဆိုးမှာကိုလည်းဟံသာက မစဉ်းစားနိုင်တော့ပြီ။ကိုမင်းယျာကိစ္စထက်တော့ ဘယ်အရာကမှအရေးမကြီးနိုင်တော့။သုန်စိတ်ကောက်လျှင်လည်း အလွန်ဆုံးချော့ရမှ တစ်ပတ်ပေါ့။ အခုကိစ္စကြီးလက်လွတ်သွားလျှင် မမဘဝတစ်သက်တာလုံး ထိခိုက်နစ်နာစေမှာတွေ ဖြစ်ချင်ဖြစ်လာနိုင်တာ။

ကိုမင်းယျာရဲ့ ကားက အရှေ့ကား နှစ်စီးစာလောက်ကသွားနေသည်။ ကားကိုမျက်ခြည်ပြတ်သွားမှာစိုးသော်လည်း ဒီထက်တော့ ကပ်မမောင်းရဲ။ကိုမင်းယျာကသာ အမှတ်တမဲ့မို့ နောက်က ပါလာသည့် ကားကို သတိမထားမိတာ။ဟံသာတို့လိုကောင်တွေသာဆို အရှေ့ခုနစ်စီး၊အနောက် ခုနစ်စီးက ကားတွေကို အကုန်လုံးမြင်ပြီးသား။ထိုကားတွေထဲမှာ အသိကားပါမည်ဆိုလျှင် လည်း ပထမဦးဆုံးတွေ့ပြီးသား။

ကိုမင်းယျာသာတွေ့ သွားလျှင်တော့ တိတ်တဆိတ်ရှဲဒိုး လိုက်မည့်အစီအစဉ်လည်းပျက်မည်။သုန့်ကို သွားမကြို





နိုင်တော့တာမို့ စိတ်ဆိုးလည်းခံရမည်။အဘက်ဘက်ကနစ်နာသွားတော့မှာ။ကံကောင်းထောက်မစွာနဲ့ပင် ကားက မီးပွိုင့်တစ်ချက်မှမမိလိုက်ပဲ ကိုမင်းယျာကားနောက်က တောက်လျှောက်လိုက်ပါလာသလို့ ရနေသည်။

ကိုမင်းယျာရဲ့ကားက ဦးဝိစာရအဝိုင်းကို ပတ်ပြီးလျှင် ရွှေတိဂုံ ဘုရားထဲ ကွေ့ဝင်သွားတာမို့ ဟံသာ့မှာအမြန်လိုက်ပြီး ကွေ့ ဝင်ရပါသည်။ပြီးလျှင် သူတို့မမြင်သာလောက်သည့် မလှမ်းမကမ်း နေရာလောက်မှာ ကားကိုသွားရပ်ရသည်။

ကားပေါ်က မဆင်းသေးဘဲစောင့်ကြည့်နေသောအခါ ကိုမင်းယျာနှင့်ဟိုအမျိုးသမီးက ကားပေါ်က ဆင်းလာကြသည်။ သူတို့လှေကားပေါ်တက်သွားတော့မှ ဟံသာလည်း ကပျာကယာ ကားထဲ က ထွက်လာပြီး နောက်ကအပြေးလိုက်ရပြန်သည်။

ရှေ့က စုံတွဲကတော့ သူတို့နောက်မှာ စုံစမ်းထောက်လှမ်းဖို့ လူတစ်ယောက်လိုက်လာတာကို မသိနိုင်လောက်အောင် အပျော်ကြီး ပျော်နေကြတာ။တစ်ယောက် လက် တစ်ယောက်တွဲပြီး လှေကားပေါ် အပြေးတက်သွားကြတာများ ရုပ်ရှင်ထဲက ဇာတ်ဝင်ခန်းတစ်ခုမှာ မင်းသမီးမင်းသား သရုပ်ဆောင်နေကြတာလား မှတ်ရသည်။

ဟံသာ့မှာ သူတို့နှစ်ယောက်ကို နောက်ကကြည့်ပြီးအံကြိတ်ကြိတ်။ကိုမင်းယျာရယ်...၊လုပ်ရက်ပါပေ့။

မမဟာ ဒီရက်ပိုင်းလေးအတွင်းမှာမှ မျှော်လင့်ချက်အသစ်တွေနဲ့ ပြန်လည်ရှင်သန်လာတာ။မမ တစ်ယောက် သွက်လက် ပေါ့ပါးစွာ လှုပ်ရှားသွားလာနေတာကိုကြည့်ပြီး ဟံသာတို့တစ်တွေမှာကျေနပ်အားရလို့မဆုံးဖြစ်နေရတုန်း ဒီအပျော်တွေပျက်စီးရကော့မယ့်အဖြစ်ကို တမင်ပဲ ဖန်တီးလိုက်တော့တာလား။ဒီမြင်ကွင်းကို မမသာ မြင်လိုက်လျှင် နေရာမှာတင် ပုံလျက်သားခွေလဲကျသွားနိုင်သည်။ကိုမင်းယျာကို ချစ်လွန်းလို့နှမြောတသတာမဟုတ်ဘူးဆိုလျှင်တောင်ယောကျ်ားတစ်ယောက်ရဲ့ လုလုပပကြီး လိမ်လည်လှည့်ဖျားခြင်းကိုခံလိုက်ရသည့်အတွက် ရှက်စိတ်နဲ့ သေသွားမှာ။

မမဟာ သစ္စာတရားဖောက်ဖျက်ခြင်းကို အလွန်တရာရွံရှာ မုန်းတီးသည်ဆိုတာဟံသာတို့ အသိဆုံးပါပဲ။အသိမိတ်ဆွေတွေထဲက အိမ်ထောင်ရေးဖောက်ပြန်သူ၊တစ်ပင်မလဲဘဲ တစ်ပင်ထူဖို့ကြိုးစားသူတွေဆိုဘယ်လောက်ပဲခင်ခင်၊ဘယ်လောက်ပဲ အကျိုးရှိရှိ မမကအဆက်အသွယ်ဖြတ်တောက်ပစ်တတ်မြဲ။

ဟံသာတို့ ညီအစ်ကိုကိုလည်းမမက အမြဲ ဆုံးမတတ်တာ။လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာဟာ သူ့ရဲ့ သစ္စာတရားပဲတဲ့။ဘယ် လောက်ပဲ ဆင်းရဲမွဲတေနေပါစေသစ္စာရှိရင် အဲဒီလူရဲ့ကိုယ်ရောင်ကိုယ်ဝါဟာ တောက်ပပြီးကျက်သရေ ရှိနေတတ်တယ်တဲ့။ သစ္စာမဲ့တဲ့သူကတော့ဘယ်လောက်ပဲအဖိုးတန် အ





ဆောင်အယောင်တွေထားထားလူမွေးလူရောင်မပြောင်ဘူးတဲ့။ကိုယ်က ယောကျ်ားလေးပဲ မနစ်နာဘူးဆိုပြီး စိတ်ထင်တိုင်းမလုပ်ရဘူးတဲ့။သစ္စာရှိပြီး တည်ကြည်တဲ့သူ ဖြစ်အောင်အမြဲသတိထားနေရမယ်တဲ့။

ငယ်ငယ်လေးကတည်းက နားယဉ်လာသော မမရဲ့အဆုံး အမတွေဟာ ဟံသာတို့ညီအစ်ကိုစိတ်ထဲ စွဲမြဲနေခဲ့တာပါ။လူငယ် ပီပီ ပျော်တတ်၊ နောက်တတ်တာလေးတွေက လွဲလျှင် ဥသာနဲ့ဟံသာဟာ ပေါ့တန်ဆိုးသွမ်းမှုမရှိဘဲ လူကြီးလူကောင်းပေါက်စလေး တွေအဖြစ် နာမည်ကောင်းရခဲ့တာဟာ မမရဲ့အဆုံးအမကြောင့် လည်း မကင်းချေ။

အဲဒီလောက် သစ္စာတရားကို မြတ်နိုးစောင့်ရှောက်ရှာသည့် မမဟာ သူ့မခင်ပွန်းလောင်းကြီးရဲ့ သစ္စာမဲ့မှုကို မြင်တွေ့ရ လျှင်ဘယ်လောက်များစိတ်ထိခိုက်ရှာမလဲ။

မမ မပြောနဲ့ကြားလူဖြစ်သည့်ဟံသာတောင် ဖြစ်နိုင်လျှင်ကိုမင်းယျာကို ပြေးပြီးလည်ပင်းညှစ်သတ်ပစ်ချင် လောက်အောင် စိတ်ဆိုးလျက်ရှိပြီ။အကြောင်းရင်းကိုသေသေချာချာမသိဘဲ အမှားတစ်ခုကို စွတ်ရွတ် ကျူးလွန်မိမှာစိုးလို့သာ ကိုယ့်ကိုယ်ကိုယ်ထိန်းလျက် ပြန်လာရသော်လည်း ဒေါသမီးက တစ်ကိုယ်လုံးကို ဝါးမြို ကျွမ်းလောင်မတတ်ရှိနေလေပြီ။

* * *

## (၃၉)

"ဟုတ်တယ်…သူပဲ၊မြတ်ဆုပန် ဆိုတဲ့မိန်းမပဲ"

"သေချာလို့လားဟံသာရယ်"

"ဘာမျှားမှားစရာရှိလို့လဲ၊ငါဒီလောက်မျက်စိမမွဲသေးပါဘူးကွာ၊ကိုကိုကြီးကိုမြင်လိုက်လို့ လိုက်ကြည့်တယ်၊ဘေးမှာပါ လာတဲ့ မိန်းမကိုလဲ မှတ်မိလိုက်တယ်၊အခုသူ့ရည်းစားဟောင်းဓာတ်ပုံ တောင်းကြည့်တော့ငါမြင်ခဲ့တဲ့မိန်းမပဲဖြစ်နေတယ်၊ဘာမျှားလွဲစရာ ရှိသေးလဲ၊ကိုကိုကြီးက မမကိုသစ္စာဖောက်ပြီး သူ့ အရင်ရည်းစား





နဲ့ ပြန်တွဲနေတာ သေချာပြီပဲ"

"တစ်ခါတလေ…အကြောင်း တိုက်ဆိုင်လို့ အတူ သွားဖြစ် တာများလား"

"သုန်တို့ပြောတော့ ကိုကိုကြီးနဲ့ အဲဒီမိန်းမအဆက် အသွယ် ပြတ်နေပြီဆို၊ဘာလဲ၊အဲဒါ တကယ်မဟုတ်ဘူးလား၊ ဟို မိန်းမ အိမ်ထောင်နဲ့မကွဲခင် ကတည်းက ကိုကိုကြီးနဲ့အဆက် အသွယ်မပြတ်တာလား"

"ဟံသာနော်…စကားကို ဆင်ခြင်ပြော၊ဟံသာ့ စကားက ကိုကိုကြီးကို ဘာလိုလိုစွပ်စွဲတဲ့ သဘောမျိုးကြီး"

အစ်ကိုထိတော့ သုန်က မခံနိုင်စွာ ထအော်သည်။ဒီကိစ္စ ဟံသာတွေ့လာသည့် ကိစ္စမို့ ဟံသာနဲ့ သုန်တို့က အဓိကရှင်းလင်း တိုက်ပွဲဝင်နေကြသော်လည်း ဟံသာပြန်ပြော ကတည်းက ဥသာကလည်း တနုံ့နုံ့ဒေါသထွက်နေခဲ့တာမို့ ဘယ်လိုမှ စိတ်ထဲမကြည်လင်နိုင်သလို ကိုယ့် အစ်ကိုကိုကြာကူရိလိုလို၊ဖောက်ပြန်သူလိုလိုအစွပ်စွဲခံလိုက်ရသည့်အတွက် မှုန်ကလည်း ထောင်းခနဲ နေအောင် ဒေါသထွက်နေရပါပြီ။

"မတရား စွပ်စွဲတာ မဟုတ်ဘူးလေ၊မျက်စိနဲ့ သေချာမြင်လာလို့ ပြောတာ၊အစ ကတည်းက မပြတ်တာဆိုရင်တော့ မသိဘူး၊ပြတ်ပြီးပြီဆိုရင်တော့ အခု ဟိုတစ်ယောက်အိမ်ထောင်ကွဲ တော့မှ ပြန်ဆက်မိနေတာ သ

ဘောရိုး မဟုတ်ဘူး"

မှုန်က အံလေးကို ဖိကြိတ်လိုက်မိသည်။သူတို့က ချောင်ပိတ်ရိုက်ကြတာပေါ့လေ။အခုမှ ပြန်ဆက်မိကြတာပါ ဆိုလျှင်လည်း ကိုကိုကြီးကမမအပေါ် သစ္စာဖောက်သူဖြစ် မည်။အစကတည်းက အခင်မင်၊အဆက်သွယ် မပြတ်ပါဘူးဆို လျှင်လည်းကိုကိုကြီးပဲ သူများမယားကြာခိုသူ ဖြစ်ရဦးတော့ မည်။စွပ်စွဲချက်က ဘယ်ဘက် ကမှ မသက်သာ။

ဒါသကြောင့် တဆတ်ဆတ် တုန်နေပြီ ဖြစ်သော် လည်း အကြောင်းရေရေရာရာမသိရသေးသည့်ကိစ္စလေး တစ်ခု နဲ့တော့ အချင်းချင်းတွေကြားမှာ ပြဿနာ မဖြစ်လိုပေ။တ ကယ်လို့ ဒီကိစ္စ ဘာမှ မဟုတ်ခဲ့လျှင်နောင်အခါမှာတစ်ယောက် ကိုတစ်ယောက် လက်ညှိုးထိုး အပြစ်တင်စရာတွေ ကျန်ခဲ့မှာကို မှုန်က စိုးရိမ်သည်။

"အကြောင်းစုံကို သေသေချာချာသိအောင်လဲစုံစမ်း ကြစမ်းပါဦး၊ဟံသာတွေ့လာတယ်ဆိုတာမှန်တယ်၊ဒါ ပေမယ့် သူတို့ ဘာကြောင့်အတူသွားကြတယ်ဆိုတာ ကိုတော့ သိအောင်လုပ်မှ ဖြစ်မယ်၊မသိဘဲနဲ့ သွား အ ပြစ်တင်ရင် တစ်ဘက်နဲ့တစ်ဘက် မျက်နှာပူစရာတွေ ဖြစ်ကုန်မယ်ဆိုတာလဲ ထည့်တွေးကြဦး"

ဥသာက မှုန့်ကိုတိတ်တဆိတ် မျက်စောင်းထိုးပစ်





လိုက်သည်။သူတို့ကတော့ ဟိုတွေးဒီတွေး ဆင်ခြင်စဉ်းစားနိုင် ပေမှာပေါ့။အခုကိစ္စမှာသူတို့အစ်ကိုဘက်က အသာစီးရနေပေ တာကိုး။တကယ်လို့ သစ္စာအဖောက်ခံရ၊အရှက်တကွဲဖြစ်ရသူ ဟာ မမ မဟုတ်ဘဲ သူတို့ရဲ့ကိုကိုကြီးသာဆို သွေးအေးတည်ငြိမ် နေသော အတွေးအခေါ် ရှင်မကြီး အခုလိုနေနိုင်မှာလား။

စိတ်ထဲကထောင်းထောင်းထအောင် အမျက်ထွက်လှ ပြီဖြစ်ပေမယ့် ဥသာက ဘာမှ မပြောမိအောင်ထိန်းထားလိုက် ပါ သေးသည်။မှုန်နဲ့ပြန်ပြေလည်တာမှ သိပ်မကြာသေး နောက်ထပ် ပြဿနာတစ်ခု ထပ်တက်ပြီး စိတ်ဝမ်းကွဲစရာတွေ ထပ်ကြုံလာလျှင် မကောင်းဘူးလေ။

"ဟုတ်တယ်၊ကိုကိုကြီးဟာဒီလောက်မိုက်မဲတဲ့သူတော့ မဖြစ်နိုင်ပါဘူး"

"ရည်းစားဟောင်းနဲ့ လက်ချင်းတွဲပြီးလျှောက်လည်နေ တာတော့ အမှန်ပဲ ခင်ဗျ၊မိုက်မဲသလားလိမ္မာသလား ဆိုတာကို တော့ ကိုယ့်ဘာသာပဲဆုံးဖြတ်ကြပေါ့"

ဟံသာက ခပ်ရွှဲရွှဲပြောလိုက်လျှင် သူနှမှာ သူ့ရဲ့ မဲ့ခွက် ခွက်မျက်နှာကြီးကို လက်သည်းနဲ့ကုတ်ဖဲ့ ပစ်ချင်လောက် အောင် ချဉ်တူးသွားရတော့သည်။

သူတို့တွေဟာ ယောကျ်ားလေးတွေဖြစ်ကြပါလျက်နဲ့ အတွေးအခေါ် အမြော်အမြင်ကိုမရှိ။အရာရာကိုခေါင်း အေး

အေးထားပြီးစဉ်းစား ဖြေရှင်းရမယ်ဆိုတာကိုလည်းမသိ။ ထစ်ခနဲရှိ အထင်လွဲဖို့၊ ပေါက်ကွဲဖို့လောက်ပဲ စဉ်းစားနေသည့် အသိဉာဏ် ခေါင်းပါးသော သွေး ဆူသမားတွေ။

သူတို့အတွေ့အခေါ် မှားယွင်းသွားမှာစိုးလို့ ဘေးလူက ဝင်ထိန်းပေးတော့လည်း သူတို့က အကောင်းမမြင်တတ်သေး။ နေပေါ့။ ဒီလောက် ကလေးတော ဝင် နားလည်မှုမရှိ၊ သဘောထား မကြီးသည့် သူတွေကို ဆက်ပြောနေလို့လည်းအပိုပဲ။

"သုန် စဉ်းစားကြည့် စမ်း....၊ မမ သာသိသွားရင်ဘယ် လောက် စိတ်ထိခိုက် ပြီး... ဘယ်လောက် ရှက်ရှာမလဲ၊ မမ က သစ္စာမရှိတဲ့ သူဆို သိပ်မုန်းတာ"

"ဘယ်သူကရော သစ္စာ မရှိတဲ့သူကိုမှ ရွေး ချစ်မှာလဲ၊ အား လုံးအတူတူပဲ ပေါ့"

သုန်ကတစ်ခွန်းမခံ ပြန်အော်ပစ်လိုက်သည်။ တော် သေး တာပေါ့။ ဒီစကားတွေ ပြောဖို့နေရာကို လွတ်လပ်သည့် ပန်းခြံတစ်ခုကို ရွေးချယ်မိလို့။ အိမ်မှာသာ ပြောရလျှင်ကြီး သိန်းနဲ့ကြီးစောတော့ လန့် သလောက်သည်။

"ဒီမှာ...ဟံသာရ ...၊ မှုန်တို့လဲ မမကို ချစ်ပါတယ်၊ ဒါပေမယ့်...မမဆု အကြောင်းလဲ မှုန်တို့အသိပါ၊ မှုန် တို့ချောက် တွန်း ဘင်းလို့ ကိုကိုကြီးကို စိတ်နာပြီး တ ခြားသူနဲ့လက်ထပ် သွားရပေမယ့် မမဆုက သစ္စာရှိတဲ့





မိန်းမကောင်းပါ..၊ အိမ်ထောင် ရှိ လျက်နဲ့ ကိုကိုကြီးနဲ့ ဖောက်ပြန်တယ်ဆိုတာလဲမဟုတ်နိုင်သလို ကိုကိုကြီး မှာရည်ရွယ်ထားတဲ့သူ ရှိမှန်းသိရက်နဲ့ အတင်းဝင်လု မယ့် မိန်းမစားမျိုးလဲ မဟုတ်ပါဘူး"

မှုန်ကဒေါသကိုထိန်းကာ အတတ်နိုင်ဆုံးလေပြည် လေးနဲ့ ဝင်ပြောသော်လည်းဟံသာက လက်မခံပါ။

ကိုမင်းယျာနဲ့ သူ့ အမျိုးသမီး ရွှေလက်တွဲကာ ကြည်နူး နေကြတာကို သူက ကိုယ်တိုင်မြင်တွေ့ထားရသူမို့ ဘာပြော ပြောနားမဝင်နိုင် လောက် အောင် စိတ်က နာနေသည်။

"ဟိုအမျိုးသမီးကတော့ သိချင်မှသိမှာပေါ့၊ မမနဲ့က တ ရားဝင် စေ့စပ်ထားတာမှ မဟုတ်တာ..၊ မှုန်တို့ အစ်ကို ပြောတဲ့ အတိုင်းပဲ ဟိုဘက်ကယုံကြည်လက်ခံမှာပဲ"

"ဪ.... ဒါဖြင့် ကိုကိုကြီးကပဲ နှစ်ယောက်စလုံးကို လိမ်ညာပြီးတွဲတယ်လို့ ဆိုချင်တာလား"

"ဒီအတိုင်းဖြစ်နေတာပဲ"

ဒေါသ မဖြစ်ပါဘူးလို့ ထိန်း ထားသည့် မှုန်ပင် မနေ နိုင်တော့။

မိဘတွေ မရှိကတည်းက အမေလိုတစ်မျိုး၊ အဖေလို တစ်မျိုး၊ အစ်ကိုလိုတစ်မျိုးချစ်လာခဲ့ရသော အစ်ကို့ကို အစော် ကား ခံလိုက်ရသည့်အခါ ဆတ်ဆတ်ခါအောင်နာကျင်ရသည်။

"ဟံသာတို့ဘလိုင်းကြီး လာစော်ကားနေတာပဲ၊ဘယ်သူမှ တိတိ ကျကျ မသိရသေးတဲ့အကြောင်း တစ်ခုကို သေချာတော့ မစုံစမ်းဘဲ အဆုံးစွန်ထိပြောနေတာကို ကိုကြီးရဲ့ဂုဏ်သိက္ခာကို စော် ကားတာ"

"တို့ မမက အရင်ဆုံး စော်ကား ခံခဲ့ရတယ်ဆိုတာလဲ ထည့်တွေးဦးမှပေါ့ မှုန်ရဲ့၊သူသာသစ္စာရှိနေရင် မမကို နစ်နာအောင် မလုပ်ခဲ့ရင် ဒီ စကားတွေ ဘာပြောနေစရာ လိုမလဲ"

တစ်ချိန်လုံးငြိမ်နေသည့် ဥသာကပါ မနေနိုင်စွာ ဝင်ပြောလျှင် စစ်မျက်နှာက လေးဘက်လေးတန်ကနေ ပွင့်ကုန်တော့၏။

"အစကတော့..ဟိုတစ်ယောက်ကိုမျှော်လင့်ချက် မရှိတော့ဘူးထင်လို့ မမဆီ လာကပ်တာပေါ့..၊အခုတော့ ရည်းစားဟောင်းက အိမ်ထောင်လဲကွဲရော မမရဲ့ဂုဏ်သိက္ခာကိုမှ မထောက် ...ဟိုဘက် ပြန်ကူးတာ ရှင်းနေတာပဲ"

"ကောင်းပြီလေ ရှင်းနေတာပဲ ဆိုမှတော့ ဘာမှ ထပ်ဆက်နေစရာ မရှိ တော့ဘူး...၊ပြန်ကြရုံပဲ ရှိတော့တာပေါ့"

မှုန်ကခပ်ဆတ်ဆတ်ပြောလျှက်ထိုင်ရာက ထသည့်





အခါ သုန်ကလည်းတစ်ညီတစ်ညွတ်တည်းလိုက် ထသည်။နေပါဦး၊ မသွားပါနဲ့ဦးလို့တားချင်စိတ်တစ်စက်လေးမှပေါ် မလာတာကြောင့် ဥသာနဲ့ဟံသာကလလည်း သူတို့ထွက်သွားတာကို ဒီအတိုင်းထိုင် ကြည့်နေလိုက်ကြလေသည်။

*     *     *

## (၄၀)

"မောင်လေး၊နေ့ခင်းဘက်ကြီး ပူကပူနဲ့ ဘာလို့ခုတင်ပေါ် လှိမ့်အိပ်နေတာလဲ၊မီးပျက်လို့ အိုက်နေရတဲ့ကြားထဲဆိုဖာက အပူနဲ့ တစ်ကိုယ်လုံး ချွေးတွေ ရွှဲ ကုန်ပြီ"

မမလာဆွဲထူတာမို့ဥဿာ အိပ်ရာမှ ထလိုက်ရသော်လည်း မျက်နှာက ခပ်မှုန်မှုန်။

အခုတလော သူမောင်လေးနှစ်ယောက် အိမ်ထဲမှာ ချည်းကုပ်နေကာ မျက်စိမျက်နှာတွေလည်းသိပ် မကောင်းကြတာကို မပန်းသာက သတိထားမိနေပါသည်။





ပထမတော့ စိတ်ညစ်နေသည့်သူတွေကို ထပ်မနှိပ်စက်ချင်တာနှင့် ဘာကြောင့်လဲ၊ဘာဖြစ်လို့လဲ မမေးဘဲထားခဲ့သော်လည်းနှစ်ယောက်စလုံးရဲ့အခြေအနေက တစ်နေ့နဲ့တခြားပိုမို ညှိုး နွမ်းလာသောအခါမှာတော့ မမေးဘဲမနေနိုင်တော့ချေ။

"ဥဿာ အဲဒီစွပ်ကြယ်ကို လဲခဲ့၊ပြီးရင်ဧည့်ခန်းထဲမှာ ခဏ လာထိုင်ဦး၊မမ မေးစရာရှိလို့"

မမ အမိန့်အတိုင်း ဥဿာက အင်္ကျီလဲ ဝတ်ကာ ဧည့်ခန်း ထဲထွက်ခဲ့လျှင် ဟံသာက အလျှင်ရောက်နှင့်ကာ မျောက်တစ်ကောင်လို မှိုင်တွေကုပ်ချည့်စွာ ထိုင်နေတာတွေ့ရလေသည်။

"ကဲ...ပြောကြစမ်း၊အခုတလော ဘာတွေဖြစ်နေတာလဲ၊အပြင်လဲမထွက်ဘူး၊မျက်နှာတွေလဲမသာယာဘူး၊မှန်တို့သုန်တို့နဲ့ဖုန်းတောင်မပြောဘူးဆိုတော့ဘာတွေဖြစ်နေကြတာလဲ"

"အလကားပါမမရာ"

"ဘာလဲ၊မင်းတို့ကောင်မလေးတွေနဲ့ စိတ်ကောက်နေကြ တာလား၊စိတ်ကောက် နေတာကလဲ နှစ်ယောက်ပြိုင်တူပဲလား၊ ဟုတ်လား၊မင်းတို့ကတော့လေတကယ်ရယ်စရာတွေပဲ"

ဥဿာနဲ့ဟံသာ၊မှာ အကြောင်းမသိရှာသော မမကို

သနားလှပါသည်။တကယ်လို့သာ မှုန်နဲ့သုန်တို့နဲ့ အဆင်မပြေဖြစ် ရခြင်းအကြောင်းရင်းကို ဖွင့်ပြောလိုက်လျှင် မမ အခုလို ရယ်မော ရွှင်ပျ နေနိုင်ပါတော့မလား။

"ပြောစမ်းပါဦး၊လေးယောက်သား ဘာတွေ ပြိုင်ငြင်းပြီး ဘာတွေစိတ်ဝမ်းကွဲနေကြတာလဲ"

"စိတ်ဝမ်းကွဲတာ မဟုတ်ဘူးမမ၊ စိတ်နာတာ၊သူတို့နဲ့ မပက်သတ်တော့ဘူးလို့..ကျွန်တော်တို့ ဆုံးဖြတ်လိုက်ကြပြီ"

"ဟယ်..အဲဒါတော့ မဖြစ်သင့်ပါဘူး၊ဒီကိစ္စ ဒီလို လွယ်လွယ် နဲ့ ဖျက်ပစ်လို့ ရတဲ့ ကိစ္စ မို့လို့လား၊မင်းတို့ နော် ကိုယ့်မှာလဲ အစ်မ ရှိတယ်၊နှမချင်း စာနာကြဦး၊ငါက ယောကျ်ားလေးပဲ,နစ်နာစရာ မရှိဘူးဆိုပြီး ကိုယ်ဆုံးဖြတ်ချင်တိုင်း တစ်ဖက်သတ်မဆုံးဖြတ် ကြနဲ့"

"တစ်ဖက်သတ် မဟုတ်ဘူး မမရဲ့၊ဟိုဘက်ကလဲ ကျွန်တော် တို့လိုပဲ စိတ်မျိုးရှိမှာ"

"မဟုတ်သေးပါဘူးကွယ်၊ဘာတွေများဒီလောက်မပြေလည်စရာတွေ့ထားလို့လဲ၊ပြေလည်အောင်ညှိနှိုင်းယူရင် ရမှာပါ"

"မရတော့ဘူး"

"ဒါဖြင့် ဘာဖြစ်ကြတာလဲ ဆိုတာ မမကို ပြောပြစမ်း၊





မင်းတို့ပြောလို့ မရရင် မမ ကြားထဲကညှိပေးမယ်"

ဥဿာနဲ့ဟံသာက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပါသည်။မမကိုဒီအကြောင်းတွေ ပြောသင့် သလား မပြောသင့်ဘူးလားဆိုတာ သူတို့နှစ်ယောက် ခုထက်ထိ တိုင်ပင် ဆွေးနွေးလို့ မပြီးသေး။

မမသိလျှင် စိတ်ဆင်းရဲမှာလည်းစိုးသည်။မသိအောင် ဖုံးထားဖို့ကလည်း ဒီကိစ္စမျိုးဟာ မရှင်းဘဲထားလို့ရတာ မျိုးမှ မဟုတ်တာ။အခုမသိလျှင် မမရဲ့နောင်ရေး တစ်ခုလုံးပျက်စီး နစ်နာစေမည့် ကိစ္စမျိုး။

ခက်နေတာက မမကို ဘယ်လိုမှစကား စ,မကြည့်ရက် တာပင်။မမရဲ့ ပျော်နေသည့် နှလုံးသားလေးကို အက်ဆစ် လောင်းကာသေအောင် သတ်ဖြတ်ပစ်ရမည့် အလုပ်မျိုးနှစ် ယောက်စလုံး က မလုပ်ရက်။

"ကျွန်တော်တို့ တိုင်ပင်ကြည့်လိုက်ပါဦးမယ်..၊မမ လို အပ်မှ ပဲ ဝင်ပါတော့"

ဟံသာက စကားကိုလျှောချလျက်အရင်ဆုံး ထ,ထွက် သွား သည်။တစ်ယောက်တည်းကျန်ခဲ့လျှင် ဟိုမေး၊ဒီမေး အမေး ခံနေရ မှာစိုးတာမို့ ဥဿာလည်း မမနားကနေ တစ်ချိုးတည်း လစ်ထွက်ခဲ့ ရတော့သည်။

* * *

## (၄၁)

"တောင်းပန်ပါတယ် မပန်းသာရယ်..၊မပန်းသာ စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံရတဲ့အတွက် တကယ်ပဲ စိတ်မကောင်း ပါဘူး"

မမဆိုင်ရှိရာ တိုက်အောက်ထပ်မှာ ရပ်ထားသည့် ကိုကိုကြီးရဲ့ကားကို မြင်လိုက်တာမို့ဥသာနဲ့ဟံသာက လှေကားကနေ အသာလေးတက်လာခဲ့ကြသည်။အခန်းဝ ရောက်တာနဲ့ အတွင်း ခန်းထဲက လွင့်ပျံ့လာသည့် ကိုကိုကြီး အသံကြောင့် ဥသာတို့တွေတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်ကြသည်။





ဒီလူက အခုထက်ထိ မျက်နှာပြောင်တိုက်ချင်သေးသကိုး။မှန်နဲ့သုန်က အကြောင်းရင်းကို သေသေချာချာမစုံစမ်းဘဲ မပြောကြပါနဲ့ဆိုလို့သူတို့တွေ သေချာအောင်စုံစမ်းကြပြီးပြီ။ဒီနေ့ ပဲ ကိုမင်းယျာနဲ့ မြတ်ဆုပန်တို့ရဲ့သူငယ်ချင်းမတစ်ယောက်ဆီက ရခဲ့သည့် သတင်းအတိုင်းဆိုလျှင်ကိုကိုကြီးနဲ့ သူ့ရည်းစားဟောင်း တို့ဟာသိပ်မကြာခင်မှာ အသေအချာကိုလက်ထပ်ကြတော့မှာတဲ့။တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုရပြီး အပြစ်ရှိသမျှကိုလည်း သင်ပုန်းချေပစ်လိုက်ကြပြီတဲ့။

ကဲ...ဒီထက်ပိုပြီး တိကျခိုင်လုံသော သတင်းဘယ်မှာရှိနိုင်မှာလဲ။သူတို့ကိုပြောပြလိုက်သည့်အမျိုးသမီးဟာ အကျိုးမရှိဘဲ လိမ်ပြောစရာအကြောင်းလည်းမရှိပါ။ကိုကိုကြီးတို့နဲ့ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်မို့ သတင်းလွဲမှားစရာ အကြောင်းလည်း မရှိပါ။

ကိုယ်ရထားသည့် သတင်းကခိုင်လုံပြီဆိုသောအခါမှာတော့ မမကို ဖွင့်ပြောပြလိုက်ဖို့ နှစ်ဦးသဘောတူ ဆုံးဖြတ်လိုက်ကြရပါသည်။မပြောပြလို့လည်းဖြစ်မှ မဖြစ်တော့တာ။ကိုကိုကြီးကမကြာခင် လက်ထပ်တော့မည်။ထိုအချိန်ကျမှရတ်တရက် သိလိုက်ရတာထက်စာလျှင်စောစောသိတော့ ကြိုတင်ပြင်ဆင်ချိန်ရ သည်လို့ ဆုံးဖြတ်လျက် မမကို ဝင်ပြောဖို့ ဆိုင်ကို

တစ်ခါတည်းဝင်လာခဲ့ကြတာ။အခုတော့ ဒီလူကြီးက ကြိုတင်ရောက်နှင့်ပြီးကူလီ ကူမာတွေ ပြောနေ ပြန်ပါရောလား။

"ကျွန်မ စိတ်အနှောင့်အယှက်ဖြစ်ရတာက အရေး မကြီးပါဘူး၊အားလုံးအဆင်ပြေ စိတ်ချမ်းသာစေချင်လို့ပါ"

"အဆင်ပြေရပါစေ့မယ် မပန်းသာရယ်၊တကယ်ကတိပေးပါတယ်"

"မမ..."

နှစ်ယောက်သား အခန်းဝမှာရပ်နားထောင်မနေနိုင်ကြတော့ဘဲ အခန်းထဲ ဝုန်းခနဲ ပြေးဝင်လိုက်ကြပါသည်။ အခန်းထဲက လူတွေ ၊အထူးသဖြင့်ကိုမင်းယျာတစ်ယောက် သိပ်ကိုထိတ်လန့်တုန်လှုပ်သွားလိမ့်မည်လို့ ထင်ထားသော်လည်း တည်ငြိမ်လွန်းလှသောကိုမင်းယျာရဲ့ပုံစံကြောင့် သူတို့ကပင် ပြန်လည် အံ့သြ သွား ရသည်။

"ဒီလူ ညာနေတာ၊မမကို သူ တမင်လာပြီးလိမ်နေတာ မမ၊သူ့ စကားတွေကို မယုံနဲ့"

"မင်းတို့ဘာတွေပြောနေကြတာလဲ၊လူကြီးတစ်ယောက်ကို အဲဒီလို မိုက်မိုက်ရိုင်းရိုင်း မပြောရဘူးလေ"

"ပြောသင့်ရင်ပြောရမှာပဲ၊ဒီလူကြီးကကြောင်သူတော်ကြီး၊သူ့ကို မမယုံစရာလဲမလိုဘူး၊ကာကွယ်နေစရာလဲ





မလိုဘူး"

"ဟဲ့...ဥဿာ၊ပြောလေ ကဲလေပါလား၊မင်းတို့ဘာလို့ ဒီလောက်မိုက်ရိုင်းနေရတာလဲ၊မမစကားနားမထောင်ကြတော့ ဘူးလား"

"ကန်တော့ပါမမရယ်၊မမ စကားနားမထောင်တာ မဟုတ်ပါဘူး၊ကျွန်တော်တို့စိတ်ဆင်းရဲနေကြရတာအဓိကက မမ ကြောင့်ပဲ၊အဲဒါကိုရော သိရဲ့လား"

"မင်းတို့က ကောင်မလေးတွေနဲ့ အဆင်မပြေကြလို့ မဟုတ်ဘူးလား"

"သူတို့နဲ့ အဆင်မပြေတာရဲ့ အစကိုက .....ဒီလူကြီးကြောင့် ဗျ"

ဟံသာက မင်းယျာဆီလက်ညှိုးတည့်တည့်ထိုးကာကုန်းအော်ချပစ်လိုက်သည်။မင်းယျာက ဘာမှန်းမသိသော်လည်း ကိုယ့်ကို အတည်ပေါက်ကြီး မိုက်မိုက်ရိုင်းရိုင်းအပြောခံလိုက်ရတာမို့ မျက်စိမျက်နှာ ပျက်သွားရပါသည်။

"ဟံသာတော်တော့ကွယ်...၊ဒီကိစ္စ နောက်မှပြောကြရအောင်၊ကိုမင်းယျာ ကျွန်မ သိပ်အားနာပါတယ်ရှင်၊ကျွန်မမောင်လေးတွေတစ်ခုခုတို့အထင်လွဲပြီးသံသယဝင်နေကြပုံရပါတယ်၊သူတို့ကိုကျွန်မပြေလည်အောင်မေးကြည့်ထားလိုက်ပါ့မယ်"

မပန်းသာက ယဉ်ကျေးသိမ်မွေ့စွာအပြန်ခိုင်းလိုက်တာမို့ပြန်ခဲ့ရသော်လည်း ဘာကြောင့်မှန်းမသိ အစော်ကားခံလိုက်ရသည့်အဖြစ်ကြောင့် မင်းယျာ စိတ်ကလည်းတို၊အရူကြောင်ကြောင် လည်းဖြစ်ကာ တပ်ခေါက်ပြန်ခဲ့ရသည်။

မင်းယျာဆိုင်ထဲက ထွက်သွားတော့မှ မပန်းသာက မောင်နှစ်ယောက်ကို မကြည့်စဖူးရှူးရဲ တောက်ပစွာကြည့်လိုက်ကာ…

"ပြောပါဦး…လူယဉ်ကျေးတွေရဲ့…၊ကိုယ့်ထက်အကြီးတစ်ယောက်ကိုဘာလို့ဒီလောက်ရိုင်းပျစော်ကားလိုက်ရတာလဲ"

"စော်ကားသင့်လို့ပဲ မမ၊ကျွန်တော်တို့ ပြောတဲ့စကားသာနားထောင်ပြီးရင် သူ့ကို မမ ကိုယ်တိုင် သတ်ချင်မှာ"

ဥသာနဲ့ဟံသာ စိတ်ဆိုးမာန်ဆိုးနဲ့ တစ်ယောက်တစ်ခွန်း ပြောနေသမျှ မပန်းသာက နားသာထောင်နေရသည် နားတော့ မလည်ပါ။ကိုမင်းယျာ သူ့ရည်းစားဟောင်းနဲ့လက်ထပ်တော့မည့် အတွက် ဒီနှစ်ယောက်က ဘာတွေစိတ်ဆိုးစရာ လိုလို့လဲ။

"ကိုမင်းယျာ သူ့ အမျိုးသမီးနဲ့ ပြန် ပေါင်းသွားတာ မမ သိပါတယ်၊အဲဒါ ဘာ စိတ်ဆိုးစရာ ရှိလို့လဲ"





"ဟင်…မမ သိတယ်"

"သိတယ်လေ…၊သူက မောင်လေးတို့ မင်္ဂလာကိစ္စအကြောင်း ပြောရင်း သူလဲ အဆင်ပြေ သွားပြီ ဆိုတဲ့ အကြောင်း ပြောလို့…"

"သိရက်နဲ့ မမ ဘာမှမဖြစ်ဘူးလား"

"ဘာဖြစ်ရမှာလဲ…"

လွဲနေပြီ။တစ်ခုခုတော့ အကြီးအကျယ်လွဲချော်နေပြီ။ မမ နဲ့ ကို မင်းယျာသာ ချစ်သူတွေဖြစ်ခဲ့ကြလျှင် ကိုယ့်ချစ်သူ တခြား မိန်းမနဲ့လက်ထပ်တော့မည့် အရေးကို ဒီလောက် သွေးအေးစွာ မခံ စားနိုင်ပါဘူး။

"မမကျွန်တော်တစ်ခုမေးမယ်၊မမနဲ့ ကိုကိုကြီးကဘာလဲ"

"မင်း…ဘာကိုမေးတာလဲ"

"ကိုကိုကြီး ဒီကိုခဏခဏ လာတယ်ဗျာ၊ပြီးတော့ ဟိုးတစ် နေ့က ကျွန်တော်ချောင်းနားထောင်ပြီးကြားခဲ့ ရတာတွေကရော ဘာသဘောတွေလဲ"

ဥသာက သူ ခိုးနားထောင်ခဲ့ သမျှကို ပြန်ပြောပြသည်။ဥသာစကားကို နားထောင်ရင်းမှ မပန်းသာက အမှားအယွင်းတစ်ခုကို တဖြည်းဖြည်း သဘောပေါက်လာ တော့သည်။

"ဥသာ..၊မင်းရောက်လာတော့ ကိုမင်းယျာ စကားစ ပြောတဲ့ အချိန်လား"

"အစတော့မမီလိုက်ဘူး၊မမကို ဘယ်လိုသဘောထား လဲ မေးလို့ မမက အားလုံးကျေနပ်ရင်ပြီးတာပဲလို့ပြန် ဖြေနေတဲ့ အချိန် မှ ကျွန်တော်ရောက်လာတာ"

"အဆုံးထိရော နားထောင်ရဲ့လား"

"ဟင့်အင်း...၊မဆုံးလိုက်ဘူး၊အခန်းထဲက လှုပ်ရှားသံ တွေ ကြားလို့ ထွက်လာရင်တွေ့ သွားမှာစိုးတာနဲ့ ပြန် လစ်လာခဲ့တာ"

ဟုတ်တော့ဟုတ်နေပါပြီ။ဥသာက စကားဝိုင်းကိုအစ အဆုံး နားမထောင်ဘဲသူဖြစ်စေချင်တာ သူတွေးသည်။သူတို့ တွေ တလွဲ ထင်နေကြတာကိုလည်း ဖွင့်မမေးဘဲ ကျိတ်မြုံ ထား ကြ သောအခါ မပန်းသာတို့မှာ အထင်လွဲသာ ခံရလျက် ဖြေရှင်း ခွင့် ကတော့ မရှိဘူးဖြစ်နေတာ။

"မင်းတို့ ထင်တာတွေ မှားနေတယ် မောင်လေးတို့ရဲ့၊ ကိုမင်းယျာ အဲဒီနေ့ မမဆီလာတာ မင်းတို့ ကလေး တွေကိစ္စ လာပြောတာ၊မင်းတို့တွေ လူငယ်ချင်းရင်းနှီး နေကြတာ တွေ့ လို့ သူဘက် ကတော့ သဘောတူတယ်၊ မမဘက်ကဘယ်လိုသဘောထားရှိသလဲလာမေးတာ၊ မမကလဲ ၁ပူ ညီမလေးတွေကိုငြင်းစရာမရှိလို့ကလေး





တွေ အဆင်ပြေရင် ပြီးတာပါပဲလို့ပြန်ပြောတာ၊ကိုယ့် မောင်လေး ညီမလေးတွေကိစ္စ အောင်မြင်သွားလို့နှစ် ယောက် လုံးကဝမ်းသာနေကြတာပါကွယ်၊အဲဒါ မင်း တို့ပါ ဝမ်းသာသွား အောင် ကိုမင်းယျာတို့ မိသားစုကို ထမင်းဖိတ်ကျွေးပြီးမှ တစ်ခါတည်း ဖွင့်ပြောမလို့၊အား လုံးမဆုံ မချင်း မပြောနဲ့ဦးဆိုပြီး နှုတ်ပိတ် နေကြတာ"

"သေရောဗျာ..."

"ဒါဖြင့်...မမနဲ့ကိုကိုကြီးက ဘာမှ မဟုတ်ဘူးပေါ့"

"ဟုတ်စရာလားကွယ်၊ကိုမင်းယျာက သူချစ်သူကိုသိပ် ချစ်တာ၊လက်ထပ်သွားပေမယ့်လဲ မေ့နိုင်တာမဟုတ် ဘူး၊အခု သူ့အမျိုးသမီးက အိမ်ထောင်ကွဲပြီးလွတ်လပ် သွားပြီဆိုတော့...သူတို့ အချင်းချင်းလဲပြန်ပြီးအဆင် ပြေနေပြီလေ၊ပြီးတော့ မမကရောမင်းတို့ ရဲ့အစ်ကို ကျော့် ကို ဒီလိုပဲ အလွယ်လေးမေ့ပစ်နိုင်မယ်ထင် လို့ လားဟင်၊မမတစ်သက်လုံးအတွက်အပြတ်ပြောလိုက် မယ်၊မမ ရင်ထဲမှာကိုကျော်စွာကလွဲပြီး ဘယ်သူမှ မရှိ ဘူး၊သူဆုံးသွားပေ မယ့်လဲ မမ စိတ်ထဲမှာသူဟာ တစ် သက်လုံးရှိနေမှာ၊အဲဒီနေရာ တစ်ခုကို ဘာနဲ့မှ အစား ထိုးလို့မရဘူး၊မမ သေတဲ့အထိသူ့အပေါ် သစ္စာစောင့် သွားမှာပဲ"

မမရဲ့မျက်လုံးတွေဟာ ရီဝေဆွေးမြည့်နေကြသော်လည်း မမရဲ့ နှုတ်ခမ်းတွေကတော့ ရဲဝံ့ပြတ်သားခြင်းတို့ဖြင့် တင်းတင်းစေ့ထားကြလေသည်။

ဥသာကနဲ့ဟံသာမှာတော့ ချစ်သူအပေါ် စွဲနစ်တည်တံ့ကြလွန်းသည့်လူသားနှစ်ယောက်ရဲ့ နှလုံးသားကို တိတ်တဆိတ်အထင်သေး စော်ကားမိသည့်အတွက် နောင်တ ရမဆုံး ရှိချေတော့သည်။

*     *     *





(၄၂)

"ကဲ....ပြောပါတယ် မဟုတ်လား၊မိန်းမ တွေရဲ့သစ္စာတရားကသိပ်ခိုင်မာပါတယ်လို့၊မမဟာ ဘယ်တော့မှ ပြန် မလာနိုင် မယ့် သူ့ ချစ်သူကို တစ်သက်လုံး သစ္စာစောင့်ထိန်းသွားမယ်၊တခြားဘယ်သူနဲ့မှ အစားမထိုးနိုင်ပါဘူးဆိုတာ ဘယ်လောက်ချီးကျူးဖို့ ကောင်းလိုက်သလဲ၊ယောကျာ်းတွေက အဲဒီစိတ်မျိုးထားနိုင်လို့လား"

မမရဲ့ကြားဝင်စေ့စပ်ပေးမှုသူတို့ရှိခိုးဦးတင်မတတ်တောင်းပန်လို့နားလည်ခွင့်လွှတ်သွားသောကိုကိုကြီးရဲ့ ဝင်ရောက် ဖြန်ဖြေမှုတွေကြောင့်ပြေလည်သည်တာမှမကြာသေး အ

ငြင်း အခုန် ကိစ္စက စတင်လာပြန်လေပြီ။

လေးယောက် မျက်နှာချင်းဆိုင်ဆုံလိုက်တာနှင့်သုန်က ဟိုး အရင်တစ်ခါက ဖြစ်ခဲ့ဖူးသော ဇာတ်လမ်းကို အစ ပြန်ကောက်ကာ စကားရည်လုပွဲ တစ်ခုကိုခေါင်းစဉ်တပ်ပေးလိုက်တာပင်ဖြစ်သည်။

သုန်က စကားစလိုက်ပြီဆိုတာနှင့် ဟံသာကလည်း ငြိမ်မနေပါ။အလွန်တရာ အငြင်းသန်ချင်လှသည့် ထိုမိန်းကလေးကို ဟံသာကြည့်မရတာကြာပြီ။သိပ်ချစ်ရသောချစ်သူလေးဖြစ်နေလို့သာ သည်းခံနေရသော်လည်း သူမ ပြောသည့်အတိုင်းဘာမှ အတွန့်မတက်ဘဲ ငြိမ်နေလို့ကတော့ဖြင့် မနေနိုင်ဘူးလေ။

“ဒါဖြင့် ကိုကိုကြီးရဲ့မေတ္တာနဲ့ စေတနာကိုရော ဘယ်သွား ထားမလဲ၊သူ့ကို စွန့်ပစ်ပြီး တခြား သူ နောက် ပါသွားတဲ့ ရည်းစားကိုတောင် စိတ် မနာဘဲ..တစ်ခုလပ်ဘဝမှာ ပြန် လက်ထပ်သေးတယ်၊ အဲဒီမေတ္တာမျိုးကျတော့ ဘယ်လိုသတ်မှတ်မလဲ”

သုန်ကတွေခနဲဖြစ်သွားပါသည်။ကိုကိုကြီးရဲ့အချစ်ကိုတော့လည်း သုန်တို့ အသိအမှတ်ပြုဖြစ်သည်ပင်။ကိုယ့် အစ်ကိုကို တစ်ခုလပ်တစ်ယောက်နှင့် လက်မထပ်စေချင်ပေမယ့် မမဆု တစ်ယောက်တည်းကိုပဲ တစ်သက်လုံးချစ်သွားမှာပါ၊ မမ





ဆုက လွဲလျှင် ဘယ်သူ့ကိုမှ လက်မထပ်ဖို့ စိတ်မကူးတော့ပါဘူးဟု ကိုကိုကြီးက ပြတ်သားပြလေသောအခါ နဂိုကလည်း မမဆုအပေါ် ခင်မင်ရင်းစွဲ ရှိတာနဲ့ပဲ အားလုံးကို ခွင့်လွှတ်သဘောတူပေးခဲ့ ရ တာ။

ကိုယ့်ချစ်သူကို ဘယ်ဘဝရောက်ရောက် အမြတ်တနိုးထား ချစ်ခင်နိုင်သေးသည့် ကိုကိုကြီးရဲ့မေတ္တာတရားဟာလည်း လေးစားချီးကျူးထိုက်တာတော့ အမှန်ပါပဲ။

“ဟုတ်တော့ဟုတ်ပါတယ်၊ဒါပေမယ့် တစ်ခုလပ်ပဲဖြစ်ဖြစ်၊မုဆိုးမပဲ ဖြစ်ဖြစ်ကိုကိုကြီးကမှသူ့ချစ်သူနဲ့ အတူပေါင်း ခွင့်ရသွားသေးတယ်လေ၊မမ ဆိုရင် ဘယ်လိုမှ ပြန်မလာနိုင် တော့ဘူးဆိုတာ သေချာနေတဲ့ လူတစ်ယောက်ကိုပဲ တစ်သက်လုံး ချစ်သွားရမှာ၊သူ့အချစ်က ဘယ်လောက် မျှော်လင့်ချက် ကင်းမဲ့ လိုက်သလဲ၊ဘယ်လောက် အလိုဆန္ဒ ကင်းလိုက်သလဲ”

မှုန်က ကြားထဲက ဝင်ပြောပေးတော့မှ သုန်လည်း အားတက်လာကာ စားပွဲပေါ် လက်နှစ်ဘက်ထောက်လျက်ကိုယ်ကို ရှေ့ သို့ ကိုင်းလိုက်ပြီး...

“ဟုတ်တယ်....ရှင်တို့ ယောကျ်ားတွေက အတွေ့နဲ့ မှ ချစ်တတ်ကြတာ၊ကျုပ်တို့မိန်းမတွေကတော့ အငွေ့နဲ့လဲ ချစ်တတ် တာပဲ”

"ဘာအငွေ့လဲ၊လေလည်တဲ့ အငွေ့လား"

"ဥဿာ့ မမိုက်ရိုင်းနဲ့ နော်...၊စကားကောင်း ပြောနေတာ"

ကြားထဲကဝင်လောင်သော ဥဿာကို မှုန်ကမျက်စောင်းထိုးရုံမက လက်သည်းချွန်ချွန်တွေနဲ့ပါ ဆိတ်ဆွဲလိုက်သေးသည်။ဥဿာကတော့ အဆိတ်ခံရလည်း မဖြုံဘဲ ဝင်နှောင့်ယှက်လိုက် ရတာကိုပဲ ဝမ်းသာအားရတွေ ဖြစ်နေသည်။

"ဒါ..နောက်စရာ မဟုတ်ဘူး ဥဿာ..၊လေးစားစရာကောင်းတာ၊မိန်းမသားတစ်ယောက်ရဲ့အချစ်မှာ ဘာနှောင်ကြိုးမှ မပါဘူး၊ ပိုင်ဆိုင်ရသည် ဖြစ်စေ...မပိုင်ဆိုင်ရသည်ဖြစ်စေ တစ်ဘက်လူက ကိုယ့်ကို ချစ်သည်ဖြစ်စေ၊မချစ်သည်ဖြစ်စေ သူ့ရဲ့ထောက်ပံ့ ကူညီမှုကိုရသည်ဖြစ်စေ၊မရသည်ဖြစ်စေ...ကိုယ့်အနားမှာ ရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ... အတွေးနဲ့ချစ်နေနိုင်ကြတဲ့ မိန်းမတွေပဲ...၊ယောကျ်ားတွေထဲက ဘယ်နှစ်ယောက်ကများ... အနေဝေးနေတဲ့ချစ်သူ၊မပိုင်ဆိုင်ရတော့တဲ့ချစ်သူကို တစ်သက်လုံး တမ်းတပြီး ချစ်သွားနိုင်သလဲ၊သစ္စာစောင့်သိသွားနိုင်သလဲ၊ကိုယ့်ရည်းစားဆုံးသွားရင်၊အိမ်ထောင်ဆုံးသွားရင်အနည်းဆုံး လေးငါး နှစ်၊ထားပါတော့ ဆယ်နှစ်လောက်နေရင်ပဲ မေ့ပြီး





နောက်တစ်ယောက် ရှာဖို့ ဝန်မလေးကြ တော့ဘူး၊ ဒါကိုများ ပြောကြသေးတယ်... သူနဲ့မှ မပေါင်းနိုင် တော့တာ၊လူသားတစ်ယောက်အတွက် ကိုယ့်မျိုးဆက် ကျန်ခဲ့ဖို့၊ဘဝ အဖော်ရှိဖို့ အိမ်ထောင်တော့ ပြုမှတဲ့၊အဲဒါယောကျ်ားတိုင်းရဲ့ အကျင့်၊မိန်းမ အတော်များများမှာတော့ ဒီ စိတ်ဓာတ်မျိုး မရှိဘူး၊သူတို့ တစ်ခါ ချစ်မိရင် တစ်သက်စာပြီးရောပဲ"

သုန်က စကားအရှည်ကြီးပြောလို့အဆုံးမှာ ဟံသာက စားပွဲပေါ်က ရေဘူးထဲမှရေ တစ်ခွက်ငှဲ့ထည့်လျက်သုန့်ထံ ကမ်းပေးလိုက်သည်။သုန်က မျက်စောင်းထိုးသော်လည်း ရေခွက်ကိုတော့ ယူသောက်ပါသည်။ ပြောကောင်းကောင်းနဲ့ စကားရှည်ကြီးပြောပစ်လိုက်တာ၊ပြောလို့လည်းပြီးရော လူကအသက်ရှူ မှားကာ ဖပ်ဖပ်မောဟိုက်နေတာတော့အမှန်ပင်။

"သုန်နဲ့ ပြိုင်တော့ ငြင်းချင်သေးတယ်၊ဒါပေမယ့် ဝမ်းသာစရာ တစ်ခုကတော့ ငါများ အခုနေမှသေသွား ရင် သုန်က တစ်သက် လုံး အိမ်ထောင်မပြုတော့ဘဲ ငါ့ကို သေတဲ့အထိ သစ္စာစောင့်သွားမှာ မို့လို့"

"မှုန်ကတော့ ငါ့ကို အငွေ့နဲ့လဲ ချစ်တတ်တယ်တဲ့ ကွ၊ ဟဲ... ဟဲ..."

ဥဿာက စပ်ဖြဲဖြဲနှင့် ဝင်ပြောလိုက်တာမို့ မှုန်က

နောက်တစ်ကြိမ် ဆွဲဆိတ်ရပြန်ပါသည်။ စကားကိုအကောင်းဖြစ်အောင် မပြောတတ်သည့် ဥဿာတစ်ယောက်ကိုတော့ ရင်လေးလှပါရဲ့။ သူနဲ့သာ အတူနေရမည် ဆိုလျှင် ဘယ်တော့မှ စကားကောင်းပြောရသည် မရှိဘဲ ရန်ဖြစ်ကြ၊ငြင်းခုန်ကြ၊ အနောက် အပြောင်ခံရနဲ့ပဲ ပြီးဆုံးတော့မှာ။

ဘာပဲဖြစ်ဖြစ်လေ ထိုဘဝလေး တစ်ခုဟာ မှုန် ကိုယ်တိုင်နှစ်ခြိုက်လိုလားစွာ ရွေးချယ်ထားသောဘဝလေးပဲ မဟုတ်လား။ဥဿာဟာ ပြောင်ချော်ချော်၊ပြက်ချော်ချော်နိုင်သည့်ကောင်လေးတစ်ယောက်ဖြစ်ပေမမယ့် မှုန့်အပေါ်မှာတော့ စွဲမြဲ ခိုင်မာသည့် အချစ်နဲ့ ချစ်သည်ဆိုတာ မှုန်က ရာခိုင်နှုန်းပြည့် ယုံကြည်သည်။

ဒါကြောင့်လည်း ကိုကိုကြီးနဲ့ မမက တစ်ခွန်းလောက်ဝင် ပြောပေးရုံနဲ့ သူ့အပေါ်စိတ်ဆိုးနာကျင်ရသမျှတွေကို ဖြေဖျောက် ကာ နှစ်ဦးအတူ လက်တွဲဖို့ အလွယ်တကူပဲ ဆုံးဖြတ်ပစ်ခဲ့တာပေါ့။

မှုန်က ကိုယ့်အတွေးနဲ့ကိုယ် ဥဿာကို ငေးကြည့်နေမိတာ မို့ ဥဿာက ရှက်သွားကာ ဘာကြည့်နေဟာ့လဲကွဟု မျက်နှာနီနီနှင့်အော်သည်။မှုန်ကတော့ ချစ်သူကို ချစ်စနိုး ဖြစ်မိသည့် အဖြစ် ကို့လူတွေသိသွားအောင်လုပ်သည့်ဥဿာကို ချက်ချင်းပဲ အမြင်ကတ်သွားရကာတတိယအကြိမ်မြောက် ဆွဲဆိတ်





လိုက်ရပြန်သည်။

"အား....ဒီနေ့တော့ လက်ပုပ်ပါပြီ၊မတရား ဆွဲဆိတ်နေတာသုံးခါရှိပြီ၊သူ့အသားမဟုတ်တိုင်း မညှာမတာ"

"ဟုတ်တယ်...၊သုန်ဆို ဒါမျိုး မလုပ်ဘူး၊ငါ့အပေါ် သိပ်ကြင်နာတာ"

ဟံသာက အရေးထဲ ပဏ္ဏာ ဝင်ယူနေသေးသည်။ စောစောက ငြင်းရင်းခုန်ရင်း စားပွဲအောက်ကနေ သူ့ခြေထောက်ကို သုန်ကနှစ်ခါလောက် တက်နင်းလိုက်တာကိုတော့ ပြောမနေတော့ပါဘူး။ စားပွဲအောက်ကကိစ္စ လူမြင်တာမှ မဟုတ်ဘာ။

အကြောင်းသိဖြစ်သော သုန်ကတော့ ဟံသာ့မျက်နှာခပ် တည်တည်ကို ကြည့်ကာ ချစ်စနိုးလေးပြုံးမိလေသည်။

သိပ်ချစ်စရာကောင်းသည့် လူသားလေး တစ်ယောက်ဟာ ကံကြမ္မာရဲ့ ဖန်တီးမှုကြောင့် သုန့်ရဲ့ဘဝထဲကို ဝင်ရောက်လာခဲ့ပြီ။ဟံသာဟာအနည်းငယ် ဒေါသကြီးတတ်တာလေးရယ်၊အငြင်းသန်တတ်တာလေးရယ်ကလွဲလျှင် ချစ်မြတ်နိုးဖွယ်ကောင်းလှ တာတော့ အမှန်ပါပဲ။

ကိုကိုကြီးနဲ့ ပတ်သက်ပြီး ဟံသာ့အပေါ် မခေါ်မပြောနေခဲ့ရတုန်းကများ သုန့်မှာအသည်းကြွေမလောက် ခံစားရတာ။ဟံသာနဲ့သာတစ်သက်စာဝေးရရင် သေများသွားမလားလို့တောင် ကိုယ့်ကိုကိုယ် ထင်မိသည်အထိ။

အခုတော့ ကံတရားရဲ့ ဖေးမမှုကြောင့် ကိုယ်ရဲ့ချစ်သူလေးနဲ့အဆင်ပြေစွာလက်တွဲခွင့်ကို ပြန်လည်ရရှိခဲ့ပြီ။ ဒီလက်တွဲခွင့်လေးဘယ်တော့မှ မဆုံးရှုံးရအောင် တစ်သက်လုံး ထိန်းသိမ်း သွားဖို့တာဝန်ကတော့ သုန်နဲ့ဟံသာတို့ နှစ်ယောက်စလုံးရဲ့ တာဝန်ပဲဟုတွေးကာ ဟံသာ့ကို ကြည်ကြည်နူးနူးပြုံးပြလိုက်သောအခါ ဟံသာက နေရင်းထိုင်ရင်း သုန်များ စိတ်ဖောက်ပြန်သွားလေ ပြီလားဟု ထင်မှတ်လေသလားမသိ၊ သုန့်ကို တအံ့တသြ ပြန်လည် ငေးကြည့်နေလေတော့သည်။ ။

ခင်ဦးခင်ခင်(ဆေးတက္ကသိုလ်)

***17. 5. 98***

***SUNDAY***

***3:55 P.M.***

စေတနာစာပေ